www.dhammaransi.com

133

အမရပူရ

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ၏

အမှတ် (၃၆) ကျမ်းစာ

# နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်း ပါသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ မေလ ၁၉၈၀

www.dhammaransi.com

အရှင်ဇနကာဘိဝံသ

၏ ၂၄၇၃၀

အမှတ် (၃၆) ကျမ်းစာ

# နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ—၂၅၂၄ ကောဇာ—၁၃၄၂ မေလ—၁၉၈၀

မြတ်ဗုဒ္ဓ—၈

www.dhammaransi.com

တတိယအကြိမ်

အုပ်ရေ-၁၀၀၀၀

၁၉၇၀-ခု၊ ဇွန်လ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက် စာပေပေါင်းကူး ပုံနှိပ်တိုက်(၀၂၅၆)တွင် ဦးတင်မောင်ကပုံနှိပ်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင် မှတ်ပုံတင်အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။

www.dhammaransi.com



www.dhammaransi.com

နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

# အချိန်ဒါန်း

## ဤကျမ်းစာ ဖြစ်ပေါ်လာခြင်း၏ အကြောင်း

**ကျောင်းဒကာနှင့် ကျောင်းအမ။** ။ဂန္ဓာရုံ ကျောင်းတိုက်၌ နံကပ်တိုက် ၂-ခန်း၊ ကျောင်းတလေး ဆယ်ကျောင်းနှင့် ၃-ခန်းပတ်လည် နှစ်ထပ် ကျောင်းဒကာ ကျောင်းအမများ ဖြစ်ကြသော မန္တလေးမြို့ ဒါယကာ ဦးထွန်းလှိုင် ဒါယိကာမ ဒေါ်သိန်းတို့သည် ခပ်ရှယ်ရှယ်အချိန်မှစ၍ "အလှူရေစက် လက်နှင့်မကွာ" ဆိုရိုးအတိုင်း နှစ်စဉ် လစဉ် လက်နှင့်မကွာလောက်အောင်ပင် လှူဒါန်းခဲ့ကြ၏။ အခုအချိန်မှာလည်း စစ်ကိုင်းမြို့၌ သံဃာ့ဆေးရုံကြီး၊ အမရပူရဆေးရုံ၊ သပိတ်ကျင်းမြို့၌ ဆေးရုံများအတွက် ထောက်ပံ့ လှူဒါန်း၍ မကြာသေး။ မန္တလေးမြို့ ကျောက်တော်ကြီး ဘုရားကိုလည်း အတော်များစွာ အကုန်အကျခံ၍ ပြုပြင်နေ၏။

အမရပူရ တောင်သမန်ကျောက်တော်ကြီးဝယ် "စေတီတော်ကြီးနှင့် တံတိုင်းကြီးများ၌ရင်း၊ တံတိုင်းအတွင်း၌ရင်း အမြစ်တွေ အတွင်းဝင်အောင် သစ်ပင်တွေပေါက်နေပါသည်" ဟု ဆွမ်းစားကျောင်းဘုန်းကြီးက လျှောက်သောကြောင့် ထိုဘုန်းကြီးကို စေလွှတ်၍ တနေ့လျှင် လုပ်သား ဆယ်ယောက်ဖြင့် ပေါက်နေသော သစ်ပင်များကို အမြစ်ပါ မကျန်အောင် တူးစေ၍ ရှင်းလင်းနေသည်ကို ကြားရရုံမျှဖြင့် ထိုရှင်းလင်းရာ၌ အသုံးပြုဘို့ရန် ဒကာကြီး ဦးကျော်ဝင်းထံ နဝကမ္မ တသောင်းတန် အပ်နှံထား၏။ နောက်ထပ်လည်း တသောင်းတန် တာဝန်ယူထား၏။

**မြေး ရှင်ပြု နားသ။** ။ယခု ထောင့်သုံးရာ သုံးဆယ့် ရှစ်ခုနှစ်ဝယ် မြေးယောကျ်ားကလေးသည် ငယ်ပင် ငယ်သော်လည်း မိမိတို့နှင့် ချွေးမ၏ မိခင်ကြီးသည် အသက်အရွယ် ကြီးရင့်ကြပြီ ဖြစ်၍ တယောက်သော မြေးကလေး၏ ရှင်အဖြစ်ကို မြင်လိုကြပါသည်။

www.dhammaransi.com

## [ဃ] ဒုတိယအကြိမ် ပြန်ရိုက်ခြင်း အကြောင်း

ဤကျမ်းငယ်ကို သေချာစွာ လေ့လာ ဖတ်ရှု သောအခါ ကျမ်းပြု ဆရာတော် မိန့်တော်မူသည့် အတိုင်း ဗုဒ္ဓါနုဿတိ ဘာဝနာပွါးရန် ကောင်းလှသည့် အချက်အလက်များကို အဓိကအားဖြင့် တွေ့ရသည့်ပြင် အခြား သာသနာတော် အတွက် အရေးကြီးလှသည့် တရားမွေဆိုင်ရာ မှတ်သားဖွယ် အချက်အလက် များကိုလည်း တွေ့မြင်ဖတ်ရှုရပေသည်။

ယင်းသို့ တွေ့ရှိရသည့် အချက်အလက်များကို ဤကျမ်းစာငယ်ကို ဒုတိယအကြိမ် ပြန်လည် ရိုက်နှိပ်ရခြင်း အကြောင်း နိဒါန်း အဖြစ် အကျဉ်းချုပ် တင်ပြလိုပါသည်။

ကောဋိရွာ။ ။မြတ်ဗုဒ္ဓဘုရားရှင်သည် သက်တော်ရှစ်ဆယ် အရွယ်တော်သို့ ရောက်သောအခါ နောက်ပါ ရဟန်း သံဃာတော်များနှင့်တကွ ကောဋိရွာငယ်သို့ ဆိုက်ရောက်တော်မူခဲ့သည်။

ထိုရွာ၌ သီတင်းသုံးနေတော်မူစဉ် သစ္စာလေးပါးတရားကို အလေးအနက်ထား၍ ဟောကြားတော်မူသည်။

> အရိယသစ္စာ ၄-ပါးတရားကို မင်အားလျော်စွာ ဝိပဿနာ ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်း၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မသိခြင်း ကြောင့် သံသရာမှာ လည်ကြရသည်။ သိမြင်လျှင် သံသရာမှ ထွက်မြောက်နိုင်သည်—

ဟူ၍ ဟောကြားတော်မူပြီးနောက်—

> ဤတရားကား သီလတည်း။ ဤစျာန် ဤစျာန်ကား သမာဓိတည်း။ ဤဉာဏ် ဤဉာဏ်ကား ပညာတည်း။ သီလဖြင့် ထုံအပ်သော သမာဓိသည် များသောအကျိုးရင်း အကျိုးဆက်ရှိ၏။ သမာဓိဖြင့် ထုံအပ်သော ပညာသည် များသော အကျိုးရင်း အကျိုးဆက်ရှိ၏။ ပညာဖြင့်ထုံအပ်သော စိတ်သည် ကောင်းစွာသာလျှင် အာသဝေါတို့မှ လွတ်နိုင်၏။

www.dhammaransi.com



ဟု သီလ သမာဓိ ပညာ သိက္ခာ သုံးပါးတရား အကျိုးကြီးမားအောင် ပွါးများအားထုတ်နည်းကို အထပ်ထပ်အဖန်ဖန် ဟောတော်မူသည်။

(ဤကျမ်း နှာ—၂-မှ ၅)

**နာတိကာရွာ။** ။ကောဋိရွာ၌ ကျွတ်ထိုက်သော သတ္တဝါတို့ အလိုက် အထိုက်အလျောက် နေတော်မူပြီးလျှင် နာတိကာရွာသို့ ကြွသွားတော်မူသည်။

နာတိကာရွာ၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာသည် သေဆုံးသွားသည့် ပုဂ္ဂိုလ်တို့၏ ဖြစ်ရာဘဝကို မေးလျှောက်သည်။ မေးလျှောက်တိုင်း ဖြေကြားတော်မူပြီးလျှင် "ဤသို့သာ သေတိုင်း သေတိုင်း မေး၍ ဖြေနေရလျှင် ငါဘုရား ပင်ပန်းရုံသာရှိမည်။ မမေးပဲ မိမိဖြစ်ရမည့် ဘဝကို သိနိုင်ရန် တရားကြေးမုံခေါ် တရားကြည့် မှန်ကို ပေးမည်"ဟု မိန့်တော်မူပြီးလျှင် တရားကြည့်မှန် ခေါ်လောက်သည့် သေပြီးနောက် ဖြစ်ရမည့်ဘဝကို သိနိုင်သောတရားကို ဟောတော်မူသည်။

မြတ်စွာဘုရား ဟောတော်မူသည့် ကြေးမုံတရားတော်ကို လူတိုင်း ဖတ်ရှုနားလည်စေရန် ကျမ်းပြုဆရာတော်က အကျယ်တဝင့် ဆက်လက် ဖွင့်ပြ ရေးသားတော်မူသည်။ (နှာ—၅-မှ ၄၄)

**ဝေသာလီ။** ။နာတိကာရွာ၌ အထိုက်အလျောက် သီတင်းသုံးတော်မူ ပြီးလျှင် ဝေသာလီပြည် အမ္ဗပါလီဥယျာဉ်သို့ ကြွရောက်တော်မူသည်။

ဝေသာလီပြည်၌သီတင်းသုံးတော်မူစဉ် ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ဟူသော သတိပဋ္ဌာန် တရား လေးပါးဟုဆိုအပ်သည့် သတိ တရားပွါးများနည်းကိုရင်း၊ ဆင်ခြင်ဉာဏ်ဟုဆိုအပ်သော သမ္ပဇညတရားပွါးများနည်းများကိုရင်း ဟောကြားတော်မူသည်။

www.dhammaransi.com



## ဒုတိယအကြိမ် ပြန်ရိုက်ခြင်းအကြောင်း

ယင်းသတိ၊ သမ္ပဇဉ်တရား ပွါးများနည်း တရားတော်ကို ဤကျမ်းပြု ဆရာတော်သည် စာရှုသူတို့ နားလည်သဘောပေါက်စေရန် ဖွင့်ပြ ရေးသားထားတော်မူသည်။

သွားသောအခါ၌ ပွါးများရှုမှတ်နည်းကို ခြေတလှမ်း၌ အဆင့်၆-ဆင့် ပိုင်းခြား သတ်မှတ်၍ အသေးစိတ် ဖွင့်ဆိုရေးသားထားသည်။

စကားပြောသောအခါ၌ ရှုမှတ်ပွါးများနည်းကိုပြောရန်စိတ်ဖြစ်ပေါ် ပုံ၊ စိတ္တဇပထဝီနှင့် ကမ္မဇပထဝီထိခိုက်၍ အသံအက္ခရာ တလုံးစီဖြစ်ပေါ်ပုံ၊ ချုပ်ပျောက်၍ အသစ်တခုဖြစ်ပေါ်ပုံအထိ အသေးစိတ်ရှင်းပြထားသည်။

ဤသို့ဖြင့် မြတ်စွာဘုရား ဟောကြားထားသည့် သတိနှင့် သမ္ပဇဉ် တရား ၂-ပါး ပွါးများနည်းကို နိစ္စ သုခ အတ္တ ပျောက်၍ အနိစ္စ ဒုက္ခ အနတ္တ သဘောပေါက်အောင် အကျယ်ဖွင့်ပြ ရေးသားထားပေသည်။

(နှာ ၄၄-မှ ၆၉)

**ဝေဠုဝဂ္ဂါ။** ။မြတ်စွာဘုရားသည် အမ္ဗပါလီဥယျာဉ်၌ မွေ့လျော်တော်မူသမျှ နေတော်မူပြီးလျှင် ဝေဠုဝဂ္ဂါရွာငယ်သို့ ကြွတော်မူသည်။

ယင်းသို့ ဝေဠုဝဂ္ဂါ၌ သီတင်းသုံးနေတော်မူစဉ် ပရိနိဗ္ဗာန် စံတော်မူရလောက်အောင် ရောဂါဝေဒနာ ပြင်းထန်စွာ ကပ်ရောက် ခံစားတော်မူရသည်။ မြတ်ဗုဒ္ဓ ဘုရားရှင်သည် ယင်းရောဂါကို အာယုပါလက-ခေါ် သက်စောင့် သမာပတ်ကို ဝင်စားတော်မူ၍ တားဆီး ထားတော်မူသည်။

အရှင်အာနန္ဒာအားလည်း ဘုရားရှင်သည် တရားတော်အပြည့်အစုံကို ဆရာစားမချန်ပဲ ဟောကြားပြီးပြီဖြစ်ကြောင်း မိန့်တော်မူပြီးနောက်—

> ငါဘုရားသည် အရွယ်တော်ယိုယွင်း၍ အိုမင်းလာပြီ။ အသက် ရှစ်ဆယ်ရှိပြီဖြစ်၍ နောက်ဆုံး အရွယ်သို့ရောက်ပြီ။ အိုသောလှည်း သည် ထိုထိုနေရာ၌ ဖွဲ့ချည် တုပ်နှောင်ထားမှ သွားနိုင် သကဲ့သို့ ငါဘုရား၏ခန္ဓာကိုယ်သည် ဖလသမာပတ်တည်းဟူသော လွန်ကြိုး

www.dhammaransi.com



ဖြင့် နှောင်ဖွဲ့ထားလိုက်သောအခါ သာ၍ကျန်းမာ၏။ ထို့ကြောင့် သင်တို့သည် အားကိုးစရာ ဖလသမာပတ်ကို ရအောင် ကြိုးစား ကြလော့—

ဟု မိန့်တော်မူသည်။ (နှာ ၆၉-မှ ၇၂။)

**သာဝတ္ထိမြို့။** ။မြတ်ဗုဒ္ဓ ဘုရားရှင်သည် ဝေဠုဝရွာမှ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ကြွရောက် သီတင်းသုံး တော်မူသည်။

ထိုစဉ်အခါ လက်ျာတော်ရံ အဂ္ဂသာဝကပညာတေဒဂ်ရ အရှင်သာရိပုတ္တရာ အရှင်သူမြတ်ကြီး ပရိနိဗ္ဗာန် စံတော်မူသည်။ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ပရိနိဗ္ဗာန် စံတော်မူသော အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များကို အကြောင်းပြု၍ များစွာသော တရားဒေသနာတို့ကို ဟော တော်မူပြီးလျှင် ဓာတ်တော်များကို ဌပနာ၍ စေတီတည်စေတော်မူသည်။

(နှာ ၇၂-မှ ၈၃)

**ရာဇဂြိုဟ်မြို့။** ။ထိုနောက် သာဝတ္ထိမြို့မှ ရာဇဂြိုဟ်မြို့သို့ ပြောင်းကြွ သီတင်းသုံးတော်မူသည်။

ထိုစဉ်အခါ လက်ဝဲတော်ရံ အဂ္ဂသာဝက တန်ခိုးအရာ တေဒဂ်ရ အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန် စံတော်မူလေသည်။

အရှင်သာရိပုတ္တရာသည် တန်ဆောင်မုန်း လပြည့်နေ့၌ ပရိနိဗ္ဗာန် စံတော်မူသည်။ အရှင်မောဂ္ဂလ္လာန်သည် တန်ဆောင်မုန်း လကွယ်နေ့၌ ပရိနိဗ္ဗာန် စံတော်မူသည်။ (နှာ ၈၃-မှ ၈၅။)

**ဥက္ကာစေလမြို့။** ။ရာဇဂြိုဟ်မှ ဥက္ကာစေလမြို့သို့ ဒေသစာရီ ကြွချီတော်မူ၍ မြို့အနီး ဂင်္ဂါမြစ်ကမ်း သဲသောင်ပြင်၌ အဂ္ဂသာဝက အရှင် ၂-ပါး၏ ဂုဏ်ကျေးဇူးကိုမိန့်တော်မူသည်။ အလွန်မှတ်သားဖွယ် ကောင်းသော တရားတော်များကိုလည်း ဟောတော်မူသည်။

(နှာ ၈၅-မှ ၈၇။)

www.dhammaransi.com



**ဝေသာလီမြို့ စာပါလစေတီ။** ။ထိုမှတဖန် ဝေသာလီပြည်စာပါလစေတီသို့ ကြွတော်မူ၍ ဣဒ္ဓိပါဒ် ၄-ပါး ပွါးနေလျှင် အာယုကပ်ပတ်လုံး အသက်တမ်းအပြည့် မြတ်စွာဘုရား တည်နေနိုင်ကြောင်း အရှင်အာနန္ဒာအား အရိပ်အမြွက်မိန့်တော်မူသည်။ အရှင်အာနန္ဒာကလည်း မာရ်နတ် လှည့်စားထားသောကြောင့် အာယုကပ်ပတ်လုံး ပရိနိဗ္ဗာန် မစံပဲ တည်နေရန် မလျှောက်ထားမိချေ။

ထိုအခါ မာရ်နတ်က လာ၍ ပရိနိဗ္ဗာန်စံတော်မူရန် တောင်းပန်သည်။ မြတ်စွာဘုရားကလည်း နောက် ၃-လလွန်လျှင် ပရိနိဗ္ဗာန်စံမည် ဖြစ်ကြောင်း ခွင့်ပြုတော်မူလေသည်။

ထိုအခါ မြေငလျှင်ပြင်းထန်စွာတုန်လှုပ်သည်။ ယင်းအကြောင်းနှင့်စပ်၍ ငလျှင်လှုပ်ခြင်း အကြောင်း ၈-ပါးကို ဟောတော်မူသည်။ များစွာသော အဖိုးတန်တရားဟော်တို့ကိုလည်း ဟောတော်မူသည်။ (နှာ ၈၇-မှ ၉၅)

**မဟာဝုန်တော။** ။ထို စာပါလစေတီမှ မဟာဝုန်တော ကူဋာဂါရသာလာသို့ ကြွတော်မူပြီး ဝေသာလီမြို့ ပတ်ဝန်းကျင်၌ နေထိုင်ကြကုန်သော ရဟန်းသံဃာများကို အားလုံးကုန် စည်းဝေးစေပြီးလျှင် သာသနာ တာရှည်တည်တံ့ရေးအတွက် အရေးကြီးလှသည့် သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်-ဟူသော ဗောဓိပက္ခိယ တရားတို့ကို မှီဝဲပွါးများ အလေ့အလာပြုရန် ဩဝါဒစကား မိန့်ကြားတော်မူသည်။

ထိုနောက် ရဟန်းတို့အား "နောက်၃-လလွန်လျှင် ငါဘုရား ပရိနိဗ္ဗာန်စံတော့မည် ဖြစ်ကြောင်း၊ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် ပျက်စီးခြင်း သဘောရှိကြောင်း၊ မမေ့မလျော့ သီလ သမာဓိ ပညာ တရားတို့ကို ပြီးစီးအောင် ကြိုးစားသင့်ကြောင်း" သတိပေးစကား မိန့်ကြားတော်မူသည်။ (နှာ ၉၅-မှ ၉၇။)

**ဘဏ္ဍရွာသို့။** ။ထိုမှတဆင့် ဘဏ္ဍရွာသို့ ကြွတော်မူပြီးလျှင်.... သီလ သမာဓိ ပညာ ဝိမုတ္တိ-ဟူသော တရား ၄-ပါးအရေးကြီးပုံကို အကျယ်ဟောပြတော်မူသည်။ (နှာ ၉၇-မှ ၉၉။)

www.dhammaransi.com



**ဘောဂမြို့။** ။ဘဏ္ဍဂါမရွာမှ ထွက်ခွါတော်မူခဲ့၍ ဟတ္ထိရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာတို့မှ တဆင့် ဘောဂမြို့သို့ ဆိုက်ရောက်ပြီး အာနန္ဒစေတီ၌ သီတင်းသုံးတော်မူ၏။

ထိုဘောဂမြို့၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရား၏ တရားစကားဖြစ်ပါသည်ဟု ပြောလာတိုင်း လက်မခံမူ၍ မြတ်စွာဘုရား တရားစကားဟုတ်-မဟုတ် စစ်ဆေးကြည့်ပြီးမှ လက်ခံနိုင်ရန် အတွက် စစ်ဆေးနည်း မဟာပဒေသ ၄-ပါးကို ဟောတော်မူသည်။ (နှာ ၉၉-မှ ၁၀၀။)

**ပါဝါမြို့။** ။ထိုမှတဖန် ပါဝါမြို့ စုန္ဒ၏ဥယျာဉ်သို့ ကြွရောက်သီတင်းသုံးတော်မူသည်။ ထိုအခါ စုန္ဒဥပါသကာက သူကရမဒ္ဒဝ-ခေါ် ဝက်ပျိုသားဟင်းနှင့် ဆွမ်းကပ်သည်။ ယင်းဆွမ်းကို ဘုဉ်းပေးတော်မူပြီး မြတ်စွာဘုရား ဝမ်းတော်လားလေသည်။

ဤ၌ ကျမ်းပြုဆရာတော်သည် သူကရမဒ္ဒဝ နှင့်စပ်၍ ဝက်ပျိုသား ဟုတ်-မဟုတ်အကျယ်စိစစ်ဖေဖန် ပြဆိုတော်မူသည်။ (နှာ ၁၀၁မှ၁၀၅)

**ကုသိနာရုံမြို့။** ။မြတ်စွာဘုရားသည် ဝမ်းတော်လား၍ အားမရှိပါပဲလျက် ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ကြွတော်မူသည်။ လမ်းခရီးအကြား၌ တခုသော သစ်ပင်ရိပ်ဝယ် လျောင်းစက်နားနေတော်မူပြီး ရှင်အာနန္ဒာအား ရေပေးရန် တောင်းတော်မူသည်။

အနီးရှိ ချောင်းငယ်ကလေးမှာ လှည်းငါးရာ ဖြတ်ကူးသွားထားသောကြောင့် ရေနောက်နေကြောင်း လျှောက်ထားပါလျက် ၃-ကြိမ်တိုင်တိုင် ရေပေးရန် မိန့်တော်မူသောကြောင့် သွားခပ်လေရာ ခပ်လိုက်သည်နှင့် တပြိုင်နက် ရေများ ကြည်လင်နေသည်ကို အံ့သြဖွယ် တွေ့ရသည်။

ထိုသို့ သီတင်းသုံးနေတော်မူစဉ် ပက္ကုသ အမည်ရှိ မလ္လာမင်းသားရောက်လာ၍ပြီးအာဠာရရသေ့သည်အနီး၌ဖြတ်၍လှည်းငါးရာသွားသည်ကို

www.dhammaransi.com



## ဒုတိယအကြိမ် ပြန်ရိုက်ခြင်းအကြောင်း

မသိလောက်အောင် သမာဓိအားကောင်းကြောင်းလျှောက်သောအခါ.... မြတ်စွာဘုရားသည် တချိန်က လယ်တဲငယ်တခု၌ သီတင်းသုံးနေတော်မူစဉ် မိုးကြီး သည်းထန်စွာ ရွာသွန်း၍ လျှပ်စစ်များပြက်ကာ မိုးကြိုးပစ်သော ကြောင့် အနီးရှိ လယ်သမားနှစ်ယောက်နှင့် နွားလေးကောင် သေဆုံး သွားသော်လည်း ထိုအဖြစ်အပျက် အားလုံးကို မြတ်ဗုဒ္ဓ ရှင်တော်ဘုရား သည် လုံးဝ မကြား မမြင် မသိအောင် သမာဓိအားကောင်းဘူးကြောင်း မိန့်ကြားတော်မူသည်။ (နှာ ၁၀၆-မှ ၁၁၂။)

ထိုအခါ ပက္ကုသမလ္လာမင်းသားသည် အလွန်ကြည်ညိုကာ သရဏဂုံကို ဆောက်တည်ပြီး ရွှေရောင်တောက်နေသည့် ဝတ်စုံကို လှူသည်။ ထို ရွှေဝတ်စုံကို ခြုံတော်မူလိုက်သောအခါ မြတ်စွာဘုရား၏ ကိုယ်ရောင်တော် သည် ရွှေရောင်ဝတ်စုံကိုပင် လွှမ်းမိုးတောက်ပတော်မူလေသည်။

မြတ်စွာဘုရား၏ ကိုယ်ရောင်တော်သည် ဘုရား ဖြစ်တော်မူသည့် အချိန်နှင့် ပရိနိဗ္ဗာန် စံတော်မူခါနီးအချိန် ဤ ၂-ချိန်၌ အတောက်ပဆုံး အကြည်လင်ဆုံး ဖြစ်လေသည်။ (နှာ ၁၁၁။)

**ကကုဓာမြစ်။** ။ထိုမှ ခရီးဆက် ကြွတော်မူ၍ ကကုဓာမြစ်သို့ ဆိုက် ရောက်တော်မူသောအခါ ရေသုံးသပ်တော်မူပြီး ခေတ္တ လျောင်းစက် နားနေတော်မူစဉ်—

၁။ ဘုရားဖြစ်မည့်နေ့သုဇာတာသဌေးကတော်ဆက်ကပ်သောဆွမ်း၊

၂။ ပရိနိဗ္ဗာန်စံမည့်နေ့ စုန္ဒ ပန်းထိမ်သည် ဆက်ကပ်သော ဆွမ်း၊

ဤဆွမ်းနှစ်ပါးသည် ထပ်တူထပ်မျှ အကျိုးကြီးကြောင်း ဟောတော် မူသည်။

**ဟိရညဝတီမြစ်။** ။ထိုမှ ဆက်လက် ကြွတော်မူသောအခါ ဟိရညဝတီ မြစ်ကိုဖြတ်ကူး၍ နောက်ပါ သံဃာတော်များနှင့် အတူ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဆိုက်ရောက်တော်မူလေသည်။

www.dhammaransi.com



**နောက်ဆုံးလျောင်းစက်ခြင်း။** ။အင်ကြင်းပင်ပျို နှစ်ပင့်တို့၏အကြား၌ ခင်းထား အပ်သော ညောင်စောင်း ယယ်ပေါ်တွင် လက်ျာနံပါးဖြင့် စောင်းတော်မူ၍ လက်ျာခြေပေါ်ဝယ် လက်ဝဲခြေကို တင်ထားတော် မူပြီးလျှင် သတိသမ္ပဇဉ် ဆင်ခြင်ကာ လျောင်းစက်တော်မူသည်။

ထိုအခါနတ်များစွာလာ၍ဖူးကြ ပူဇော်ကြသည်။အရှင်အာနန္ဒာအား မြတ်စွာဘုရားကို ဝတ္တုပစ္စည်း လှူခြင်း အာမိသပူဇာထက် အဆုံးအမ တော်ကို လိုက်နာ ကျင့်ကြံခြင်း ဓမ္မပူဇာက ပိုမိုမြတ်ကြောင်း ဟော တော်မူသည်။ (နှာ—၁၁၅-မှ ၁၁၇။)

မြတ်စွာဘုရား၏ဖွားရာ၊ ဘုရားဖြစ်ရာ၊ ဓမ္မစကြာဟောရာ၊ ပရိနိဗ္ဗာန် စံရာ ဟူသော သံဝေဇနီယ အရပ် ၄-ပါး ကိုလည်း ဟောတော်မူသည်။ (၁၁၉-မှ ၁၂၁။)

**အမေးအဖြေများ။** ။ထိုနောက် အရှင်အာနန္ဒာ မေးလျှောက်သည့် လူဒါယိကာမတို့နှင့် ဆက်ဆံပုံနည်းနှင့် မြတ်စွာ ဘုရား၏ ရုပ်ကလာပ် အလောင်းတော်ကို ပြင်ဆင်ပုံနည်းကိုလည်း ဖြေဆို ဟောကြားတော်မူသည်။ (၁၂၁-မှ ၁၂၄)

စေတီ တည်ထားကိုးကွယ်ထိုက်သည့် ပုဂ္ဂိုလ် ၄-မျိုး ရှိကြောင်းကို အကြောင်းအကျိုးဖော်ပြဟောကြားတော်မူသည်။(နှာ-၁၂၄-မှ ၁၂၅)

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတော့မည်ဖြစ်၍ ပူပင်မအေး ငိုကြွေး နေသည့် အရှင်အာနန္ဒာအား တရားရေအေး တိုက်ကျွေးတော်မူသည်။ အရှင်အာနန္ဒာ၏ ကျေးဇူးဂုဏ်များ အံ့ဩဘွယ်များကို ထုတ်ဖော် ဟော ကြားတော်မူသည်။

ထို့နောက် စကြာမင်း၏ ဂုဏ်ကျေးဇူးနှင့် မဟာသုဒဿန သုတ်တော် ကြီးကို ဟောတော်မူသည်။ (နှာ—၁၂၆-မှ ၁၂၈)

ပရိနိဗ္ဗာန် စံတော့မည့်ဆဲဆဲ မြတ်စွာဘုရားအား သုဘဒ္ဒ အမည်ရှိ ပရိဗိုဇ်တဦးက မိမိ၏ ယုံမှားသံသယ ဖြစ်နေသော တရားအချက်အလက်

www.dhammaransi.com



များကို မေးလျှောက် သဖြင့် ဖြေဆို ဟောကြားတော် မူရာ ယုံမှား သံသယ ပျောက်ကင်းပြီးလျှင် ကျွတ်တမ်းဝင် ရဟန္တာအရှင် ဖြစ်သွားလေသည်။ (နှာ—၁၂၉-မှ ၁၃၄)

**မြတ်စွာဘုရား ကိုယ်ပွါးတော်များ။** ။ထိုနောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား "ငါဘုရား ပရိနိဗ္ဗာန်စံသောအခါ ငါဟောကြားခဲ့သည့် တရားတော်တို့သည် သင်တို့၏ ဆရာအဖြစ် တည်ရှိရစ်လိမ့်မည်" ဟု မှာကြားတော်မူသည်။ ရဟန်းတော်အချင်းချင်း ခေါ်ဝေါ်ပြောဆိုပုံ နည်းကိုလည်း မှာကြားတော်မူသည်။ ပညတ်ထားသည့် သိက္ခာပုဒ် ဝိနည်းဥပဒေများမှ သေးငယ်သော အချို့ ဥပဒေများကို ပယ်နုတ်လိုလျှင် ပယ်နုတ် နိုင်ကြောင်းကိုလည်း မှာကြားတော်မူသည်။ ထို့ပြင် ဖွားဘက်တော်ဖြစ်ခဲ့ဘူးသည့် အရှင်ဆန္နကို မြတ်သောဒဏ်ပေးခြင်း ဗြဟ္မဒဏ်ကို ပေးရစ်ကြဟု မှာကြားတော်မူသည်။

**သံဃာအားဖိတ်ကြားခြင်း။** ။ထိုသို့ မှာကြားသင့်သမျှကို မှာကြားပြီးလျှင် ရဟန်းသံဃာတို့အား ဘုရား တရား သံဃာဆိုင်ရာ၌ဖြစ်စေ၊ မဂ်တရား အကျင့်တရား၌ ဖြစ်စေ ယုံမှားသံသယ ရှိလျှင် မေးကြရန် ၃-ကြိမ်တိုင်တိုင် တိုက်တွန်းခွင့်ပေးတော် မူသည်။

ရဟန်း သံဃာ အားလုံးကပင် ယုံမှားသံသယ မရှိကြသောကြောင့် ထုတ်ဖော်မေးမြန်းခြင်း မပြုကြသည့်အခါကျမှ—

> ရဟန်းတို့ သင်တို့အား ငါဘုရား သိစေပါ၏၊ သင်္ခါရတရားတို့သည် ပျက်စီးတတ်သော သဘောရှိကုန်၏။ မမေ့မလျော့ခြင်း သတိတရားနှင့် ပြည့်စုံကြစေကုန်လော့—

ဟု နောက်ဆုံး အမှာစကား မိန့်ကြားတော်မူပြီးလျှင် ဈာန်သမာပတ် အဆင့်ဆင့်ကို အကြိမ်ကြိမ်အဖန်ဖန် အပြန်ပြန်အလှန်လှန် ဝင်စားတော်မူပြီးသည့်အဆုံး၌ ပရိနိဗ္ဗာန်ဝင်စံတော်မူလေသည်။ (နှာ-၁၃၄-မှ ၁၃၉)

www.dhammaransi.com


ဤအကြောင်းအရာများကို လေ့လာကြည့်မည်ဆိုလျှင် သက်တော် ရှစ်ဆယ်ရှိပြီဖြစ်သော မြတ်စွာဘုရားသည် ဇရာဂါဝေဒနာ နှိပ်စက်၍ အားတော်နည်းနေပါလျက် ဓောဇ္ဇရွာမှ ကုသိနာရုံမြို့အထိ မိုင်ပေါင်း များစွာ ခြေလျင်ကြွချီတော်မူသည်၊ ရှောက်ရာအရပ်ဌာနနှင့် အရေးကြီး သည့် တရားဒေသနာတို့ကိုသာ ဟောကြားတော်မူသည်။ အရေးကြီး သည့် မိန့်ခွန်းများကို မှာထားတော်မူသည်။

နောက်ဆုံး ပရိနိဗ္ဗာန်ဝင်ခါနီး မထေရ်တော့မည့် လျောင်းစက်ခြင်းဖြင့် လျောင်းစက်နေစဉ်မှာပင် အမေးပုစ္ဆာများကို ဖြေဆိုခြင်း၊ တရားဟော ခြင်း၊ အမှာစကား မိန့်ကြားခြင်းဖြင့် သာသနာတော် တိုးပွါးကြောင်း သတ္တဝါတို့ ချမ်းသာကြောင်းကိုသာ ပြုလုပ်ဆောင်ရွက်၍ ပရိနိဗ္ဗာန် စံတော်မူသည်။

ဤအကြောင်းများကို ဤ "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" ကျမ်းငယ်၌ သိသာထင်ရှားအောင် ရေးသား ဖော်ပြထားသည် ဖြစ်ပေရာ.... ဤ ကျမ်းငယ်ကို ဖတ်ရှုခြင်းဖြင့် မြတ်ဗုဒ္ဓ ဘုရားရှင်၏ ဂုဏ်တော်များကိုငင်း၊ မြတ်ဗုဒ္ဓ ရှင်တော်ဘုရား၏ တရားတော်များကိုငင်း ပြတ်ပြတ်သားသား ထင်ထင်ရှားရှား သိမြင်နိုင်ကြမည် ဖြစ်သောကြောင့် ဤ နောက်ဆုံး ဆယ်လ မြတ်ဗုဒ္ဓကျမ်းငယ်ကို သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်မှ ဒုတိယ အကြိမ် ထပ်မံရိုက်နှိပ် ဖြန့်ချိလိုက်ရပေသတည်း။

နိဒါန်း ပြီး၏။

www.dhammaransi.com

နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဗုဒ္ဓမြတ်စွာ၏ ကာယဗလတော် | .... | ၁ |
| သစ္စာ ၄-ပါး တရားတော် | .... | ၂ |
| တရားကြေးမုံတော်ကြီး | .... | ၅ |
| သီလကို စဉ်းစားခြင်း | .... | ၇ |
| ဥပုသ်သည်နှင့် ယောဂီများ | .... | ၈ |
| သာမဏေနှင့် ရဟန်းတော်များ | .... | ၈-၉ |
| ဂုဏ်တော်များ၌ အဝေစ္စပသာဒ | .... | ၁၀ |
| သတ္တလောက ဩကာသလောက | .... | ၂၀ |
| ပေတာဂတိ ရောက်သူများ | .... | ၂၀ |
| သင်းချိုင်း တစ္ဆေများ | .... | ၂၁ |
| တိရစ္ဆာနဂတိ | .... | ၂၃ |
| အပါယ်ကျလျှင် လွတ်ခွင့်မရ | .... | ၂၄ |
| မနုဿဂတိ | .... | ၂၅ |
| စကြဝဠာအနန္တ | .... | ၂၅ |
| ဒေဝဂတိ | .... | ၂၆ |
| စတုမဟာရာဇ်ဘုံ | .... | ၂၇ |
| လူမိန်းမနှင့် ရုက္ခစိုးနတ် | .... | ၂၈ |
| အသုရာ၊ နဂါးစသည် | .... | ၂၉ |
| တာဝတိံသာ | .... | ၃၀ |
| ယာမာစသည် | .... | ၃၁ |
| ဗြဟ္မာ့ပြည် | .... | ၃၃ |
| သတ္တလောကကို သိတော်မူပုံ | .... | ၃၆ |

www.dhammaransi.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| တာဆင့် ဘိကြုံရပုံ | .... | ၃၇ |
| ပါဠိတော် | .... | ၃၈ |
| ဘာခံ ရမလောက | .... | ၃၉ |
| ဥတုစသည့်ဟိုဂေ ရုပ်ကိုပြပုံ | .... | ၄၀ |
| အပါယ်မကျတော့ | .... | ၄၃ |
| ပါဠိတော်, မြန်မာပြန် | .... | ၄၄ |
| ဘာတွေပြန်ဖြစ်ဘို့ခဲယဉ်းသလော | ... | ၄၄ |
| သတိပဋ္ဌာန်တရားတော် | .... | ၄၅ |
| အတ္တရှိ၏ဟု စွဲလာမ်းပုံ | .... | ၄၆ |
| ဘဝပြောင်းရာ၌ အတ္တစွဲပုံ | | ၄၇ |
| အနတ္တ အနိစ္စ ဒုက္ခ | .... | ၄၇-၈ |
| ရုပ် နာမ် ခန္ဓာ | .... | ၄၉ |
| အဝိဇ္ဇာနှင့်ပတ္တာ အရှုံးခံ | .... | ၅၁ |
| သံဝေဂဝတ္ထု ရှစ်ပါး | .... | ၅၀ |
| ကာဆယ့်ဟာသီး မီးဟုဆောင် | .... | ၅၁ |
| ကမ္မဋ္ဌာန်းမှန်ကမှု အဝိဇ္ဇာနှင့် တဏှာ ကုန်စေ | .... | ၅၂ |
| ကာယပဿနာသတိ ကမ္မဋ္ဌာန်း | .... | ၅၃ |
| နိဗ္ဗာယ်ဆောင် ခရီးထရ် ၂-ပါး | .... | ၅၃ |
| တာဝပဿက ကမ္မဋ္ဌာန်း | .... | ၅၅ |
| ခေတ်ကြီး ၄-ပါး သဘော | .... | ၅၇ |
| အဖျည်းကိုယ်နှင့် အမှန်းတင် | .... | ၅၈ |
| ရုပ်ပလောင် | .... | ၅၉ |
| သတ္တိလွန်ကဲပုံ | .... | ၅၉ |
| သွားခြင်းကိစ္စ၌ သတိညာဏ် | .... | ၆၀ |
| ခြေမြှောက်သော အခါ အစိတ် ၃-ပါး | .... | ၆၁ |
| ခြေချသောအခါ အစိတ် ၃-ပါး | .... | ၆၁ |

www.dhammaransi.com



# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စကားပြောခြင်း၌ သတိနှင့်ဉာဏ် | .... | ၆၃ |
| ဆွမ်းတထပ်ကို တိုင်းပြည်နှင့်မလဲ | .... | ၆၇ |
| လိစ္ဆဝီမင်းများ ဝတ်ဆင်လာပုံ | .... | ၆၇ |
| ဝေဠုဝရွာငယ်၌ ဝေဒနာ ဖြစ်တော်မူပုံ | .... | ၆၉ |
| သမာပတ်ဖြင့် ရောဂါကို တားတော်မူပုံ | .... | ၇၀ |
| ဗုဒ္ဓမြတ်စွာ မိန့်တော်မူခြင်း | .... | ၇၁ |
| အရှင်သာရိပုတ္တရာ | .... | ၇၂ |
| တန်ခိုးပြ၍ နောက်ဆုံးဆန်တော့ခြင်း | .... | ၇၃ |
| ပရိနိဗ္ဗာန်စံခါနီး ရောဂါ | .... | ၇၅ |
| နတ်ဗြဟ္မာတို့ လာကြပုံ | .... | ၇၆ |
| မယ်တော်ကြီး လာ၍မေးခြင်း | .... | ၇၆ |
| သောတာပန် တည်စေခြင်း | .... | ၇၈ |
| ပရိနိဗ္ဗာန် စံတော်မူပုံ | .... | ၇၉ |
| မယ်တော်ကြီး ငိုကြွေးခြင်း | .... | ၈၀ |
| သာဓုကီဠနသဘင် | .... | ၈၀ |
| မေ့ဝတီအမျိုးသမီး | .... | ၈၁ |
| ဓာတ်တော်များကို လက်တော်တင်၍ | .... | ၈၂ |
| အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံပုံ | .... | ၈၃ |
| အရှင်မောဂ္ဂလ္လာန်ကို အသတ်ခိုင်းခြင်း | .... | ၈၄ |
| ဥက္ကစေလသုတ် | .... | ၈၅ |
| ပရိနိဗ္ဗာန်မစံပဲ နေတော်မူနိုင် | .... | ၈၇ |
| မာရ်နတ်တန်ခိုး | .... | ၈၈ |
| မာရ်နတ် တောင်းပန်ခြင်း | .... | ၈၉ |
| ၃-လ လွန်လျှင် ပရိနိဗ္ဗာန် စံတော်မူမည် | .... | ၉၀ |
| ဥဒါန်းကျူးတော်မူခြင်း | .... | ၉၁ |
| မြေလှုပ်ခြင်း၏ အကြောင်း ၈-ပါး | .... | ၉၁ |

# နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အရှင်အာနန္ဒာ တောင်းပန်ခြင်း | .... | ၉၃ |
| ဗုဒ္ဓမြတ်စွာ ပယ်တော်မူခြင်း | .... | ၉၄ |
| အရှင်အာနန္ဒာအား တဖျားပေးပေတော်မူရခြင်း | .... | ၉၅ |
| ဩဝါဒပေးတော်မူခြင်း | .... | ၉၅ |
| ဝေသာလီကို နောက်ဆုံး ကြည့်တော်မူခြင်း | .... | ၉၇ |
| မဟာပဒေသ ၄-ပါး | .... | ၉၉ |
| စုန္ဒ၏ နောက်ဆုံး ဆွမ်းတော် | .... | ၁၀၁ |
| သူကရမဒ္ဒဝ၌ ဝါဒအမျိုးမျိုး | .... | ၁၀၂ |
| ဝမ်းတော်လားခြင်း | .... | ၁၀၅ |
| ကုသိနာရုံ ကြွတော်မူခြင်း | .... | ၁၀၆ |
| ရေသောက်တော်မူလိုခြင်း | .... | ၁၀၆ |
| မလ္လာမင်းသား ပက္ကုသ ချဉ်းကပ်ခြင်း | .... | ၁၀၇ |
| မိုးကြိုးပစ်သံ မကြားလိုက် | .... | ၁၀၈ |
| ရွှေရောင်ပတ်စုံကို လှူဒါန်းခြင်း | .... | ၁၁၀ |
| ရုပ်တော်အကြည်ဆုံး ၂-ချိန် | .... | ၁၁၁ |
| ရေသုံးသပ်တော်မူခြင်း | .... | ၁၁၂ |
| ခေတ္တလျောင်းတော်မူခြင်း | .... | ၁၁၂ |
| စုန္ဒကို သဒ္ဓါတိုးစေခြင်း | .... | ၁၁၂ |
| ညောင်စောင်းငယ်၌ လျောင်းတော်မူခြင်း | .... | ၁၁၃ |
| ရှိသမျှအားတော် ကုန်ခြင်း | .... | ၁၁၄ |
| ရည်ရွယ်တော်မူချက် ၂-မျိုး | .... | ၁၁၅ |
| နတ်တို့ပူဇော်ကြခြင်း | .... | ၁၁၅ |
| ဝရဏ ပါရဏတို့ ပူဇော်ကြပုံ | .... | ၁၁၆ |
| အာမိသနှင့် ဓမ္မပူဇာ | .... | ၁၁၆ |
| ဥပဝါဏထေရ်ကို ဖယ်စေတော်မူခြင်း | .... | ၁၁၇ |
| နတ်များ ငိုကြွေခြင်း | .... | ၁၁၈ |

www.dhammaransi.com



## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သံဝေဂယူဘို့ ၄-ဌာန | .... | ၁၁၉ |
| စေတီတော်ကို ဖူးရခြင်းအကျိုး | .... | ၁၂၁ |
| မာတုဂါမများ၌ ပြုဘွယ် | .... | ၁၂၁ |
| အလောင်းတော်ဝယ် ပြုဘွယ် | .... | ၁၂၃ |
| စေတီ တည်ထိုက်သော ပုဂ္ဂိုလ် ၄-မျိုး | .... | ၁၂၄ |
| သီလရှိ ပုထုဇဉ် | .... | ၁၂၅ |
| ငိုရမှု သောတာအေး | .... | ၁၂၆ |
| သောတာကို ဖြေတော်မူခြင်း | .... | ၁၂၆ |
| အရှင်အာနန္ဒာ၏ဂုဏ် | .... | ၁၂၇ |
| မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်း | .... | ၁၂၈ |
| မလ္လာမင်းတို့ လာ၍ ရှိခိုးကြခြင်း | .... | ၁၂၉ |
| သုဘဒ္ဒပရိဗိုဇ်ဝတ္ထု | .... | ၁၃၀ |
| သုဘဒ္ဒ နောက်ဆုံးမှ ကျွတ်ရခြင်း | .... | ၁၃၃ |
| ဗုဒ္ဓကိုယ်စား တရားတော်များ | .... | ၁၃၄ |
| နောင်အခါ ခေါ်ကြပုံ | .... | ၁၃၅ |
| သိက္ခာပုဒ်အချို့ နုတ်နိုင်ပုံ | .... | ၁၃၅ |
| အရှင်ကဿပ မနုတ်ဘို့ မိန့်ခြင်း | .... | ၁၃၅ |
| အရှင်ဆန္နအား ဗြဟ္မဒဏ်ပေး | .... | ၁၃၆ |
| သံသယရှိလျှင် မေးလိုက်ကြ | .... | ၁၃၇ |
| ကျိန်းစက်တော်မမူရ | .... | ၁၃၈ |
| နောက်ဆုံးစကားတော် | .... | ၁၃၈ |
| ပရိနိဗ္ဗာန်စံတော်မူခြင်း | .... | ၁၃၉ |
| သဟမ္ပတိဗြဟ္မာ၏ သံဝေဂ ဂါထာ | .... | ၁၃၉ |

www.dhammaransi.com



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သိကြားမင်း၏ သံဝေဂ ဂါထာ | .... ၁၄၀ |
| အရှင်အနုရုဒ္ဓါ၏ သံဝေဂ ဂါထာ | .... ၁၄၀ |
| အရှင်အာနန္ဒာ၏ သံဝေဂ ဂါထာ | .... ၁၄၁ |
| ပရိနိဗ္ဗာန် ၃-မျိုး | .... ၁၄၁ |
| မီးငြိမ်းခြင်းဥပမာ | .... ၁၄၃ |
| ဓာတုပရိနိဗ္ဗာန် | .... ၁၄၃ |
| နိဗ္ဗာန် ၂-မျိုးမှ တမျိုးနိဗ္ဗာန် | .... ၁၄၄ |
| လက္ခဏာ ရသ ပစ္စုပ္ပဋ္ဌာန် | .... ၁၄၆ |
| နိဗ္ဗာန်၏ ဂုဏ်တော်တချို | .... ၁၄၈ |
| မဟာသုဒဿန သုတ်တော် | .... ၁၅၄ |
| ဥပုသ်စောင့်၍ ကောင်းမှုကို ဆင်ခြင် | .... ၁၅၆ |
| စကြာရတနာ ဆိုက်ရောက်လာခြင်း | .... ၁၅၆ |
| စကြာရတနာ၏ အကြောင်းအရာ | .... ၁၅၇ |
| စကြာရတနာကို လည့်စေခြင်း | .... ၁၅၉ |
| တိုင်းသူပြည်သားများ လိုက်ပါပုံ | .... ၁၅၉ |
| အရှေ့ကျွန်း မင်းများ | .... ၁၆၀ |
| စကြာမင်း၏ ဩဝါဒ | .... ၁၆၁ |
| သမုဒ္ဒရာအတွင်း သက်ဆင်းပုံ | .... ၁၆၁ |
| ဆင်ပျံတော်ရတနာ | .... ၁၆၃ |
| မြင်းရတနာ- ပတ္တမြားရတနာ | .... ၁၆၅ |
| မိဖုရားရတနာ | .... ၁၆၆ |
| သူကြွယ်ရတနာ | .... ၁၆၇ |
| သားတော်ကြီးရတနာ | .... ၁၆၈ |

www.dhammaransi.com




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စကြာမင်းတန်ခိုး ၄-မျိုး | .... | ၁၆၈ |
| ရေကန် စသည့်ကို ဖန်ဆင်းခြင်း | .... | ၁၆၉ |
| ဓမ္မမည်သော ပြာသာဒ် | .... | ၁၇၂ |
| နန်းပြာသာဒ်၌ တရားကျင့် | .... | ၁၇၄ |
| မေတ္တာပွားစေခြင်း | .... | ၁၇၅ |
| သုဘဒ္ဒါဒေဝီ တွေ့မြင်လို၍ လာခြင်း | .... | ၁၇၇ |
| သုဘဒ္ဒါဒေဝီ သံဝေဂဦးတင်ခြင်း | .... | ၁၇၈ |
| စကားအပြော သင်ပေးရခြင်း | .... | ၁၇၉ |
| သင်ပေးသည့်အတိုင်း သံဝေဂဦးတင်ရခြင်း | .... | ၁၈၀ |
| ဗြဟ္မာ့ပြည်သို့ လားခြင်း | .... | ၁၈၀ |
| ကျန်ရစ်သော ရတနာများ | .... | ၁၈၁ |
| စကြာမင်း၏ ရှေးကောင်းမှု | .... | ၁၈၂ |
| အကြောင်းနှင့် အကျိုး တူပုံ | .... | ၁၈၅ |
| အားလုံး အနှစ်ချုပ် | .... | ၁၈၇ |

www.dhammaransi.com

# နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ဗုဒ္ဓမြတ်စွာ၏ ကာယဗလတော်** "ကာယဗလ - ကိုယ်၏အား" ဟူသည် တေဇော ဝါယောဓာတ်တို့၏ သတ္တိတည်း*။ ဗုဒ္ဓမြတ်စွာသည် ၄-သင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဆည်းပူးတော် မူအပ်ခဲ့သော ပါရမီ ကောင်းမှုတို့ကြောင့် ရအပ်သော နောက်ဆုံး ကိုယ်ခန္ဓာတော်ဝယ် ထိုတေဇောဓာတ် ဝါယောဓာတ် (အားခွန်ဗလ) တော်သည် ဆဒ္ဒန်ဆင်မျိုး တစီး၏ အားခွန်ဗလထက် ဆယ်ဆမျှသာ၏။ ပကတိ ရိုးရိုးဆင်တို့၏ အားခွန်ဗလ အားဖြင့်ကား ကုဋေတထောင်မျှ ပမာဏရှိအောင် ကြီးမားတော်မူ၏။ ထိုသို့ အားခွန်ဗလကြီးမားအောင် ခန္ဓာကိုယ်တော်ဝယ် အရိုးချင်း ဆက်သွယ်ပုံကလည်း အများနှင့် တူတော်မမူ။ အရိုးချင်း ဆက်ရမည့် နေရာဝယ် သံကွင်းချင်း ဆက်သကဲ့သို့ ကွင်းဆက် ဆက်၏။ [ပစ္စေကဗုဒ္ဓါတို့၏ အရိုးဆက်ပုံသည် ချိတ်ဆက် ဖြစ်၍ လူအများ၏ ဆက်ပုံမှာ တွေ့ဆက်သာ ဖြစ်သည်။]

**မဟာဝီရ။** ။ထိုကဲ့သို့သော အားခွန်ဗလဖြင့် တောင့်တောင့်တင်းတင်း ရှိတော်မူလှလော ဘုရားရှင်သည် တောထွက်တော်မမူခင်ကပင် အခြား သာကီဝင် မင်းသားတို့ထက် ထူးခြား မြင့်ကြွယ် တင့်တယ်တော်မူရကား မိထွေးတော် ဂေါတမီ စသူတို့က "နရပုင်္ဂဝ-လူ့နွားလားကြီး"ဟု၎င်း၊ "နရာသဘ - လူ့ဥသဘကြီး"ဟု ၎င်း တင်စား၍ ခေါ်ကြ၏။ ယသော်ဓရာကား သားတော် ရာဟုလာကို ပြောပြရာ၌ သား၏ခမည်းတော်ဆိုတာ "နရသီဟ-လူ့ခြင်္သေ့မင်း"ဟု သုံးစွဲလေ၏။ ထိုကြောင့် ဗုဒ္ဓမြတ်စွာသည် လူအများထက် ထူးခြား၍ ဝါဝါဝင်းဝင်း ရွှေအဆင်း

---

*ဝါယောဓာတုယာ ဟိ ဂဟိတာယ ဗလရူပံ ဂဟိတမေဝ၊ အညံ့ ဗလရူပံ နာမ နတ္ထိ။ အဋ္ဌသာလိနီ၊ ရူပကဏ္ဍ၊ ပကိဏ္ဏကကထာ။

www.dhammaransi.com



ဖြင့် ပြည့်တင်း သပ္ပါယ်တော် မူသည့်အပြင် ကြီးမားသော အားခွန်ဗလ ကြောင့် တက်တက်ကြွကြွ လုံ့လဝီရိယနှင့် ပြည့်ဝနေသည်ကိုသာ အမြဲ ဖူးမြင်ကြရ၏။ ထို့ကြောင့် "မဟာဝီရ-ကြီးမြတ်သော ဝီရိယရှင်"ဟု လူ နတ် အများပင် အမွန်းတင်ကြရပေသည်။

အမှာ။ ။နောက်၌ အားတော် ကုန်ခန်း၍ နွမ်းနယ်တော်မူပုံကို တွေ့ရ သောအခါ သံဝေဂ ယူကြဘို့ရန် ဤနေရာ၌ ဗုဒ္ဓမြတ်စွာ၏ ပင်ကိုယ် အားတော်ကို ထုတ်ဖော်၍ ပြရပါသည်။

## သစ္စာ ၄-ပါး တရားတော်

ဗုဒ္ဓမြတ်စွာသည် ကောဋိရွာ၌ သီတင်းသုံးတော်မူသောအခါ အရိယာ ဖြစ်ဘို့ရာ သစ္စာ ၄-ပါးတရားကို ဟောတော်မူသည်။ ဘိက္ခုတို့....အရိယာ အဖြစ်ကို ပြုတတ်သော ၄-ပါးသော သစ္စာတို့ကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ် ဖိုလ် တို့ဖြင့် ထိုးထွင်း၍ မသိခြင်း ကြောင့် ဤမျှလောက်ရှည်လျားသော သံသရာ ကာလပတ်လုံး ငါဘုရား ၏ရင်း၊ အသင်တို့၏ရင်း ဘဝမှ ဘဝသို့ ပြေးသွားရခြင်း၊ ဘဝ တရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။ အဘယ် ၄-ပါးတို့နည်း။....

ဘိက္ခုတို့....ဒုက္ခဖြစ်သော အရိယာသစ္စာကို မဂ်အားလျော်စွာ ဝိပဿ-နာ ဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့် ဤမျှ လောက် ရှည်လျားသော သံသရာကာလပတ်လုံး ငါဘုရား၏ရင်း၊ အသင် တို့၏ရင်း ဘဝမှဘဝသို့ ပြေးသွားရခြင်း၊ ဘဝတရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့....ဒုက္ခ၏ ဖြစ်ကြောင်း သမုဒယမည်သော အရိယာသစ္စာကို မဂ် အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း ၍ မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာ ကာလ ပတ်လုံး ငါဘုရား၏ရင်း၊ အသင်တို့၏ရင်း ဘဝမှ ဘဝသို့ ပြေးသွား ရခြင်း၊ ဘဝတရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

www.dhammaransi.com



ဘိက္ခုတို့....ဒုက္ခ၏ ချုပ်ကြောင်း နိရောဓမည်သော အရိယသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာ ကာလပတ်လုံး ငါဘုရား၏၎င်း၊ အသင်တို့၏၎င်း တဘဝမှ တဘဝသို့ ပြေးသွားရခြင်း၊ ဘဝတရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့....ဒုက္ခနိရောဓမည်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ဖြာ အရိယသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာ ကာလပတ်လုံး ငါဘုရား၏၎င်း၊ အသင်တို့၏၎င်း တဘဝမှ တဘဝသို့ ပြေးသွားရခြင်း၊ ဘဝတရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့....ငါဘုရားသည် ဒုက္ခမည်သော ထိုအရိယသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ၊ ဒုက္ခသမုဒယ မည်သော ထိုအရိယသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ။ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ။ ဒုက္ခနိရောဓမည်သော ထိုအရိယသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ။ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ။ ဒုက္ခနိရောဓ မည်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ဖြာ ထိုအရိယသစ္စာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ။ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ။ ဘဝကို တပ်မက်တတ်သော တဏှာကို အကြွင်းမဲ့ ဖြတ်အပ်ပြီ။ ဘဝသို့ ဆောင်တတ်သော တဏှာတည်းဟူသော ကြိုးသည် ကုန်ခန်းလေပြီ၊ ယခုအခါ၌ ငါဘုရားမှာ နောက်ထပ် ဘဝ မရှိတော့။ ဤသို့ ဟောတော်မူသည်။

ဤသို့ ဟောတော်မူပြီးနောက်— ဤတရား ဤတရားကား သီလတည်း။ ဤဈာန် ဤဈာန်ကား သမာဓိတည်း။ ဤဉာဏ် ဤဉာဏ်ကား ပညာတည်း။ သီလဖြင့် ထုံအပ်သော သမာဓိသည် များသော အကျိုး

www.dhammaransi.com



ရင်းရှိ၏။ များသောအကျိုးဆက် ရှိ၏။ သမာဓိဖြင့် ထုံအပ်သော ပညာသည် များသော အကျိုးရင်းရှိ၏၊ များသော အကျိုးဆက်ရှိ၏။ ပညာဖြင့် ထုံအပ်သော စိတ်သည် ကောင်းစွာသာလျှင် အာသဝေါတို့မှ လွတ်နိုင်၏၊ ဤသို့ ဟောတော်မူသည်။

## သစ္စာ ၂-ပါး၏ အဓိပ္ပါယ်

**ဒုက္ခသစ္စာ ဆင်းရဲတာအမှန်** ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲ၏၊ အိုရခြင်းသည် ဆင်းရဲ၏။ မကျန်းမမာ ဖျားနာရ အနာရောဂါ အမျိုးမျိုး ဖြစ်ရခြင်းသည် ဆင်းရဲ၏။ သေရခြင်း-သေခါနီးနေခြင်းသည် ဆင်းရဲ၏။ ရွံမုန်းအပ်သူတို့နှင့် အတူနေရခြင်းသည် ဆင်းရဲ၏။ ချစ်အပ်သူတို့နှင့် ကွဲ၍နေရခြင်းသည် ဆင်းရဲ၏၊ လိုချင်တာကို မရခြင်းသည် ဆင်းရဲ၏။ (ထို ဆင်းရဲအားလုံးသည် ဤခန္ဓာကိုယ် ရှိနေသည့်အတွက် ဖြစ်ရသောကြောင့်) အချုပ်အားဖြင့် ဤ ခန္ဓာကိုယ်သည် ဆင်းရဲအားလုံး၏ အကြောင်းဖြစ်၍ မကောင်းသော ဒုက္ခတုံးကြီး ဖြစ်သတည်း။

**သမုဒယ သစ္စာ ဒုက္ခဖြစ်ကြောင်း အမှန်** တဏှာသည် တပ်မက် ခင်မင် လိုချင်တတ်၏။ "လောဘ"ဟုလည်း ခေါ်ရ၏။ ထို တဏှာလောဘကို ဒုက္ခသစ္စာအားလုံး၏ အကြောင်းရင်းအခြေခံ အမှန်ပင်ဖြစ်သောကြောင့် "သမုဒယသစ္စာ"ဟု ခေါ်သည်၊ ပဋိသန္ဓေနေရခြင်း ဆင်းရဲမှစ၍ ဆင်းရဲအမျိုးမျိုးသည် ဘဝသစ်ကိုရခြင်းကြောင့် ဖြစ်၏။ ထို ဘဝအသစ်ကိုလည်း ဤ တဏှာလောဘ၏ လိုချင်မှုကြောင့် ရကြသည်၊

**ကာမ တဏှာ** လောကီအာရုံ ကာမဂုဏ်တွေကို လိုချင်မှုသည် ဤ တဏှာလောဘပင် ဖြစ်၏။ ဤ တဏှာလောဘသည် ရလေ လိုလေ ဖြစ်၏။ ပစ္စည်းဥစ္စာ မရှိသူ၌ စားဘို့ သောက်ဘို့ ဝတ်ဘို့ နေဘို့လောက်ကို လိုချင်၏၊ ထို လိုချင်သလောက် ရသောအခါ ကောင်းကောင်းစားဘို့ သောက်ဘို့ ဝတ်ဘို့ နေဘို့ လိုချင်ပြန်၏။ ထိုအတိုင်း ရပြန်

www.dhammaransi.com



**သော၁အခါ** အပိုခံစားဘို့ အပိုသိမ်းထားဘို့ လိုချင်ပြန်၏။ ထို လိုချင်မှု **တား** မီးခိုးမဆုံး မိုးမဆုံးပင် ဖြစ်၏။

**နွားကြီးလေ ဦးချိုရှည်လေ** နွားကလေး၌ ပေါက်ခါစ ဦးချိုကလေးသည် ပဌမ သော် အဖုကလေးမျှသာ ဖြစ်၏။ ထို အဖုကလေး သည် နွားကလေး ကြီးတိုင်း ကြီးတိုင်း ရှည်၍ ရှည်၍ လာ၏။ ထို့အတူ တရားဖြင့် မထိန်းနိုင် မချုပ်တည်းနိုင်သော လောဘ သည် ကလေးဘဝမှစ၍ တဖြည်းဖြည်း ကြီး၍ကြီး၍ လာခဲ့ရာ၊ သေခါနီး တိုင်အောင် နောက်မဆုတ်နိုင်ပဲ ဖြစ်၏။ ထို လောဘ၏ တိုက်တွန်းမှု ကြောင့် ပစ္စည်းရှာတိုင်း ဖနွစဉ် နေ့စဉ် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ဖြစ်ရတတ်လေသည်။

**သေခါနီး အချိန်** သေချိန်ရောက်၍ သေပေါက်သေဝသို့ ဝင်ရသော အခါ မရဏဒုက္ခ အမျိုးမျိုးကို ခံစားရင်းပင် တသက်လုံး တွယ်တာ စွဲလမ်းအပ်သော သက်မဲ့ ပစ္စည်းတို့ကိုရင်း၊ သက်ရှိ သံယောဇဉ်တို့ကိုရင်း မခွဲနိုင် မခွါရက် ဖြစ်နေရကား ထို ပစ္စည်း ထိုသံယောဇဉ်တို့ကပင် အခြေသို့မရောက်စေပဲ အိမ်အနီးအပါး၌ ပြိတ္တာ ဖြစ်အောင် သွေးဆောင်လေသည်။ ထိုသို့ အနီးအပါး၌ မဖြစ်ပဲ အခြား ဘဝသို့ ရောက်ပြန်လျှင်လည်း ဇာတိဒုက္ခစသော ဒုက္ခအမျိုးမျိုးနှင့် တွေ့ရ မည်သာ။ နတ်ဘဝ၌ ဖြစ်ရသူသည်ပင် နောက်ဆုံးအချိန်၌ အလွန်ပူဆွေး သော မရဏဒုက္ခနှင့် တွေ့ရပါသေးသည်။ [နိရောဓသစ္စာ၏ အဓိပ္ပါယ်ကို ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူခန်း၌ ပြပါမည်။ မဂ္ဂသစ္စာကိုကား အနာ ဂတ်သာသနာ ဓမ္မစကြာခန်း၌ ရှုပါ။]

## တရားကြေးမုံတော်ကြီး

ဗုဒ္ဓမြတ်စွာသည် ကောဋိရွာ၌ ကျွတ်ထိုက်သော သတ္တဝါတို့အလိုက် နေထိုက်သမျှ နေတော်မူပြီး၍ နာဋိကာရွာသို့ ကြွတော်မူ၏။ ထို ရွာ၌ အချင်အာနန္ဒာသည် ကွယ်လွန်ပြီးသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊

www.dhammaransi.com



ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမ တို့၏ ရောက်ရာဂတိကို မြတ်စွာဘုရားအား မေးလျှောက်၏။ ဗုဒ္ဓမြတ်စွာလည်း ထိုပုဂ္ဂိုလ်တို့၏ ရောက်ရာဂတိကို ဖြေတော်မူ၏၊ ဖြေတော်မူပြီးသောအခါ....

"အာနန္ဒာ....ကွယ်လွန်တိုင်း ကွယ်လွန်တိုင်းသော ပုဂ္ဂိုလ်တို့၏ ရောက်ရာဂတိကို မေးကြလျှင် ငါဘုရား ပင်ပန်းရုံသာရှိမည်။ မည်သူ့ကိုမျှ မမေးပဲ မိမိကိုယ်ကို မိမိ ဆုံးဖြတ်နိုင်ဘို့ရာ ဓမ္မာဒါသ (တရားတည်းဟူသော ကြေးမုံမှန်ကြီး) ကို ပြတော်မူမည်" ဟု မိန့်တော်မူ၍ "တရားမှန်တော်ကြီး" ဟု ဆိုရလောက်အောင်ပင် မိမိကိုယ်ကို မိမိကြည့်နိုင် မြင်နိုင်သော တရားတော်ကို ဟောတော်မူပါသည်။

"အာနန္ဒာ....အရိယာဖြစ်တော်မူသော ငါဘုရား၏ သာဝက (စာဗြာနားထောင်သော တပည့်) ဖြစ်သူသည် အကြင်တရား တည်းဟူသော မှန်ကြီးနှင့် ပြည့်စုံသော မိမိကိုယ်ကို မိမိသိမြင်ရသောအခါ "ငါ့မှာ ငရဲသို့ရောက်ဘို့ အကြောင်းလည်း ကုန်ပြီ။ တိရစ္ဆာန်ဖြစ်ဘို့ အကြောင်းလည်း ကုန်ပြီ။ ပြိတ္တာဖြစ်ဘို့ အကြောင်းလည်း ကုန်ပြီ။ အပါယ်ဒုဂ္ဂတိသို့ ကျဘို့ အကြောင်းလည်း ကုန်ပြီ။ ငါသည် သောတာပန် ဖြစ်ပြီ။ နောက်နောက် ပြန်ပြန် အပါယ် ၄-ပါး၌ ကျရောက်ခြင်းသဘော မရှိတော့" ဟု မိမိကိုယ်ကို မိမိဘာသာ ဖြေဆိုနိုင်၏။ ထိုသို့ ဖြေဆိုနိုင်ကြောင်း ဖြစ်သော တရားကြေးမုံ (မှန်ကြီး) ဟူသည် အဘယ်နည်း။ ဤသို့ မေးအံ့....

၁။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ဗုဒ္ဓမြတ်စွာ၏ အရဟာဟာ စသော ဂုဏ်တော်တို့ကို စေ့စေ့ငုငု ဉာဏ်ဖြင့်ရှု၍ အာရုံပြုသောအခါ ဗုဒ္ဓမြတ်စွာ၌ နှစ်နှစ်ကာကာ လွန်စွာကြည်ညိုသော သဒ္ဓါတရား ဖြစ်ပေါ်လာ၏။ ဤသို့ မြတ်စွာဘုရား၏ အပေါ်၌ "အဝေစ္စ+ပသာဒ (ဉာဏ်ဖြင့် သက်ဝင်၍+ကြည်ညိုခြင်း)" ဟု ခေါ်ရလောက်အောင် ပညာရှေ့သွားရှိသော သဒ္ဓါတရားနှင့် ပြည့်စုံ၏။

၂။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝကသည် တရားတော်၏ သွာက္ခာတဟာစသော ဂုဏ်တော်တို့ကို စေ့စေ့ငုငု ဉာဏ်ဖြင့်

www.dhammaransi.com



၍ အာရုံပြုသောအခါ တရားတော်၌ နှစ်နှစ်ကာကာ လွန်စွာကြည်ညို သော သဒ္ဓါတရား ဖြစ်ပေါ်လာ၏။ ဤသို့ တရားတော်၏ အပေါ်၌ "အဝေစ္စ+ပသာဒ (ဉာဏ်ဖြင့် သက်ဝင်၍+ကြည်ညိုခြင်း)" ဟု ခေါ်ရ လောက်အောင် ပညာရှေ့သွားရှိသော သဒ္ဓါတရားနှင့် ပြည့်စုံ၏။

၃။ အရိယာ ဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝက သည် အရိယာဖြစ်ပြီးသော သံဃာတော်၏ သုပ္ပဋိပန္နတာ စသော ဂုဏ် တော်တို့ကို စေ့စေ့ငုငု ဉာဏ်ဖြင့်ရှု၍ အာရုံပြုသောအခါ အရိယာ သံဃာ တော်၌ နှစ်နှစ်ကာကာ လွန်စွာ ကြည်ညိုသော သဒ္ဓါတရား ဖြစ်ပေါ် လာ၏။ ဤသို့ အရိယာသံဃာတော်၏ အပေါ်၌" အဝေစ္စ+ပသာဒ= (ဉာဏ်ဖြင့်သက်ဝင်၍+ကြည်ညိုခြင်း)" ဟု ခေါ်ရလောက်အောင် ပညာ ရှေ့သွားရှိသော သဒ္ဓါတရားနှင့် ပြည့်စုံ၏။

၄။ အရိယာဖြစ်သူတို့ အလွန် နှစ်သက်အပ်သော၊ မကျိုး မပေါက် မပြောက် မကျားသော၊ တဏှာဖြင့် လောကီစည်းစိမ်ကိုလည်း မတောင့် တသော၊ ပညာရှိတို့ ချီးမွမ်းအပ်သော၊ တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ် သော၊ ဥပစာရသမာဓိ အပ္ပနာသမာဓိကို ဖြစ်စေနိုင်သော ငါးပါးသီလ နှင့် ပြည့်စုံ၏။

ဤပြည့်စုံခြင်း ၄-ပါးသည် မိမိကိုယ်ကို စဉ်းစား၍ ကြည့်သောအခါ ငရဲ စသည်မှ လွတ်ပြီဟု သိမြင်နိုင်သော တရားတော် ကြေးမုံ မှန်ကြီး ဖြစ်၏။ ဤကြေးမုံမှန်ကြီးကိုကြည့်၍ မိမိကိုယ်ကို မိမိဘာသာ "ငရဲလဲ ကုန်ပြီ။ တိရစ္ဆာန်အမျိုးလဲ ကုန်ပြီ။ ပြိတ္တာဘဝလဲ ကုန်ပြီ။မကောင်းသော ဒုဂ္ဂတိဟူသမျှ ကုန်ပြီ။ သောတာပန် ဖြစ်ပြီ"ဟု ဖြေနိုင်သည်၊ ဤသို့ မိမိ ကိုယ်ကိုကြည့်၍ မိမိဘာသာ ဖြေနိုင်ကြောင်း ကောင်းမြတ်သော တရား ထောက်မှန်ကြီး ဟူသည် ဤ ၄-ပါးပင် ဖြစ်သတည်း။

## အဓိပ္ပါယ် ရှင်းပြချက်

**သီလကို စဉ်းစားခြင်း။** ။"မိမိကိုယ်ကို ငရဲစသည်မှ လွတ်ပြီ"ဟု ဆုံး ဖြတ်နိုင်လောက်အောင် ပြည့်စုံရမည့် ဂုဏ်

အင်္ဂါ ၄-ပါးတွင် ရှေးဦးစွာ မိမိသီလ၏ စင်ကြယ်-မစင်ကြယ်ကိုစဉ်းစားသင့်ပါသည်။ ထို့ကြောင့် လူ့ဝတ်ကြောင်ဖြစ်လျှင် ၅-ပါးသီလ၊ အာဇီဝဋ္ဌမကသီလနှင့် ပြည့်စုံနေပုံကို အာရုံပြုပါ။ မပြည့်စုံ၍ မဖြစ်။ ဧကန် ပြည့်စုံရမည့် သီလများ ဖြစ်ပါသည်။ ၅-ပါးသီလကို အရိယာပုဂ္ဂိုလ်တို့သည် အလွန် နှစ်သက်ကြ၏။ အရိယာဖြစ်ပြီးသူသည် တဘဝပြောင်းသွားသော်လည်း နောက်ဘဝ၌ မည်သူ့ ထံမှ သီလမခံရပဲ ၅-ပါးသီလ ပြည့်စုံနေ၏။ ထို့ကြောင့် ၅-ပါးသီလနှင့် အသက်မွေးဝမ်းကျောင်း စင်ကြယ်သော အာဇီဝဋ္ဌမကသီလသည် မပြည့်စုံလျှင် မဖြစ်။ ဧကန် ပြည့်စုံရမည့် (ခါးဝတ်ကဲ့သို့ မြဲရမည့်) ဂုဏ်အင်္ဂါတပါး ဖြစ်ပါသည်။

မှတ်ချက်။ ။အသက်မွေးဝမ်းကျောင်း မစင်ကြယ်၍ အာဇီဝဋ္ဌမကသီလပျက်လျှင် ပါဏာတိပါတသော်၎င်း၊ အဒိန္နာဒါနသော်၎င်း၊ မုသာဝါဒသော်၎င်း၊ ပျက်တတ်သောကြောင့် ၅-ပါးသီလကို စင်ကြယ်စေလိုသော ပုဂ္ဂိုလ်သည် အာဇီဝဋ္ဌမကသီလကိုလည်း စောင့်ထိန်းပြီး ဖြစ်ရမည်-ဟုမှတ်ပါ။ [ငါးပါးသီလ အာဇီဝဋ္ဌမက သီလတို့ကို ရတနာ့ဂုဏ်ရည်၌ ပြထားပါသည်။]

**ဥပုသ်သည်နှင့် ယောဂီသီလရှင်များ** ရှစ်ပါးသီလကို ထိန်းရသော ဥပုသ်သည်၊ သို့မဟုတ် ယောဂီ သူတော်စင် သီလရှင်ဖြစ်လျှင် မိမိ၏ ဥပုသ်သီလကို အလွန်စင်ကြယ်အောင် မာလာဂန္ဓ ဝိလေပန (ပန်း နံ့သာ ရေမွှေးဆပ်ပြာနှင့် မသိမသာ မျက်နှာချေ ပေါင်ဒါ သုံးစွဲမှု)ကိုပါ အထူး ရှောင်ကြဉ်ရပါသည်။ လှပအောင် ဝတ်ရ၊ အရသာခံ၍ စားရသော အဝတ် အစားများကို ရှောင်ရှား၍ သန့်ရှင်းရုံ အဝတ်၊ ကျန်းမာရုံ အစာများကိုသာ ဝတ်ရုံ စားသုံးနိုင်လျှင် ဣန္ဒြိယသံဝရသီလလည်း စင်ကြယ်နိုင်ပါသည်။

**သာမဏေများ။** ။ရှင်သာမဏေများသည် မိမိတို့ အမြဲ ထိန်းသိမ်းရသော မထိန်းလျှင် မဖြစ်၊ ဧကန် ထိန်းရသော ၁၀-ပါးသီလကို၎င်း၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း ၄-ပါးတို့ကို

နေ့စဉ် ဆင်ခြင်ရသော ပစ္စယသန္နိဿိတသီလကို၎င်း၊ ရွာတွင်းသို့ (ကျန်းမာရေး မထိခိုက်လျှင်) ဖိနပ်မစီးပဲ သင်္ကန်းရုံလျက် စက္ခုန္ဒြေချ၍ သွားရခြင်း စသော သေခိယ သိက္ခာပုဒ်များကို၎င်း၊ မစောင့်ထိန်းလျှင် မဖြစ်။ ဧကန် စောင့်ထိန်းရမည့် သိက္ခာပုဒ်သီလများ ဖြစ်ပါသည်။

**ရဟန်းတော်များ။** ။ရဟန်းဖြစ်သောအခါ ရှင်သာမဏေထက်ပင် ပို၍ ထိန်းသိမ်းရသော သိက္ခာပုဒ် သီလတော်များကို တပါးတလေမျှ မပျက်ရအောင် ထိန်းသိမ်းနိုင်မှသာ "သီလနှင့်ပြည့်စုံခြင်း"ဟူသော ၄-ပါးမြောက် ဂုဏ်အင်္ဂါနှင့် ပြည့်စုံနိုင်ပါသည်။

**အကျိုးအဆက်ဆက်။** ။ဆိုင်ရာ သီလများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိသီလကို မကြာ မကြာ ဆင်ခြင်တိုင်း စိတ်နှလုံး ရွှင်လန်း ဝမ်းမြောက်မှု ပါမောဇ္ဇ ဖြစ်၏။ ထို ဝမ်းမြောက်မှုမှ ဆက်၍ ကိုယ့်သီလကို နှစ်သက်မှု ပီတိ ဖြစ်၏။ ထိုပီတိမှ တဆင့်တက်၍ ကိုယ်ရော စိတ်ပါ ငြိမ်းချမ်းမှု ပဿဒ္ဓိ ဖြစ်၏။ ထိုကဲ့သို့ နှစ်သက်ဘွယ်များနှင့် ပြည့်စုံနေသော ပုဂ္ဂိုလ်သည် ငရဲ တိရစ္ဆာန် ပြိတ္တာ မဖြစ်နိုင်တော့။ ဧကန်မုချ သုဂတိဘဝသို့သာ ရောက်ဘို့ ရှိတော့သည်။ အကယ်၍ မိမိ စောင့်ထိန်းရမည့် သီလထဲမှ တပါးတလေမျှ ပျက်ခဲ့လျှင် တိရစ္ဆာန် ပြိတ္တာဘဝမှ မလွတ်ကြပဲ သာမန် လူများကဲ့သို့ ဖြစ်ရတတ်ပါသေးသည်။

ထို့ပြင်-သီလပင် စင်ကြယ်စေကာမူ သံယောဇဉ် မကင်းတတ်သူတို့အတွက် ထိုသံယောဇဉ်တို့တပင် အနီးအပါးမှ ခွါ၍ မသွားနိုင်အောင် ဆွဲဆောင်၍ ထားတတ်သည်ကိုလည်း သတိပြုသင့်သေး၏။ ထို့ကြောင့် အရှည်ကိုမြော်သော သူတော်စင်ဟူသမျှတို့သည် သက်ရှိ သက်မဲ့ သံယောဇဉ်တို့ကို မတွယ်တာနိုင်အောင် သတိထား၍ မိမိသီလကိုသာ ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင်သန့်ရှင်းအောင် ကြိုးစားသင့်ကြပါသည်။

www.dhammaransi.com



## ဗုဒ္ဓ၏ဂုဏ်တော်များကို ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုပုံ

**သိရီဘုန်းယော်။** ။"ရွှေမျက်နှာတော်၊ လက် ခြေတော်မှ၊ စ၍မကြွင်း၊ ပင်လုံးဝင်းသည့်၊ ပန်းမင်းအနေ၊ ကျက်သရေ မင်္ဂလာ၊စုဝေးကာဖြင့်၊ လွန်စွာတင့်တယ်၊ သပ္ပါယ်တော်မူသော သိရီဘုန်းတော်"....ဤ ဘုန်းတော်သည် ဘဂဝါဂုဏ်တော်တွင် ပါဝင်သော ဂုဏ်တော်များဝယ် တပါးမျှသာ ရှိသေး၏။

**အဝေစ္စပသာဒ၊** ။ထိုမျှလောက် သပ္ပါယ်တော်မူသော ရုပ်အဆင်းတော်ကို ရတော်မူခြင်း၏ အကြောင်းမှာ အတုမရှိ ဖြည့်တော်မူအပ်ခဲ့သော ကောင်းမှုပါရမီတော်များ ဖြစ်၏။ ထိုကောင်းမှုပါရမီတော်များကြောင့် ထိုမျှလောက် သပ္ပါယ်တော်မူပုံကို ရတနာ့ဂုဏ်ရည် အစဆုံး ရုပ်ပုံတော်အဖွင့်၌ ပြခဲ့ပါပြီ။ ထိုအဖွင့်အတိုင်း ကြည့်ရှု၍ ရုပ်အဆင်း၏ သပ္ပါယ်တော်မူပုံကို ဉာဏ်ဖြင့် သက်ဝင်၍ ယုံကြည်သောအခါ ထိုဂုဏ်တော်အတွက် ဗုဒ္ဓမြတ်စွာ၌ အဝေစ္စ ပသာဒ (ဉာဏ်ဖြင့် သက်ဝင်၍ ယုံကြည်ခြင်း)ဖြစ်ပြီဟု မိမိဘာသာ ဆုံးဖြတ်၍၊ ထို ယုံကြည်ပုံကို မှန်၌ ကြည့်သလို ဉာဏ်ဖြင့် အထပ်ထပ် ရှုပါ။

**အရဟံဂုဏ်တော်။** ။"တထောင့်ငါးရာ၊ကိလေသာတို့၊ဝါသနာမလေ့၊ အထုံငွေ့မျှ၊ မငွေ့ မရိပ်၊ ဝင်းဝင်းဖိတ်သို့၊ ရွှေစိတ်ပြန့်သင်း၊ လွန်သန့်ရှင်းသော အရဟံဂုဏ်တော်...." ပြအပ်ခဲ့ပြီးအတိုင်း သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်လာသောအခါ ထိုမြတ်ဘုရား၏ ပုံတော်အတွင်း၌ ဤ အရဟံဂုဏ်တော်ကိုသွင်း၍ အာရုံပြုပါ။ အလွန်သပ္ပါယ်သော ရုပ်ပုံတော်ဝယ် "လောဘ-ဒေါသ" စသော ကိလေသာ အနှောက်အယှက်ကင်း၍ သန့်ရှင်းစင်ကြယ်သော စိတ်တော်ကို ဖူးမြင်ရပါလိမ့်မည်။

**အဝေစ္စ ပသာဒ။** ။သိရီဘုန်းတော်ကြောင့် ကျက်သရေမင်္ဂလာစုဝေးကာဖြင့် လွန်စွာ တင့်တယ် သပ္ပါယ်တော်မူသော

www.dhammaransi.com



သက်တော်ထင်ရှား မြတ်ဘုရားအတွင်း၌ ကိလေသာ အနောက်အကျုံ ထင်း၍ သန့်ရှင်းသော စိတ်တော်ကို အာရုံပြုရသောအခါ ဗုဒ္ဓမြတ်စွာ အပေါ်၌ ညာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုသောစိတ် ဖြစ်ပေါ်လာပါလိမ့် မည်။ ထိုစိတ်ဖြစ်သောအခါ ဗုဒ္ဓမြတ်စွာ၏ အရဟံဂုဏ်တော်ကို ညာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုသော အဝေစ္စ ပသာဒဖြစ်ပြီဟု မိမိကိုယ်ကို ဆုံးဖြတ် နိုင်ပါသည်။

**သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။** ။''သဗ္ဗညုဉာဏ်အား၊ စွမ်းပကားဖြင့်၊ များစွာ သင်္ခါရ၊ ဝိကာရနှင့်၊ လက္ခဏပညတ်၊ နိဗ္ဗာန်ဓာတ်ဟု၊ ၅-ရပ်သိရန်၊ ဥေယျမ်ကို၊ ဖောက်ပြန်မရှိ၊ ကိုယ်တော်တိုင် သိတော်မူသော သမ္မာသမ္ဗုဒ္ဓဂုဏ်တော်....'' ဤဂုဏ်တော်၌ ပြအပ်သော သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်ဟူသော သိဘွယ်တရားငါးပါး ကို အကြွမ်းအားဖြင့် နားလည်အောင် ရတနာ့ဂုဏ်ရည် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်အဖွင့်ကို ကြည့်ပါ။ ထိုတရားတို့ကို သိတော်မူရာ၌ ရဟန္တာ သာဝကများကဲ့သို့ သူတပါးအထံမှ တဆင့်ကြားနာရ၍ သိတော်မူခြင်း မဟုတ်ပဲ ကိုယ်တော်၏ညာဏ်ဖြင့် ထိုးထွင်း၍ သိတော်မူသောကြောင့်၎င်း၊ ထိုသို့ သိရာဝယ် တစုံတခုမျှ အမှားအယွင်း မရှိသောကြောင့်၎င်း၊ ''သမ္မာ ဗုဒ္ဓ=အမှန်အတိုင်း သိတော်မူသောဘုရား။ သံဗုဒ္ဓ=ကိုယ်တော်တိုင် သိတော်မူသောဘုရား''ဟု ပညာရှိ လူနတ်ပြဟ္မာတို့ ချီးမွမ်းကြပါသည်။ ဤနေရာဝယ် သဗ္ဗညုတ ဉာဏ်တော်၏အစွမ်း ၃-ပါးကို ဖော်ပြသော အောက်ပါလင်္ကာ ၃-ပုဒ်ကို အရကျက်၍ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အာရုံ ပြုပါ။

၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗညု ဉာဏ်တော်အစွမ်းတည်း။

၂။ သိသည့် တရား၊ များ အပြား၌၊ ဟောထားစဖွယ်၊ နည်းသွယ် သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော်အစွမ်း တည်း။

www.dhammaransi.com



၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဗုဒ္ဓေစရိုက်၊ သူ့အကြိုက်ကို၊
နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

**အဝေစ္စပသာဒ။** ။သိရိ ဘုန်းတော်ဖြင့် သပ္ပါယ်သော ရုပ်အဆင်း၌ အရဟံဂုဏ်တော်ဖြင့် သန့်ရှင်း စင်ကြယ်သော စိတ်တော်အစဉ်ဝယ် ဤသမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့် သဗ္ဗညုတ ဉာဏ်တော်ကြီးကို မကြာမကြာ ယှဉ်လျက်ဖြစ်ပုံကို အာရုံပြုလိုက်ပါ။ ထိုသို့အာရုံပြု၍ သဒ္ဓါ ပညာ ၂-ပါးဖြင့် ယုံကြည်လာသောအခါ ဗုဒ္ဓမြတ်စွာ၏ သမ္မာ-သမ္ဗုဒ္ဓ ဂုဏ်တော်၌ အဝေစ္စပသာဒ (ဉာဏ်ဖြင့်သက်ဝင်၍ ကြည်ညိုခြင်း) ဖြစ်ပြီဟု မိမိကိုယ်ကို ဆုံးဖြတ်နိုင်ပါသည်။

**ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်။** ။"ဝိဇ္ဇာ ၃-ပါး၊ဝိဇ္ဇာ ၈-ပါး၊စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်...." ဤဂုဏ်တော်၌ပြအပ်သော ဝိဇ္ဇာဟူသည် ဉာဏ်ပညာတည်း။ စရဏဟူသည် အကျင့်တည်း။ ဝိဇ္ဇာသည် သိမြင်တတ်သောကြောင့် မျက်လုံး နှစ်ဖက်နှင့်တူ၏။ စရဏသည် ကောင်းသောနေရာသို့ ရောက်ကြောင်းဖြစ်သောကြောင့် ခြေနှစ်ဖက်နှင့်တူ၏။ ဗုဒ္ဓမြတ်စွာသည် ဝိဇ္ဇာဂုဏ်တည်းဟူသော ဉာဏ်ပညာ မျက်လုံးတော်နှစ်ဖက်၊ စရဏဂုဏ်တည်းဟူသော ခြေတော် ၂-ဖက်နှင့် ပြည့်စုံတော်မူသောကြောင့် ဘုရားဖြစ်တော်မူသည့်တိုင်အောင် လိုရာခရီးသို့ ရောက်တော်မူခဲ့ပါသည်။

**ဝိဇ္ဇာ ၃-ပါး။** ။"ပု-ဒိ-အာ"ဟု ပြောရိုးရှိသည့်အတိုင်း....(ပု)ပုဗ္ဗေ-နိဝါသာနုဿတိဉာဏ်=ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင် သိမြင်နိုင်သောဉာဏ်တော်။ (ဒိ) ဒိဗ္ဗစက္ခုဉာဏ်=နတ်မျက်စိမျှမက အလွန် သေးငယ်သော အဆင်းကိုဇင်း၊ တိုက်နံရံ စသည် ကွယ်နေသော အဆင်းကိုဇင်း၊ အလွန်ဝေးကွာသောအရပ်၌ပင် ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ မြင်နိုင်သော ဉာဏ်တော်။ (အာ) အာသဝက္ခယဉာဏ်တော်= တသံသရာလုံး၌ စွဲကပ်၍ ပါလာသော ကိလေသာ အာသဝေါတို့ကို ကုန်စေနိုင်သော ဉာဏ်တော်။ (အရဟတ္တမဂ်ဉာဏ်ဟုလည်း ခေါ်သည်။) ဤ ၃-ပါးကို ဝိဇ္ဇာ ၃-ပါးဟု ခေါ်ရသည်။

www.dhammaransi.com



**ဝိဇ္ဇာ ၈ ပါး။** ။ဝိပဿနာဉာဏ်၊ စေတောပရိယဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ် ဤ ၅-ပါးကို ထပ်၍ ထည့်လျှင် ဝိဇ္ဇာ ၈ ပါးဖြစ်၏။ ဤ ၅-ပါးအကျယ်ကိုကား အဘိဓမ္မာ လေ့လာပြီးသူ၊ အထက်တန်း ကျမ်းစာများကို လေ့လာပြီးသူ ဖြစ်လျှင် အလွယ်တကူ သိနိုင်ပါသည်။ ဤနေရာ၌ ပြရုံဖြင့်ကား နားလည်မည် မဟုတ်ပါ။

**စရဏတဆယ့်ငါးပါး။** ။သီ-ဣန်-ဘော-ဇာ၊ သဒ္ဓမ္မာခွန်၊ ရူပစျာန်ဟု၊ ၅-တန်စွန်းကယ်၊ ဆယ်စရဏ" ဟူသည်နှင့်အညီ (၁) သီ=သီလ၊ (၂) ဣန်=ဣန္ဒြိယသံဝရ၊ (၃) ဘော=ဘောဇနေ-မတ္တညုတာ၊ (၄) ဇာ=ဇာဂရိယာနုယောဂ၊ (၅-၁၁) သဒ္ဓမ္မာ ခွန်= သူတော်ကောင်းတရားခုနစ်ပါး၊ (၁၂-၁၅)ရူပစျာန် ၄-ပါး၊ ဤတဆယ့် ငါးပါးကို "စရဏ ၁၅-ပါး"ဟု ခေါ်၏။

**သီလ။** ။ဗုဒ္ဓမြတ်စွာသည် ဘုရားမဖြစ်မီ ဒုက္ကရစရိယာ ကျင့်တော်မူစဉ် အခါကပင် လောက၌ သူတော်ကောင်းတို့ စောင့်ထိန်းထိုက်သော သီလအားလုံးကို ဖြူစင်သန့်ရှင်းအောင် စောင့်သုံးတော် မူခဲ့၏။ ဘုရားဖြစ်တော်မူပြီးရာ အခါ၌မူ ထိုသီလအားလုံးသည် ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင်သန့်ရှင်းပါသည်။ ဤနေရာဝယ် ဗုဒ္ဓမြတ်စွာ၏ သီလ တည်းဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံကို လေးလေး မြတ်မြတ် အာရုံပြုလိုက်ပါ။

**ဣန္ဒြိယ သံဝရ။** ။"စက္ခုန္ဒြေ၊ သောတိန္ဒြေ" စသော အားဖြင့် ဣန္ဒြေ ၆-ပါးရှိ၏။ မျက်စိဖြင့် အာရုံ အမျိုးမျိုးကို တွေ့မြင်ရာဝယ် သာယာမှု နှစ်သက်မှု ဟူသော လောဘလည်းမဖြစ် အောင်၊ စိတ်ဆိုးမှု ရွံမုန်းမှု မနှစ်သက်မှုဟူသော ဒေါသဆိုင်ရာလည်း မဖြစ် အောင် ဘုရားအလောင်းတော် ဘဝကပင် အစဉ်သတိထား၍ စက္ခုန္ဒြေ ကို စောင့်စည်းတော် မူသောကြောင့် ဘုရားဖြစ်တော်မူရာ အခါ၌မူ အလွန် သန့်ရှင်းသော စက္ခုန္ဒြိယသံဝရနှင့် ပြည့်စုံတော် မူပါသည်။ ....နားနှင့်ဆိုင်ရာ သောတိန္ဒြေကို စောင့်စည်းတော်မူခြင်း၊ နှာခေါင်းနှင့်

www.dhammaransi.com



ဆိုင်ရာ ဃာနိန္ဒြေကို စောင့်စည်းတော်မူခြင်း၊ လျှာနှင့်ဆိုင်ရာ ဇိဝှိန္ဒြေကို စောင့်စည်းတော်မူခြင်း၊ ခန္ဓာကိုယ်၏ အတွေ့အထိနှင့်ဆိုင်ရာ ကာယိန္ဒြေကို စောင့်စည်းတော်မူခြင်း၊ စိတ်မနောသက်သက်နှင့် ဆိုင်ရာ မနိန္ဒြေကို စောင့်စည်းတော်မူခြင်း တို့၌လည်း ဘုရားအလောင်း ဘဝတုန်းက စ၍ အလွန်သန့်ရှင်းတော်မူခဲ့၏၊ ဘုရားဖြစ်တော်မူရာ အခါ၌မူ အလွန်သန့်ရှင်းစင်ကြယ်သော ဣန္ဒြိယသံဝရနှင့် ပြည့်စုံတော်မူပါသည်။ ဤနေရာဝယ် ဗုဒ္ဓမြတ်စွာ၏ ဣန္ဒြိယသံဝရတည်းဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံကို လေးလေးမြတ်မြတ် အာရုံပြုလိုက်ပါ။

**ဘောဇနေ မတ္တညုတာ။** ။အစား၊ အဝတ်၊ နေရာထိုင်ခင်းတို့၌ အဖိုးတန်၍ အကျိုး မများသော ပစ္စည်း တို့ကို မသုံးစွဲပဲ ကျန်းမာ၍ သတ္တဝါတို့ကို ဟောပြော နိုင်လောက်အောင် ကျေးဇူးပြုသော အစား၊ အဝတ်၊ နေရာထိုင်ခင်း တို့ကိုသာ သုံးစွဲတော်မူခြင်းသည် "ဘောဇနေ မတ္တညုတာ" မည်၏။ [ဘောဇနေ–စား-ဝတ်၊ နေမှု၌+မတ္တ–ကိုယ်နှင့်သင့်တော်ရုံပမာဏကို+ညုတာ–သိခြင်း။] ဗုဒ္ဓမြတ်စွာသည် တရံတခါ လူအများ၏ သဒ္ဓါတရားအလိုက် အဖိုးတန်သော ပစ္စည်းများကို သုံးစွဲတော်မူရသော်လည်း ထိုပစ္စည်းများကို သာယာတော် မမူပါ၊ အမြဲအားဖြင့် ဆွမ်းခံ၍ ဘုဉ်းပေးတော်မူ၏။ သင်္ကန်းကိုလည်း တရံတခါ သုသာန်စသည်၌ ပစ်ထားအပ်သော အဝတ်ကို ယူတော်မူ၍ ပံသုကူသင်္ကန်း ချုပ်တော်မူပါသည်။ ကျောင်းနှင့် စပ်၍ များစွာသော အရပ်တို့၌ သစ်ပင်အောက်ဝယ် သီတင်းသုံးတော်မူ၍ ထိုသစ်ပင်အောက်မှာပင် ပရိသတ်အများကို တရားဟောတော် မူပါသည်။ ဤနေရာဝယ် ဗုဒ္ဓမြတ်စွာ၏ ဘောဇနေ မတ္တညုတာ ဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံကို လေးလေးမြတ်မြတ် အာရုံပြုလိုက်ပါ။

**ဇာဂရိယာနုယောဂ။** ။အအိပ် နည်းပါး၍ နိုးနိုးကြားကြား ရှိအောင် အမြဲအားထုတ်မှုကို "ဇာဂရိယာနုယောဂ" ဟုခေါ်၏။ [ဇာဂရိယ– နိုးနိုးကြားကြားရှိ၍ အအိပ် နည်းပါးအောင်+အနုယောဂ-အားထုတ်ခြင်း။] ဗုဒ္ဓမြတ်စွာသည် သတ္တဝါအများကို ဟော

www.dhammaransi.com



ပြော ဆုံးမရသော အချိန်က လူဝတ်ကြောင်များအတွက်၊ ရဟန်းတော်များ အတွက်၊ နတ်ဗြဟ္မာများ အတွက် အားဖြင့် များလှ သောကြောင့် ကျိန်းစက်တော်မူဘို့ရာ အချိန်သည် လွန်စွာ နည်းပါးလှ၏။ ညဥ့်သန်းခေါင်ကျော် တိုင်အောင် နတ်များကို တရားဟောတော်မူရ၊ မေးလျှောက်သမျှ ပြဿနာများကို ဖြေတော်မူရ၏။

**ဗုဒ္ဓမြတ်စွာ၏ နေ့စဉ်အလုပ်များ** ဗုဒ္ဓမြတ်စွာသည် နံနက်စောစော ထတော်မူ၍ ယနေ့ အဘို့ ကျွတ်တိုက်သူများကို ဉာဏ်တော်ဖြင့် ဖြန့်၍ ကြည့်ရှုတော်မူ၏။ ဉာဏ်တော်အတွင်း၌ ပါဝင် တွေ့မြင်လာလျှင် သင့်တော်သောအချိန်၌ ထိုသူရှိရာသို့ကြွ၍ တရားဟောတော်မူ၏။ နံနက်မိုးသောက် အလင်းရောက်သောအခါ ရောက်လေရာ မြို့ရွာတွင်းသို့ ကိုယ်တော် တပါးတည်း သီးခြားဖြစ်စေ၊ ရဟန်းတော်များနှင့် အတူဖြစ်စေ ဆွမ်းခံဝင်တော်မူ၏။ ဆွမ်းခံတော်မူရင်း မကြာမကြာ တရားဟော၍ အကျွတ်တရား ရစေတော်မူခဲ့၏။ ဆွမ်းခံပြန်၍ ဆွမ်းဘုဉ်းပေးတော် မူပြီးနောက် ရဟန်းတော်အားလုံး ဆွမ်းစား ပြီးသည့်တိုင်အောင် စောင့်ဆိုင်းတော် မူပြီးလျှင် စုံညီသောအခါ "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" အစရှိသော ဩဝါဒကို ပေးတော်မူ၏။

ထိုနေရာ၌ အချို့ရဟန်းတို့အား ကမ္မဋ္ဌာန်း ပေးတော်မူ၏။ ထို့နောက် ဂန္ဓကုဋိသို့ ဝင်တော်မူ၍ တခဏမျှ ကျိန်းစက်လိုလျှင် ကျိန်းစက်တော်မူ၏။ ထို့နောက် ထတော်မူ၍ ချွတ်ထိုက်သူများကို ကြည့်တော်မူပြီးလျှင် နေလွဲအချိန်၌ တရားနာလာကြသော ပရိသတ်တို့အား တရားဟောတော်မူ၏။ ညနေစောင်း၍ ပရိသတ်များ ပြန်သွားသောအခါ ရေသုံးသပ်တော်မူ၏။ ထို့နောက် တခဏမျှ တပါးတည်း ကိန်းအောင်းတော်မူသည်။

နေဝင်၍ မကြာခင် ရဟန်းတော်များ ရောက်လာကြ၏။ အချို့က ပြဿနာ မေးကြ၊ တချို့က ကမ္မဋ္ဌာန်းတောင်းကြ၊ တချို့က တရားဟောတော်မူရန် တောင်းပန်ကြ၏။ ဗုဒ္ဓမြတ်စွာလည်း အားလုံးအလိုကို ဖြည့်တော်မူ၏။ ထိုရဟန်းများ ပြန်သွားကြသောအခါ ညဥ့်ဦးယာမ် ကုန်

www.dhammaransi.com



လွန်၍ ၁၀-နာရီကျော် လူခြေ တိတ်ချိန်လောက် ရောက်နေပြီ၊ ထိုအခါ နတ်ပြဟ္မာ အများပင် ဘုရားဖူး တရားနာ ပြဿနာမေးဘို့ရန် လာကြ၏။ ထို နတ်ပြဟ္မာများလည်း အလိုပြည့်၍ ပြန်ကြသောအခါ သန်းခေါင် ကျော်၍ နာရီပြန် ၂-ချက်လောက် ရှိပေမည်။ ထိုအခါမှစ၍ နောက်ဆုံး မိုးသောက်ယာမ်ကို ၃-ပိုင်း ပိုင်းပြီးလျှင် ပဌမပိုင်း အချိန်ဝယ် တနာရီ ကျော်ကျော် စင်္ကြံလျှောက်တော်မူ၏။ (တနေ့လုံး တညလုံး အထိုင် များသောကြောင့် ဖြေတော်မူခြင်း ဖြစ်ဟန်တူပါသည်။ ) ဒုတိယ ပိုင်း အချိန်၌ ဂန္ဓကုဋိသို့ ဝင်တော်မူ၍ လျောင်းစက်တော်မူ၏။ တတိယ ပိုင်း အချိန်၌ကား အစ၌ ပြခဲ့သည့်အတိုင်း ချွတ်ထိုက်သူများကို ကြည့် ရှုတော်မူကာ ထိုနေ့အတွက် ကိစ္စလုပ်ငန်းများကို စကည်တော်မူပြန်သည်။ ဤသို့ ကျိန်းစက်တော်မူဘို့ရာ အချိန်သည် လွန်စွာ နည်းပါးတော်မူရ ကား “ဇာဂရိယာနုယောဂ” ဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံကို လေးလေးမြတ်မြတ် အာရုံပြုလိုက်ပါ။

သူတော်ကောင်းတရား ၇ ပါး။ ။“သဒ္ဓါ-သတိ၊ဟိရီ-ဩတ္တ၊ဝီရိယနှင့်၊ သုတ-ပညာ၊ ခုနစ်ဖြာ၊သဒ္ဓမ္မာဟုပြ”

ဟူသည်နှင့်အညီ ဗုဒ္ဓမြတ်စွာသည် ပါရမီ ဖြည့်တော်မူစဉ် အခါ၌၎င်း၊ နောက်ဆုံးဘဝဝယ် တောထွက်တော်မူပြီးနောက် ၆-နှစ်ပတ်လုံး ဒုက္ကရ-စရိယာ ကျင့်တော်မူစဉ် အခါ၌၎င်း သဒ္ဓါစသော ဤ သူတော်ကောင်း တရား ခုနစ်ပါးနှင့် ပြည့်စုံတော်မူ၏။ဗုဒ္ဓမြတ်စွာဖြစ်တော်မူရာအခါ၌ကား ထိုသူတော်ကောင်းတရား ခုနစ်ပါးသည် အထွတ်အထိပ်သို့ ရောက်အောင် ကြီးမားတော်မူ၏။ ဤနေရာဝယ် အားလပ်ချိန်မရအောင် အလွန် ကြီး မားသော ဝီရိယဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံကို၎င်း၊ ပညာ တော်တည်းဟူသော စရဏဂုဏ်နှင့် ပြည့်စုံတော်မူပုံကို၎င်း၊ လေးလေး မြတ်မြတ် အာရုံပြုလိုက်ပါ။

ဈာန်လေးပါး။ ။ပဌမဈာန်ကို ရလျှင် ကာမဂုဏ်ကို လိုလားသော ကာမစ္ဆန္ဒ နီဝရဏ၊ ဒေါသ ဖြစ်တတ်သော ဗျာပါဒ နီဝရဏ၊ အအိပ် အငိုက်များ၏ စိတ် စေတသိက် တရားတို့ကို ထိုင်း

www.dhammaransi.com



မှိုင်းစေတတ်သော ထိနမိဒ္ဓနီဝရဏ၊ စိတ်တို့ကို မငြိမ်မသက်အောင် ပူပန်အောင် ပြုတတ်သော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ထိုထိုကိစ္စ၌ ယုံမှားသံသယဖြစ်တတ်သော ဝိစိကိစ္ဆာနီဝရဏတို့ကိုပယ်နိုင်၏။ ဒုတိယစျာန်ကိုရလျှင် တောင်တောင် ဤဤ ကြံစည်တတ်သော ဝိတက် ဝိစာရကို ပယ်နိုင်၏။ တတိယစျာန်ကို ရလျှင် မိမိရအပ်သောစျာန်ကို နှစ်သက်နေသော ပီတိကို ပယ်နိုင်၏။ စတုတ္ထစျာန်ကို ရလျှင် စိတ်ချမ်းသာခံစားမှုကို ပယ်၍ ထိုထိုအာရုံ၌ အသင့်အားဖြင့် ရှုနိုင်၏။ ထို့ကြောင့် ဤ စျာန် ၄-ပါးသည် အလွန်မြင့်မြတ်သော စရဏသရားများ ဖြစ်ကြပါသည်။

**အဝေစ္စပသာဒ။** ။သပ္ပါယ်သော ရုပ်ပုံတော်ဝယ် စင်ကြယ်သော စိတ်တော် အစဉ်၌ သဗ္ဗညုတာ ဉာဏ်တော်ကြီး ယှဉ်လျက် ဖြစ်ရသည်မှာ ဤ ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါး ဟူသော မျက်လုံးတော် ၂-ဖက်ဖြင့် အရာရာကို ကြည့်ရှု၍ရင်း၊ စရဏ ၁၅-ပါး တည်းဟူသော ခြေ ၂-ဖက်ဖြင့် သွက်သွက်လက်လက် ထက်ထက်မြက်မြက် နင်းသကဲ့သို့ ကျင့်တော်မူခြင်းကြောင့်ရင်း ဖြစ်၏။ ဤသို့ဖြစ်ပုံကို အာရုံပြု၍ ဤ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်သည် သဗ္ဗညုတာ ဉာဏ်တော်၏ အခြေခံ ဖြစ်ကြောင်းကို ကောင်းကောင်းကြီး ယုံကြည်သောအခါ ဗုဒ္ဓမြတ်စွာ၏ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်၌ အဝေစ္စပသာဒ ဖြစ်ပြီဟု မိမိကိုယ်ကို ဆုံးဖြတ်နိုင်ပါသည်။

**သုဂတဂုဏ်တော်။** ။"ဒီပင်္ကရာ၊ ယှဉ်ချသနင်း၊ ခြေတော်ရင်းမှ၊ စ၍ဗောဓိ၊ မဏ္ဍိုင်ထိအောင်၊ သတိသမ္ပဇဉ်၊ မပြတ်ယှဉ်လျက်၊ သဗ္ဗဉ်ဉာဏ်တော်၊ ရကြောင်းရော်၍၊ ကြွတော်မူခဲ့သော သုဂတဂုဏ်တော်"....ဗုဒ္ဓမြတ်စွာသည် ဝိဇ္ဇာစရဏဂုဏ်တော်ကြောင့် ဘုရားဖြစ်တော်မူသည့်တိုင်အောင် လိုရာခရီးသို့ ရောက်တော်မူခဲ့ပါသော်လည်း ဤ တဘဝ၌သာ ပြည့်စုံတော်မူသော "ဝိဇ္ဇာစရဏ" ဂုဏ်တော်ကြောင့် မဟုတ်ပါ။ ထို ဝိဇ္ဇာစရဏဂုဏ်တော်၏ အခြေခံဖြစ်သော ပါရမီတော်များ ရှိပါသေးသည်။ ထို ပါရမီတော်များကား—

www.dhammaransi.com



**ဒါနပါရမီ။** ။ဝေဿန္တရာမင်းဘဝ စသည်တုန်းကကဲ့သို့ စွန့်ကြဲပေးကမ်း လှူဒါန်းရာဝယ် လောကီဂုဏ်ကိုလည်း မရည်ရွယ်၊ ဘဝ စည်းစိမ်ကိုလည်း မတောင့်တပဲ၊ သဗ္ဗညုတဉာဏ်တော်ကို ရဘို့ရန်သာ ရည်စူး၍ ဆင်ဖြူတော် သားတော် သမီးတော် များကို စွန့်ကြဲပေးကမ်း လှူဒါန်းခဲ့ပါသည်။ ဤသို့ လောကီဂုဏ်သိန်ရ် ဘဝစည်းစိမ်တို့ကို မတောင့်တ ပဲ လှူဒါန်းခဲ့ရာ ဘဝပေါင်းကား မရေမတွက်နိုင်အောင် များမြောင်ခဲ့ ပါသည်။

**ကြွင်းသော ပါရမီတော်များ။** ။" သီလပါရမီ " စသော ကြွင်းသော ပါရမီတော်များကို ဖြည့်ကျင့်တော် မူခဲ့ရာ၌လည်း သဗ္ဗညုတဉာဏ်တော်ကို ရဘို့ရန်သာ ဖြည့်ကျင့်ခဲ့ပါသည်။ ထို ဖြည့်ကျင့်ပုံကို ရတနာ့ဂုဏ်ရည််၌ အကျဉ်းအားဖြင့် စုံလင်အောင် ပြထားပါသည်။ ဤသို့ ပါရမီဆယ်ပါးကို ၄-အသင်္ချေနှင့် ကမ္ဘာတသိန်း တိုင်အောင် ဖြည့်ကျင့်တော်မူခဲ့ရာ၌ "ဝေဿန္တရာမင်းဘဝရောက်မှ ပါရမီ ဆယ်ပါးလုံး ပြည့်ပြီ"ဟု ဆိုနိုင်ပါသည်။

**အခြေခံ ဂုဏ်တော် ၂-ပါး။** ။ဤသို့ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော် ရင်းမှစ၍ ဝေဿန္တရာမင်းဘဝတိုင်အောင် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပါသော်လည်း နောက်ဆုံးဘဝ၌ ဝိဇ္ဇာစရဏနှင့် မပြည့်စုံသေးလျှင် ဘုရားအဖြစ်သို့ မရောက်နိုင်ပါ။ နောက် ဆုံးဘဝ၌ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နှင့် ပြည့်စုံပါသော်လည်း ၄-အသင်္ချေနှင့် ကမ္ဘာတသိန်း တိုင်အောင် ပါရမီဆယ်ပါးလုံး ဖြည့်လျက် ကြွခဲ့ခြင်း ဟူသော သုဂတဂုဏ်တော်က အခြေခံ မရလျှင်လည်း ဘုရားအဖြစ်သို့ မရောက်နိုင်ပါ။ ထို့ကြောင့် ဤသုဂတ ဂုဏ်တော်နှင့် ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ကို သဗ္ဗညုတဉာဏ်တော်ကိုရဘို့ရန် အခြေခံဂုဏ်တော် ၂-ပါး ဟု မှတ်ပါ။

**အဝေစ္စပသာဒ။** ။သပ္ပါယ်သော ရုပ်ပုံတော်ဝယ် စင်ကြယ်သော စိတ်တော် အစဉ်၌ သဗ္ဗညုတ ဉာဏ်တော်ကြီး ယှဉ်လျက် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ရခြင်းမှာ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

www.dhammaransi.com



အပြင် ၄-အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်တော်မူနိုင်သော သုဂတဂုဏ်တော်ကြောင့်လည်း ဖြစ်ပါသည်။ ဤသုဂတဂုဏ်တော်၏ ဘုရားဖြစ်ဘို့ရန် အရင်းခံဖြစ်ကြောင်းကို ကောင်းကောင်း ယုံကြည်သောအခါ ဗုဒ္ဓမြတ်စွာ၏ သုဂတဂုဏ်တော်၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုပြီဟု မိမိကိုယ်ကို ဆုံးဖြတ်နိုင်ပါသည်။

**လောကဝိဒူ ဂုဏ်တော်။** ။"သတ္တောကာသ၊ သင်္ခါရဟု၊ လောက၃-ဘုံ၊ အလုံးစုံကို၊ အကုန်အစင်၊ သိမြင်တော်မူသော လောကဝိဒူဂုဏ်တော်" .... ဗုဒ္ဓမြတ်စွာ သည် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကြောင့် အလုံးစုံသော တရားတို့ကို သိတော်မူရာ၌ လောက၏ အကြောင်းအရာကိုလည်း ကောင်းစွာ သိတော်မူခြင်းကြောင့် လောကဝိဒူ ဂုဏ်ကိုရတော်မူပါသည်။ သိစရာလောကကား "သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက" တည်း။

**သတ္တလောက။** ။အသက်ရှိသော ရေနေ ကုန်းနေ ကောင်းကင်နေသော သတ္တဝါအပေါင်းကို "သတ္တလောက" ဟု ခေါ်၏။ ထိုသတ္တလောကသည် ငရဲသူ၊ ငရဲသား၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်၊ ဗြဟ္မာ အားဖြင့်အလွန်များ၏။ ထိုသတ္တဝါများကို ရောက်ရာဂတိ(ရောက်ရာဘဝ) အားဖြင့် ပိုင်းခြားသည်ရှိသော် ၅-မျိုးပြား၏။

**ဂတိ ၅-ပါး။** ။သတ္တဝါတို့ သေပြီးနောက် ရောက်အပ်သော ဘဝကို "ဂတိ" ဟု ခေါ်၏။ ထိုဂတိသည် "နိရယဂတိ၊ ပေတ-ဂတိ၊ တိရစ္ဆာနဂတိ၊ မနုဿဂတိ၊ ဒေဝဂတိ" အားဖြင့် ၅-မျိုးပြား၏။

**နိရယဂတိ။** ။လူအများက "ငရဲ"ဟု ခေါ်ဝေါ်အပ်သော ဘဝသည် "နိရယဂတိ" မည်၏။ ဤမြေကြီး၏ အောက်၌ ငရဲကြီး ရှစ်ထပ်ရှိ၏။ ငရဲငယ်တွေကား အလွန်များ၏။ ထို ငရဲကြီး ငရဲငယ်တို့၌ အကုသိုလ်ကံကြောင့် ရောက်နေရသော ငရဲသူ ငရဲသားတို့သည် အလွန်များ၏။ အချိန်ရှိသရွေ့ ဒုက္ခအမျိုးမျိုးကို ခံနေကြရ၏။

www.dhammaransi.com



**ဒု-သ-န-သော။** ။လူ့ဘဝတုန်းက သူတပါးတို့၏ မယားကို ကျူးလွန် ဖောက်ပြားသော သဌေးသား ၄-ယောက် တို့သည် "လောဟကုမ္ဘီ"ဟု ခေါ်အပ်သော သံရည်ပူငရဲ၌ ကျက်နေရသည်မှာ အနှစ် ၆-သောင်းကြာသော်လည်း မလွတ်သေး။ ငရဲ၏အထက်အပြင်သို့ ရောက်လာသောအခါ တယောက်နှင့်တယောက်မြင်ရ၍ မိမိပြောလိုသော စကားကို အပြည့်အစုံ မပြောနိုင်ပဲ "ဒု" "သ" "န" "သော" ဟု တလုံးစီပြောကာ နစ်မြုပ်ကြပြန်သည်။

မိမိယောကျ်ားမှတပါး အခြားယောကျ်ားနှင့် ဖောက်ပြားသောမိန်းမ တယောက်ကား ငရဲ၌ နှစ်ပေါင်းများစွာ ကျက်ပြီးနောက် ဤဘုရား လက်ထက်တော်သို့ ရောက်သောအခါ ဂိဇ္ဈကုဋ်တောင်၌ အရေမရှိ အသားချည်းသာဖြစ်၍ ကောင်းကင်သို့ သွားနေသော ပြိတ္တာမ ဖြစ်ရ၏။ ထိုပြိတ္တာမကို ပြိတ္တာဖြစ်သော ကျီး လင်းတတို့က အစဉ်လိုက်၍ထိုးဆွကြ သောကြောင့် ကယ်ပါ ယူပါ တစာစာနှင့် အော်နေရလေသည်။

**သတ္တလောက ဩကာသလောက။** ။သတ္တဝါတို့၏တည်နေရာလောကကို "ဩကာသလောက" ဟု ခေါ်၏။ ပြအပ်ခဲ့သော ငရဲသူ ငရဲသား သတ္တဝါအများကို "သတ္တလောက" ဟုငင်း၊ ငရဲသူ ငရဲသား၏တို့၏နေရာ ငရဲကြီးရှစ်ထပ်နှင့် ငရဲငယ်များကို "ဩကာသလောက"ဟုငင်း ခေါ်ရသည်။ အချို့သော ငရဲငယ်များသည် လူ့လောကနှင့် အတော်အတန် နီးဟန်တူ၏။ ပြအပ်ခဲ့သော သဌေးသား ၄-ယောက်တို့ လောဟကုမ္ဘီငရဲမှ "ဒု-သ-န-သော"ဟု အော်သံကို အိပ်၍မပျော်ခိုက်ဖြစ်သော ကောသလမင်းကြီးရ၍ အလွန်ကြောက်လန့် သွား၏။ ရာဇဂြိုဟ်ပြည်၏ အနီး၌တည်ရှိသော "တပေါဒါ" မြစ်သည် နဂါးပြည်မှ တက်လာခဲ့ရာ လောဟကုမ္ဘီငရဲ ၂-လုံး၏အကြားဖြင့် စီးလာ ရသောကြောင့် မူလက အလွန်အေးမြသော ရေသည် ရေပူဖြစ်၍ "တပေါဒါမြစ်" ဟု ထင်ရှားလေသည်။ [တပ=ပူသော+ဥဒ=ရေ။]

**ပေတဂတိ။** ။ပြိတ္တာတို့ရောက်အပ်သောဘဝကို "ပေတဂတိ"ဟုခေါ်၏။ ပြိတ္တာတို့သည်အမျိုးအစားအလွန်များ၏။ "တစ္ဆေ၊မှင်စာ၊

www.dhammaransi.com



သရဲ၊ သဘက်”ဟု လူအများ ခေါ်ဝေါ်အပ်သော သတ္တဝါတို့ကို “ပိတ္တာ (ပြိတ္တာ)”ဟု ခေါ်၏။ ထိုပြိတ္တာတို့သည် အမျိုးအစား များသည့်အပြင် တမျိုးတမျိုး၌ အရေအတွက်လည်း အလွန်များ၏။ မန္တလေးမြို့ ဈေးချို အနောက် လူစည်ကားသော လမ်းမှာပင် မိန်းမတယောက် သေပြီး၍ ဆယ်လကျော်ကျော်ကြာမှ မူလအမျိုး၌ လူဝင်စားဖြစ်၏။ အိမ်၌ရှိသော အဝတ်အစားတို့ကို “သူ့အဝတ်”ဟု ပြောဆိုသောအခါ လူဝင်စားမှန်း သိရသောကြောင့် “ညီး....ဒီမှာ မဝင်စားခင်က ဘယ်မှာဖြစ်နေတုန်း”ဟု မေးကြသောအခါ “ဒီလမ်းမှာ ဖြစ်နေသည်”ဟု ပြော၏။ “မပျင်းဘူးလား” ဟု မေးကြသောအခါ “သူ့လို အဖော်တွေ ဒီလမ်းထဲမှာ အများကြီးရှိတယ်၊ မပျင်းဘူး” ဟု ပြောသတဲ့။ “ဘာစားနေသလဲ”ဟု မေးသောအခါ “သွန်ပစ်လိုက်ကြသော ထမင်းလုံး ဟင်းပေါက်တွေကို ကောက်၍စားကြသည်”ဟု ပြောသတဲ့။“ရှေးဘဝ အမေက ဆွမ်းတော်တင်၍ အမျှဝေသောအခါ၌သာဓုမခေါ်ပါ။ စွန့်ပစ်အပ်သော ဆွမ်းတော် တင်ကိုသာ လု၍စားကြသည်”ဟု ပြောပါသတဲ့။

အမြင်ပေါက်သူ၏ အပြော။ ။အမြင်ပေါက်သော ဆရာတယောက်ကမူ “ကျုံးအနီးအပါးနှင့် နာရီစင် အကြား သွားလာ နေကြသော တစ္ဆေ ပြိတ္တာ အများကို မြင်နေရသည်”ဟု ပြောပါသတဲ့။ ထို တစ္ဆေ ပြိတ္တာတို့၌ ရဟန်းဘဝက လာသူများကိုလည်း တွေ့ရပါသည်တဲ့။ ထို တစ္ဆေ ပြိတ္တာတို့ကား အစား အဝတ် အနေ ချို့တဲ့ ရုံမှတပါး အနှိပ်စက် မခံရသောကြောင့် သူတို့ချင်း အိမ်ထောင်ကျကာ သူတို့ဘဝနှင့်သူတို့ ပျော်၍နေကြလေသည်။

သင်းချိုင်း တစ္ဆေများ။ ။ထိုထို မြို့ရွာအနီးဝယ် “သုသာန်သင်းချိုင်း” ဟု သီးခြား ထားအပ်သော အရပ်၌ တစ္ဆေ ဟု ခေါ်အပ်သော ပြိတ္တာတွေ သာ၍များဟန် တူ၏။ ဆရာတော်ကြီး တပါးသည် သင်းချိုင်းသွား၍ ကမ္မဋ္ဌာန်းထိုင်သောအခါ တရားစာ ရွတ်သောအခါတို့၌ တချို့တစ္ဆေများသည် ရိုသေစွာ နာယူကြ၏။ တချို့ကား ရိုသေစွာမနာယူပဲ အနှောင့်အယှက် ပြုကြသေးသတဲ့။ ထိုဆရာ

၁၄၇၃၀·

www.dhammaransi.com



တော်ကြီး၏ရှေ့မှာပင် တွင်းကလေးတခုမှ ပြိတ္တာ ၂-ကောင် ထွက်လာ၍ အစာရှာကြပြီးနောက် ထိုတွင်းငယ်ကလေးသို့ပင် ပြန်၍ ဝင်သွားကြသတဲ့။ သင်္ချိုင်းမှ အချို့ပြိတ္တာတို့သည် လူအများတို့ စားသောက်ပြီး အချိန်ဝယ် ရွာတွင်းသို့လှည့်လည်၍ ထမင်းလုံးဟင်းပေါက် ကောက်စားလေ့ ရှိကြဟန်တူ၏။ ရဟန်းတပါးသည် ထိုအချိန်ဝယ် ရွာတွင်းသို့ ကိစ္စရှိ၍ ဝင်သောအခါ ရွာ့အပြင်ဖက်၌ ယာမစ္ဆကလေးက သူ့အမေကို မြင်နိုင်သော ဆေးမြစ်ကိုပေး၍ "သူ့အမေ မြန်မြန်လာဘို့ ပြောပေးပါ" ဟု မှာလိုက်သတဲ့။ ထိုတစ္ဆေတို့ကို "ယတ္တယောက" ဟု ခေါ်၍ သူတို့နေရာ သင်္ချိုင်းအရပ်ကို "ပေတသြကာသလောက" ဟု ခေါ်သည်။

ရဟန်းတော် တပါး။ ။မော်လမြိုင်မြို့နယ်ဟုဆိုရလောက်သော တနေရာ၌ တံငါအလုပ်ဖြင့် အသက်မွေးသော မိတ်ဆွေ ၃-ယောက်တို့သည်လှေကလေးတစင်းဖြင့် တံငါလုပ်ရင်းမျောသွားလေရာ လူတယောက်သည် ပျက်စီးသောလှေကိုဖက်၍ ကမ်းကက်သို့ ရောက်လာ၏။ ထမင်းဆာလွန်း၍ ထိုလိုကြိုကြို သွားလေရာ မိမိ၏အရပ် သေနှင့်သော ဇနီးမယောင်းနှင့် တွေ့၍ သူခေါ်ရာသို့ လိုက်သွားရလေ၏။ ဇနီးမယောင်းက အစားအသောက်များကိုကျွေး၏။ နေဝင်၍ မှောင်လာသော အခါ "လာကြဟေ့ လာကြဟေ့" ဟုခေါ်၍ တရွာလုံး ထွက်သွားကြ၏။ သူတယောက်ထည်းဖြစ်၍ အလွန်ကြောက်သော်လည်း မသွားဝံ့ပေ။ နံနက်စောစော၌ကား တရွာလုံးလူတွေ ပြန်လာကြ၏။ ထိုယောကျ်ားက ထိုဇနီးမယောင်းကို "မင်းတို့က ဘာတွေတုန်း" ဟု မေးသောအခါ "ကျုပ်တို့က နေ့စံ ညခံရသော ပြိတ္တာများဖြစ်သောကြောင့် ညအခါ၌ အားလုံး တောင်ပေါ်သွား၍ ခွေးစားခံရသည်" ဟု ပြောပါသတဲ့။

ထိုယောကျ်ားသည် မနေဝံ့၍ပြန်တော့မည်ဟု ပြောသောအခါ မိန်းမက လူသွားလမ်းရောက်အောင်လိုက်ပို့၍ "သူ့အတွက် ကုသိုလ်ပြု၍ အမျှဝေပါ" ဟု မှာလိုက်ရှာသတဲ့။ ထိုယောကျ်ားသည် မိမိနေရာသို့ ရောက်သောအခါ ကိုယ်တွေ့မြင်ခဲ့ရသော ပြိတ္တာဒုက္ခကိုကြောက်ရွံ့၍ လူဘောင်

www.dhammaransi.com



၌ မနေဝံ့တော့ပဲ ဘုန်းကြီးလုပ်၍ သစ်သီးသစ်ရွက်ကို စားလျက် အလွန်အကျင့်ကောင်းသော ပုဂ္ဂိုလ်တပါးအဖြစ်ဖြင့် ပျံလွန်တော်မူပါသည်တဲ့။

**ဂိဇ္ဈကုဋ်ပြိတ္တာများ။** ။ဘုရားရှင် လက်ထက်တော်၌ ဂိဇ္ဈကုဋ်တောင်ဝဃ်သီတင်း သုံးတော်မူကြသော အရှင်မောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ နံနက်ဆွမ်းခံဘို့ရန် တောင်ပေါ်မှ ဆင်းလာသောအခါ ကဿပဘုရားရှင်၏ နောက်ပိုင်းသာသနာဝယ် အကျင့်ပျက်ကြသော ရဟန်းသာမဏေ ပြိတ္တာများနှင့် လူဝတ်ကြောင် ယောကျ်ား မိန်းမ ပြိတ္တာအများကို အရှင်မောဂ္ဂလ္လာန် မြင်တော်မူသည်။ ထိုပြိတ္တာတို့ကား လူ့အနီးအပါးက ပြိတ္တာတို့ကဲ့သို့ သက်သက်သာသာ မနေကြရ။ ပြိတ္တာဖြစ်သော ကျီး လင်းတတို့က အမြဲလိုက်၍ ထိုးဆွနေသောကြောင့် ပြိတ္တာဒုက္ခကို အမြဲခံစားကြရသည်။ ထိုပြိတ္တာတို့ကို "သတ္တလောက"ဟု ခေါ်၍၊ ထိုပြိတ္တာတို့၏ နေရာအရပ် ဟူသမျှကို "ပေတ ဩကာသလောက"ဟု ခေါ်ရသည်။

**တိရစ္ဆာနဂတိ။** ။တိရစ္ဆာန်သတ္တဝါတို့၏ ရောက်ရာဘဝကို "တိရစ္ဆာနဂတိ"ဟုခေါ်၏။ တိရစ္ဆာန်တို့သည်လည်း ရေနေကုန်းနေအားဖြင့် အလွန်များကုန်၏၊ရေကန် ချောင်း မြောင်း မြစ်သမုဒ္ဒရာတို့၌ ဖြစ်ကြရသော ငါးလိပ်စသော သတ္တဝါတို့သည် ရေနေ တိရစ္ဆာန်တို့ပင်။ ထို တိရစ္ဆာန်တို့ကို "သတ္တလောက" ဟု ခေါ်၏။ ထို ရေနေတိရစ္ဆာန်တို့လည်း အလွန်များ၏။ ငါးဥ တခု၌ပင် ငါးလောင်းဥကလေးတွေ အလွန်များလေသည်။ ထို တိရစ္ဆာန်တို့၏ နေရာဖြစ်သော ရေကန်ချောင်းမြောင်း မြစ်သမုဒ္ဒရာစသည်ကို "ဩကာသလောက"ဟုခေါ်သည်။

ကုန်းနေ တိရစ္ဆာန်တို့တွင် လူနှင့်ဝေးသော တိရစ္ဆာန်သတ္တဝါတွေ အလွန်များ၏။ ထိုတိရစ္ဆာန်တို့၏နေရာ တော တောင် အရပ်ကို "ဩကာသလောက"ဟု ခေါ်၏၊ လူတို့၏ အနီးအပါး၌နေကြသော ကျွဲ နွား မြင်း ကြက် ငှက် ဝက်များနှင့် ပိုးမွှား တိရစ္ဆာန်တို့သည် တအိမ်တအိမ်၌ အလွန်များရှိတွင်မက၊ ခြတောင်ပို့တခု ပရွက်တွင်းတတွင်း၌ပင် တိရစ္ဆာန်ကလေး

www.dhammaransi.com



တွေ့ အာရုံပေါက် များစွာ ရှိ၏။ လူပုဂ္ဂိုလ်၏ခန္ဓာကိုယ် အတွင်း၌လည်း ပိုး အမျိုး ရှစ်ဆယ်ရှိ၍ တမျိုးတမျိုး၌ အရေပေါက် များစွာရှိလေသည်။ ထိုတိရစ္ဆာန်တို့၏ ဖြစ်ရာ အရပ်ကို "ဩပပါတသမယေက" ဟု ခေါ်ရသည်။

**အပါယ်လေးပါး။** ။ထိုငရဲ တိရစ္ဆာန် ပြိတ္တာ ၃-မျိုးအပြင် အလွန် ကြီးမားသော ပြိတ္တာများကို "အသုရကာယ= (အသူရကာယ်)" ဟုခေါ်သည်။ ပြိတ္တာအကြီးစားပင်ဖြစ်သည်။ အသုရကာယ် ကြီး ဟူသောကား ရေဆာလွန်း၍ ဂင်္ဂါမြစ်၌ ရေသောက်ဆိုမှန် ဆင်းလေသော်၊ သူရောက်သော နေရာတိုင်း၌ ရေတွေခြောက်၍ တပေါက်မျှ မသောက်ရ။ နံနက်စာစော ဆွမ်းခံလာသော ရဟန်းတော် ၃-ကျိပ်တို့ ထိုပြိတ္တာကြီးကိုမြင်၍ ပက်လက်အိပ်စေပြီးလျှင် သပိတ်ဖြင့် ရေခပ်၍ ပါးစပ်ပေါက်သို့ လောင်းထည့်ကြ၏။ အလွန်ကြာသောအခါ "ရေ(ဝ)ပြီလား" ဟု မေးကြလေသည်။ "အရှင်ဘုရားတို့ လောင်းထည့်အပ်သော ရေတွေသည် လည်ချောင်း၏ အတွင်းဘက်သို့ တစက်မျှ မဝင်ပါ" ဟု ပြောရှာသတဲ့။ ဤကဲ့သို့ နှစ်ပေါင်းများစွာ ရေမသောက်ရ အစာမစားရပဲ ဖြစ်နေကြသော ပြိတ္တာ အသုရာတို့သည် လူနှင့် အလွန် ဝေးကွာသော နေရာတို့ဝယ် အများအပြားပင် ရှိကြလေသည်။ ထို အသုရာတို့ကို ပြိတ္တာမှ တမျိုးခွဲ၍ အပါယ် ၄-ပါးဟုလည်း၊ ပြိတ္တာဝင်၌ သွင်း၍ အပါယ် ၃-ပါးဟုလည်း ခေါ်ကြသည်။

**အပါယ်ကျလျှင်။** ။အပါယ်ကျလျှင် လွတ်ခွင့် ရခဲ၏။ အပါယ် ၄-ပါးတွင် ပါဝင်ကြသော တိရစ္ဆာန်တို့သည် နိုင်ရာကို စားကြသော သတ္တဝါများဖြစ်၍ နောက်ထပ် အကုသိုလ်ကံတွေ အလွန်များရကား တကြိမ်တခါ အပါယ် ၄-ပါးသို့ ကျမိလျှင် နောက်ထပ် အကုသိုလ်ကံတွေက ဆက်၍ အကျိုးပေးသောကြောင့် အပါယ် ၄-ပါးမှ လွတ်ဘို့ရန် အလွန် ခဲယဉ်းကြလေသည်။ ဘုရားအလောင်း စသော ပါရမီဖြည့် နေသူတို့ကမူ တိရစ္ဆာန် ဘဝသို့ ရောက်သော်လည်း သူတပါး အကျိုး ဆောင်သော ကောင်းမှုတို့ကြောင့် အပါယ် ၄-ပါးမှ လွတ်မြောက်ဘို့ လွယ်ကူကြပါသည်။

www.dhammaransi.com



**မနုဿဂတိ။** ။လူတို့၏ ရောက်အပ်ရာ (ဖြစ်ကြရာ) ဘဝကို "မနုဿဂတိ" ဟု ခေါ်၏။ လူအများ၏ နေရာ မြို့ရွာတို့ကို "ဩကာသလောက"ဟု ခေါ်သည်။ ထိုမြို့ရွာအများ၏ တည်နေရာဖြစ်၍ စကြဝဠာတောင်ဟု ခေါ်အပ်သော ကျောက်တောင်ကြီးဖြင့် ပိုင်းခြားအပ်သော ဩကာသလောက တခုကို "စကြဝဠာ ကမ္ဘာတခု" ဟု ခေါ်သည်။ ထိုစကြဝဠာကမ္ဘာတခုအတွင်းဝယ် အလယ်ဗဟို၌ မြင်းမိုရ်တောင်ကြီး ရှိသည်ဟု ကျမ်းစာတို့၌ ဆို၏။ နတ်တို့၏ နေရာဖြစ်သော ကြောင့် လူတို့မျက်စိဖြင့် ကြည့်၍ မမြင်နိုင်ဟုလည်း ဆို၏။ ထို မြင်းမိုရ်တောင်၏ ပတ်ဝန်းကျင်၌ ယုဂန္ဓိုရ်တောင်၊ ဣသန္ဓိုရ်တောင် စသော တောင်စဉ် ခုနစ်ထပ်သည် တဆင့်တဆင့်လျှင် တဝက်စီနိမ့်လျက် တည်ရှိကြ၏။ တောင် ၂-လုံး ၂-လုံးတို့၏ အကြား၌ "သီဒါ"ဟု ခေါ်အပ်သော မြစ် ခုနစ်စင်းတို့ တည်ရှိကြ၏။

ထို ယုဂန္ဓိုရ်တောင်၏ အဆက်ဆုံးမှ စ၍ အောက်တလျှောက်ဝယ် နေ လ နက္ခတ် တာရာ ဂြိုဟ်တို့နှင့်တကွ မြစ် သမုဒ္ဒရာ တောတောင်တို့သည် ၎င်း၊ မြို့ကြီး မြို့ငယ် ရွာကြီး ရွာငယ် အသွယ်သွယ်တို့သည်၎င်း ပါဝင်၏။ ထို အားလုံးကို "မနုဿ ဩကာသလောက (လူ့ဘုံ)"ဟု ခေါ်ကြသည်။ ဤလူ့ဘုံဝယ် မြင်းမိုရ်တောင်၏ အရှေ့ အနောက် တောင် မြောက်ဘက် တို့ကို "အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်း" ဟု ခေါ်၍ တကျွန်း တကျွန်းလျှင် ကျွန်းငယ် ၅-ရာရှိသည်ဟု ကျမ်းစာတို့၌ ဆိုသည်။

**စကြဝဠာအနန္တ။** ။စကြဝဠာ တံတိုင်းကြီးဖြင့် ပတ်ဝန်းကျင် ပိုင်းခြားအပ်သော ထို စကြဝဠာ အမျိုး အစားသည် မရေ မတွက်နိုင်အောင် များပြား၏။ (မြားပစ်သောအခါ ထန်းပင်ရိပ် တန်းမျှကို မြားလွန်၍ သွားသကဲ့သို့) အလွန်မြန်သော ခြေလှမ်းဖြင့် စကြဝဠာ ကမ္ဘာတခုကို လွန်နိုင်လောက်အောင် မြန်သော တန်ခိုးရှင် ဖြစ်သော "ရောဟိတဿ"မည်သော ရသေ့တယောက်သည် စကြဝဠာ ကမ္ဘာတို့၏ အဆုံးကို ကြည့်လိုသော ဆန္ဒဖြင့် အမြန်ဆုံး သွားနေ၏။

www.dhammaransi.com



စားရုံ သောက်ရုံ အပေါ် အလေး စွန့်ရုံလောက်သာ နား၍ အခြား အချိန်၌ မရပ်မနားပဲ တသွားတည်း သွားနေ၏။ ထိုရသေ့သည် အနှစ် တရာ အသက်ရှည်သောကြောင့် အသက်တရာ ပြည့်သော် သေဆုံး၏။ ကမ္ဘာကား မဆုံးသေး။

သေသောအခါ ဤကမ္ဘာ၌ တွယ်တာမှုကြောင့် ဤကမ္ဘာ၌ ဖြစ်၏။ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသောအခါ "ရောဟိတဿ" မည်သော နတ်သား အဖြစ်ဖြင့် သူ့အကြောင်းကို လာ၍ လျှောက်လေသည်။ ဗုဒ္ဓမြတ်စွာသည် "ကမ္ဘာလောက၏ အဆုံးကို ဤနည်းဖြင့် သွား၍ မရောက်နိုင်" ဟု မိန့် တော်မူပြီးလျှင် "လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို သစ္စာ ၄-ပါး သိသောဉာဏ်ဖြင့် ရောက်အောင် သွားနိုင်၏။ လောက အဆုံးဖြစ်သော နိဗ္ဗာန်သို့ မရောက်သေးသမျှ ဒုက္ခမှ မလွတ်နိုင်" ဟု မိန့်တော်မူသည်။ ထို့ကြောင့် "စကြဝဠာ အနန္တ၊ ကမ္ဘာအဆုံး မရှိ" ဟု ပြောစမှတ် ပြုကြသည်။ ဤကား "မနုဿဂတိ၊ မနုဿသတ္တလောက၊ မနုဿဩကာသ လောက" ဆိုင်ရာတည်း။

**ဒေဝဂတိ။** ။နတ်နှင့် တကွ ပြဟ္မာတို့ ရောက်အပ်သော ဘုံဘဝကို "ဒေဝဂတိ" ဟု ခေါ်၏။ ထိုဒေဝဂတိကို ရှေးဦးစွာ နတ်ဘုံ ပြဟ္မာဘုံအားဖြင့် ခွဲခြား၍ နတ်ဘုံသည် စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီအားဖြင့် ၆-ထပ် ရှိ၏။

**စတုမဟာရာဇ်ဘုံ။** ။ယုဂန္ဓိုရ်တောင်၏ အထက်အရပ်နှင့် ညီမျှသော မြင်းမိုရ်တောင်အပြင် ပတ်ဝန်းကျင်အရပ်သည်၎င်း၊ နေ လ နက္ခတ်တို့၏ တည်နေရာ လှည့်ပတ်သွားလာရာ တောင်းကင်အရပ် သည်၎င်း၊ "စတုမဟာရာဇ် ဘုံဌာန" မည်၏။ ထိုအရပ်မှ အောက် တလျှောက်ဝယ် လူ့ဘုံနေရာ မြေအပြင် တိုင်အောင် သစ်ပင် တော တောင် တို့၌ နေကြသော ဘုမ္မဇိုဝ်း၊ ရုက္ခဇိုဝ်း၊ အာကာသဇိုဝ်းဟု ခေါ် ဝေါ်အပ်သော နတ်အများသည် စတုမဟာရာဇ်ဘုံတွင် ပါဝင်ကြသော နတ်များတည်း။ ဤအောက်ပိုင်း၌ တချို့နတ်များသည် ရုက္ခဇိုဝ်းနတ်ဟု

www.dhammaransi.com



ခေါ်ရသော်လည်း နတ်ကြီးများသာ နေရာဘုံဌာန ရှိကြ၏။ ထိုနတ်ကြီးများကို မှီခို၍ နေကြရသော နတ်တို့တား ဘုံဌာန သီးခြားမရှိရုံသာမက အစားအသောက်လည်း ပြည့်စုံလှသည် မဟုတ်။ ပြိတ္တာများကဲ့သို့ပင် ဆင်းရဲကြရှာ လေသည်။ အချို့နတ်များသည် လူတို့ကဲ့သို့ ကိုယ်ဝန်ဆောင်၍ မွေးဖွားရ၏။ အထက်နတ်များ၏ အမိန့်ဩဇာကိုလည်း နာခံရ၏။

**ရုက္ခဇိုဝ်း နတ်မတယောက်။** ။ဗုဒ္ဓမြတ်စွာ လက်ထက်တော်၌ ရဟန်းတပါးသည် ကျောင်းဆောက်လို၍ အနီးအပါးရှိ သစ်ပင်ကိုင်းကို ခုတ်ဖို့ရန် သစ်ပင်အနီးသို့ သွား၏။ ရုက္ခဇိုဝ်းနတ်မ က "ကိုယ့်ဘုံဗိမာန်အတွက် သူများ၏ ဘုံဗိမာန်ကို မဖျက်သင့်ပါကြောင်း တောင်းပန်၏။ ထိုစကားကို နားမထောင်ပဲ ရဟန်းက သစ်ပင်ခုတ်ဖို့ ဓားကိုရွယ်လိုက်ရာ နတ်မ သည် သူ၏ကလေးကိုပြ၍ တောင်းပန်မည်ဟု လုပ်တုန်း ဓားက လွန်သွားသဖြင့် ကလေးကို ခုတ်မိလေသည်။ ရုက္ခဇိုဝ်း နတ်မ သည် ထိုရဟန်းကို ပြန်၍ နှိပ်စက်မည်ဟု ကြံသော်လည်း ဖထက်နတ်ကြီးများကို ကြောက်ရသောကြောင့် မနှိပ်စက်ပဲ မြတ်စွာဘုရားကို လာ၍ လျှောက်လေသည်။

ထိုအခါ မြတ်စွာဘုရားက တရားဟော၍သောတာပန်တည်ပြီးနောက် ဇေတဝန်ကျောင်းတိုက် အတွင်းဝယ် မကြာမီက စုတေသွားသော နတ်သား၏နေရာ သစ်ပင်တပင်၌ နေဖို့ရန် မြတ်စွာဘုရားက မိန့်တော်မူသောကြောင့် နေဖို့ရန် နေရာကိုလည်း ကောင်းစွာ ရလေသည်။ [ပါစိတ်ပါဠိတော်၊ ဘူတဂါမဝဂ်၊ ဘူတဂါမ သိက္ခာပုဒ်]။

**ပုနဗ္ဗသု၏အမိ။** ။ဤသူမလည်း နတ်ပင်ဖြစ်စေကာမူ ပြိတ္တာတို့ကဲ့သို့ အစားဆင်းရဲလှ၏။ အခါတပါး၌ ဇေတဝန်ကျောင်းဝယ် လူအများကိုမြင်၍ စားဘွယ်တစုံတရာကို ဝေငှနေသည်ဟု ထင်သောကြောင့် ကျသောအစာကလေးများကို ကောက်စားဖို့ရာ သမီးငယ်သားငယ်များကို လက်ဆွဲ၍ ဝင်သွားလေသည်။ အနားသို့ရောက်မှ ဗုဒ္ဓ

မြတ်စွာ၏ တရားသံကို ကြားရ၍ အလွန်စိတ်စိုက်လျက် နာယူနေ၏။ သားနှင့် သမီးကလေးတို့ကား အလွန်ဆာလှသဖြင့် "သွားကြစို့" ဟု ခေါ်၏။ "တိတ်တိတ်နေကြ" ဟု တားမြစ်၍ တရားကိုသာ စူးစိုက်စွာ နာယူလေသည်။ သမီးနှင့် သားကလေးတို့က "သွားကြစို့....သွားကြစို့" ဟု မကြာ မကြာ ပူဆာသောအခါ "အမေက ကိုယ့်သား ကိုယ့်သမီးကို ချစ်တယ်။ သင်တို့ရဲ့ အဖေကိုလဲချစ်တယ်။ သင်တို့ထက်ပိုပြီးတော့ ဟောဒီ တရားတော်ကို ချစ်တယ်" ဟု ငေါက်၍ပြောလိုက်ရာ ကလေးတွေငြိမ်သွား သဖြင့် တရားတော်ကို စူးစူးစိုက်စိုက် နာလိုက်ရာ တရားတော်အဆုံးတွင် သောတာပန် ဖြစ်လေသည်။ သောတာပန်ဖြစ်သော အခါ၌ကား အစား အဝတ် နေရာအပြည့်အစုံ ဖြစ်လာလေသည်။ [သဂါထာဝဂ္ဂ-ယက္ခသံယုတ် ပုနဗ္ဗသုသုတ်]။

လူမိုက်မနှင့် ရုက္ခစိုးနတ်။ ။ဘုရားလက်ထက်တော်၌ ကုဋေများစွာ ကြွယ်ဝသော သဌေး သို့ခင်ပွန်းရှိ၏။ ၂-ယောက်လုံးပင် သဌေးသား သဌေးသမီးများ ဖြစ်၍ ဘာအလုပ်မျှ မလုပ်တတ်ကြ။ မြှောက်ပင့် ကပ်ရပ်၍ စားကြသော လူဆိုးများနှင့် ပျော်ပျော်ပါးပါး စားသောက်လျက်နေရာ သဌေးသားဘက်ကပါသော စည်းစိမ်အားလုံး ကုန်သွား၏။ ဤနည်းအားဖြင့် ဆက်၍ ပျော်ပျော် ပါးပါး စားသောက်၍နေရာ သဌေးသမီးဘက်ကပါသော စည်းစိမ်များ လည်း ကုန်သွားပြန်၏။ မိမိအိမ်ကိုမျှ မပိုင်တော့သဖြင့် အစွန်ကျသော ဇရပ်တခုသို့ သွား၍နေကြ၏။

တခုသော ညဉ့်ကား ဒမြတွေရောက်လာရာ တောင့်တောင့် တင်းတင်း အရွယ်ကောင်းကောင်းဖြစ်သော ထိုသူ့ကိုမြင်၍ မိမိတို့နှင့်အတူ ဒမြတိုက်ရာသို့ လိုက်ဘို့ ခေါ်လေသည်။ ထိုသူလည်း ဆင်းရဲလှသော ကြောင့် ဒမြတို့နှင့်အတူ လိုက်သွားလေရာ အိမ်တအိမ်သို့ ဝင်ခါနီးဝယ် "အသင်က အိမ်အောက် လှေကားအနားကစောင့်နေ။ ဘယ်သူလာလာ အသေရိုက်" ဟု နည်းပေး၍ ဒုတ်ကောင်းကောင်းတချောင်းကို သူ၏ လက်၌ ပေးထားလေသည်။

www.dhammaransi.com



ဒမြွတွေ အိမ်ပေါ် တက်သောအခါ တံခါးမဖွင့်မီ အိမ်ကလူတွေ နိုးသောကြောင့် ဒမြွတွေ ဆင်းပြေးရာဝယ် သူမပါပဲ ကျန်နေခဲ့၏။ အရပ်က ဝိုင်းဖမ်းသောအခါ သူ့ကို မိလေသည်။ ဆိုင်ရာသို့ပို့၍ သတ်မိန့်ချလေရာ ဒမြွဖြစ်ကြောင်း မောင်းခတ်၍ သုသာန်သို့ ပို့လေသော် သခွေးဘဝတုန်းက သူနှင့် ပျော်ပါးနေကျ အထက်တန်း ပြည့်တန်ဆာမက အိမ်ပေါ်မှမြင်ရ၍ အာဏာသားတို့ကိုတောင်းပန်ပြီးလျှင် "ဒီမုန့်ဒီရေကို ပေးပါ"ဟု မှာလိုက်လေသည်။ နံနက်ပိုင်း သတ်ခါနီးဝယ် မုန့်နှင့်ရေကို ပေးသောအခါ "ဘယ်သူကပေးတာတုန်း"ဟု မေးလေသော် မည်သည့် ပြည့်တန်ဆာမက ပေးကြောင်းကို ပြောပြခိုက်ဝယ် အလွန် ကျေးဇူးတင်နေတုန်းမှာ အရှင်မောဂ္ဂလ္လာန် ဆွမ်းခံ ကြွလာလေသည်။

ထိုအခါ ထိုမုန့်နှင့် ရေကိုမစားသောက်တော့ပဲ အရှင်မောဂ္ဂလ္လာန်ကို အားလုံးလှူလိုက်၏။ အချိန်ကျ၍ သေသောအခါ ရုက္ခစိုးနတ် ဖြစ်၏။ ထိုအခါ ပြည့်တန်ဆာမကို သာ၍စွဲလမ်းနေသောကြောင့်ဥယျာဉ်တခုသို့ သူ့မိခင်နှင့်အတူ ထွက်လာသော ပြည့်တန်ဆာမကို သူ့တန်ခိုးဖြင့် မှောင်ကြီးကျစေ၍ပွေ့ယူလာကာ သူ့ဗိမာန် အတွင်း၌ အတူပေါင်းသင်း၍ နေလေသည်။ ၇-ရက်ကြာမှ "ကိုဒေဝရယ် အမေမျှော်ရော့မယ်"ဟု တောင်းပန်သောကြောင့် ဇေတဝန် ကျောင်းတော်ဝယ် ဗုဒ္ဓမြတ်စွာ တရားဟောချိန်၌ ပို့ရင်း တရားနာ၍ ၂-ယောက်လုံးပင် သောတာပန် တည်ကြလေသည်။ လူမိန်းမလည်း သူ့အမေထံ ပြန်ရောက်လေသည်။ [ပေတဝတ္ထု အဋ္ဌကထာ၊ ဥဋ္ဌာရဝဂ်၊ ခေတ္တူပမပေတဝတ္ထု။]

အသုရာ၊နဂါး၊ဂဠုန်၊ကုမ္ဘဏ်၊ မြင်းမိုရ်တောင်၏အောက်ဝယ်"အသုရာ"
ရက္ခိုုသ်၊ စတုမဟာရာဇ် ဟု ခေါ်ဝေါ်အပ်သော နတ်တမျိုးလည်း
ရှိသေး၏။ ထိုအသုရာတို့မှ အထက်ဝယ်
ရေအတွင်း၌ ဝင်နေသော မြင်းမိုရ်တောင်၌ နေကြသော နတ်နဂါးတို့သည်ရင်း၊ ထိုမှအထက် မြင်းမိုရ်တောင်ဝယ် နတ်ဂဠုန်တို့သည်ရင်း၊ ထိုမှ အထက် မြင်းမိုရ်တောင်ဝယ် နတ်ကုမ္ဘဏ်တို့သည်ရင်း၊ ထိုမှ အထက်

www.dhammaransi.com



မြင်းမိုရ်တောင်ဝယ် နတ်ရက္ခသ (ရက္ခိုသ်) တို့သည်ရင်း အဆင့်ဆင့် နေကြ၏။ ထိုမှ အထက်၌ကား စတုမဟာရာဇ် နတ်မင်းကြီးတို့၏ နေရာ နတ်မြို့များ တည်ရှိကြပေသည်။ ထို စတုမဟာရာဇ် နတ်မြို့၌ နေကြသော နတ်တို့သည် သူတို့၏ အခေါ်အတွက်အားဖြင့် အနှစ် (၅၀၀) ငါးရာ အသက်ရှည်သည်။

တာဝတိံသာ။ ။မြင်းမိုရ်တောင်၏ ထိပ်တည့်တည့် အရပ်ဝယ် တာဝတိံသာ နတ်မြို့ရှိ၏။ သိကြားမင်း အုပ်ချုပ်၏။ ထို တာဝတိံသာနတ်မြို့၌ စူဠာမဏိ စေတီတော်လည်း ရှိ၏။ ထိုနတ်တို့၏ စည်းစိမ်သည် စတုမဟာရာဇ် နတ်တို့၏ စည်းစိမ်ထက် သာလွန်၏။ နတ်သမီးတို့သည် ၁၆-နှစ် အရွယ်၌ပင် တသက်လုံး တည်နေကြ၏။ အထင်အရှား အိုခြင်းမရှိ။ နတ်သားတို့လည်း ၁၆-နှစ်၊ သို့မဟုတ် အသက် ၂၀-အရွယ်၌ တသက်လုံး တည်နိုင်ကြ၏။ ထိုနတ်တို့၏ စည်းစိမ်သည် မြက်ပေါက နှင်းပေါက်နှင့် သမုဒ္ဒရာရေ ကွာခြားသလို လူစည်းစိမ်နှင့် ကွာခြား၏။ "ထိုနတ်စည်းစိမ်ကို ထောက်လျှင် လူ့စည်းစိမ်မှာ မြက် ပေါက နှင်းပေါက်လောက်သာ ရှိသည်''ဟု ဆိုလိုသည်။

ထိုကဲ့သို့ဆိုဘင့်၏။ ဘာ့ကြောင့်နည်း—နတ်သမီး နတ်သားတို့သည် ထင်ရှားသော အိုခြင်း မရှိရုံသာ မက၊ ကိုယ်၏အဟွင်း၌ ကျင်ကြီး ကျင်ငယ်နှင့် တကွ သလိပ် သည်းခြေ သွေးလေ ဟူသမျှ အားလုံး ကင်း၍ သန့်ရှင်းပေသည်။ နတ်သုဓာကိုသာ စားနေကြသည့် အတွက် အစာကြောင့် အညစ်အကြေး လုံးဝ မဖြစ်တော့။ ပင်ကိုယ် ဘုံဗိမာန် ဟို့က ပျော်စရာကောင်းသည့်အပြင် နန္ဒနဥယျာဉ် စသော ဥယျာဉ် အများလည်း ရှိသေး၏။ အသက်တမ်းမှာမူ သူတို့၏ အရေအတွက် အားဖြင့် အနှစ်တထောင် အသက်ရှည်၏။ အောက်ပါ လင်္ကာသည် နတ်ပြည်ကို ဖွဲ့စီထားသော မန်လည် ဆရာတော်ဘုရား၏ လင်္ကာ ဖြစ်သည်။

[ဆောင်] အပေါင်းရွှေညီ၊ ဘုံကိုယ်စီဝယ်၊ ကျူးသိမပြီး၊ ပျော် မငြီးဘို့၊ နတ်တီး နတ်ငြိမ့်၊ တခြိမ့်ခြိမ့်နှင့်၊ သိမ့်သိမ့်သဲသဲ၊ ရှုမရဲ

www.dhammaransi.com



အောင်၊ နတ်ပွဲသဘင်၊ အမြဲရှင်၏။ မပင် မပူ၊ နတ်နန်းသူတို့၊ ပျူပျူငှါငှါ၊ ရွှေမျက်နှာဖြင့်၊ ကြည်သာ စိမ်းစိမ်း၊ မြမြရှိန်းတည်း။ ငြိမ်းငြိမ်းအေးလျက်၊ ကုသိုလ်စက်ကြောင့်၊ မပျက် တရံ၊ စည်းစိမ်ခံ၍၊ မောင်နှံ ချစ်ပုံ၊ အသင်္ကြံသို့၊ ဖော်စုံရှင်မြူး၊ ချစ်ကြည်နူးလျက်၊ အထူးမေတ္တာ၊ သက်ပမာဖြင့်၊ ချမ်းသာ မကင်း၊ ချစ်ငွေ့ သွင်းသည်....ချစ်ခြင်း အတုံ့ အလှယ်တည်း။

**ယာမာနတ်ပြည်။** ။တာဝတိံသာ၏ အထက်၌ စတုမဟာရာဇ်နှင့် တာဝတိံသာ ဝေးကွာသလောက်ပင် ဝေးကွာသော အရပ်ဝယ် ယာမာနတ်ပြည် တည်ရှိ၏။ ရုပ် အဆင်းမှ စ၍ စည်းစိမ်ချမ်းသာ အရာရာဝယ် တာဝတိံသာ နတ်တို့ထက် သာလွန်၏။ အသက်တမ်းမှာ သူတို့အရေအတွက်အားဖြင့် အနှစ် (၂၀၀၀) နှစ်ထောင်ရှည်သည်။

**တုသိတာနတ်ပြည်။** ။ယာမာနတ်ပြည်၏ အထက်၌ တာဝတိံသာနှင့် ယာမာ ဝေးကွာသလောက်ပင် ဝေးကွာသော ကောင်းကင်အရပ်ဝယ် တုသိတာနတ်ပြည် တည်ရှိသည်။ ရုပ်အဆင်းမှစ၍ စည်းစိမ်ချမ်းသာ အရာရာဝယ် ယာမာနတ်တို့ထက် သာလွန်၏။ အသက်တမ်းမှာမူ သူတို့အရေအတွက်အားဖြင့် အနှစ် (၄၀၀၀) လေးထောင် ရှည်သည်။

**မှတ်ချက်။** ။ငါတို့ဘုရားရှင်သည် သိဒ္ဓတ်မင်းသားဘဝသို့ မရောက်မီက ပါရမီအားလုံး ပြည့်နေပြီ ဖြစ်သောကြောင့် ထို တုသိတာနတ်ပြည်၌ အသက်တမ်းစေ့အောင် နေတော်မူခဲ့သည်။ ပါရမီ မပြည့်သေးရာ အခြားအခါ၌ကား ပါရမီဖြည့်ခွင့် မရသောကြောင့် ထိုထို နတ်ပြည်၌ အသက်တမ်းစေ့အောင် နေလေ့မရှိ။ ရောက်ရာ နတ်ပြည်၏ အသက်တမ်းမပြည့်မီပင် စုတေဘို့ရန် ပြင်းထန်သော စိတ်ဖြင့် အဓိဋ္ဌာန်၍ စုတေပြီးနောက် လူ့ပြည်သို့ရောက်မှ ရသင့်ရာ ပါရမီများကို ဖြည့်ကျင့်တော်မူလေ့ရှိသည်။ ဤအချက်ကို ထောက်လျှင် နတ်ပြည်သည် စည်းစိမ်ခံစားဘို့ နေရာသာ ဖြစ်၏။ ပါရမီဖြည့်ဘို့ နေရာမဟုတ်။ ချမ်းသာ

www.dhammaransi.com



ဆင်းရဲ ၂-မျိုးစုံတွဲနေသော ဤလူ့ပြည်သာလျှင် ပါရမီဖြည့်ဘို့ နေရာကောင်း ဖြစ်ကြောင်းကို မှတ်ပါ။

တိုက်တွန်းချက်။ ။လူ့ဘဝကို ရနေသူတို့သည် မိမိဘဝ၏ နတ်ပြည်ထက်ပင် အဖိုးတန်ပုံကို သတိပြု၍ ကုသိုလ်တိုးပွါးအောင် ကြိုးစားကြပါ။ ဤလူ့ဘဝ၌ သူတော်ကောင်းတို့အတွက် ဘုရားဆုလည်း ပန်နိုင်၊ အဂ္ဂသာဝက မဟာသာဝကဆုလည်း ပန်နိုင်၊ အထက်တန်းဘိက္ခုနီဆုလည်း ပန်နိုင်၏။ ကုသိုလ်အမျိုးမျိုးကို ပြု၍ လူ့ချမ်းသာ နတ်ချမ်းသာကိုလည်း ရနိုင်၏။ ထို့ကြောင့် လူ့ဘဝကို "ဘဝပဒေသာပင်ကြီး"ဟု ပဒေသာပင်ကြီးနှင့် ဥပမာပြု၍ ပြောဟောကြပါသည်။ မသူတော်တို့အတွက်ကား ဤလူ့ဘဝသည်ပင် မတရားမှု အမျိုးမျိုးတို့ကို ပြုနိုင်ရာ ဘဝဖြစ်သောကြောင့် မတရားမှု အမျိုးမျိုးကို ပြုကြ၍ လူနုံလူမဲ့ လူဆင်းရဲ ဘဝနှင့် ငရဲတိရစ္ဆာန် ပြိတ္တာဘဝသို့ ရောက်ကြရလေသည်။ ဤသို့ အထက်လမ်း အောက်လမ်း ၂-လမ်းသွားနိုင်အောင် အခွင့်ပေးနေသော ဤလူ့ဘဝဝယ် အောက်လမ်းသွား မဖြစ်စေပဲ အထက်လမ်းသွားဖြစ်အောင် သတိထား၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ကြိုးစားသင့်ပါသည်။

နိမ္မာနရတိ။ ။တုသိတာနတ်ပြည်၏ အထက် ယာမာနှင့် တုသိတာ ဝေးကွာသလောက် ဝေးကွာသောအရပ်ဝယ် နိမ္မာနရတိ နတ်ပြည် တည်ရှိ၏။ ရုပ်အဆင်းမှစ၍ စည်းစိမ်ချမ်းသာ အရာရာဝယ် တုသိတာနတ်တို့ထက် သာလွန်၏။ အသက်တမ်းမှာမူ သူတို့၏အရေအတွက်အားဖြင့် အနှစ် (၈၀၀၀) ရှစ်ထောင် ရှည်သည်။

ပရနိမ္မိတဝသဝတ္တီ။ ။နိမ္မာနရတိနတ်ပြည်၏ အထက်၌ တုသိတာနှင့် နိမ္မာနရတိ ဝေးကွာသလောက်ပင် ဝေးကွာသော အရပ်ဝယ် ပရနိမ္မိတဝသဝတ္တီနတ်ပြည် တည်ရှိ၏။ ရုပ်အဆင်းမှစ၍ စည်းစိမ်ချမ်းသာ အရာရာဝယ် နိမ္မာနရတိနတ်တို့ထက် သာလွန်၏။ အသက်တမ်းမှာမူ သူတို့၏ အရေအတွက်အားဖြင့် အနှစ် (၁၆၀၀၀) တစ်သောင်းခြောက်ထောင် ရှည်သည်။

**နတ်မင်းများ။** ။စတုမဟာရာဇ် တာဝတိံသာ ၂-ဌာနၗ် သိကြားမင်း တယောက်တည်းသာ အုပ်စိုး၏။ စတုမဟာရာဇ် နတ်မင်းကြီး ၄-ယောက်ကား စတုမဟာရာဇ်ဘုံ အကုက် သိကြားမင်း၏ လက်အောက်က အုပ်ချုပ်ကြရသော နတ်မင်းများ ဖြစ်ကြသည်။ ယာမာစသော အထက်နတ်ပြည် ၄-ထပ်တို့၌လည်း "သုယာမနတ်မင်း၊ သန္တုသိတနတ်မင်း" စသော ဆိုင်ရာဘုံ၏ အကြီး အကဲ နတ်မင်းများ ရှိကြသည်။ မာရ်နတ်ကား ပရနိမ္မိတဝသဝတ္တိနတ်ဘုံ၏ တနေရာ၌ သူ့လက်အောက်ခံနတ်များနှင့်အတူ တည်ရှိ၏။ တိုင်းပြည်ဂယ် သူပုန်ထသောအခါ ထိုသူပုန်ခေါင်းဆောင်များ တန်ခိုးကြီးသကဲ့သို့ သူတို့ဆိုင်ရာ၌သာ တန်းခိုးကြီး၏။ ပရနိမ္မိတဝသဝတ္တိနတ်ပြည်ကို ပိုင်သူမှာ မာရ်နတ်မဟုတ်။ အခြားနတ်မင်းတယောက်သာ ဖြစ်သည်။

**ဗြဟ္မာ့ပြည်။** ။နတ်ပြည် ၆-ထပ်၏ အထက်၌ ဗြဟ္မာ့ပြည်ရှိ၏။ လူ့ပြည်တုန်းက လောကီအာရုံ ကာမဂုဏ်ကို စက်ဆုပ်၍ အားထုတ်အပ်သော ဈာန်ကုသိုလ်ကြောင့် လူ့ဘဝမှ စုတေသောအခါ ဗြဟ္မာဖြစ်ကြရသည်။ ထိုကြောင့် ဗြဟ္မာတို့သည် ကာမဘုံသားတို့ကဲ့သို့ အာရုံ ၅-ပါးကို ခံစားခြင်းမရှိကြ။ ယောကျ်ား မိန်းမဟု ကွဲပြားမှုလည်း မရှိကြ။ အားလုံးသော ဗြဟ္မာတို့သည် ယောကျ်ားပုံသဏ္ဌာန်ဖြင့် တသက်လုံး တည်နေကြ၏။ ကာမဂုဏ် မခံစားသောကြောင့် ယောဂီ သူတော်စင်များကဲ့သို့ အလွန်ငြိမ်သက်ကြပေသည်။

**ဗြဟ္မာ ၃-မျိုး။** ။ဆိုင်ရာဗြဟ္မာ အစုအဝေး၌ ဗြဟ္မာမင်းတယောက်စီ ရှိ၏။ "ဗြဟ္မပုရောဟိတ်"ဟု ခေါ်အပ်သော လက်အောက် ဗြဟ္မာများလည်း ရှိ၏။ "ဗြဟ္မပါရိသဇ္ဇာ" ဟု ခေါ်အပ်သော အခြွေအရံ ပရိသတ် ဗြဟ္မာများလည်း ရှိ၏။ လူ့ဘုံဝယ် ဈာန်ရစဉ်က ထိုဈာန်ကို အထပ်ထပ် လေ့လာသောကြောင့် ပဌမတန်းအဆင့်သို့ ရောက်သူသည် ဗြဟ္မာမင်း ဖြစ်၏။ အလယ်အလတ်တန်း အဆင့်သို့ ရောက်သူများသည် ဗြဟ္မပုရောဟိတ်များ ဖြစ်ကြ၏။ ရိုးရိုးဈာန်ကိုရသော ပုဂ္ဂိုလ်များသည် ဗြဟ္မာမင်း၏ အခြွေအရံ ပရိသတ်များ ဖြစ်ကြသည်။

www.dhammaransi.com



**ပဌမစျာန် ၃-ဘုံ။** ။ဤသို့ ပြဟ္မာ ၃-မျိုးကွဲသောကြောင့် ကောင်းကင် တပြင်တည်းမှာပင် ပဌမစျာန် ၃-ဘုံ ကွဲပြား၏။ အခြွေအရံ ပြဟ္မာတို့သည် အသင်္ချေယျကပ်၏ ၃-ဘို့ တဘို့၊ ပြဟ္မပုရောဟိတ်တို့သည် အသင်္ချေယျကပ် တဝက်၊ ပြဟ္မာမင်းတို့သည် အသင်္ချေယျ တကပ် အသက်ရှည်၏။ [ကမ္ဘာကြီး တည်သည်မှ စ၍ ပျက်သည့်တိုင်အောင် အသင်္ချေယျကပ် ၄-ကပ် ရှိ၏။]

**ဒုတိယစျာန် ၃-ဘုံ။** ။ဒုတိယစျာန် ရသူတို့ဖြစ်ရာ အထက်ကောင်းကင်၌လည်း တပြင်တည်းမှာပင် ဒုတိယစျာန် ၃-ဘုံ ကွဲပြား၏။ အခြွေအရံ ပြဟ္မာတို့သည် မဟာကပ် ၂-ကပ်၊ ပြဟ္မပုရောဟိတ်တို့သည် မဟာကပ် ၄-ကပ်၊ ပြဟ္မာမင်းသည် မဟာကပ် ၈-ကပ် အသက်ရှည်၏။

**တတိယစျာန် ၃-ဘုံ။** ။တတိယစျာန် ရသူတို့ဖြစ်ရာ အထက်ကောင်းကင်၌လည်း တပြင်တည်းမှာပင် တတိယစျာန် ၃-ဘုံ ကွဲပြား၏။ အခြွေအရံ ပြဟ္မာတို့သည် မဟာကပ် ၁၆-ကပ်၊ ပြဟ္မပုရောဟိတ်တို့သည် မဟာကပ် ၃၂-ကပ်၊ ပြဟ္မာမင်းသည် မဟာကပ် ၆၄-ကပ် အသက်ရှည်၏။

**စတုတ္ထစျာန်ဘုံ။** ။ထိုမှ အထက်ကောင်းကင်၌ စတုတ္ထစျာန် ရသူတို့သည် နာမ်တရား (စိတ်၊ စေတသိက်) တို့ကို စက်ဆုပ်သူမဟုတ်လျှင် ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်၏။ စတုတ္ထစျာန် ရစဉ်က နာမ်တရားတို့ကို စက်ဆုပ်သူဖြစ်လျှင် နာမ်တရားမပါပဲ အသညသတ်ဘုံ၌ ဖြစ်၏။ ထိုဘုံတို့၌ မဟာကပ် ငါးရာ အသက်ရှည်၏။

**သုဒ္ဓါဝါသ ၅-ဘုံ။** ။အနာဂါမ် ရဟန္တာ ဖြစ်၍ စတုတ္ထစျာန်ကို ရလျှင် စုတေသော အခါ၌ ဖြစ်ကြရသော ဘုံဌာနကို "သုဒ္ဓါဝါသ"ဟုခေါ်၏။ [သုဒ္ဓ-စင်ကြယ်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့၏+အာဝါသ-နေရာဘုံ။]ထို သုဒ္ဓါဝါသဘုံသည် အဝိဟာ၊ အတပ္ပါ၊

www.dhammaransi.com



သုဒဿာ၊ သုဒဿီ၊အကနိဋ္ဌာအားဖြင့်အဆင့်ဆင့်မြင့်ဓ၁ ၇ ဘုံ၅-ဘုံရှိ၏။ အဝိဟာဘုံ၌ ဗြဟ္မာတို့သည် မဟာကပ်တထောင် အသက်ရှည်၏။ အတပ္ပါဘုံ၌ ဗြဟ္မာတို့သည် မဟာကပ် ၂-ထောင် အသက်ရှည်၏။ သုဒဿာဘုံ၌ ဗြဟ္မာတို့သည် မဟာကပ် ၄-ထောင် အသက်ရှည်၏။ သုဒဿီဘုံ၌ ဗြဟ္မာတို့သည် မဟာကပ် ၈-ထောင် အသက်ရှည်၏။ အကနိဋ္ဌာဘုံ၌ ဗြဟ္မာတို့သည်မဟာကပ် ၁-သောင်း၆-ထောင် အသက်ရှည်၏။အောက်အောက် သုဒ္ဓါဝါသဘုံမှ အနာဂါမ်အဖြစ်ဖြင့် စုတေလျှင် ထိုဘုံ၌ပင် ထပ်၍လည်း ဖြစ်နိုင်၏။ အထက်အထက် သုဒ္ဓါဝါသဘုံ၌လည်း ဖြစ်နိုင်၏။

**အရူပ ၄-ဘုံ။** ။ထို သုဒ္ဓါဝါသဘုံတို့၏ အထက်၌ ရုပ်ကို စက်ဆုပ်သော ပုဂ္ဂိုလ်တို့၏နေရာ နာမ်တရားချည်းသာရှိသော အရူပဘုံ ၄-ဆင့် ရှိသေး၏။ (၁) အာကာသာနဉ္စာယတနစျာန်ကို ရသောဗြဟ္မာတို့၏ နေရာ အာကာသာနဉ္စာယတနဘုံ၊ ထိုဘုံ၌ အသက် မဟာကပ် ၂-သောင်းရှည်၏။ ထိုဘုံ၏ အထက်၌ ဝိညာဏဉ္စာယတနစျာန်ကို ရသော ဗြဟ္မာတို့၏နေရာ ဝိညာဏဉ္စာယတနဘုံ၊ ထိုဘုံ၌ အသက် မဟာကပ် ၄-သောင်း ရှည်၏။ ထိုဘုံ၏ အထက်၌ အာကိဉ္စညာယတနစျာန်ကို ရသော ဗြဟ္မာတို့၏နေရာ အာကိဉ္စညာယတနဘုံ၊ ထိုဘုံ၌ အသက် မဟာကပ် ၆-သောင်း ရှည်၏။ ထိုဘုံ၏အထက်၌ နေဝသညာနာသညာယတနစျာန်ကိုရသော ဗြဟ္မာတို့၏နေရာ နေဝသညာနာသညာယတနဘုံ၊ ထိုဘုံ၌ အသက် မဟာကပ် ၈-သောင်း ရှည်၏။

**အသက်တမ်း စေ့လျှင်။** ။အောက်အောက် ဗြဟ္မာများနှင့်တကွ မဟာကပ် ၈-သောင်း အသက်ရှည်သော အထက်ဆုံး ဗြဟ္မာတို့သည် ပုထုဇဉ်ဖြစ်လျှင် အသက်တမ်း စေ့သောအခါ အောက်အောက်ဘုံသို့ ပြန်ကြရာဝယ် အချို့မှာလူ့ဘုံတိုင်အောင် ပြန်လာကြ၏။ အရိယာဖြစ်ပြီးသူတို့ကား ဗြဟ္မာ့ပြည်သို့ရောက်လျှင် အောက်သို့ မပြန်တော့ပဲ ထိုဘုံ၌ ထပ်၍ရင်း၊ အထက်အထက်သို့ တက်၍ရင်း ဆက်ကာဆက်ကာ ရဟန္တာမဖြစ်မီ နေကြရ၏။ ရဟန္တာဖြစ်သောအခါ ရောက်ရာ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန် စံကြရသည်။ ဤ အရူပဘုံများနှင့်တကွ

www.dhammaransi.com



အောက်ဆုံး ငရဲဘုံတိုင်အောင် စကြဝဠာတံတိုင်းအထိ ဩကာသလောက ကမ္ဘာကြီးတခုဟုရင်း၊ ထိုကမ္ဘာ၌ နေရာအမျိုးမျိုးဝယ် နေကြရသော သတ္တဝါအပေါင်းကို "သတ္တလောက"ဟု မှတ်ပါ။

**သတ္တလောက သိတော်မူပုံ။** ။သတ္တလောကကို သိတော်မူရာ၌ "ဤသတ္တဝါသည် မည်သည့်ဘုံမှ စုတေခဲ့၍ မည်သည့် ကံကြောင့် ဤဘုံ၌ ဖြစ်ရ၏" ဟုရင်း၊ ရှေးရှေး ဘဝက လောဘဆိုင်ရာဝယ် လိုချင်မှုအားကြီးခဲ့သောကြောင့်ရင်း၊ ကံပြုရာ အခါ တုန်းက ဂုဏ်ပကာသန လိုသားသော လောဘ၊ ဘဝစည်းစိမ်ကိုတောင့်တ သော လောဘ၊ ဤသို့ လောဘ ခြံရံ၍ ကံပြုခဲ့သောကြောင့်ရင်း၊ ထို ကံအကျိုးပေးရာ ဤဘဝ၌ လောဘကြီးသူ လောကီအာရုံ ကာမဂုဏ် လိုက်စားသူ ဖြစ်ရ၏"ဟု အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

"ရှေးရှေးဘဝက ထိုထိုကိစ္စဝယ်ဒေါသအဖြစ်များသောကြောင့်ရင်း၊ ကံပြုရာအခါတုန်းက မကျေနပ်မှု၊ စိတ်တိုမှု၊ စိတ်မချမ်းသာမှု ဤသို့ ဒေါသခြံရံ၍ ကံပြုခဲ့သောကြောင့်ရင်း၊ ထိုကံအကျိုးပေးရာ ဤဘဝ၌ ဒေါသကြီးသူ၊ စိတ်ညစ်တတ်သူ၊ စိတ်ဆင်းရဲတတ်သူ ဖြစ်ရ၏" ဟု အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

"ရှေးရှေးဘဝက ဉာဏ်ပညာနည်းပါး၍ မစဉ်းစားတတ်၊ မဝေဘန် တတ်၊ မသိတတ်သော မောဟ အဖြစ်များသောကြောင့်ရင်း၊ ကံပြုရာ အခါတုန်းက ထိုကံ၏အကျိုးကို နားမလည်ပဲ သူများပြုသလို လိုက်၍ ပြုရာ၌ မောဟခြံရံ၍ ပြုရာရောက်သောကြောင့်ရင်း၊ ထိုကံအကျိုးပေးရာ ဤဘဝ၌ စည်းစိမ်ဥစ္စာ ပေါများစေကာမူ ဉာဏ်ပညာ နည်းပါး၍ ထိုင်း မှိုင်း ဖျင်းအ၊ သူများပြောသမျှကို လိုက်နာရသော မောဟကြီးသူ ဖြစ် ရ၏"ဟု အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

"ရှေးရှေးဘဝက သဒ္ဓါကောင်းသူ ဖြစ်ခဲ့သောကြောင့်ရင်း၊ သဒ္ဓါ ခြံရံ၍ ကောင်းသောကံကို ပြုခဲ့သောကြောင့်ရင်း၊ ထိုကံအကျိုးပေးရာ

www.dhammaransi.com



ဤဘဝ၌ သဒ္ဓါကောင်းသူ ဖြစ်တတ်၏။ ဘုရားကိစ္စ၊ တရားကိစ္စ၊ သံဃာ့ကိစ္စတို့၌ သဒ္ဓါတရားထက်သန်စွာ ပြုလုပ်တတ်၏။ သို့သော် "ဉာဏ်မပါလျှင် သူများပြောသမျှကို ယုံကြည်၍ အမှားကိုလည်း ပြုမိတတ်၏"ဟု အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

"ရှေးရှေးဘဝက ဉာဏ်ပညာထက်သူ၊ အရာရာစဉ်းစားသူ ဖြစ်ခဲ့သော ကြောင့်ရင်း၊ ပညာရေးကိစ္စ၌ အားပေးခဲ့သောကြောင့်ရင်း၊ ထိုကံ အကျိုးပေးရာ ဤဘဝ၌ ပညာထက်သူ အရာရာစဉ်းစားဝေဘန်တတ်သူ ပညာရေးဆိုင်ရာဝယ် အထက်တန်းရောက်သူ ဖြစ်ရ၏"ဟု အကြောင်း အကျိုး စုံလင်စွာ သိတော်မူ၏။

"ရှေးရှေးဘဝဏ လောဘ ဒေါသ မောဟ တမျိုးမျိုး အရင်းခံ၍ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ သူ့အိမ်ရာကိုကျူးလွန် ခြင်း၊ လိမ်လည်လှည့်ပတ်ခြင်း၊ သေရည်အရက် သောက်စားမှုများစွာ ပြုခြင်းစသော သီလပျက်မှု ဒုစရိုက် အကုသိုလ်မှုတွင် တခုခုကိုပြုခဲ့သော ကြောင့် ငရဲ၌ ဖြစ်ရ၏ဟုရင်း၊ တိရစ္ဆာန်ဖြစ်ရ၏ရင်း၊ ပြိတ္တာအမျိုးမျိုး ဖြစ်ရ၏ဟုရင်း အကြောင်းအကျိုး စုံလင်စွာ သိတော်မူ၏။

ဤသို့ သတ္တလောကဟူသော သတ္တဝါအပေါင်းကို ရိုးရိုးမျက်စိဖြင့် မသိ မမြင်နိုင်သော သေးသေးမွှားမွှား တိရစ္ဆာန်ကလေးများမှ စ၍ ကြီးကြီးမားမား တိရစ္ဆာန်များနှင့် လူနတ်ဗြဟ္မာ သတ္တဝါအမျိုးမျိုးသော သတ္တလောကကို အကြောင်းအကျိုး စုံလင်စွာ သိတော်မူပါသည်။

တဆင့်သိကြရပုံ။ ။ဤသို့ ဘုံဌာနဖြစ်ရာဒေသ တည်းဟူသော ဩကာသ လောကနှင့်တကွ လူ နတ် ဗြဟ္မာ ငရဲ တိရစ္ဆာန် ပြိတ္တာ ဟူသော သတ္တလောကကို ရှေးဦးစွာ ကိုယ်တော်တိုင် သဗ္ဗညုတ ဉာဏ်တော်ဖြင့် သိတော်မူ၍ လေးဆယ့်ငါးဝါကာလပတ်လုံး အကြောင်း ပေါ်တိုင်း ဟောတော်မူသောကြောင့် ဘုရားလက်ထက်တော်မှစ၍ မိမိ တို့ လက်ထက်တိုင်အောင် လူကောင်းသူတောင်း သူတော်အပေါင်းတို့

သိကြရသဖြင့် ပါဏာတိပါတစသော ဒုစရိုက်ဆယ်ပါး မကောင်းသော အကုသိုလ်များကို ရှောင်ရှားတတ်ကြ၏။ သုစရိုက် ၁၀-ပါးကို၎င်း၊ ဒါန သီလ ဘာဝနာစသော ပုညကိရိယဝတ္ထု ၁၀-ပါးကို၎င်း ကြိုးစားတတ်ကြပေသည်။

ဘုရားရှင် ပွင့်တော်မမူလျှင်ကား မျက်မြင် လူလောကနှင့်တကွ တိရစ္ဆာန်လောကလောက်ကိုသာ သိရသဖြင့် ကုသိုလ် အကုသိုလ်ကိုလည်း ခွဲခြား၍ မသိနိုင်သောကြောင့် သူကန်းလမ်းသွားရာ၌ မှားသောလမ်းကို သာ အသွားများ၍ မှန်သောလမ်းကို သွားမိခြင်းက နည်းပါးသကဲ့သို့ ကောင်းသော ကုသိုလ်အလုပ်ကိုလည်း ပြုလုပ်မိကြ၊ မကောင်းသော အကုသိုလ်အလုပ်ကိုလည်း ပြုလုပ်ကြရာဝယ် အပါယ်ရောက်ကြောင်း မကောင်းမှုတွေကသာ များ၍နေစရာရှိပါသည်။ ထို့ကြောင့် ဘုရားရှင် ပွင့်တော်မူလာခြင်းသည် လူကောင်းသူကောင်း ပညာရှိသူတော်ကောင်း တို့မှာ အလွန်ကျေးဇူးများပါပေသည်။

ပါဠိတော်။ ။သော ဣမံ လောကံ သဒေဝကံ သမာရကံ သဿမဏ- ဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိ- ကတွာ ပဝေဒေတိ။

မြန်မာပြန်။ ။ထို မြတ်စွာဘုရားသည် နတ်နှင့်တကွဖြစ်သော မာရ်နတ် နှင့်တကွ ဗြဟ္မာနှစ်ဆယ်နှင့်လည်းတကွ ဖြစ်သော ဤ အထက် သတ္တလောက ဩကာသ လောကကို၎င်း၊ လူမင်း-အခြားလူများ နှင့် တကွဖြစ်သော သာသနာတွင်း သာသနာပ ရသေ့ရဟန်း ပုဏ္ဏားနှင့် တကွဖြစ်သော အလယ်တန်း သတ္တလောက၊ ငရဲ တိရစ္ဆာန် ပြိတ္တာ ဟူသော အောက်တန်း သတ္တလောကကို၎င်း၊ ကိုယ်တော်တိုင် သဗ္ဗညုတ ဉာဏ်တော်ဖြင့် သိ၍ အများသိအောင်လည်း ဟောပြတော်မူသည်။ ဤသို့ ဟောတော်မူသောကြောင့် မိမိတို့ တဆင့် သိကြရသည်မှာ အလွန် ကံကောင်းကြပါသည်။

www.dhammaransi.com



[ဆော၆] ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်အများ၊ စိတ်ကောင်းထားလည်း၊ ဤကားကုသိုလ်၊အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊မသိရ၊ များလှ အပြစ်တွေ။

ဘုရားရှင်တော်၊ပွင့်ထွန်းပေါ်၍၊ဟောဖော်ညွှန်ကြား၊မြတ်တရားကြောင့်၊ ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊ ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။

**သင်္ခါရလောက။** ။ဆိုင်ရာအကြောင်းတရားတို့ ပြုအပ်သော ရုပ်တရား နာမ်တရားစုကို “သင်္ခါရလောက” ဟု ခေါ်၏။ ထိုသင်္ခါရလောကဟူသည် ဩကာသလောက သတ္တလောကမှ တမျိုးတခြား မဟုတ်ပါ။ ဩကာသလောကဟု ခေါ်အပ်သော ဘုံဌာနအမျိုးမျိုးသည် သတ္တဝါတို့၏ ကံကိုအရင်းခံ၍ ဥတုကြောင့်ဖြစ်သော (ဥတုသည် ပြုအပ်သော) ရုပ်တရားတွေသာတည်း။ ထိုရုပ်တရားစုကိုပင် ဥတုသည် ပြုအပ်သောကြောင့် သင်္ခါရလောကဟုခေါ်၏။ သတ္တလောက ဟူသည်လည်း ရုပ်နှင့်နာမ် ပေါင်းစပ်တည်နေသော သင်္ခါရလောကပင်ဖြစ်၏။ လူ စိတ် သတ္တဝါဟု ဆိုလျှင် ခန္ဓာကိုယ်ဟူသော ရုပ်အစုနှင့် အမြဲဖြစ်နေသော စေတသိက်အစုသာ ဖြစ်၏။

**ကံက ရုပ်ကိုပြုပုံ။** ။လူ၌ရှိသော ရုပ်အစုကို မိမိပြုအပ်သော ရှေးကံက အမိဝမ်းဝယ် စတည်နေစဉ်ကပင် ရုပ်ဖြစ်အောင် ပြု၏။ အမြဲရုပ်တွေ ဖြစ်မနေရာ၌လည်း ရှေးကံအသီးသီးက ပြုနေသော ရုပ်များလည်းပါဝင်၏။ ထို့ကြောင့် ရုပ်အဆင်း လှ-မလှ စသောအားဖြင့် ကွဲပြားမှုကို ရှေးကံကပြုထားသည်ဟု မှတ်ပါ။ ထိုရုပ်များကို ကမ္မဇရုပ် ဟု ခေါ်၏။ (ကမ္မ-ကံကြောင့်+ဇ-ဖြစ်သောရုပ်။)

**စိတ်က ရုပ်ကိုပြုပုံ။** ။အမြဲ ဖြစ်မနေသော စိတ် စေတသိက်တို့ကလည်း ခန္ဓာကိုယ်၌ ရုပ်ဖြစ်အောင် အမြဲ ပြုနေကြ၏။ ထို့ကြောင့် စိတ်ချမ်းသာသူ၌ ရုပ်တွေ ကြည်လင်နေ၏။ စိတ်ဆင်းရဲသူ၌ ရုပ်တွေ ညှိုးနွမ်းနေ၏။ ဤခန္ဓာကိုယ်ဝယ် ထိုရုပ်များကို စိတ္တဇရုပ်ဟု ခေါ်၏။ (စိတ္တ စိတ်ကြောင့်+ဇ- ဖြစ်သော ရုပ်။)

www.dhammaransi.com



ဥတုက ရုပ်ကိုပြုပုံ။ ။အပြင်ပ၌ရှိသော အအေးအပူတွင် ပါဝင်သော အငွေ့ကို ဥတုဟုခေါ်၏။ ဤခန္ဓာကိုယ်အတွင်း၌ အပြင်ဘက်က ဥတုအငွေ့သည်ရင်း၊ အတွင်းက ဥတုအငွေ့သည်ရင်း၊ ရုပ်ကို ဖြစ်စေပြန်၏။ ထို့ကြောင့် ကောင်းမြတ်သော ဥတုဝယ် နေတတ်သူတို့သည် ရုပ်အဆင်းကြည်လင်၍ ကျန်းမာကြ၏။ အပြင်က ဥတုအလိုက် မနေတတ်သူတို့သည် မကျန်းမမာဖြစ်ကြရ၏။ ရေ၌လည်း ထိုအငွေ့ပါ၏၊ ထို့ကြောင့် ရေချိုးမှားသူ တို့သည် မသင့်သော ဥတု အငွေ့ကြောင့် မကျန်းမမာ ဖြစ်ကြရ၏။ ဥတုက ခန္ဓာကိုယ်ဝယ် ရုပ်ဖြစ်အောင် ပြုနေကြောင်းကို သိသူတို့သည် ဥတုနှင့်လျော်အောင် နေတတ်သောကြောင့် ကျန်းမာသော ရုပ်တွေသာ ဖြစ်နေသည်။ ဤရုပ်များကို ဥတုဇရုပ်ဟု ခေါ်၏။ [ဥတု-အအေး အပူ အငွေ့ကြောင့်+ဇ-ဖြစ်သောရုပ်။]

အာဟာရက ရုပ်ကိုပြုပုံ။ ။စားသောက်သမျှအစာကို "အာဟာရ"ဟု ခေါ်၏။ ထိုအာဟာရထဲမှ အဆီအနှစ်ဩဇာ ဟူသော ရုပ်တမျိုးပါဝင်၏။ ထိုဩဇာသည် စားလိုက်သောအခါ ခန္ဓာကိုယ်၌ ရုပ်အမျိုးမျိုးကို ဖြစ်စေ၏။ ထို့ကြောင့် ဩဇာကောင်းသော အစာအာဟာရကို စားနေရသူတို့သည် ကျန်းမာ၏။ ဝဖြိုး၏။ ဩဇာ မကောင်းသော ဩဇာကောင်းသော်လည်း မိမိနှင့် မသင့်သော အစာ အာဟာရကို စားနေရသူတို့သည် ရောဂါများ၏။ ထို့ကြောင့် မသင့် သောအစာကို စားမိလျှင် ချက်ချင်းရောဂါရ၍ သို့မဟုတ် ရောဂါတိုး၍ သေကြရလေသည်။

ဆေးအမျိုးမျိုး၌ ပါသော ဩဇာသည် မိမိနှင့် သင့်မြတ်လျှင် ကောင်းသောရုပ်ကို ဖြစ်စေ၍ မိမိနှင့် မသင့်မြတ်လျှင် မကောင်းသော ရုပ်ကို ဖြစ်စေသောကြောင့် နဂို မကျန်းမမာသူတို့မှာ ရောဂါ သက်သာခြင်း၊ ရောဂါတိုးခြင်းတို့ကို တွေ့ရလေသည်။ ဤသို့လျှင် ဤခန္ဓာကိုယ်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရားတို့က အချိန်ရှိသရွေ့ ပြုအပ်သောကြောင့် သင်္ခါရရုပ် အစုသာ ဖြစ်ချေသည်။

www.dhammaransi.com



**စိတ်စေတသိက်ကို အကြောင်းတို့က ပြုပုံ။** ။သတ္တဝါတို့၏ သန္တာန်၌ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်ဟု စိတ် ၄-မျိုးရှိ၏။ ထိုတွင် ကြိယာစိတ်အများစုသည် ရဟန္တာဖြစ်ပြီး သူတို့၌သာ ဖြစ်ရသောကြောင့် အထူးသိဘွယ်မလိုပါ။ ဝိပါက်စိတ်တွေသည် ရှေးကံကြောင့် ဖြစ်ရ၏။ အမိဝမ်း၌ ပဋိသန္ဓေ တည်နေစကပင် ရှေးကံကြောင့် ပဋိသန္ဓေစိတ်ဟူသော ဝိပါက်စိတ် ဖြစ်ခဲ့၏။ ထိုဝိပါက်စိတ်သည် ရှေးကံကြောင့် ဖြစ်ရကား ကံကောင်းသူတို့၌ ကောင်းသော ပဋိသန္ဓေဝိပါက်စိတ် ဖြစ်၏။ ကံညံ့သူတို့၌ ညံ့သော ပဋိသန္ဓေဝိပါက်စိတ် ဖြစ်၏။ ကံမကောင်းသူတို့၌ ငရဲ တိရစ္ဆာန် ပြိတ္တာဘုံဝယ် မကောင်းသော ပဋိသန္ဓေဝိပါက်စိတ် ဖြစ်၏။ ထို့ကြောင့် လူအမျိုးမျိုး သတ္တဝါအမျိုးမျိုး၌ ပဋိသန္ဓေ တည်နေစကပင် စိတ်ချင်းမတူခဲ့ကြသောကြောင့် တဘဝလုံး၌လည်း အများအားဖြင့် စိတ်ချင်း မတူကြချေ။ အိပ်ပျော်နေသောအခါ စိတ်တွေသည် ထိုပဋိသန္ဓေစိတ်မျိုးပင် ဖြစ်၏။ ဤစိတ်အားလုံးကို ဝိပါက်စိတ်ဟု ခေါ်၏။ ထို့ကြောင့် ဝိပါက်စိတ်ဟူသည် ရှေးကံပြုအပ်သော သင်္ခါရတရားပင်တည်း။

**ကုသိုလ်စိတ်။** ။သုစရိုက် ၁၀-ပါးဟု အများနားလည်နေသော ကုသိုလ်စိတ်ဖြစ်ရာ အခါ၌ဧင်း၊ ဒါန သီလ ဘာဝနာစသော ပုညကြိယာဝတ္ထု ၁၀-ပါးတွင် တပါးပါးကို ပြုနေရာ အခါ၌ဧင်း ဤကုသိုလ်စိတ်တွေ အထပ်ထပ်ဖြစ်နေကြပေသည်။ သူတော်ကောင်း စစ်စစ်ဖြစ်သူတို့ သန္တာန်ဝယ် ထိုကုသိုလ်စိတ်တွေက အဖြစ်များ၏။ ယခုဘဝဖြစ်သမျှသော ကုသိုလ်စိတ်တွေသည် ထုံးစံအတိုင်း ဖြစ်သည်နှင့်တပြိုင်နက် ဆက်၍ ပျက်ရသော်လည်း နောက်နောက်ဘဝ၌ ကောင်းကျိုးပေးဘို့ရန် ခန္ဓာအစဉ်ဝယ် ကမ္မသတ္တိ ဟူသော သတ္တိ တမျိုးကိုမြှုပ်နှံ၍ ချုပ်သွားကြလေသည်။

ဘုရားအလောင်းစသော ပုဂ္ဂိုလ်တို့သည် ထိုကုသိုလ် စိတ်များဖြင့် ဒါနစသော ပါရမီကောင်းမှုအမျိုးမျိုးကို ပြုခဲ့ကြ၏။ ပြုသမျှကောင်းမှုတွေသည် ပြီးပြီးပျောက်ပျောက် မဟုတ်ပဲ နောက်နောက် အခါ၌

www.dhammaransi.com



အကျိုးပေးဘို့ရန် ကမ္မသတ္တိကို မြုပ်နှံ၍ ချုပ်သွားကြသောကြောင့် နောက်ဆုံးဘဝ၌ ပါရမီကုသိုလ်များသည် ဘုရားဖြစ်လောက်အောင် ပြည့်နေရကား အလွန်ထက်မြက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အဖြစ်ဖြင့် ထင်ရှားသော ဘုရားတဆူ ဖြစ်ရပေသည်။ အဂ္ဂသာဝက မဟာသာဝက ဘိက္ခု ဘိက္ခုနီလောင်းများလည်း ဤကဲ့သို့ ကုသိုလ်ပါရမီတော် ပြည့်အောင် ဖြည့်ခဲ့ကြပေသည်။ ထို့ကြောင့် ကုသိုလ်စိတ်ဟူသည် မိမိကိုယ်တိုင် ဈေးကပြုအပ်ခဲ့သော သင်္ခါရတရားပင်တည်း။

အကုသိုလ်စိတ်။ ။ဒုစရိုက် ၁၀-ပါးဟုခေါ်ဝေါ်အပ်သော ပါဏာတိပါတ စသော မကောင်းမှု၊ အဒိန္နာဒါန စသော မကောင်းမှု၊ သူ့သားအိမ်ရာ ပြစ်မှားကျူးလွန်ခြင်း စသော ကာမေသု မိစ္ဆာစာရမကောင်းမှု၊ လိမ်လည် လှည့်ပတ်ခြင်းစသော မုသာဝါဒ မကောင်းမှု၊ သေရည်သေရက်မှု ဘိန်းစားမှုစသော မကောင်းမှုတို့ကိုပြုရာ အခါ၌ လောဘနှင့်ဆိုင်သော အကုသိုလ်စိတ်၊ ဒေါသနှင့် ဆိုင်သော အကုသိုလ်စိတ်၊ မနာလို ဝန်တိုမှု ဣဿာ မစ္ဆရိယနှင့်ဆိုင်သော အကုသိုလ်စိတ်၊ လှပသော သာယာဘွယ်ကောင်းသော အဆင်း အသံ အနံ့ အရသာ အတွေ့ အထိများကို သာယာသောအခါ၌ ဖြစ်သော အကုသိုလ်စိတ်တို့ သည် ပုထုဇဉ်တို့သန္တာန်၌ အချိန်ရှိသရွေ့ အဖြစ်များနေ၏။ ဖြစ်ပြီး၍ ပျက်သောအခါ နောက်နောက်ဘဝ၌ မကောင်းသော အကျိုးကို ပေးဘို့ ရန် မိမိ၏ ကမ္မသတ္တိကို မြုပ်နှံ၍ ချုပ်သွားလေ၏။ ထို အကုသိုလ်စိတ်တို့ လည်း ဆိုင်ရာအာရုံတို့ကို အကြောင်းပြု၍ မိမိကိုယ်တိုင် ပြုအပ်သော ကြောင့် သင်္ခါရတရားများပင် ဖြစ်သည်။

ရုပ်နာမ် သင်္ခါရ။ ။ပြုအပ်ပြီးသော ရုပ်ဟူသမျှကို ရုပ်သင်္ခါရဟုရင်း၊ ပြုအပ်ပြီးသောစိတ်တို့နှင့် စိတ်ဖြစ်တိုင်း ပါရသော စေတသိက်တို့ကို နာမ်သင်္ခါရဟုရင်း ခေါ်ရ၏။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါ တို့၏ ရုပ်နာမ်သင်္ခါရကို သိတော်မူသောကြောင့် ကျွတ်ထိုက်သော သတ္တဝါ တို့ကို တရားဟောတော်မူရာဝယ် သူ၏ ဈေးကံ သင်္ခါရကိုလည်း ကြည့် တော်မူရ၏။ ယခုဖြစ်ဆဲ နာမ်သင်္ခါရကိုလည်း ကြည့်တော်မူရ၏။ နာမ်

www.dhammaransi.com



သခ်ါရတွင် ပါဝင်သော သဒ္ဓါ၏ အနုအရင့်၊ ပညာ၏ အနုအရင့်ကိုလည်း ကြည့်တော်မူရ၏။ ရာဂဒေါသစသော အဖြစ်များသော စရိုက်ဆိုးတို့ကိုလည်း ကြည့်တော်မူရ၏။ ထိုသို့ ကြည့်တော်မူပြီးမှ သဒ္ဓါ ပညာတို့ တိုးတက်လာအောင်ရင်း၊ ရာဂဒေါသတို့ နည်းပါးသွားအောင်ရင်း တရားဟောတော်မူရသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ ရုပ်နာမ်သခ်ါရကို သိတော်မူခြင်းဟူသော "လောကဝိဒူဂုဏ်တော်သည်" သတ္တဝါများအတွက် အလွန်ကျေးဇူးများသော ဂုဏ်တော် ဖြစ်ပါပေသည်။

**အပါယ်မကျတော့။** ။ဤနေရာဝယ် ရုပ်တန့်၍ ပြအပ်ခဲ့သော အရဟံစသော ဂုဏ်တော် များကိုရင်း၊ လောကဝိဒူဂုဏ်တော်ကိုရင်း တပါးစီ တပါးစီ အထပ်ထပ် အာရုံပြုသောအခါ ဗုဒ္ဓမြတ်စွာ၏ အပေါ်၌ လေးလေးနက်နက် ဉာဏ်ဖြင့် သက်ဝင်၍ ယုံကြည်သော အဝေစ္စပသာဒ ဖြစ်၏။ လူဝတ်ကြောင်ဖြစ်လျှင် လူ့သီလ၊ သာမဏေဖြစ်လျှင် သာမဏေ သီလ၊ ရဟန်းဖြစ်လျှင် ရဟန်းတော်များ၏ သီလကို ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူဝင်းနေအောင် စောင့်ထိန်းကာ ဤ ဗုဒ္ဓါနုဿတိ ဂုဏ်တော်များကို လေးလေးနက်နက် ယုံကြည်သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိ ဤတရား တည်းဟူသော ထောက်မှန်ကို ကြည့်၍ အပါယ်မကျနိုင်တော့ဟု ဝမ်းမြောက်ဝမ်းသာ ဆုံးဖြတ်နိုင်ပါသည်။

**အမှာ။** ။ကြွင်းကျန်သော ဘုရားဂုဏ်တော်များကိုရင်း၊ တရားဂုဏ်တော် ၆-ပါး၊ သံဃာ့ဂုဏ်တော် ၉-ပါးကိုရင်း ရတနာ့ဂုဏ်ရည် စာအုပ်ကိုကြည့်၍ သိကြပါလေတော့။

**ပါဠိတော်။** ။တသ္မာတိဟာနန္ဒ ဓမ္မာဒါသံ နာမ ဓမ္မပရိယာယံ ဒေသေဿာမိ။ "ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ၊ ခီဏနိရယောမှိ ခီဏတိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော ခီဏာပါယဒုဂ္ဂတိ ဝိနိပါတော၊ သောတာပန္နောဟမသ္မိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော"တိ။

www.dhammaransi.com



မြန်မာပြန်။ ။နောက်၌ ဘုရားဂုဏ်တော် ၉-ပါး၊ တရားဂုဏ်တော် ၆-ပါး၊ သံဃာ့ဂုဏ်တော် ၉-ပါး ဤဂုဏ်တော်များ၌ အဝေစ္စပသာဒ (ဉာဏ်ဖြင့် သက်ဝင်၍ ယုံကြည်ခြင်း) ၃-မျိုး၊ ငါးပါးသီလနှင့် ပြည့်စုံခြင်း ဤဂုဏ်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသူသည် မိမိကိုယ်ကို သောတာပန်ဖြစ်ပြီဟု ဆုံးဖြတ်နိုင်သည်။

**သောတာပန်ဖြစ်ဘို့ ခဲ့ယဉ်းသလော**

ဤတရားမှန်ကြီးကို ကြည့်ရှုသောအခါ သောတာပန်ဖြစ်ဘို့အကြောင်းမှာ ရတနာ ၃-ပါး၏ ဂုဏ်တော်ကို လေးလေးနက်နက် ကြည်ညိုခြင်းနှင့် လူ့ဝတ်ကြောင်များ၌ ငါးပါးသီလ စင်ကြယ်ဘို့သာ ဖြစ်၏။ ထို့ကြောင့်လည်း ဝိသာခါကျောင်းအမသည် ဗုဒ္ဓမြတ်စွာကို ပဌမ ဖူးရစဉ် ၇-နှစ် အရွယ်ကပင် သောတာပန် တည်ခဲ့၏။ မမွာသောတမင်း၏ အသန္ဓိမိတ္တာဒေဝီသည် ဘုရားရှင်၏ အသံတော်နှင့် အထိုက်အလျောက် တူသော ဧရဝိက်ငှက်၏ အသံကို ကြားရ၍ ဘုရားကို မဖူးလိုက်ရပဲ ကြည်ညိုသော အဝေစ္စပသာဒ (သဒ္ဓါ) ကြောင့် မောင်းမ ၇-ရာ နှင့်အတူ သောတာပန် ဖြစ်ကြ၏။ [ဗုဒ္ဓါနုဿတိ ဘာဝနာစာအုပ် (၆၇) နံပါတ်၌ ပြခဲ့ပြီး။] ဤသို့လျှင် ပင်ကိုယ်က ငါးပါးသီလ စင်ကြယ်သူများအတွက် ယခုလို သာသနာအတွင်း၌ သောတာပန်ဖြစ်ဘို့ မခဲယဉ်း-ဟု မှတ်သင့်ပါသည်။

[ဆောင်] ထောက်မှန်ပေါ်တွင်၊ ကိုယ့်အသွင်ကို၊ ဆင်ပြင်လိုဘိ၊ နေ့စဉ်ကြည့်သို့။ မိမိ သီလ၊ ဆိုင်သမျှကို၊ နေ့ည ခပင်း၊ လွှန်သန့်ရှင်း၍၊ ပုံ့သင်းမွှေးမူ၊ အလေးပြုလျက်။ သုံးလူ့ထွတ်ထား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ အရိယာ၏ ဆိုင်ရာဂုဏ်တော်၊ ဉာဏ်၌ပေါ်အောင်၊ ရှင်ပျော်ရှုစား၊ သဒ္ဓါပွါးမူ၊ မလားအပါယ်၊ တရားကယ်မည်။.... ရှုဘွယ် ထောက်မှန် အစစ်တည်း။

**ဝေသာလီမြို့သို့ ကြွတော်မူခြင်း။**

။ဗုဒ္ဓ မြတ်စွာသည် နာဋိကာ ရွာ၌ ကျွတ်ထိုက်သော သတ္တဝါတို့ ရှိသမျှ နေတော်မူပြီးလျှင် ရဟန်းများစွာနှင့် အတူ ဝေသာလီမြို့သို့ ကြွတော်မူ၍ "အမ္ဗပါလီ" မည်သော ပြည့်တန်ဆာမ၏ ဥယျာဉ်၌ သီတင်းသုံးတော်မူ၏။

www.dhammaransi.com



ထိုအရပ်၌ ရဟန်းတို့ကို မိန့်တော်မူသည်မှာ.... ဘိက္ခုတို့.... ရဟန်းသည် ကာယာနုပဿနာ ဘာဝနာကို ပွါးများ၍ သော်လည်း နေလေ့ရှိရ၏။ ဝေဒနာနုပဿနာ ဘာဝနာကို ပွါးများ၍ သော်လည်း နေလေ့ရှိရ၏။ စိတ္တာနုပဿနာ ဘာဝနာကို ပွါးများ၍သော်လည်း နေလေ့ရှိရ၏။ ဓမ္မာနုပဿနာ ဘာဝနာကို ပွါးများ၍သော်လည်း နေလေ့ရှိရ၏။ ထိုထို ပွါးများ၍နေစဉ် လိုချင်မှုအဘိဇ္ဈာကိုရင်း၊ စိတ်ဆင်းရဲမှု ဒေါမနဿကိုရင်း ပယ်ဖျောက်နိုင်သည်။

ဘိက္ခုတို့....ဤသာသနာတော်၌ ရဟန်းဖြစ်သူသည် ရှေ့ရှု အရပ်သို့ သွားသော်ရင်း၊ သွားပြီး၍ ပြန်သော်ရင်း ဉာဏ်ပညာဖြင့် ဆင်ခြင်၍ "ပုဂ္ဂိုလ် သတ္တဝါ ငါသွားသည် မဟုတ်။ ပုဂ္ဂိုလ် သတ္တဝါ ငါပြန်သည် မဟုတ်။ ဤသို့ ငါဟူသော အတ္တစွဲကို ဖျောက်၍ သွားလိုသောစိတ်၊ ပြန်လိုသောစိတ်ကြောင့် ရုပ်ခန္ဓာတွင် ပါဝင်သော ခြေတို့သည် မြောက်လိုက် ရှေ့တိုးလိုက် အောက်ချလိုက် အားဖြင့် ဖြစ်နေပါတကား" ဟု ဉာဏ်ဖြင့်ဆင်ခြင်မှုကို ပြုလေ့ရှိ၏။

ရှေ့ရှုအရပ်ကို ကြည့်ရာအခါ၌ရင်း၊ ရှေ့ရှု မဟုတ်သော ဘေးအရပ်ကို ကြည့်ရာအခါ၌ရင်း "ပုဂ္ဂိုလ် သတ္တဝါ ငါ ကြည့်သည်မဟုတ်၊ ကြည့်လိုသော စိတ်ကြောင့် မျက်လုံး၏ အထက် မျက်လွှာရှိ ရုပ်တို့၏ အထက်သို့ တက်၍ ဖြစ်ခြင်း၊ အောက်မျက်လွှာရှိ ရုပ်တို့၏ အောက်သို့ ကျ၍ ဖြစ်ခြင်းအားဖြင့် ရှေ့ရှုနေသော အာရုံကို မြင်နေသော စက္ခုဝိညာဏ ဝီထိစိတ်တွေ ဖြစ်နေပါတကား" ဟု ဉာဏ်ဖြင့် ဆင်ခြင်၍ ကြည့်လေ့ရှိ၏။

လက် ခြေတို့ကို ကွေးခြင်း ဆန့်ခြင်း၌လည်း "ပုဂ္ဂိုလ် သတ္တဝါ ငါ ကွေးသည် မဟုတ်၊ ငါဆန့်သည်မဟုတ်။ ကွေးလို ဆန့်လိုသော စိတ်များ ဖြစ်ပေါ်လာသောအခါ လက်ခြေ တို့၌ ဖြစ်သောရုပ်တို့သည်ကွေးသော အားဖြင့်ရင်း၊ ဆန့်သောအားဖြင့်ရင်း ဖြစ်ရပါသည်တကား"ဟု ဉာဏ်ဖြင့် ဆင်ခြင်၍ ကွေးလေ့ ဆန့်လေ့ရှိ၏။

သပိတ် သင်္ကန်းတို့ကို ဝတ်ရုံသုံးစွဲရာ အခါ၌ရင်း၊ စားရာ သောက်ရာ အခါ၌ရင်း၊ ခဲဘွယ် (သားရေစာ) တို့ကို ခဲရာအခါ၌ရင်း၊ လျက်ဘွယ်တို့ကို

www.dhammaransi.com



လျက်ရာအခါ၌ရင်း ထိုအတူပင် ဉာဏ်ဖြင့်ဆင်ခြင်၍ ပြုလေ့ရှိ၏။ ကျင်ကြီးကျင်ငယ် စွန့်ရာအခါ၌ရင်း၊ ဟိုနား ဒီနား ခရီးတိုသွားရာအခါ၌ရင်း၊ ထိုင်ရာအခါ၌ရင်း၊ရပ်ရာအခါ၌ရင်း၊အိပ်ရာအခါ၌ရင်း၊နိုးရာအခါ၌ရင်း၊ စကားပြောရာအခါ၌ရင်း၊ တိတ်တိတ်နေရာ အခါ၌ရင်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါမဟုတ်၊ ဝတ်ရုံ သုံးစွဲလိုသောစိတ် စသည်ကြောင့် ရုပ်တရားတွေ အမျိုးမျိုး ဖြစ်သောအခါ ဝတ်ရုံ သုံးစွဲနေသော အခြင်းအရာများကို တွေ့မြင်ရနေပါတကားဟု ဉာဏ်ဖြင့် ဆင်ခြင်မှုကို ပြုလေ့ရှိ၏။ ဤသို့ ဆင်ခြင်သောအခါ ပုဂ္ဂိုလ်ဟု ဆိုအပ်သော အရာဝတ္ထုလည်းမရှိ၊ သတ္တဝါဟု ဆိုအပ်သော အရာဝတ္ထုလည်း မရှိ၊ အတ္တဟု ခေါ်အပ်သော အရာဝတ္ထုလည်း မရှိ။ အကြောင်းအားလျော်စွာ ရုပ်နာမ်တွေသာ ဖြစ်နေပါတကားဟု သိမြင်လာနိုင်သည်။

## အစိပ္ပါယ်ရှင်းလင်းချက်

အတ္တရှိ၏ဟု စွဲလမ်းပုံ။ ။များစွာသော လူတို့သည် ခန္ဓာကိုယ်အတွင်း၌ အတ္တဟု ခေါ်အပ်သော အကောင်ကလေး ရှိသေး၏။ထိုထိုကိစ္စကိုပြုစရာရှိလျှင်အတ္တအကောင်ကလေး၏အလိုအတိုင်း လက် ခြေတို့က သွားမှု စားမှု စသော ကိစ္စကို ပြုပေးရ၏။စကားပြောလိုသောအခါ အတ္တအကောင်ကလေး၏ အလိုအတိုင်း ပါးစပ် လျှာတို့ လှုပ်ရှား၍ အသံထွက်အောင် ပြုပေးရ၏။ ထွက်သော အသံသည်ပင် အတ္တအကောင်ကလေး၏ အလိုအတိုင်း စကားပြောသံတွေ ထွက်နေရ၏။ အတ္တအကောင်ကလေးက သွားချင်လျှင် လက်ခြေတို့က သွားရ၏။ အတ္တအကောင်ကလေးက စားချင်လျှင် လက်ဖြင့် စားစရာကို ယူပေး၍ ပါးစပ်ဖြင့် စားရ၏။ အတ္တအကောင်ကလေးက အိပ်ချင်လျှင် အိပ်ရ၏။ တယောက်နှင့် တယောက် ချစ်ခြင်း မုန်းခြင်းဟူသည်လည်း အတ္တအကောင်ကလေး၏ ချစ်ခြင်း မုန်းခြင်းပင်တည်း။ ဤသို့ ခန္ဓာကိုယ်နှင့်ဆိုင်ရာဝယ် အစိုးရသော ခန္ဓာကိုယ်တခုလုံး၏ ပိုင်ရှင်ဖြစ်သော အတ္တအကောင်ကလေးသည် ခန္ဓာကိုယ်အတွင်း၌ ရှိ၏ဟု ယူဆ၍ ထို အတ္တအကောင်ကလေးကိုပင်"အသက်ကောင်၊ဝိညာဉ်ကောင်၊လိပ်ပြာကောင်"

www.dhammaransi.com



ဟု အမျိုးမျိုးနာမည်တပ်၍ စွဲလမ်းကြသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ ဟူသော အသုံးအနှုန်း၊ ဒီအကောင်၊ ဟိုအကောင်ဟူသော အသုံးအနှုန်းများလည်း ထိုအတ္တကို ခေါ်သော အသုံးအနှုန်းများပင်ဖြစ်သည်။

**ဘဝပြောင်းရာ၌ အတ္တစွဲပုံ။** ။ဤဘဝခန္ဓာကိုယ်သည် ထိုအတ္တကလေး၏ နေရာ ခန္ဓာအိမ်ပင် ဖြစ်၏။ ဤဘဝခန္ဓာ အိမ်သည် ရွတ်တွယိုယွင်း အိုမင်းသောကြောင့် ဖြစ်စေ၊ ရောဂါမျိုးမျိုး ဖြစ်၍ ခန္ဓာအိမ် မခိုင်မမြဲ ယိုင်လဲလု နေသောကြောင့် ဖြစ်စေ အတ္တ အကောင်ကလေးသည် ထိုခန္ဓာအိမ်အဟောင်းကိုစွန့်၍ ခန္ဓာအိမ်အသစ်သို့ ရွှေ့ပြောင်းပြန်၏။ ဤသို့အားဖြင့် ခန္ဓာအိမ်သာပျက်၍ အတ္တအကောင် ကလေးကား မည်သည့်အခါမျှမပျက်ပဲ မြဲသော နိစ္စတရား ဖြစ်သည်ဟု စွဲလမ်းကြလေသည်။ ဤသို့ စွဲလမ်းကြသော်လည်း ယခုဘဝ ပြောင်းရာ၌ အတ္တအကောင်ကလေး ပြောင်းခြင်း မဟုတ်ပဲ ကံကြောင့် ဘဝအသစ် ဖြစ်ရပုံကို ပြပါဦးမည်။

**ဘဝပြောင်းရာ၌ ကံကြောင့်၊** ။ကုသိုလ် အကုသိုလ် တို့သည် ဖြစ်ပြီး၍ ချုပ်သွားသောအခါ မိမိ၏ခန္ဓာအစဉ်၌ ကမ္မသတ္တိကို မြုပ်နှံ၍ ချုပ်သွားကြောင်းကို သခင်္ခါမှလောကဝ၌ ပြခဲ့ပါပြီ။ ထိုကြောင့် ယခုဘဝဆုံးခါနီး (သေခါနီး) သောအခါ ယခုဘဝမှစ၍ လွန်လေပြီးသော ရှေးရှေးဘဝဝယ် ပြုအပ်ခဲ့သော ကံဖြစ်စေ၊ ထိုကံ ပြုတုန်းက အသုံးပြုခဲ့သော ကုသိုလ်နှင့် ဆိုင်ရာ လှူဘွယ်ဝတ္ထု စသည် ဖြစ်စေ၊ အကုသိုလ်နှင့်ဆိုင်ရာ သူ့အသက် သူ့ဥစ္စာ သူ့သားမယား စသော အာရုံဖြစ်စေ စိတ်အစဉ်၌ ထင်လာတတ်၏။ တချို့မှာ ရောက်ရမည့် ဘဝ၌ တွေ့ရမည့်အာရုံတွေ ထင်လာ၏။ ထိုထင်လာသော အာရုံသည် ကံကြောင့် ဖြစ်ရကား ကောန်မှုချ ထိုကံသည် နောက်ဘဝ၌ ရုပ်နာမ် ခန္ဓာ အသစ်ကို ဖြစ်စေပါသည်။ [ကုလသာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ-စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ပဋ္ဌာန်းပါဠိတော်။]

**အတ္တမဟုတ် အနတ္တ။** ။ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသောအခါ ထိုအတ္တ မရှိကြောင်းကို ဓမ္မစကြာ ဟောတော် မူပြီး

www.dhammaransi.com



နောက် ငါးရက်မြောက်၌ "အနတ္တလက္ခဏ" သုတ်ကို ဟောတော်မူရပါသည်။ အတ္တမရှိသကဲ့သို့ အတ္တ၏ နာမည် ဖြစ်သော ပုဂ္ဂိုလ်လည်းမရှိ၊ သတ္တဝါလည်း မရှိ၊ ငါလဲမရှိ၊ သူလဲမရှိဟု မှတ်ပါ။ သို့သော် စကားပြောရာ၌ကား အများနားလည်အောင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ ဟု ခေါ်၍ ပြောနိုင်ပါသည်။

**နိစ္စ မဟုတ် အနိစ္စ။** ။လောကဝိဒူ ဂုဏ်တော်၌ ပြအပ်ခဲ့သော သတ္တလောက၊ ဩကာသလောကနှင့် ရုပ်နာမ် ဟူသော သင်္ခါရလောက တို့သည် အတ္တမဟုတ်၊ အတ္တမရှိသော အနတ္တ တို့သာ ဖြစ်သကဲ့သို့ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်နေရသောကြောင့် မမြဲသော အနိစ္စ တို့သာ ဖြစ်ကြ၏။ ပျက်ပုံကလည်း အလွန်မြန်၏။ ရေပြင်၌ ဒုတ်ဖြင့် ခြစ်သောအခါ ရှောကခြစ်သွား၍ ထင်နေသောဒုတ်ရာသည် ချက်ချင်းပျက်သကဲ့သို့ငှင်း၊ မိုးရွာ၍ ရေ၌ကျသော ရေပွက်သည် ချက်ချင်း ပျက်သကဲ့သို့ငှင်း၊ ထို့အတူ ဖြစ်ပြီးသည်နှင့် တပြိုင်နက် စိတ် စေတသိက် ဟူသော နာမ်တရားတို့သည် ချက်ချင်း ပျက်ကြ၏။ စိတ်ပေါင်း တဆယ့်ခုနစ်ချက် ပျက်လျှင် ရုပ်တရားတို့က တကြိမ်ပျက်၏။ တဆယ့်ခုနစ်ချက် ဆိုသော်လည်း ကြာသည်မဟုတ်၊ လက်ဖြောက်တချက်တီးခန့် ကာလ၌ ကုဋေ သိန်းပေါင်းများစွာ ဖြစ်ကြ ပျက်ကြသည်။ ထို့ကြောင့် ရုပ်နာမ် သင်္ခါရ ဟူသမျှတို့ မမြဲသော အနိစ္စတို့သာ ဖြစ်ကြလေသည်။

**သုခ မဟုတ် ဒုက္ခ။** ။ဤ ရုပ် နာမ် ခန္ဓာတို့သည် အမြဲ ပျက်နေရသောကြောင့်(အမြဲသေနေရသကဲ့သို့) ဒုက္ခသာတည်း။ ပျက်ပြီး၍ နောက်ထပ် မဖြစ်ရလျှင် ငြိမ်း၏။ ယခုသော် နောက်ထပ်မဖြစ်ပဲ မနေရ၊ အကြောင်းအားလျော်စွာ ဖြစ်ရပြန်၏။ ဖြစ်လျှင်လည်း ပျက်ရပြန်၏။ ဤသို့ အငြိမ်မနေနိုင်ပဲ အဖြစ်အပျက်ဒဏ်ကို ခံနေရသောကြောင့် ရုပ်နာမ်အားလုံးပင် ဒုက္ခချည်းသာ ဖြစ်ကြလေသည်။ ထို့ပြင် ဓမ္မစကြာ၌ လာသည့်အတိုင်း အမိဝမ်းခေါင်း၌ ၁၀-လ ကြာအောင် ပင့်သန္ဓေ နေရသော ဇာတိဒုက္ခ၊ အိုရသော ဇရာဒုက္ခ၊ မကျန်းမမာ ဖျားနာရသော ဗျာဓိဒုက္ခ၊ သေခါနီး၌ ဆင်းရဲရသော မရဏဒုက္ခတို့ အပြင်

www.dhammaransi.com



ချစ်သူနှင့် ကွဲရခြင်းကြောင့်ဖြစ်သော (ပိယဝိပ္ပယောဂ)ဒုက္ခ၊ မုန်းသူနှင့် အတူနေရခြင်း ဟူသော (အပ္ပိယသမ္ပယောဂ)ဒုက္ခ၊ လိုချင်တာကို မရခြင်းကြောင့်ဖြစ်သော ဒုက္ခ-ဤသို့ ဆင်းရဲ ဟူသမျှသည် ဤခန္ဓာကိုယ်၌ ဖြစ်ရသောကြောင့် တကိုယ်လုံး ဒုက္ခတုံးကြီးပါတကား။

**ရုပ် နာမ် ခန္ဓာ၊** ။ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော(မြေ ရေ မီး လေ)ဟူသော အထည်ကိုယ် အမာခံရုပ်ကြီး ၄-ပါး နှင့် ဝဏ္ဏ(အဆင်း)၊ ဂန္ဓ(အနံ့)၊ ရသ(အရသာ)၊ ဩဇာ (အစာ အာဟာရတို့၌ ပါသော အဆီ အနှစ်) ဤ ရုပ်ရှစ်ပါး အနည်းဆုံး စုမိမှ ကလာပ် (ရုပ်အစု) တခု ဖြစ်၏။ ဤကဲ့သို့ ရုပ်ကလာပ်တို့သည် ခန္ဓာကိုယ်၌ မရေမတွက်နိုင်အောင် များ၏။

လောဘ ဒေါသ မောဟ မာန (အထင်ကြီးမှု)၊ ဣဿာ (မနာလိုမှု)၊ မစ္ဆရိယ (ဝန်တိုမှု)၊ ဒိဋ္ဌိ(အယူမှားမှု)၊ ဝိစိကိစ္ဆာ(ယုံမှား သံသယဖြစ်မှု) စသော မကောင်းသော စေတသိက်များနှင့် အတူတွဲ၍ ဖြစ်သောစိတ်ကို အကုသိုလ်စိတ်ဟု ခေါ်၏။ အလောဘ၊ အဒေါသ၊ အမောဟ၊ သဒ္ဓါ၊ ပညာ၊ သတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ (သူ ချမ်းသာသည်ကို ဝမ်းမြောက်မှု) စသော စေတသိက်များနှင့် တွဲဘက်၍ဖြစ်သော စိတ်ကို ကုသိုလ်စိတ်ဟု ခေါ်၏။

ထိုထိုကိစ္စ၌ အားထုတ်သော ဝီရိယ၊ အာရုံတခုပေါ်၌ အတော်ကြာအောင် တည်ငြိမ်နေသော သမာဓိသည် အကုသိုလ်ဘက်၌လည်း ပါ၏။ ကုသိုလ်ဘက်၌လည်း ပါ၏။ ဝိပါက်စိတ်တို့သည် ကုသိုလ် အကုသိုလ်ကံ၏ အကျိုးတရားတို့သာ ဖြစ်ကြ၏။ ကြိယာစိတ်တို့လည်း များသောအားဖြင့် ရဟန္တာ သန္တာန်၌သာ ဖြစ်နိုင်ကြ၏။ ယို စိတ် စေတသိက် အားလုံးကို "နာမ်"ဟု ခေါ်၏။ ဤ ရုပ်နာမ် ၂-ရပ် ပေါင်းစပ်နေသည်ကို "ခန္ဓာကိုယ်"ဟု ခေါ်၏။ ထို ခန္ဓာကိုယ်ကိုပင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ ဟု ခေါ်ကြသည်။

မြတ်မူဒွ—၄

www.dhammaransi.com



**အဝိဇ္ဇာနှင့် တဏှာ အရင်းခံ**

ပြအပ်ခဲ့သော နာမ်တရားတို့တွင် အမှန်ကို မသိအောင် ဖုံးကွယ်တတ်သော မောဟကို "အဝိဇ္ဇာ" ဟုခေါ်၏။ အဝိဇ္ဇာက ဖုံးကွယ်၍ထားသောကြောင့် အပြစ်ကို မမြင်နိုင်ပဲ လိုချင်မှု လောဘ ဖြစ်ရ၏။ ထိုလောဘကို "တဏှာ" ဟုလည်း၊ တပ်မက်မှု တဏှာကိုပင် "ရာဂ" ဟုလည်း ခေါ်၏။ ဤ ရုပ်နာမ် ခန္ဓာကိုယ်၏ အရင်းခံသည် အဝိဇ္ဇာနှင့် တဏှာ ပင်တည်း။ ထိုအဝိဇ္ဇာနှင့် တဏှာကြောင့် ရုပ်နာမ် ခန္ဓာကို အပြစ်မမြင်ပဲ လိုချင်နေသည့်အတွက် ထိုထိုကံကို ပြု၍ ဘဝ အဆက်ဆက်၌ ဆက်ကာဆက်ကာ ဖြစ်နေသော ရုပ် နာမ် ခန္ဓာ ဖြစ်ရ၏။ ထိုသို့ တဘဝပြီးတဘဝ ဆက်ကာဆက်ကာ ဖြစ်နေခြင်းကိုပင် "သံသရာလည်ခြင်း" ဟု ခေါ် ရ၏။ သတ္တဝါတယောက်၏ သံသရာသည် အစ မထင်ရှားအောင်ပင် ကြာမြင့်ခဲ့ကြပြီ။

**သံဝေဂဝတ္ထု ရှစ်ပါး**

ရုပ် နာမ် ခန္ဓာ သံသရာသည် အစ မထင်ရှားအောင် ကြာခဲ့ပါသော်လည်း ထို သံသရာအတွင်း၌ ချမ်းသာသုခဖြင့် ကျင်လည်ခဲ့ကြရသည် မဟုတ်ပါ။ လူ့ဘဝ၌ ဖြစ်သောအခါ အမိဝမ်းခေါင်း ကျဉ်းကျဉ်းမြောင်းမြောင်း မှောင်မှောင်မဲမဲထဲ၌ အလွန်သေးငယ်သော ရုပ်နာမ်ခန္ဓာကလေးမှ စ၍ တဖြေးဖြေးကြီးရင့်ကာ ဆယ်လစေ့အောင် အောင်းခဲ့ရ၏။ မီးခင်ရာ သူငယ်ပါသေရေး ရှင်ရေး စိတ် မအေးလောက်အောင် ဖွားမြင်ခဲ့ရ၏။ ဤသို့ "ဇာတိဒုက္ခ" ဟု ခေါ်ရသော ဒုက္ခအမျိုးမျိုးကို ခံစားပြီး၍ ဖွားမြင်ပြီးသောအခါ အိုရခြင်း နာရခြင်း သေရခြင်း ဟူသော ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခတို့နှင့် ရင်ဆိုင်ရပြန်၏။ ထိုဒုက္ခ အမျိုးမျိုးကြောင့် စိတ်ရောကိုယ်ပါ အေးချမ်းစွာ မနေနိုင်ကြ။ ဤသို့ ဒုက္ခအမျိုးမျိုးကို ခံစား၍ သေသောအခါ အများစုက ငရဲ တိရစ္ဆာန် ပြိတ္တာဘဝ၌ သာ၍ ဆိုးဝါးသော ဒုက္ခကို ခံကြရ၏။

ဤနည်းအားဖြင့် အတိတ်ဘဝများစွာ သံသရာကလည်း ဒုက္ခမျိုးစုံကို အဖုံဖုံဖြင့် ကျင်လည်ခဲ့ရ၏။ အရိယာ မဖြစ်သေးသမျှ နောက်နောက် ဘဝများစွာ သံသရာ၌လည်း ဒုက္ခမျိုးစုံဖြင့် ကျင်လည်ရဦးမည်သာ။ ထို

www.dhammaransi.com



ဒုက္ခအမျိုးမျိုးမှ လွတ်ခွင့်ရတုန်း အခိုက်မှာလည်း စားဝတ်နေရေးအတွက် အစာရှာဖွေရသော ဒုက္ခတို့လည်း နည်းနည်းမဟုတ်ပါ။ နေ့စဉ် တွေ့နေရသော ဒုက္ခပင်ဖြစ်၏။ အစာရှာယင်းပင် မင်းပြစ်စသော အပြစ်ကြောင့် အလွန်ကြောက်ဖွယ် ကောင်းသော ဒုက္ခကို ခံရသေး၏။ ထို့ကြောင့် ဤပြခဲ့သော ဒုက္ခရှစ်ပါးကို သံသရာဝဋ် ငြီးငွေ့သော သံဝေဂဉာဏ် ဖြစ်ဘို့ရန် "သံဝေဂဝတ္ထုရှစ်ပါး"ဟု ဘုရားဟောတော်မူပါသည်။

[ဆောင်] အမိဝမ်းခေါင်း၊ ဆယ်လညှောင်းမျှ၊ အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်၊ လူ့ ပြေ လူ့ရွာ၊ ရောက်ပြန်ပါလည်း၊အို နာ သေရေး၊ဒုက္ခဘေးကြောင့်၊ စိတ်အေး ကိုယ်ခိုင်၊ မနေနိုင်ခဲ့။ ဆိုင်ဆိုင် ဒုက္ခ၊ ခံပြီးမှလည်း၊ များလှ ပါယ်ရွာ၊ ရောက်ကြရာ၏။

အတိတ်ရှေး၊ ဤဝဋ်ဘေးနှင့်၊နောင်ရေး နံဂတ်၊ ဒုက္ခထပ်လိမ့်။မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊ အစာရှာရ၊ထိုဒုက္ခကြောင့်၊ နေ့ည မဟူ၊ ကိုယ်စိတ်ပူ၍၊သူသူ ငါငါ၊ မသက်သာသည်....ရှစ်ဖြာသံဝေ ရကြောင်းတည်း။

## တဆယ့်တသီး မီးတွေလောင်လို့

လူသတ္တဝါတို့၌ တဆယ့်တသီး မီးတွေလောင်နေ၏။ မီးတဆယ့်တပါးတား-ဇာတိမီး (ပဋိသန္ဓေနေရခြင်း)၊ ဇရာမီး (အိုရခြင်း)၊ မရဏမီး (သေခါနီး ဒုက္ခခံရခြင်း)။

ရာဂမီး (တဏှာရာဂဖြင့် တပ်မက်ခင်မင် လိုချင်မီး)၊ ဒေါသမီး(စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ စိတ်ကောက်ခြင်း၊ စိတ်ဆင်းရဲခြင်း)၊ မောဟမီး (အကြောင်း အကျိုး မသိနိုင်အောင် ဖုံးလွှမ်းခြင်း)။

ဤ မောဟမီးကြောင့် ရာဂဖြင့် လိုချင်တာကို မရသောအခါ အပြစ်ကို မမြင်တော့ပဲ မိဘ ဆရာ စသည်တို့အပေါ်ဝယ် သာ၍သာ၍ ဒေါသဖြစ်ရုံမက၊ ကိုယ့်အသက်ကိုပင် ဖျက်ဆီးသည်အထိ ဒုက္ခဖြစ်ရသည်။

သောကမီး။ ။အချစ်ရာဂအလျောက် အိမ်ထောင်ကျသော အခါ၌တား-သားကိစ္စ၊ သမီးကိစ္စ၊ ဆွေ့ကိစ္စ၊ မျိုးကိစ္စတို့ကြောင့် ဝမ်းနည်းရခြင်းဟူသော သောကမီး လောင်ပြန်၏။

www.dhammaransi.com



ပရိဒေဝမီး။ ။ဝမ်းနည်းရှုံတွင်မက ငိုကြွေးရခြင်း ဟူသော ပရိဒေဝမီးလည်း လောင်ပြန်၏။

ဒုက္ခ ဒေါမနဿမီး။ ။ကိုယ်ဆင်းရဲခြင်း ဟူသော ဒုက္ခမီး၊ စိတ်ဆင်းရဲရခြင်း ဟူသော ဒေါမနဿမီးတို့လည်း လောင်ပြန်၏။

ဥပါယာသမီး။ ။ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုက လွန်ကဲသောအခါ အသက်ကိုမျှ မရှူနိုင်အောင် တက်သွားအောင် ပူပန်ရခြင်းဟူသော ဥပါယာသမီးလည်း လောင်ပြန်၏။ ဤ တဆယ့်တသီး မီးတို့ကား လူ့ဘဝတို့၌ သူသူငါငါကို လောင်၍နေပါသည်။

[ဆောင်] သူသူငါငါ၊ ဖြစ်လေရာဝယ်၊ ဦးစွာ ကြိုဆီး၊ ဇာတိ မီးက၊ အပြီးပုံသေ၊ လောင်မြိုက်လေ၏။ မသေ တသီး၊ ရာဂမီးလည်း၊ အပြီးနောက်မှာ၊ ကပ်လျက်ပါ၏။ မကွာစေရ၊ မရဏာဟု၊ တဘဝဖျက်ဆီး၊ လောင်သည့်မီးလည်း၊ ငြီးငြီးပြောင်ပြောင်၊ အမြဲလောင်၏။ လောင်ပုံလောင်အား၊ မထင်ရှားလည်း၊ နူထွားပျို့မျစ်၊ အရွယ်ဖြစ်သော်၊ အချစ်ရာဂ၊ မီးတွေထ၍၊ ဒေါသထန်ပြင်း၊ မောဟညှဉ်း၏။

မကင်းနိုင်အောင်၊ ထို့နောက် နောင်လည်း၊ တောက်လောင်ဖိစီး၊ သောကမီးကြောင့်၊ ဝမ်းနည်းဘွယ်တွေ၊ အထွေထွေနှင့်၊ ပရိဒေဝ၊ ငိုကြွေးကြလျက်၊ ဒုက္ခလည်းထပ်၊ ဒေါမနဿ်နှင့်၊ ဆက်စပ်မကွာ၊ ဥပါယာသ၊ လွန်ပြင်းပြလျက်၊ သက်မျှမရှူ၊ တက်အောင်ပူသည်၊ ဆူဆူမီးတောက် ဆယ့်တစ်တည်း။

**ကမ္ဗဋ္ဌာန်းမှန်သမျှ အဝိဇ္ဇာနှင့် တဏှာ ကုန်ဘို့သာ။** ။အဝိဇ္ဇာနှင့်တဏှာကြောင့် သံသရာဝယ် ဒုက္ခအမျိုးမျိုးဖြင့် ကျင်လည်နေရပုံကို သိသောအခါ ထိုအဝိဇ္ဇာနှင့် တဏှာကုန်အောင် ကြိုးစားရသောနည်းကို ရှာကြရ၏။ ထိုနည်းကို ဘုရားတဆူ ပွင့်တော်မူမှသာ ဘုရားဟောတော်မူ၍ သိကြရ၏။ သမုဒ္ဒရာသို့ဝင်ဘို့ရန် ဆိပ်ကမ်းများစွာရှိသကဲ့သို့ သံသရာ၏တဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ဝင်ဘို့ရန်လည်း ကမ္ဗဋ္ဌာန်းတည်းဟူသော ဆိပ်ကမ်းတွေ အများအပြားပင် ရှိ၏။ ထိုကမ္ဗဋ္ဌာန်းကို အားထုတ်ယင်းပင် အဝိဇ္ဇာ တဏှာတို့ နည်းရှိနည်း၍ လာမှသာ ထို ကမ္ဗဋ္ဌာန်း လမ်းစဉ်သည် မှန်သောလမ်း

www.dhammaransi.com



**စဉ်** ဖြစ်၏။ ကမ္မဋ္ဌာန်း အားထုတ်သော်လည်း အဝိဇ္ဇာနှင့် တဏှာ မနည်းလျှင် ကမ္မဋ္ဌာန်းသော်လည်း မှားနေလိမ့်မည်၊ သို့မဟုတ် မိမိက သော်လည်း အဝိဇ္ဇာနှင့်တဏှာ နည်းလိုသောဆန္ဒ မရှိသောကြောင့် ဖြစ်လိမ့်မည်။ ကမ္မဋ္ဌာန်းနည်း မှန်၍ မိမိဆန္ဒက အဝိဇ္ဇာနှင့်တဏှာကုန်စေလိုလျှင်ကား ကမ္မဋ္ဌာန်း ဟူသမျှသည် အဝိဇ္ဇာ တဏှာ နည်းပါးရာမှ တစတစ ကုန်ဘို့သာ ဖြစ်သည်။ ထို့ကြောင့် ဤအချက်လည်း ကမ္မဋ္ဌာန်း အားထုတ်ယင်း တဏှာ နည်း-မနည်းကို ကြည့်ရှုရန် တရားကြေးမုံ ထောက်မှန်ကြီး ဖြစ်သည်ဟု မှတ်ပါ။

**ကာယဂတာသတိ ကမ္မဋ္ဌာန်း။** ။"ရဟန်းသည် မိမိ၏ ကိုယ်ကာယကို အဖန်ဖန်ရှု၍သော်လည်း နေရ၏"ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။ ထိုသို့ ဟောတော်မူသည့် အတိုင်း ကိုယ်ကာယကို ရှုရာ၌ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ စသော "ကာယဂတာသတိ"ဟုလည်း ခေါ်ဒေ့ပ်သော ကမ္မဋ္ဌာန်းသည် တပါး အပါအဝင် ဖြစ်၏။ အရှင် အာနန္ဒာသည် ရဟန္တာ ဖြစ်ခါနီး၌ ကြွသွားယင်း ကာယဂတာသတိကို နှလုံးသွင်းတော်မူ၏။ ခေမာထေရီ အလောင်း ဖြစ်သော မိဖုရားကိုလည်း "သတိ ကာယဂတာ တျတ္ထု-အသင့်အား ကိုယ်ကာယ ဖြစ်သော သတိကို ဖြစ်စေလော့"ဟု ဗုဒ္ဓမြတ်စွာ တိုက်တွန်းတော်မူ၏။

**မထေရ်-၂ပါး တရားရပုံ** မလယာ အရပ်၌ နေသော မဟာဒေဝထေရ်၏ ကေသာ လောမာ ရွတ်၍ အထံ၌ ကမ္မဋ္ဌာန်းတောင်းလာသော မထေရ် ၂-ပါးတို့သည် နိကာယ် ၂-ရပ် ၃-ရပ်ကိုတတ်ကျွမ်းသူများ ဖြစ်ကြ၏။ သို့သော် ကမ္မဋ္ဌာန်း ဆရာတော်သည် ထိုနိကာယ်ဆောင် မထေရ် ၂-ပါးအား "ကေသာ လောမာ နခါ ဒန္တာ တစော" စသော ကောဋ္ဌာသကမ္မဋ္ဌာန်းကို ၄-လ ပတ်လုံး ရွတ်အံ၍ နေကြရန် ပေးတော်မူ၏။ ထိုအခါ ၂-ပါးသည် ဆရာညွှန်ပြသည့်အတိုင်း ၄-လပတ်လုံး "ကေသာ လောမာ နခါ ဒန္တာ

www.dhammaransi.com



တစေ၁" စသောအားဖြင့် ရွက်အံနေစဉ်ပင် ၃၂-ပါးသော ကောဋ္ဌာသတို့ကို အလှန် ထင်မြင်လာရကား သောတာပန် ဖြစ်ကြပါသည်။ ဤမျှလောက် ထင်ရှားသော ရှေးသူတော်ကောင်းများ အသုံးပြုလေ့ရှိသော မြန်မာနိုင်ငံ၌ ရှေးခေတ်က ဘုန်းတော်ကြီး ကျောင်းများ၀ယ် သင်ပြလေ့ရှိသော "ကာယဂတာသတိ"ဟုလည်း ခေါ်အပ်သော ဤကောဋ္ဌာသ ဓမ္မဋ္ဌာန်းကို တစေ၁ တိုင်အောင် အကျယ်ပြပါမည်။

ဆံပင်။ ။ဦးခေါင်း အသက်၌ အရေအတွက် များစွာသော ဆံပင်တို့သည် အဆင်းအားဖြင့်၎င်း၊ ပုံသဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ ပေါက်ရာအရပ်အားဖြင့်၎င်း၊ အကြောင်းအားဖြင့်၎င်း၊ မတင့်တယ်ကုန်၊ စက်ဆုပ်ဘွယ် ကောင်းကုန်၏။ ရွံရှာဘွယ် ကောင်းကုန်၏။ ဤ ဆံပင်တို့သည် ငါမဟုတ်၊ သူမဟုတ်။ ငါ့ဥစ္စာလဲမဟုတ်၊ သူ့ဥစ္စာလဲမဟုတ်၊ အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ် အစုသာ ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တတို့သာ ဖြစ်ကြသည်တကား။

မွေးညှင်း။ ။တကိုယ်လုံး၌ အနှံ့ပေါက် နေသော များစွာသော မွေးညှင်းတို့သည် အဆင်းအားဖြင့်၎င်း၊ ပုံသဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ ပေါက်ရာ အရပ် အားဖြင့်၎င်း၊ အကြောင်းအားဖြင့်၎င်း မတင့်တယ်ကုန်၊ စက်ဆုပ်ဘွယ် ကောင်းကုန်၏။ ရွံရှာဘွယ် ကောင်းကုန်၏။ ဤမွေးညှင်းတို့သည် ငါမဟုတ်၊ သူမဟုတ်။ ငါ့ဥစ္စာလဲ မဟုတ်။ သူ့ဥစ္စာလဲ မဟုတ်။ အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ်အစုသာ ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တတို့သာ ဖြစ်ကြသည်တကား။

ခြေသည်းလက်သည်း။ ။လက်ဖျား ခြေဖျားတို့၌ နှစ်ဆယ်သော လက်သည်း ခြေသည်းတို့သည် အဆင်းအားဖြင့်၎င်း၊ ပုံသဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ ပေါက်ရာ အရပ်အားဖြင့်၎င်း၊ အကြောင်းအားဖြင့်၎င်း၊ မတင့်တယ်ကုန်၊စက်ဆုပ်ဘွယ် ကောင်း

www.dhammaransi.com



ကုန်၏။ ရှိရှာဘွယ် ကောင်းကုန်၏။ ဤ ခြေသည်း လက်သည်း တို့သည် ငါမဟုတ်။ သူမဟုတ်။ ငါ့ဥစ္စာလဲ မဟုတ်။ သူ့ ဥစ္စာလဲ မဟုတ်။အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော ပထဝီဓာတ်လွန်ကဲသော ရုပ်ကလာပ်အစုသာ ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တတို့သာ ဖြစ်ကြ သည် တကား။

**သွား။** ။သွားဖုံး၌ ပေါက်သော သုံးဆယ့်နှစ်ချောင်းသော သွား အပေါင်းတို့သည် အဆင်းအားဖြင့်၎င်း၊ ပုံသဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ ပေါက်ရာအရပ် အားဖြင့်၎င်း၊ အကြောင်း အားဖြင့်၎င်း။ မတင့်တယ်ကုန်၊ စက်ဆုပ်ဘွယ် ကောင်းကုန်၏။ ရှိရှာဘွယ်ကောင်းကုန်၏။ ဤ သွားအပေါင်းတို့သည်ငါမဟုတ်။ သူမဟုတ်။ ငါ့ဥစ္စာလဲမဟုတ်။ သူ့ဥစ္စာလဲ မဟုတ်။ အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ်အစုသာ ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တတို့သာ ဖြစ်ကြသည်တကား။

**အရေ။** ။တကိုယ်လုံးဝယ် အသား၏ အပေါ်၌ တည်နေသော အရေထူ အရေပါး အားဖြင့် နှစ်မျိုး ပြားသော အရေသည် အဆင်းအားဖြင့်၎င်း၊ ပုံသဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ ဖြစ်ရာအရပ်အားဖြင့်၎င်း၊ အကြောင်းအားဖြင့်၎င်း၊ မတင့်တယ်၊ စက်ဆုပ်ဘွယ် ကောင်း၏။ ရှိရှာဘွယ် ကောင်း၏။ ဤ အရေ သည် ငါမဟုတ်။ သူမဟုတ်။ ငါ့ဥစ္စာလဲ မဟုတ်။ သူ့ဥစ္စာလဲမဟုတ်။ အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ် အစုသာ ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တတို့သာ ဖြစ်ကြ သည် တကား။

## အဓိပ္ပါယ် ရှင်းလင်းချက်

**တစပဉ္စက ကမ္မဋ္ဌာန်း။** ။ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊အရေ၊ ဤငါးပါးကို "တစပဉ္စက" ဟု ခေါ်၏။ [တစ-အရေအားဖြင့်+ပဉ္စက-ငါးခုအပေါင်း။] ဤငါးပါးကိုပင် ဤစာ၌ ရေးပြသည့်အတိုင်း နှုတ်တက်ရအောင် ကျက်၍ ကမ္မဋ္ဌာန်း

www.dhammaransi.com



ဒအားထုတ်ချိန်၌၊ သို့မဟုတ် အခွင့်ရသည့် အချိန်တိုင်း၌ ဖြေးဖြေး စဉ်းစား၍ ရွတ်ဆိုနေပါလျှင် "တစပဉ္စက ကမ္မဋ္ဌာန်း"ကို အားထုတ်ရာ ရောက်သောကြောင့် အဆင်းစသော အားဖြင့် ဆံပင် စသည်တို့၏ စက်ဆုပ်ဘွယ်ကောင်းပုံကို ရှင်းပြပါမည်။

**ဆံပင်၌ စက်ဆုပ်ဘွယ်။** ။ဆံပင်တို့သည် အဆင်းအားဖြင့် မည်းနက်သော အဆင်း ရှိကုန်၏။ ပုံသဏ္ဌာန်အားဖြင့် ရှည်၍လုံးသော ပုံသဏ္ဌာန် ရှိကုန်၏။ ထိရလျှင် ကြမ်းသောကြောင့် စက်ဆုပ်ဘွယ်ကောင်းကုန်၏။ အနံ့အားဖြင့် ဆီလိမ်းမှု စသည်ကို မပြုပဲ ပင်ကိုယ်အတိုင်း ဖြစ်လျှင် အလွန် စက်ဆုပ်ဘွယ် ကောင်းကုန်၏။ မီး၌ ထည့်၍ အနံ့ခံလျှင် သာ၍ စက်ဆုပ်ဘွယ် ကောင်းသေး၏။ ဆံပင်တို့သည် သလိပ်၊ သည်းခြေ၊ သွေး၊ ပြည်၊ ကျင်ကြီး ကျင်ငယ် တို့ကြောင့် ပေါက်လာကြရ၏။ ဤသို့ ပေါက်လာခြင်း၏ အကြောင်းအားဖြင့်လည်း ရွံရှာဘွယ်ကောင်းကုန်၏။ ဤဆံပင်တို့သည် မစင်ပေါ်၌ ပေါက်လာသော မှိုကဲ့သို့ သုံးဆယ့်တပါးသော ကောဋ္ဌာသ အစုအပုံပေါ်ပယ် ထိပ်ဆုံးကျသော ဦးခေါင်းပေါ်၌ ပေါက်ကြရ၏။ ထို့ကြောင့် ပေါက်ရာအရပ်အားဖြင့် စက်ဆုပ်ဘွယ်ကောင်းကုန်၏။

ဤသို့လျှင် ဆံပင်တို့သည် အဆင်း၊ ပုံသဏ္ဌာန်၊ အနံ့၊ ဖြစ်ရခြင်း၏ အကြောင်း၊ ဖြစ်ရာအရပ်၊ ဤသို့ ငါးပါးသော အပြားအားဖြင့် စက်ဆုပ် ရွံရှာဘွယ်ကောင်းပုံကို ဉာဏ်၌ထင်အောင် ဆင်ခြင်ကြည့်ရှုရသည်။ ဆံပင် တို့သည် ရုပ်ကလာပ် အစုအဝေးသာ ဖြစ်၏။ ထို ရုပ်ကလာပ်တွင်လည်း ပထဝီဓာတ်၏ သတ္တိလွန်ကဲမှုကြောင့် မာသော ကြမ်းသော အတွေ့ကို တွေ့ရ၏။ ရုပ်ကလာပ် အစုအဝေးသာ ဖြစ်သောကြောင့် "ငါဟုရင်း၊ သူဟုရင်း" ခေါ်ဆိုဘို့ရာ အတ္တမဟုတ်။ ဆံပင်အတွင်း၌ အတ္တလည်း မရှိ။ ထို့ကြောင့် အနတ္တ ဖြစ်၏။ အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော ရုပ်ကလာပ် အစုသာ ဖြစ်သောကြောင့် အနိစ္စ ဒုက္ခ တို့သာ ဖြစ်လေသည်။ ဤ အချက်ကို ဝိပဿနာဉာဏ် တည်းဟူသော မှန်အပြင်တွင် ထင်မြင်လာ အောင် ဆင်ခြင်ရပါသည်။

www.dhammaransi.com



**မွေးညှင်းစသည်။** ။မွေးညှင်းစသော ၆လးပါးတို့၌လည်း အဆင်းအား ဖြင့် စက်ဆုပ်ဘွယ်ကောင်းပုံ၊ ပုံသဏ္ဌာန် အားဖြင့် စက်ဆုပ်ဘွယ်ကောင်းပုံ၊ အနံ့အားဖြင့် စက်ဆုပ်ဘွယ်ကောင်းပုံ၊ သလိပ် သည်းခြေ သွေး ပြည် ကျင်ကြီး ကျင်ငယ် တို့ကြောင့် ဖြစ်ရကား အကြောင်းအားဖြင့် စက်ဆုပ်ဘွယ်ကောင်းပုံ၊ ဖြစ်ရာဒေသ အားဖြင့် စက်ဆုပ်ဘွယ်ကောင်းပုံတို့ကို ဉာဏ်ဖြင့် ဆင်ခြင်၍ ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ်သာ ဖြစ်ပုံကို၎င်း၊ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ မဟုတ်ပုံကို ၎င်း၊ ရုပ်ကလာပ်အစုအဝေးသာဖြစ်၍ ထိုရုပ်ကလာပ်တွင် ပထဝီဓာတ်၏ သတ္တိလွန်ကဲပုံကို၎င်း၊ ဝိပဿနာဉာဏ် တည်းဟူသော မှန်ဝယ် ရှင်းရှင်း လင်းလင်း ထင်မြင်အောင် ဆင်ခြင်ရ ကြည့်ရှုရပါသည်။

[ဆောင်] ငါ၏ကိုယ်မှာ၊ နံ့သာမွေးကြိုင်၊ မြခိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတထွေ၊ အရေတမျိုး၊ ညှီနံ့ဆိုးသည်၊ အသိုးအပုပ် ချည်းပါတကား။

**ဓာတ်ကြီး ၄-ပါးသဘော။** ။မည်သူမျှ ပြုပြင်ပြောင်းလဲ၍ မရပဲ သူ့ သဘောအတိုင်း ဖြစ်နေသည်ကို ပါဠိလို "ဓာတု" မြန်မာလို "ဓာတ်"ဟု ခေါ်၏။ (အတ္တနော သဘာဝံ၊ မိမိ သဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ် မည်၏။) ထိုဓာတ်သည် ပါဠိလို "ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော" ဟု ၄-မျိုးရှိ၏။ မြန်မာလို "မြေ၊ ရေ၊ မီး၊ လေ"ဟု ခေါ်၏။ ထို ၄-ပါး တွင်—

**ပထဝီ(မြေ)။** ။ပကတိ မြေကြီးသည် အမာခံဖြစ်သကဲ့သို့ ပထဝီဓာတ် ဟူသော မြေလည်း ကက္ခဠ (ခိုင်ခြင်း မာခြင်း) သဘော ရှိ၏။

**အာပေါ(ရေ)။** ။ပကတိ ရေသည် မှုန့်မှုန့် မြေမှုန့် စသည်ကို ဖွဲ့စည်း သကဲ့သို့၊ အာပေါဓာတ်ဟူသော ရေလည်း အတူဖြစ်သော ရုပ် ခုနစ် ပါးကို ကျဲ၍ မနေအောင် စုစည်းခြင်း သဘောရှိ၏။ ထိုအာပေါ

ဓာတ်သည် လွန်ကဲများလာသောအခါ အရေသဘောဖြစ်၍ ယိုခြင်း စီးသွားခြင်း သဘောရှိ၏။

**တေဇော(မီး)။** ။ပကတိမီးသည် ပူသကဲ့သို့၊ ကြေကျက်စေ သကဲ့သို့၊ ဆန်ကို ထမင်းဖြစ်အောင် နူးညံ့စေသကဲ့သို့၊ တေဇောဓာတ် ဟူသော မီးလည်း အပူသဘောဖြစ်၏။ ရင့်ကျက်စေ၏။ နူးညံ့စေ၏။ (သီတ တေဇော၌ အအေးငွေ့လည်းဖြစ်၏။)

[“သီတုဏှတ္တတု သမညာတာ တေဇောဓာတု”—သင်္ဂဟ။]

**ဝါယော (လေ)။** ။ပကတိလေသည် ပင့်မြှောက်နိုင်၊ ယိမ်းယိုင်သွားအောင် လှုပ်စေနိုင်သကဲ့သို့၊ ဝါယောဓာတ်ဟူသော လေလည်း အတူဖြစ်ဘက် ရုပ်တို့ကို ကျဲ၍မနေစေပဲ ပူးကပ် ကျပ်နေအောင် တွန်းပေးတတ်၏၊ ထို ဝါယောဓာတ်၏ အစွမ်းကြောင့် တရံတခါ ရုပ်တို့သည် နေရာရွေ့၍ ဖြစ်ကြရ၏။ ဤသို့ ဓာတ်ကြီး ၄-ပါးသည် မိမိသဘောအတိုင်းသာ ဖြစ်ကြ၏။ မိမိသဘောကို ဖြစ်တိုင်း ဖြစ်တိုင်း ဆောင်နေကြသည်။

[**ဆောင်**] မာခြင်းခိုင်ခြင်း၊ သဘောရင်းကို၊ ခေါ်လျှင်းမသွေ၊ပထဝီမြေဘည်း။
ရေဟုခေါ်အပ်၊ အာပေါဓာတ်မှာ၊ ဖွဲ့စပ်စေလတ်၊ စီးစေတတ်၏။
မီးဓာတ်သဘော၊ ရုပ်တေဇောမူ၊ လောင်သောအနေ၊ ကြေကျက်စေ၏။ တထွေဝါယော၊ လေသဘောကား၊ ပင့်သော မြှောက်သော။
ထောက်ကန်သောဟု၊ ပြောတိုင်းမှန်၏၊ ပြောင်းမလှည့်သည်....မြဲဘိ၊ ဓာတ်ကြီး သဘောတည်း။

၂-ပါးစီ သဘောတူ။ ။ပထဝီနှင့်အာပေါ (မြေနှင့်ရေ) ၂-ပါးသည် အလေးဓာတ်ဖြစ်၍ သဘောတူ၏။ တေဇောနှင့် ဝါယော (မီးနှင့်လေ) ၂-ပါးသည် အပေါ့ဓာတ်ဖြစ်၍ သဘောတူ၏။

မြေနှင့်ရေ၊ မိတ်ဆွေတော်ကြ၊ သဘာဂ။
မီးနှင့်လေ၊ မိတ်ဆွေတော်ကြ၊ သဘာဂ။

www.dhammaransi.com



**အထည်ကိုယ်နှင့် အမှန်းတင်။** ။အပြင် ဩဠာရိကလောက၌ ပထဝီ(မြေ) ဓာတ်၊ အာပေါ(ရေ)ဓာတ်၊ ဝါယော(လေ)ဓာတ်၊ တေဇော(မီး)ဓာတ်၊ ဤဓာတ်ကြီး ၄-ပါးသည် အလွန်ထင်ရှား၍ အထည်ကိုယ် အမာခံရုပ်များ ဖြစ်သကဲ့သို့၊ ထိုအတူ အတွင်း သတ္တလောက (သတ္တဝါ ဟူသမျှ)၌လည်း ဤဓာတ် ၄-ပါးပင် အထည်ကိုယ် အမာခံ ဖြစ်သည်။ ပင်ကိုယ် ရုပ်တခုသည် မျက်စိဖြင့် မမြင်နိုင်လောက်အောင် မှုန်မွှား သေးငယ်၏။ ဓာတ်ကြီး ၄-ပါးအပြင် ဝဏ္ဏ(အဆင်း)ရုပ်၊ ဂန္ဓ(အနံ့)ရုပ်၊ ရသ(အရသာ)ရုပ်၊ ဩဇာ(အဆီအနှစ်) ရုပ်။ ဤ ၄-ပါးသည် မျက်စိဖြင့် မြင်ရ၊ နားဖြင့်၊ ကြားရ၊ နှာခေါင်းဖြင့် မွှေးရ နံရ၊ လျှာဖြင့် အရသာခံရ၊ ခန္ဓာကိုယ်၌ အဆီဩဇာကြောင့် ရုပ်တမျိုးကို ဖြစ်စေရသောကြောင့် ထင်ရှားကြပေ၏။ သို့သော် ဓာတ် ၄-ပါးကဲ့သို့ အမာခံ မဟုတ်ကြ။ ဓာတ်ကြီး ၄-ပါးကို မှီ၍သာ ဖြစ်ရသော အမှန်းတင်ရုပ်များ ဖြစ်ကြသည်။ သူတို့ချည်းသက်သက် မဖြစ်နိုင်ကြ။

**ရုပ်ကလာပ်။** ။"ကလာပ-ကလာပ်"ဟူသောစကားသည် အစုအပေါင်းဟူသော အနက်အဓိပ္ပါယ် ရှိ၏။ ဓာတ်ကြီး ၄-ပါးနှင့် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့သည် ခွဲ၍မရ။ အမြဲတွဲ၍သာ ဖြစ်ကြရ၏။ ထိုပေါင်းစပ်နေသော ရုပ်ရှစ်ပါးကို အဋ္ဌကလာပ်ရုပ် (ရှစ်ခုသော ရုပ်အပေါင်း)ဟုခေါ်၏။ထိုရုပ်ကလာပ်ရှစ်ပါးသည် ကံကြောင့်၊စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့် ဖြစ်ကြရကား ကမ္မဇကလာပ်၊ စိတ္တဇကလာပ်၊ ဥတုဇကလာပ်၊ အာဟာရဇကလာပ်ဟု ရုပ်ကလာပ် ၄-မျိုး ကွဲပြား၏။ [ဥတုဟူသည် တေဇောဓာတ်၊ အာဟာရဟူသည် ဩဇာရုပ်။]

**သတ္တိ လွန်ကဲပုံ။** ။ရုပ်ရှစ်ပါး ပေါင်းနေသော အဋ္ဌကလာပ် ရုပ်သည် စိတ်ကြောင့် ဖြစ်ရသောအခါ စိတ်၏ အလိုအတိုင်း ပထဝီဓာတ် အာပေါဓာတ်တို့၏ အစွမ်းသတ္တိ လွန်ကဲသည်လည်း ရှိ၏။ တေဇော ဝါယောဓာတ်တို့က အစွမ်းသတ္တိ လွန်ကဲသည်လည်း ရှိ၏။ "လွန်ကဲ"ဟူဆို၌ အထည်ကိုယ်၏ ကြီးလာခြင်း မဟုတ်၊ သတ္တိ၏ သာလွန်

www.dhammaransi.com



ခြင်းသာ ဖြစ်၏။ တရံတခါ စိတ်၏ အလိုအတိုင်း ထိုရုပ်ကလာပ်တွင် "ဝိညတ်"ဟု ခေါ်အပ်သော အခြင်းအရာ တမျိုးလည်း ပါဝင်၏။ ထို ဝိညတ်ကြောင့် စိတ်ကသွားလိုလျှင် ရုပ်ကလာပ်သည် ရှေ့သို့တိုး၍ တိုး၍ ဖြစ်ရ၏။ ဤ "ဝိညတ်"ဟု ခေါ်အပ်သော ရုပ်လည်း အကောင်အထည် အထင်အရှား မဟုတ်။ စိတ်၏ ထူးခြားသော အမူအရာ အခြင်းအရာ တမျိုးသာ ဖြစ်သည်။ [ဤမျှလောက် သိပြီးသူမှ နောက်၌ ပြမည့် အဓိပ္ပါယ်ကို နားလည်နိုင်ပါသည်။]

**သွားခြင်းကိုစွဲ၍ သတိနှင့်ဉာဏ်။** ။ပါဠိတော်ဝယ် "ဂတေ သမ္ပဇာနကာရီ– သွားခြင်း ကိုစွဲ၍ (သွားရာအခါ၌) သတိဉာဏ်ကို ပြုလေ့ ရှိ၏"ဟု မိန့်တော်မူ၏။ ထို့ကြောင့် သတိဉာဏ်ဖြစ်ပုံကို ပြပါမည်။ သွားရာအခါ၌ ရပ်နေရာမှ ပဌမခြေလှမ်းကို လှမ်းသောအခါ လှမ်းလိုသောစိတ် ဖြစ်၏။ ထိုစိတ်ဖြစ်သည်နှင့်တပြိုင်နက် စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်လည်း ဖြစ်၏။ ထို စိတ္တဇကလာပ်၌ ရုပ်ပေါင်း ၉-ပါး ပါဝင်၏။ [ပထဝီ အာပေါ တေဇော ဝါယောဟူသော ဓာတ်ကြီး ၄-ပါးနှင့် ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ၄-ပါးအပြင် ကာယဝိညတ် တည်း။] ထိုတွင် ကာယဝိညတ်သည် အတူဖြစ်သော ရုပ်တို့ကို စိတ်အလိုအတိုင်း ဖြစ်အောင် ပံ့ကိုင်ပေးသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် စိတ်က ခြေကို ရှေ့တိုးလိုသောအခါ ဖြစ်သမျှ ရုပ်ကလာပ်တွေသည် ရှေ့တိုးသော အခြင်းအရာအားဖြင့် ဖြစ်ကြရ၏။ စိတ်က ခြေကို မြှောက်လိုသောအခါ မြှောက်သော အခြင်းအရာအားဖြင့် ဖြစ်ကြရ၏။ စိတ်က ခြေကို ချလိုသောအခါ ချသော အခြင်းအရာအားဖြင့် ဖြစ်ကြရသည်။

**ခြေတလှမ်း၌ အဖြစ်အပျက်များ။** ။လက်ဖြောက် တချက်တီး အခါ၌ ကုဋေ သိန်းပေါင်းများစွာ ရုပ်နှင့် စိတ် စေတသိက် ဟူသော နာမ်တရားတို့ ဖြစ်ကြသည်။ ဖြစ်တိုင်းလည်း ချက်ချင်း ပျက်ကြ၏။ ပျက်ပြီးလျှင် ဆက်၍ ဖြစ်ကြ၏။ ဤသို့ အဖြစ်နှင့် အပျက် ဆက်နေသောကြောင့် ပဌမခြေလှမ်းအတွင်း၌ ဖြစ်သမျှ ရုပ်နာမ်

www.dhammaransi.com



တို့သည် ဒုတိယခြေလှမ်းသို့ မရောက်ကြ၊ ပဌမ ခြေလှမ်းအတွင်း၌ပင် ဖြစ်ကြ ပျက်ကြ၏။ ဒုတိယ ခြေလှမ်းအတွင်း၌ ဖြစ်သော ရုပ်နာမ်တို့လည်း တတိယ ခြေလှမ်းသို့ မရောက်ကြ။ ဒုတိယ ခြေလှမ်းအတွင်း၌ပင် ဖြစ်ကြ ပျက်ကြ၏။

**အစိတ်ခြောက်ပါး။** ။ပဌမ ခြေလှမ်းရာ၌ ခြေကို မြှောက်ခြင်း၊ ရှေ့တိုးခြင်း၊ အောက်ချခြင်း၊ ခြေချရာ အရပ်၌ထိခြင်း၊ ထိပြီးနောက် ဖိ၍နင်းခြင်း၊ ဤသို့ အစိတ်ငါးပါး ရှိ၏။ ဒုတိယ ခြေလှမ်းရာ၌ကား ရှေ့တိုးခြင်းကိစ္စ၌ ပဌမ ခြေလှမ်းတိုင်ရုံ တိုးခြင်း၊ ပဌမခြေလှမ်းကို လွန်၍တိုးခြင်းဟု ၂-မျိုး ခွဲရသောကြောင့် အစိတ် ၆-ပါးရှိသည်။

**မြှောက်သောအခါ အစိတ် ၃-ပါး။** ။ထိုအစိတ် ၆-ပါးတွင်လည်းခြေကို မြှောက်စဉ် အပိုင်း၌ များစွာသော စိတ်တွေဖြစ်၍ ထိုစိတ်များစွာကြောင့် နောက်ထပ်ဖြစ်သော ရုပ်တို့သည် မူလနေရာမှ အနည်းငယ် အထက်သို့ ရွေ့၍ ရွေ့၍ ဖြစ်ကြရ၏။ ထိုသို့ အထက်သို့ ရွေ့၍ ရွေ့၍ ဖြစ်ကြသည်ကိုပင် "မြှောက်သောရုပ်တွေ များစွာဖြစ်၏"ဟု ပြောကြရသည်။ ဖြစ်သမျှလည်း အပျက်ချည်းသာ။ ရှေ့တိုးသော အခါ၌လည်း ရှေ့တိုးလိုသော စိတ်တွေ များစွာဖြစ်၍ ဖြစ်သမျှစိတ်ကြောင့် ရှေ့တိုးသောရုပ်တွေ များစွာဖြစ်နေ၏။ ဖြစ်သမျှ လည်း အပျက်ချည်းသာ။ ရှေ့ခြေကို ရှောင်၍ လွန်သောအခါ၌လည်း ရှောင်လိုသောစိတ် လွန်လိုသောစိတ်တွေ များစွာဖြစ်၍ ထိုစိတ်ကြောင့် ရှောင်သောရုပ် လွန်သောရုပ်တွေ များစွာဖြစ်ရ၏။ ဖြစ်သမျှလည်းအပျက် ချည်းသာ။

**ချသောအခါ အစိတ် ၃-ပါး။** ။အောက်ချသော အပိုင်း၌လည်း အောက်ချလိုသော စိတ်တွေ များစွာ ဖြစ်၍ စိတ်ကြောင့်ဖြစ်သော အောက်ချပုံ ရုပ်တွေ များစွာဖြစ်၏။ ဖြစ်သမျှလည်း အပျက်ချည်းသာ။ အောက်ချပြီးနောက် ခြေ၏ ချရာ အရာဝယ် ထိသော အခိုက်၌လည်း ထိလိုသော စိတ်တွေ များစွာဖြစ်၍ထိုစိတ်ကြောင့် ထိသောရုပ်တွေ များစွာဖြစ်ရ၏။ ဖြစ်သမျှလည်း အပျက်ချည်း

www.dhammaransi.com



သာ။ ထိပြီးနောက် ရွှေသို့လှမ်းဘို့ရန် ဖိ၍ နင်းရသေး၏။ ထို ဖိ၍နင်းခိုက်၌လည်း ဖိ၍နင်းလိုသောစိတ်တွေ များစွာဖြစ်၍ ထိုစိတ်ကြောင့် ဖိသောရုပ်တွေ များစွာဖြစ်ရ၏။ ဖြစ်သမျှလည်း အပျက်ချည်းသာ။

**ဝါယောဓာတ် သတ္တိလွန်ကဲပုံ။** ။ထိုသို့ ခြေလှမ်းရာ၌ မြှောက်သောအခါ ဖြစ်သောရုပ်တို့၌ရှင်း၊ ရွှေတိုးသောအခါ ဖြစ်သောရုပ်တို့၌ရှင်း၊ ရွှေခြေကိုလွန်အောင် ရှောင်သောအခါဖြစ်သော ရုပ်တို့၌ရှင်း၊ ကံကြောင့်ဖြစ်သော ရုပ်တွေ၊ စိတ်-ဥတုအာဟာရကြောင့်ဖြစ်သော ရုပ်တွေ များစွာ ပါဝင်ကြ၏။ ထိုရုပ်တို့တွင် စိတ်ကြောင့်ဖြစ်သော ရုပ်တို့၌ စိတ်အလိုအတိုင်း စိတ္တဇ ဝါယောဓာတ်သည် သတ္တိလွန်ကဲလျက်ရှိ၏။ ထိုဝါယောဓာတ်၏ သတ္တိလွန်ကဲမှုကြောင့် နောက်နောက် ဖြစ်သမျှရုပ်တို့သည် ထိုနေရာ၌ ထပ်၍မဖြစ်ပဲ ရွှေ၍ ရွှေ၍ ဖြစ်ကြရသည်။ မသိမသာ ရွှေ၍ ရွှေ၍ ဖြစ်ကြရာဝယ် အဖြစ်များသောအခါ မြှောက်နေပုံ၊ ရွှေတိုးနေပုံကို မြင်ရလေသည်။

**ပထဝီဓာတ် သတ္တိလွန်ကဲပုံ။** ။အောက်ချသောအခါ၌ကား အောက်ချလိုသော စိတ်အစွမ်းကြောင့် ပထဝီဓာတ်၏ သတ္တိလွန်ကဲသော ရုပ်တွေ အောက်ဘက်သို့ ရွှေ၍ ရွှေ၍ ဖြစ်ကြရသည်။ မသိမသာ ရွှေ၍ ရွှေ၍ ဖြစ်ကြရာဝယ် အဖြစ်များသော အခါ အောက်ချပုံ အောက်ထိပုံ ဖိ၍နင်းပုံကိုမြင်ရလေသည်။ [စိတ်၊ ဇစတာသိက်ကြောင့် ဖြစ်သော ရုပ်တို့သည် အထက် မြှောက်လိုက်၊ အောက်ချလိုက်ဖြစ်ရာဝယ် ခန္ဓာကိုယ်၌ အမြဲဖြစ်ပျက်နေသော ကံကြောင့်ဖြစ်သောရုပ်၊ ဥတုကြောင့်ဖြစ်သောရုပ်၊ အာဟာရကြောင့်ဖြစ်သောရုပ်တို့လည်း အတူတွဲ၍ ဖြစ်ကြ ပျက်ကြရလေသည်။]

**နှမ်းအိုးခင်းထက် နှမ်းတွေကျက်သို့။** ။ဤသို့ ရုပ်တွေ ဖြစ်ပျက်နေပုံကို သတိထား၍ ဉာဏ်ဖြင့် စူးစူးစိုက်စိုက် ကြည့်သောအခါ အဖြစ်တွေ မမြင်တော့ပဲ နှမ်းအိုးခင်းထဲ၌ နှမ်းတွေကျက်သကဲ့သို့ အပျက်တွေကိုသာ မြင်ရသောကြောင့် ခန္ဓာကိုယ်၌

www.dhammaransi.com



ရှိသမျှရုပ်တွေကို နှစ်သက်တတ် သာယာတတ်သော တဏှာ နည်းပါးလာ၏။ ထိုသို့ တဏှာနည်းလျှင် ဒေါသ မောဟတို့လည်း တစတစ နည်းပါး၍ အတော်ကြာလျှင် ကုန်ခန်းရလေတော့သည်။

[ဆောင်] အိုအိုလူများ၊ သတိထားလော့!....သွားဆဲကာလ၊ ခါသမယဝယ်၊ ပဌမခြေလှမ်း ရုပ်နာမ်တန်းတို့၊ လှမ်း ဒုတိယ၊ မရောက်ကြဘူး။ ဒုတိယ ခြေလှမ်း၊ ရုပ်နာမ်တန်းလည်း၊ လှမ်း တတိယ၊ မရောက်ကြပင်။
တလှမ်းတွင်လည်း၊ မြှောက်စဉ် တမျိုး၊ ရှေ့တိုး တဖုံ၊ လွန်ပုံတဝ အောက်ချတခင်း၊ ထိခြင်း တလွေ့၊ ဖိနင်းစေအောင်၊ တရွေ့ရွေ့မြန်း၊ အခန်းခန်း၌၊ ခြေလှမ်းပိုင်းခြား၊ အစိတ် ခြောက်ပါးဝယ်၊ သွယ်သွယ်နာမ်တန်း၊ ရုပ်အတန်းတို့၊ နှမ်းအိုးခင်းထက်၊ နှမ်းကြွေကျက်သို့၊ ဖြစ်ပျက်နေရ၊ အနိစ္စသည်....ဒုက္ခ အနတ္တချည်းတည်း။

**စကားပြောခြင်းကိုစွဲ၍ သတိနှင့်ဉာဏ်။** ။စကားပြောခြင်း ကိုစွဲ၍ သတိနှင့် ဉာဏ်ကို အသုံးပြုလေ့ရှိပုံကို ပြပါမည်။ စကားပြောခြင်းဟူသည် (က-ခ)စသော အက္ခရာစာလုံးတွေ ပေါင်း၍ အသံဖြစ်စေခြင်းတည်း။ ဥပမာ-"ယောကျ်ား"ဟု အသံဖြစ်စေရာ၌ (ယ)ဟူသော အက္ခရာ၊ (ဩ) ဟူသော အက္ခရာ၊ (က်) ဟူသော အက္ခရာ၊ ဤစာလုံးတွေ ပေါင်း၍ ရွတ်သောအခါ "ယောက်"ဟု အသံထွက်လာ၏။(က)ဟူသော အက္ခရာ၊ (ယ)ဟူသော အက္ခရာ၊ (အာ) ဟူသော အက္ခရာ၊ ဝိသဇ္ဇနီ နှစ်လုံးအက္ခရာ၊ ဤစာလုံးတွေပေါင်း၍ ရွတ်ဆိုသောအခါ "ကျား"ဟူသော အသံ ထွက်လာ၏။ ဤသို့ စကားပြောသံဟူသမျှကို **အက္ခရာစာလုံး အပေါင်း၏ အသံဟု** မှတ်ပါ။ ထို့ကြောင့် (က)စသော အက္ခရာ အသံတွေ ဖြစ်ရာ၌ (က) ဟူသော အသံတခု ဖြစ်ဘို့ရန် ရုပ် နာမ် သင်္ခါရတွေ များစွာ ဖြစ်ပျက်နေပုံကို ပြပါမည်။ ရှေးဦးစွာ လက်ဖြောက် တချက်တီးခန့် ကာလ၌ ကုဋေ သိန်းပေါင်းများစွာ ရုပ်သင်္ခါရ နာမ်သင်္ခါရတွေ ဖြစ်ပျက်နေသည်ဟု သတိပြုခဲ့ပါ။

**ပထမစိတ်ချင်း ထိခိုက်ပုံ။** ။(က)ဟု အသံပြုသောအခါ ရှေးဦးစွာ အသံပြုလိုသောစိတ် ဖြစ်၏။ ပြုလိုသော

www.dhammaransi.com



စိတ် ဖြစ်သည်နှင့် တပြိုင်နက် ထိုစိတ်ကြောင့်ဖြစ်သော ရုပ်များလည်း ဖြစ်၏။ ခန္ဓာကိုယ်၏ လည်ချောင်း စသော အရပ်၌လည်း ကံကြောင့် ဖြစ်သော ရုပ်တွေ များစွာ ဖြစ်နေ၏၊ စကားပြောလိုသော စိတ်ကြောင့် ဖြစ်ရသောရုပ်တွင် "ဝစီဝိညတ်"ဟု ခေါ်အပ်သော ထူးခြားသော အမှု အရာတမျိုး ပါ၏၊ ထို ဝစီဝိညတ်၏ ပံ့ကိုင်ပေးသကဲ့သို့ ပါဝင်မှုကြောင့် စိတ္တဇရုပ်ကလာပ်နှင့် ကမ္မဇရုပ်ကလာပ်တွင် ပါဝင်သော ပထဝီဓာတ် တို့သည် သတ္တိ လွန်ကဲကုန်၏။ သတ္တိ လွန်ကဲသောကြောင့် လည်ချောင်း အရပ်၌ ပထဝီဓာတ်ချင်း ပွတ်တိုက် ထိခိုက်မိကြ၏။ လက်ဖြောက်တချက် တီးခန့် ကာလအတွင်း၌ ကုဋေ သိန်းပေါင်းများစွာ ဖြစ်ပျက်နေသော ရုပ်ကလာပ်ဝယ် ပထဝီဓာတ်ချင်း အထပ်ထပ် ထိခိုက်သောအခါ "က" ဟူသော အသံတခုသည် ပီပီသသ ပေါ်ထွက်လာ၏။

**မှတ်ချက်၊** ။ကံကြောင့်ဖြစ်သော ပထဝီဓာတ်နှင့် စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်တို့ လည်ချောင်း အရပ်ဝယ် ပွတ်တိုက်ထိခိုက်ရာ၌ တဆက်တည်း ရှိကြသော ဥတုကြောင့်ဖြစ်သော ပထဝီဓာတ် အာဟာရကြောင့် ဖြစ်သော ပထဝီဓာတ်တို့နှင့်လည်း ထိခိုက်မိ သည်သာ။ သို့သော် အသံကောင်းခြင်း မကောင်းခြင်းမှာ ကမ္မဇ ပထဝီဓာတ်သာ လိုရင်းဖြစ်သောကြောင့် ကမ္မဇပထဝီဓာတ်နှင့် စိတ္တဇပထဝီဓာတ်တို့၏ ထိခိုက်ပုံကိုသာ ပြကြပါသည်။

ဤသို့ အသံထွက်လာအောင် ပထဝီဓာတ်ချင်း ထိခိုက်မိရာ၌ ကုဋေ သိန်းပေါင်းများစွာ ထပ်ကာထပ်ကာ ထိခိုက်မိသောကြောင့် ရှေးရှေး ရုပ်တွေ ဖြစ်ပြီးသည်နှင့် တပြိုင်နက် ပျက်ကြပုံ၊ နောက်နောက် ရုပ်တွေ ဖြစ်ကြပုံ၊ ဖြစ်ပြီးသည်နှင့်တပြိုင်နက် ပျက်ကြပုံကို ဉာဏ်ဖြင့် ရှုကြည့်ပါ။ စိတ္တဇပထဝီဓာတ်နှင့် ကမ္မဇပထဝီဓာတ်တို့ ထိခိုက်ကြရာဝယ် ပထဝီ ၂-ပါး ၂-ပါး တစုံသည် သူတို့၏ သဘာဝအတိုင်း ကက္ခဠ (ခက်မာခြင်း) သဘောကိုသာ ဆောင်နေကြသည်။

**အနိစ္စ ဒုက္ခ အနတ္တ။** ။ထို(က)ဟူသော အသံသည် ငါမဟုတ်၊ သူ မဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ဖြစ်ပြီးတိုင်း

www.dhammaransi.com



ပျက်ရသောကြောင့် မမြဲသော အနိစ္စတို့သာ ဖြစ်၏။ ဖြစ်လိုက် ပျက်လိုက်နှင့် ငြိမ်ငြိမ် သက်သက်မရှိပဲ အဖြစ်အပျက် ဒဏ်ကို ခံနေရသော ဒုက္ခတို့သာ ဖြစ်၏။ ရုပ်ခါတ်ချင်း ထိခိုက်မှုမှုတပါး ထိခိုက်အောင် အသံဖြစ်အောင် ပြုပေးနိုင်သော အတ္တ အကောင်အထည် မရှိသောကြောင့် အနတ္တတို့သာ ဖြစ်ကြလေသည်။

[ဆောင်] "က" သံတခု၊ ဖြစ်ပေါ်မှု၌၊ စိတ်ထုဆစ်ဆစ်၊ ရုပ်ထုဖြစ်တို့၊ သစ်သစ်ပေါ်အောင်၊ အတော်ဆောင်၏။ ဆောင်သည့်ရုပ်ခါတ်၊ ထိုကလာပ်တွင်၊ ဝိညတ်စုစုပဲ့ကိုင်မှုဖြင့်၊စိတ်ပြုပထဝီ၊ ကံပထဝီတို့၊ အလီလီအဖန်ဖန်၊ ပွတ်တိုက်ခံမှ၊ "က"သံပီပီ၊ နတ်၌မြည်သည်....ထို ဤ အနိစ္စ၊ မှတ်ကုန်ကြ။ ....ထို ဤ ဒုက္ခ၊ မှတ်ကုန်ကြ။....ထို ဤ အနတ္တ၊ မှတ်ကုန်ကြ။

အမှာ။ ။"ခ"သံတခု,....၊ပေ၊....ထို ဤ အနတ္တ၊ မှတ်ကုန်ကြ။
"ဂ"သံတခု,....၊ပေ၊.... ထို ဤ အနတ္တ၊ မှတ်ကုန်ကြ။
"ဃ"သံတခု,....၊ပေ၊....ထို ဤ အနတ္တ၊ မှတ်ကုန်ကြ။
"င"သံတခု,....၊ပေ၊....ထို ဤ အနတ္တ၊ မှတ်ကုန်ကြ။

ဤအတိုင်း "စ"သံတခု၊ "ဆ" သံတခု စသည်ဖြင့် "အ အာ ဣ ဤ ဥ ဦ ဧ ဩ" တိုင်အောင် ရွတ်ပါ။ ["ယောကျ်ား" ဟု ပြောရာ၌ "ယောက်"သံတခု၊ ဖြစ်ပေါ်မှု၌ စသည်။ "ကျား"သံတခု၊ ဖြစ်ပေါ်မှု၌ စသည်။ ဤသို့လည်း ရွတ်ဆိုနိုင်ပါသည်။ ပထဝီခါတ်ချင်း ထိခိုက်မှုကြောင့် အသံ သဒ္ဒရုပ်တွေ ဖြစ်ရပုံ၊ ဖြစ်တိုင်း ပျက်ပုံကို သိဘို့သာ လိုရင်းဖြစ်ပါသည်။]

နေရာပြောင်း၍ရွရပုံ။ ။(က-ခ) စသော အက္ခရာ ၅-လုံး ဖြစ်ဘို့ရန် လည်ချောင်း အရပ်၌ ပထဝီခါတ်ချင်း ထိခိုက်ပုံကိုရင်း၊ (စ-ဆ) စသော အက္ခရာ ၅-လုံး ဖြစ်ဘို့ရန် အာစောက် အရပ်နှင့် လျှာလယ်အရပ်တို့ ထိခိုက်ကြ သောကြောင့် အာစောက်၌ ရှိသော ကမ္မဇ ပထဝီခါတ်နှင့် လျှာလယ်အရပ်၌ ရှိသော စိတ္တဇပထဝီခါတ်တို့ ထိခိုက်ပုံကိုရင်း၊ (ဋ-ဎ) စသော အက္ခရာ ၅-လုံးတို့ ဖြစ်ဘို့ရန်

www.dhammaransi.com



အာခေါင် ထိပ်ဖုကလေးအရပ်၌ လျှာဖျား၏ အနီးအရပ်တို့ ထိခိုက်ကြသောကြောင့် ထိုအရပ်၌ရှိသော ပထဝီဓာတ်တို့ ထိခိုက်ကြပုံကိုရင်း၊

(တ-ထ) စသော အက္ခရာ ၅-လုံး ဖြစ်ဘို့ရန် သွားရင်းအရပ်နှင့် လျှာဖျားအရပ်တို့ ထိခိုက်ကြသောကြောင့် ထိုအရပ်တို့၌ ရှိသော ပထဝီဓာတ်တို့ ထိခိုက်ပုံကိုရင်း၊ (ပ-မ) စသော အက္ခရာ ၅-လုံး ဖြစ်ဘို့ရန် အထက်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းတို့ ထိခိုက်ရသောကြောင့် ထိုနှုတ်ခမ်းတို့၌ ရှိသော ပထဝီဓာတ်ချင်း ထိခိုက်ပုံကိုရင်း၊ နေရာပြောင်း၍ ရှုမှတ်ရသေးသည်။ (ယ-ရ-လ-ဝ)စသော အက္ခရာတို့ ဖြစ်ပေါ်လာရာ၌လည်း ထိုအက္ခရာတို့ ဖြစ်ရာအရပ်ကို ပြောင်း၍ ရှုမှတ်ရသေး၏။ ဆရာများက နားလည်အောင် ပြောပါ။

## ဆရာများက ပြောရန်

၁။ ကဝဂ် ပဉ္စ၊ အ အာ ဟ၊ အဋ္ဌ လည်ချောင်းမှာ။

၂။ စဝဂ် ပဉ္စ၊ ဣ ဤ ယ၊ အဋ္ဌ အာစောက်မှာ။

၃။ ဋဝဂ် ပဉ္စ၊ ရနှင့်ဠ၊ သတ္တ အာထိပ်မှာ။

၄။ တဝဂ် ပဉ္စ၊ လနှင့်သ၊ သတ္တ သွားရင်းမှာ။

၅။ ပဝဂ် ပဉ္စ၊ ဥ ဦမျှ၊ သတ္တ နှုတ်ခမ်းမှာ။

၆။ အာစောက် လည်ချောင်း၊ ၂-ခုပေါင်း၊ ရွတ်ကြောင်း ဧကိုသာ။

၇။ လည်ချောင်းနှုတ်ခမ်း၊ ၂-ခုပြွမ်း၊ ရွတ်စမ်း ဩကိုသာ။

၈။ သွားနှင့်နှုတ်ခမ်း၊ ၂-ခုပြွမ်း၊ ရွတ်စမ်း ဝကိုသာ။

၉။ နိဂ္ဂဟိတ်သံ၊ နှာခေါင်းဌာန်၊ မှန်မှန်ရွတ်ကြပါ။

**အမ္ဗပါလီလာခြင်း။** ။အမ္ဗပါလီ ပြည့်တန်ဆာမသည် သူ၏ဥယျာဉ်၌ ဗုဒ္ဓမြတ်စွာ ကြွရောက်လာတော် မူကြောင်းကို ကြားရ၍ အခြွေအရံများနှင့်တကွ အကောင်းဆုံးယာဉ်ကိုစီးလျက် စေသာ

www.dhammaransi.com



လီမြို့မှထွက်ပြီးလျှင် သူ၏ ဥယျာဉ်ရှိရာ အရပ်သို့ သွားသည်။ ဗုဒ္ဓထံမှောက်သို့ ရောက်သောအခါ ဟောတော်မူအပ်သော တရားတော်ကို နာယူပြီးလျှင် နက်ဖန်၌ သံဃာတော်များနှင့်အတူ ဆွမ်းဘုဉ်းပေးကြွတော်မူပါရန် ပင့်လျှောက်သည်။ ဗုဒ္ဓမြတ်စွာသည် ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံတော်မူသည်။ ဤသို့ လက်ခံတော်မူကြောင်းကို သိ၍ ပြန်သွားစဉ် ဝေသာလီမြို့မှ လိစ္ဆဝီမင်းများလည်း အကောင်းဆုံးယာဉ်ကို စီး၍ မြတ်စွာဘုရားအထံသို့ လာကြခြင်းနှင့် လမ်း၌ ဆုံမိသောအခါ အမ္ဗပါလီသည် ငယ်ကုန်သော လိစ္ဆဝီမင်းသားတို့ ယာဉ်၏ ဝင်ရိုးကို မိမိယာဉ်၏ ဝင်ရိုးဖြင့်၎င်း၊ မင်းသားငယ်တို့၏ ယာဉ်ဘီးနှင့် မိမိ၏ ယာဉ်ဘီးကို၎င်း၊ မင်းသားငယ်တို့၏ ယာဉ်ထမ်းပိုးနှင့် မိမိ၏ ယာဉ်ထမ်းပိုးကို၎င်း တိုက်မိအောင် သူ၏ ယာဉ်မောင်းသူကို အမောင်းခိုင်းလေသည်။

**ဆွမ်းတထပ်နှင့် တိုင်းပြည် မလဲ။** ။ထိုသို့ တမင်လာ တိုက်စေသောကြောင့် များစွာသော မင်းသားတို့က "ဘာကြောင့် ဤသို့ ယာဉ်ချင်းတိုက်အောင် မောင်းစေရသနည်း" ဟု မေးကြသောအခါ "ယနေ့ မြတ်စွာဘုရားကို ဆွမ်းဘုဉ်းပေးဘို့ရန် နက်ဖန်အတွက် ပင့်ခဲ့ပြီ။ ဒါ့ကြောင့် ဝမ်းမြောက်လွန်းလို့ ဤကဲ့သို့ တိုက်အောင် မောင်းမိရပါသည်" ဟု ဖြေသည်။ ထိုအခါ လိစ္ဆဝီမင်းတို့က "အဲဒီဆွမ်းတထပ်ကို ငါတို့လွှဲပေးပါ၊ တသိန်းပေးပါမည်" ဟု ပြောကြသည်။ အရှင်မင်းတို့က အခွန်ယွက်သော ဇနပုဒ်နယ်ပယ်နှင့်တကွ ဝေသာလီ တမြို့လုံးကို ပေးစေကာမူ ဆွမ်းတထပ်ကို လွှဲပြောင်း၍ မပေးနိုင်ပါ။ ဤသို့ ပြောသောအခါ လိစ္ဆဝီမင်းတို့လည်း ဝမ်းနည်းသော လက္ခဏာဖြင့် လက်ဖျားခါကြကုန်ပြီ။

**လိစ္ဆဝီမင်းများ ဝတ်ဆင်လာပုံ။** ။ထိုလာရာအခါ၌ လိစ္ဆဝီမင်းတို့တွင် အချို့သော မင်းတို့သည် ညိုသော အဆင်းရှိအောင် တကိုယ်လုံးကို လိမ်းကျံ၍ ညိုသော အဝတ်ကို ဝတ်ပြီးလျှင် ညိုသောတန်ဆာကို ဆင်ထားကြကုန်၏။ ယာဉ်ရထား၊ မြင်း အဆင်တန်ဆာတို့သည် အညိုချည်းသာ ဖြစ်၏။

www.dhammaransi.com



အချို့သော လိစ္ဆဝီမင်းတို့သည် ရွှေသောအဆင်း ရှိအောင် တကိုယ်လုံးကို လိမ်းကျံ၍ ရွှေသော အဝတ်ကို ဝတ်ပြီးလျှင် ရွှေသောတန်ဆာကို ဆင်ထားကြကုန်၏။ ယာဉ်ရထား၊ မြင်း၊ အဆင်တန်ဆာတို့သည် အရွှေချည်းသာဖြစ်၏။

အချို့သော လိစ္ဆဝီမင်းတို့သည် နီသော အဆင်းရှိအောင် တကိုယ်လုံးကို လိမ်းကျံ၍ နီသော အဝတ်ကို ဝတ်ပြီးလျှင် နီသော တန်ဆာကို ဆင်ထားကြကုန်၏။ သူတို့၏ ယာဉ်ရထားသည်၎င်း၊ မြင်းတို့သည်၎င်း အနီချည်းသာဖြစ်၍ နီသော တန်ဆာကိုသာ ဆင်ထားကြသည်။

အချို့သော လိစ္ဆဝီမင်းတို့သည် ဖြူသော အဆင်းရှိအောင် တကိုယ်လုံးကို လိမ်းကျံ၍ ဖြူသောအဝတ်ကို ဝတ်ပြီးလျှင် ဖြူသော တန်ဆာတို့ကို ဆင်ထားကြကုန်၏။ ယာဉ်ရထား၊ မြင်း၊ အဆင်တန်ဆာတို့သည် အဖြူချည်းသာဖြစ်၍ ဖြူသော တန်ဆာကိုသာ ဆင်ထားကြသည်။

ထို လိစ္ဆဝီပရိသတ်ကို ညွှန်ပြ၍ 'ဘိက္ခုတို့.... တာဝတိံသာနတ်တို့ကို မမြင်ဘူးသော ရဟန်းတို့သည် ဤလိစ္ဆဝီမင်း ပရိသတ်ကို ကြည့်လိုက်ကြလော့။ လိစ္ဆဝီမင်း ပရိသတ်ကို တာဝတိံသာ နတ်ပရိသတ်နှင့် အတူထား၍ ကြည့်လိုက်ကြလော့'' ဟု မိန့်တော်မူ၏။

အမှာ။ ။ဤသို့ မင်းပရိသတ်ကို ကြည့်ရှုစေတော်မူခြင်း၌ ရည်ရွယ်တော် မူချက်မှာ—အလွန် မကြာသောကာလ၌ ဤလိစ္ဆဝီမင်းတို့သည် အဇာတသတ်မင်းနှင့် စစ်ဖြစ်၍ အများစုမှာ သေကြေပျက်စီးကြလိမ့်မည်။ ထိုအခါ သံဝေဂဖြစ်ကြဘို့ရန် သတိထား၍ သူတို့၏ တင့်တယ်ပုံကို ကြည့်ရှုဘို့ တိုက်တွန်းတော်မူသည်။ ဤမင်းပရိသတ်တို့၏ ယာဉ်ရထား မြင်းများနှင့်တကွ ဆင်တူဆင်ပြင်ပုံကို ထောက်၍ တာဝတိံသာ နတ်တို့လည်း ဤကဲ့သို့ ဆင်တူ ဝတ်ဆင်လေ့ရှိပုံကို သိနိုင်ပါသည်။

မင်းများ လက်ဖျားခါကြပြန်။ ။လိစ္ဆဝီမင်းတို့သည် မိမိတို့ ယာဉ်မှ သက်ဆင်း၍ ဘုရား အထံတော်သို့

www.dhammaransi.com



ရောက်သောအခါ တရားတော်ကို ကြားနာပြီးနောက် နက်ဖန် ဘိက္ခု သံဃာနှင့်အတူ ဆွမ်းဘုဉ်းပေး ကြွတော်မူရန် ပင့်လျှောက်ကြပြန်သည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် "အမ္ဗပါလီက ပင့်လျှောက်သွားပြီ" ဟု မိန့်တော်မူ၏။ ထိုစကားတော်ကို ကြားသောအခါ၌လည်း "မိန်းမသားက ငါတို့ကို နိုင်သွားပြီ"ဟု လက်ဖျားခါကြ၏။

ဆွမ်းဘုဉ်းပေး ကြွတော်မူခြင်း။ ။ထို ညဉ့် လွန်သောအခါ သံဃာများနှင့် အတူ အမ္ဗပါလီ အိမ်သို့ ကြွတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီ။ ဆွမ်းကိစ္စပြီးသောအခါ အမ္ဗပါလီသည် သူ၏ သရက်ဥယျာဉ်ကို ဘုရားအမှူးရှိသော သံဃာတော်အား လှူဒါန်းလေသည်။ ဗုဒ္ဓမြတ်စွာသည် တရားဟောတော်မူပြီး၍ ဥယျာဉ်သို့ ကြွတော်မူပြီးလျှင် ရဟန်းတို့အား—

"ဤကား ဤတရားကား သီလတည်း။ ဤစျာန် ဤစျာန်ကား သမာဓိတည်း။ ဤဉာဏ် ဤဉာဏ်ကား ပညာတည်း။ သီလဖြင့် ထုံအပ်သော သမာဓိသည် များသော အကျိုးရင်းရှိ၏။ များသော အကျိုးဆက် ရှိ၏။ သမာဓိဖြင့် ထုံအပ်သော ပညာသည် များသောအကျိုးရင်း ရှိ၏။ များသော အကျိုးဆက်ရှိ၏။ ပညာဖြင့်ထုံအပ်သောစိတ်သည် အာသဝေါ တရားတို့မှ လွတ်နိုင်၏"ဟု ဟောတော်မူသည်။

ဝေဠုဝရွာငယ်၌ ဝါကပ်တော်မူခြင်း။ ။ဗုဒ္ဓ မြတ်စွာသည် အမ္ဗပါလီ ဥယျာဉ်၌ ကျွတ်ထိုက်သော သတ္တဝါများ ရှိသလောက် သိတင်းသုံးတော်မူပြီး၍ ဝေဠုဝရွာငယ်သို့ ကြွတော်မူ၏။ ထိုရွာငယ်၌ သံဃာအများနေဘို့ရန် နေရာမရှိသောကြောင့် ရဟန်းများကို ဝေသာလီမြို့၏ ပတ်ဝန်းကျင်ဝယ် သိတင်းသုံးတော်ရှိရာ အရပ်သို့ သွား၍ ဝါကပ်ဘို့ရန် မိန့်တော်မူသည်။

ပြင်းထန်သောဝေဒနာ ဖြစ်တော်မူခြင်း။ ။ဗုဒ္ဓ မြတ်စွာသည် ဝေဠုဝရွာ၌ ဝါကပ်တော်မူပြီးသော အခါ ပရိနိဗ္ဗာန်စံရလောက်အောင် ပြင်းထန်သော ဝေဒနာဖြစ်လေသည်။

www.dhammaransi.com



ဤဝါသည် နောက်ဆုံးဝါ ဖြစ်သောကြောင့် ဝါဆိုလပြည့်နေ့မှ ကဆုန်လပြည့်နေ့တိုင်အောင် ရောက်လျှင် ဆယ်လအတွင်း ဝင်ခါစ၌ဖြစ်ရသော ဝေဒနာတည်း။ ဗုဒ္ဓမြတ်စွာသည် ထိုဝေဒနာကို သတိသမ္ပဇဉ် ဉာဏ်ဖြင့် ယှဉ်၍ သည်းခံတော်မူပြီ။

**သမာပတ်ဖြင့် ရောဂါကို** "ငါသည် အလုပ်အကျွေး ဒါယကာ-ဒါယိကာမ တားပော်မူခြင်း တို့ကို အသိမပေးပဲ၊ ရဟန်း သံဃာကိုလည်း ခွင့်မပန်ပဲ ပရိနိဗ္ဗာန် စံခြင်းငှါ မလျော်။ ထို့ကြောင့် ငါသည် ဤရောဂါကို ဝီရိယဖြင့် တွန်းလှန်၍ အသက်မသေအောင် ပြုစီမံနိုင်သော ဖလသမာပတ်ကို ဝင်စားသော အားဖြင့် ဆောက်တည်၍ နေရမှကား ကောင်းလေစွ"ဟု အကြံတော် ဖြစ်၏။ ထိုအကြံတော် ဖြစ်သည့်အတိုင်း ထိုရောဂါကို ဝီရိယဖြင့် တွန်းလှန်၍ အသက်မသေအောင် ခံနိုင်ရည်ရှိသော ဖလသမာပတ်ကို အတော်ကြာအောင် ဝင်စား၍ နေတော်မူသည်။ ထိုအခါ ထိုရောဂါသည် အခိုက်အတန့်မျှ အတော်ကြာအောင် မပေါ်လာပဲ ငြိမ်းအေးသွားလေ၏။ ဗုဒ္ဓမြတ်စွာသည် ကျန်းကျန်းမာမာ ရှိသောအခါ ကျောင်းတော်မှ ထွက်၍ ကျောင်းအရိပ်ဝယ် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီ။

**အရှင်အာနန္ဒာ၏ ပျော်လင့်ချက်။** ။အရှင်အာနန္ဒာသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ ဤစကားကို လျှောက်ထား၏။ မြတ်စွာဘုရား... မြတ်စွာဘုရား၏ ကျန်းမာတော်မူခြင်းကို တွေ့မြင်ရပါပြီ။ သို့သော် တပည့်တော်၏ ကိုယ်ကာယသည်ကား မြတ်စွာဘုရား၏ ကျန်းမာတော်မမူခြင်းကြောင့် ပျော့ပျော့ပျောင်းပျောင်း မရှိပဲ ခက်မာသကဲ့သို့ ဖြစ်နေပါသည်။ အရပ်မျက်နှာတို့သည်လည်း မထင်ရှားတော့ပါ။ မြတ်စွာဘုရား၏ ကျန်းမာတော်မမူခြင်းကြောင့် ထိုမျှလောက် ကိုယ်ရောစိတ်ပါ ဖောက်ပြန်ပါသော်လည်း သက်သာရာရသည့်အချက် တချက်တော့ ရှိပါသေး၏။ ထိုအချက်ကား ဗုဒ္ဓမြတ်စွာသည် ရဟန်းသံဃာများကို အကြောင်းပြု၍

www.dhammaransi.com



အရေးကြီးသော နောက်ဆုံး တရားတမျိုး မိန့်တော်မမူသေးခြင်းပင် ဖြစ်ပါသည်။ ဤသို့လျှောက်ထား၏။ [အရှင်အာနန္ဒာ၏ လျှောက်လိုသော အချက်ကား ယောကီ ဆရာများ၌ အာစရိယမုဋ္ဌိ (ဆရာ့လက်ထဲ၌ ဆုပ်ကိုင်ထားသော ပညာတမျိုး) ရှိ၏။ ထို ပညာမျိုးကို နောက်ဆုံး အချိန်ကျမှ အလွန်ရင်းနှီးသော တပည့်တို့အား ပြောပြလေ့ရှိ၏။ "ဗုဒ္ဓမြတ်စွာမှာလည်း ထိုကဲ့သို့ အာစရိယမုဋ္ဌိ တရားတမျိုး ရှိသေး၏"ဟု ယူဆလေသည်။]

ဗုဒ္ဓမြတ်စွာ မိန့်တော်မူခြင်း။ ။အာနန္ဒာ.... ရဟန်းသံဃာများက မည်သည့် လက်ဆုပ်တရားကို တောင့်တ၍ နေသနည်း။ ငါသည် ဟောသင့်သော တရားအားလုံးကို အတွင်းအပ မကျန်ရအောင် ဟောတော်မူပြီးပြီ။ "ဤ ဘိက္ခုသံဃာကို ငါသာလျှင် ရွက်ဆောင်မည်။ ဘိက္ခုသံဃာသည်လည်း ငါ့ကိုသာ အားကိုးရမည်"။ ဤသို့ ယူဆသော ဆရာများသာ ဆရာ့လက်ဆုပ်တရား ချန်ထားတတ်၏။ ငါဘုရားမှာ ထိုကဲ့သို့ လျှို့ဝှက်၍ ချန်ထားအပ်သော ဆရာ့လက်ဆုပ်တရား မရှိ။ ထိုကဲ့သို့ လက်ဆုပ်တရား ချန်မထားသော မြတ်စွာဘုရားသည် ဘိက္ခုသံဃာကို အကြောင်းပြု၍ အဘယ်တရားကို မိန့်မြွက်ဘို့ လိုတော့အံ့နည်း။

အာနန္ဒာ....ယခုအခါ၌ ငါဘုရားသည် အရွယ်တော် ယိုယွင်း၍အိုမင်းလာပြီ။ အသက်ရှစ်ဆယ်အတွင်း ရောက်နေသောကြောင့် နောက်ဆုံး အရွယ်သို့ ရောက်ပြီ။ အာနန္ဒာ....အိုသော လှည်းသည် ထိုထိုနေရာ၌ ဖွဲ့ချည်တုပ်နှောင်၍ထားမှ သွားနိုင်သကဲ့သို့ ထို့အတူ ငါဘုရား၏ ခန္ဓာကိုယ်သည် ဖလသမာပတ် တည်းဟူသော လွန်ကြိုးဖြင့် နှောင်ဖွဲ့ထားလိုက်သောအခါ သာ၍ ကျန်းမာ၏။ ထို့ကြောင့် အသင်တို့လည်း ဤဖလသမာပတ်ဖြင့် ချမ်းချမ်းသာသာ နေနိုင်ဘို့ရန် မိမိကိုယ်သာလျှင် အမှီဒွီပ ကျွန်းဘဝယ်ဖြစ်အောင် နေကြလော့။ မိမိကိုယ်ကို မိမိ ကိုးကွယ်ရာဖြစ်အောင် နေကြလော့။ တရားတည်းဟူသော

www.dhammaransi.com



မှီခိုရာ ကျွန်းရှိအောင် နေကြလော့။ တရားတည်းဟူသော ကိုးကွယ်ရာရှိအောင် နေကြလော့။ ဤသို့ နေကြမှသာ အမြတ်ဆုံးပုဂ္ဂိုလ်များ ဖြစ်နိုင်ကြလိမ့်မည်။

**ပြန်ကြွတော်မူခြင်းနှင့် အရှင်သာရိပုတ္တရာ** ။ ဗုဒ္ဓမြတ်စွာသည် ဝါကပ်တော်မူရာ ဝေဠုဝရွာငယ်မှ ထွက်တော်မူ၍ သာဝတ္ထိမြို့မှ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူပြီ။ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအားပူသင့်သောဝတ်ကိုပြု၍ နေ့အခါ၌ နေရာအရပ်သို့ ကြွတော်မူပြီးလျှင် ဖလသမာပတ်ကို ဝင်စားတော်မူပြီ။ ထိုနေ့ာက် သမာပတ်မှထတော်မူ၍ ဘုရားရှင်တို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်စံတော်မူကြလေသလော။ အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်စံကြလေသလော။ ဤသို့ စဉ်းစားတော်မူပြီ။ ထိုအခါ "အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်စံကြ၏"ဟု သိ၍ မိမိ၏ အသက်အပိုင်းအခြားကို ကြည့်သောအခါ ၇-ရက်လောက်သာ ရှိတော့သည်ဟု သိရ၍ ပရိနိဗ္ဗာန်ဆိုင်ရာ အရပ်ကို စဉ်းစားတော်မူသည်။

**မယ်တော်ကြီးကို သတိရခြင်း** ။ ။ထိုအခါ မယ်တော်ကြီးကို သတိရလေသည်။ အရှင်သာရိပုတ္တရာ၏ မယ်တော်ကြီးသည် ၇-ယောက်သော သားတော် သမီးတော်တို့ ဘိက္ခု၊ ဘိက္ခုနီ၊ ရဟန္တာများ ဖြစ်ကြသော်လည်း ဘုရား တရား သံဃာကိုမျှ မကြည်ညိုသေး၊ ဗြဟ္မာကိုသာ ကိုးကွယ်ရာဟု အယူရှိသော သူဌေးကတော်ကြီးတည်း။ အရှင်သာရိပုတ္တရာသည် မယ်တော်ကြီးကို သတိရ၍ ကျွတ်ထိုက်မကျွတ်ထိုက်ကို စဉ်းစားပြန်သောအခါ ကျွတ်ထိုက်လောက်သော ကောင်းမှုပါရမီ ရှိနေသည်ကို မြင်ရ၍ "အဘယ်သူ့တရားဖြင့် တရားထူးရမည်နည်း"ဟု စဉ်းစားပြန်သောအခါ မိမိတရားဖြင့်ပင် တရားထူးရမည်ကို မြင်တော်မူ၍ "မိမိဖွားမြင်ခဲ့ရာ တိုက်ခန်း၌ပင် ပရိနိဗ္ဗာန်စံမည်" ဟု ဆုံးဖြတ်တော်မူသည်။

**အမှာ** ။ ။အရှင်သာရိပုတ္တရာ၊ အရှင်စုန္ဒ၊ အရှင်ဥပသေန၊ အရှင်ရေဝတဟူသော သားတော် ၄-ပါးနှင့် စာလာ၊ ဥပစာလာ၊

www.dhammaransi.com



သီသုပစာလာဟူသော သမီးတော် ၃-ပါး၊ ဤ သားတော်-သမီးတော် များသည် ဘိက္ခု၊ ဘိက္ခုနီများဖြစ်၍ အားလုံး ရဟန္တာ ဖြစ်ကြသည်။

**ဗုဒ္ဓအထံ ခွင့်ပန်တော်မူခြင်း။** ။ထိုသို့ ဆုံးဖြတ်ပြီးနောက် ရဟန္တာငါးရာနှင့်အတူ ဗုဒ္ဓမြတ်စွာ အထံတော်သို့ ချဉ်းကပ်၍ ပရိနိဗ္ဗာန် စံဘို့ရန် ခွင့်ပြုတော်မူပါဟု လျှောက်ထားလေသည်။ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်စံတော့ဟု မိန့်တော်မူလျှင် သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းရာရောက်၏။ ပရိနိဗ္ဗာန် မစံသေးနှင့်ဟု မိန့်တော်မူပြန်လျှင် သံသရာဝဋ်၏ဂုဏ်ကို ပြောရာရောက်၏။ ဤသို့မိစ္ဆာဒိဋ္ဌိအယူရှိသူတို့ အပြစ်တင်ဘွယ်ရှိသောကြောင့် ထို ၂-မျိုးလုံးကို မိန့်တော်မမူပဲ "အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံမည်နည်း"ဟု မိန့်တော်မူသည်။ ထိုအခါ မဂဓတိုင်း နာဠကရွာဝယ် မိမိဖွားမြင်ခဲ့ရာ တိုက်ခန်း၌ ပရိနိဗ္ဗာန်စံပါမည့် အကြောင်းကို လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက "ပရိနိဗ္ဗာန်စံချိန်ကို မိမိဘာသာ သိပေတော့။ သို့ရာဝယ် အသင်၏ နောင်တော်ညီတော် ဖြစ်ကြသော ရဟန်းတို့မှာ အသင် ကဲ့သို့သော ရဟန်းတပါးကို ဖူးမြင်ဘို့ မလွယ်တော့။ ထို့ကြောင့် ထိုနောင်တော် ညီတော်တို့အား ဩဝါဒတရားကို ဟောခဲ့ဦးလော့"ဟု မိန့်တော်မူသည်။

**တန်ခိုးပြပြီး၍ နောက်ဆုံး ကန်တော့ခြင်း။** ။အရှင်သာရိပုတ္တရာသည် ထန်းတဖျား ပမာဏရှိသော အရပ်တိုင်အောင် တန်ခိုးဖြင့် တက်သွား၍ ဆင်းလာပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလေသည်၊ ထို့နောက် ၂-ဆင့် ၃-ဆင့်မှ စ၍ ၇-ဆင့် ပမာဏတိုင်အောင် ကောင်းကင်သို့ အကြိမ်ကြိမ် တက်သွား၍ အမျိုးမျိုးသော တန်ခိုးကိုပြ၍ တရားဟောတော် မူသည်။ သာဝတ္ထိတမြို့လုံး စုမိကြ၏။ အရှင်သာရိပုတ္တရာသည် ထန်း ၇-ဆင့် ပမာဏရှိသော ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင်

www.dhammaransi.com



သွားချိန်တန်ပါပြီဘုရားဟု လျှောက်ထား လေသည်။ ဗုဒ္ဓမြတ်စွာလည်း တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာကို ပို့တော်မူသည့် အနေအားဖြင့် တရားဟောရာအရပ်မှ ထတော်မူ၍ ဂန္ဓကုဋီသို့ ရှေးရှု ကြွတော်မူပြီးလျှင် ပဒမြားပျဉ်ချပ်၌ ရပ်တော်မူသောအခါ အရှင်သာရိ-ပုတ္တရာသည် သုံးကြိမ် လက်ျာရစ် လှည့်ပြီးလျှင် ၄-ဌာနတို့၌ ဝပ်ချ၍....

"မြတ်စွာဘုရား ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာ တသိန်း အလွန်ရှိသော တစ်အသင်္ချေထက်၌ အနောမဒဿီ မြတ်စွာ ဘုရား၏ ခြေတော်ရင်းဝယ် ရှင်တော်မြတ်ဘုရားကို ဖူးမြင်နိုင်ဘို့ရန် ဆုပန်ခဲ့ပါပြီ။ ထိုဆုပြည့်၍ ရှင်တော်ဘုရားကို ပဌမ ဖူးမြင်ခဲ့ရပါပြီ။ ယခုအခါ ဖူးမြင်ရခြင်းကား နောက်ဆုံး ဖူးမြင်ရခြင်း ဖြစ်ပါသည်။ နောက်ထပ် ရှင်တော်ဘုရားတို့ကို ဖူးမြင်ခွင့် မရှိတော့ပါ"။ ဤသို့ လျှောက်၍ လက်အုပ်ချီပြီးလျှင် ဗုဒ္ဓမြတ်စွာ မြင်တော်မူလောက်ရာ အရပ်တိုင်အောင် နောက်ဆုတ် နောက်ဆုတ် သွားပြီးလျှင် မမြင် လောက်ရာ အရပ်ရောက်မှ ဝပ်ချ၍ ဖဲသွားလေသည်။ ထိုအချိန်၌ မြေ စောင့်နတ်များ၏ အလွန်ဝမ်းနည်းသည့် လက္ခဏာကြောင့် ကြီးစွာ မြေ တုန်လှုပ်ရလေသည်။

ဗုဒ္ဓမြတ်စွာ၏ လိုက်၍ ပို့ကြဘို့ရန် အမိန့်တော် ရှိသောကြောင့် ထိုနေရာ၌ရှိကုန်သော ရဟန်းအားလုံးပင် လိုက်၍ပို့ကြလေသည်။ အရှင် သာရိပုတ္တရာသည် ဇေတဝန်ကျောင်းတိုက် တံခါးမုခ်သို့ ရောက်သော အခါ "ငါ့ရှင်တို့ နေရစ်ကြတော့ မမေ့မလျော့မပေါ့မဆနေရစ်ကြတော့" ဟု မိန့်ကြားတော်မူ၍ မိမိ၏ ပရိသတ်ငါးရာနှင့်အတူ ဇေတဝန်ကျောင်းတိုက် ကြီးကို ခွဲခွါတော်မူသည်။

**လူအများ။** ။နောက်မှ ငို၍ လိုက်လာကြသော လူအများ ကိုလည်း "သင်္ခါရတရား ဆိုတာ ဒီလိုပဲ ခွဲခွါခြင်းသဘော ရှိ၏။ မမေ့ မလျော့ သတိထား၍ တရားဖြင့် နေရစ်ကြတော့" ဟု ဩဝါဒ ပေး၍ ပြန်နစ်စေပြီးလျှင် လမ်းခရီး၌ ၇-ရက်ပတ်လုံး လူဒ.များကို

ချီးမြှောက်လျက် ၇ ရက်မြောက် ညနေဒချိန်ကမှ နာဠကရွာသို့ ရောက်၍ ရွာတံခါးပေါက်ဝယ် ပညောင်ပင်အောက်၌ ရပ်တည်နေစဉ် ဥပရေဝတမည်သော တူတော်သူ သူငယ်တယောက် ရွာပြင်သို့ထွက်လာသောအခါ အရှင်သာရိပုတ္တရာကို မြင်သောကြောင့် အနားကပ်၍ ဝပ်ချလေသည်။

**နေရာပြင်စေခြင်း။** ။အရှင်သာရိပုတ္တရာသည် "သင်၏ အဖွား ရှိရဲ့လား" ဟုမေးတော်မူ၍ "သွားချေ၊ ငါလာတဲ့အကြောင်းကို ပြောချေလော့။ ဘာကိစ္စကြောင့် လာသနည်း" ဟု မေးလျှင် ယနေ့ တရက်မျှ ရွာတွင်း၌ နေလိမ့်မည်။ မွေးဖွားရာ တိုက်ခန်းကို ရှင်းထား လိုက်ပါ။ ငါးရာသော ရဟန်းများအတွက် နေရာဌာနကိုလည်း ပြင်ထား လိုက်ပါ" ဟု အပြောခိုင်းလေသည်။ ဥပရေဝတသည် မိန့်တော်မူသည့် အတိုင်း ပြန်သွား၍ မှာလိုက်သော စကားအားလုံးကို ပြောပြလေသော် မယ်တော်ကြီးသည် "အဘယ့်ကြောင့် ဤမျှလောက်သော ရဟန်းတို့၏ နေရာဌာနကို ပြင်စေရသနည်း။ ငယ်ရွယ်စဉ် အခါက ရဟန်းပြု၍ ကြီးသည့် အခါရောက်မှ လူဖြစ်လိုလေသလော" ဟု တွေးတောပြီးလျှင် မွေးဖွားရာ တိုက်ခန်းကို ရှင်းလင်းစေပြီး၍ ငါးရာသော ရဟန်းတို့အဖို့ နေရာဌာနကို ပြုပြီးပါကြောင်း အလျှောက်ခိုင်းလေသည်။

**ပရိနိဗ္ဗာန်စံခါနီး ရောဂါဖြစ်ပုံ။** ။အရှင်သာရိပုတ္တရာသည် ရဟန်းများ နှင့်အတူ ကြွလာ၍ ပြာသာဒ် (အုတ်တိုက်)သို့ တက်တော်မူကာ မိမိဖွားမြင်ခဲ့ရာ တိုက်ခန်းသို့ ဝင်တော်မူပြီးလျှင် ရဟန်းများကိုလည်း "မိမိနေရမည့် ဌာနသို့ သွားကြလော့" ဟု ခွင့်ပြုတော် မူလေသည်။ ထိုရဟန်းများ သွားပြီး၍ မကြာမီပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်မှာ ပရိနိဗ္ဗာန် စံရလောက်အောင် ပြင်းထန်သော သွေးဝမ်းရောဂါ ဖြစ်တော်မူ၏။ ခွက်တခွက် ထွက်သွားလျှင် ခွက်တခွက်က ဝင်ရ၏။ မယ်တော် ပုဏ္ဏေးမကြီးသည် "ငါ့သား၏ ဖြစ်ပုံကို ငါမနှစ်သက်ပါ" ဟု ဆို၍ မိမိအခန်းတံခါးကိုမှီကာ ခပ်လှမ်းလှမ်းမှ ရပ်၍ ကြည့်နေသည်။

www.dhammaransi.com



နတ်ပြဟ္မာတို့ လာကြပုံ။ ။စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် "နောက်ဆုံး ဖူးမြင်ရာ အရပ်သို့ သွားအံ့"ဟု ကြံ၍ လာကြပြီးလျှင် ရှိခိုး၍ ရပ်နေကြကုန်ပြီ။ "အဘယ် အကျိုးငှါ လာကြသနည်း"ဟု အရှင်သာရိပုတ္တရာက မေးသောအခါ "ဂိလာနကို ပြုစုလုပ်ကျွေးလို၍ လာကြပါကြောင်း" လျှောက်ကြသည်။ "ဒီလိုဆိုလျှင်ရှိပါစေတော့၊ ပြုစုလုပ်ကျွေးမည့်သူ ရှိပါပြီ။အသင်နတ်မင်းတို့ ပြန်ကြပေတော့"ဟု မိန့်တော်မူ၏။ နတ်မင်းကြီး လေးယောက်တို့ ပြန်သွားကြပြီးနောက် မကြာခင်ပင် သကြားမင်း လာပြန်၏။ ထို သကြားမင်းကိုလည်း ထိုအတိုင်းပင် ပြန်လွှတ်၍ မကြာခင်ပင် ဗြဟ္မာမင်းကြီးတယောက် ရောက်လာပြန်၏။ ထိုဗြဟ္မာမင်းကြီးကိုလည်း "ပြုစုလုပ်ကျွေးမည့်သူ ရှိပါ၏"ဟု ပြော၍ ပြန်ဘို့ခွင့်ပြုလိုက်သည်။

မယ်တော်ကြီး လာ၍မေးခြင်း။ ။ရူပသာရီ အမည်ရှိသော မယ်တော် ပုဏ္ဏေးမကြီးသည် နတ်ဗြဟ္မာ တို့၏ လာခြင်းကိုဂင်း၊ ပြန်သွားခြင်းကိုဂင်း မြင်ရ၍ တိုက်ခန်း တံခါးပေါက်သို့ လာပြီးလျှင် "ချစ်သာစုန္ဒ၊ (သားတော်အငယ် မထေရ်ကို ခေါ်သည်။) ဘယ်လိုဖြစ်တာလဲ"ဟု မေး၏။ အရှင်စုန္ဒသည် မယ်တော်ကြီး လာ ကြောင်းကို မထေရ်အား လျှောက်သော အခါ မထေရ်မြတ်သည် "ဘာ့ကြောင့်လာသနည်း"ဟု မေးတော်မူ၏။ မယ်တော်ကြီးက "သင် သားတော်ကို ကြည့်ဘို့လာသည်"ဟု ပြောပြီးလျှင် "ချစ်သား ကိုယ် ရောင် ကိုယ်ဝါ တောက်ပစွာဖြင့် ပဌမလာသူတွေက အဘယ်သူများ နည်း"ဟု မေးသောအခါ နတ်မင်းကြီး လေးယောက် ဖြစ်ကြောင်းကို ဖြေတော်မူ၏။

အမေး။ ။"ချစ်သားက နတ်မင်းကြီး လေးယောက်တို့ထက် သာ၍ မြတ်သလော"ဟု မေးသောအခါ မိမိ၏မြတ်ကြောင်းကို မဖြေ ဆိုပဲ မြတ်စွာဘုရားကို ကြည်ညိုစေလို သောကြောင့် မြတ်စွာ ဘုရား၏ မြတ်ကြောင်းကို ဖြေတော်မူသည်မှာ—

အဖြေ။ ။မယ်တော်ကြီး.... ထို နတ်မင်းကြီး လေးယောက် တို့သည် သားတို့ဆရာ မြတ်စွာဘုရား၏ ပဋိသန္ဓေယူတော်မူရာ အခါမှစ၍ ဖွားတော်မူသည့် တိုင်အောင် သန်လျက်လက်ဆွဲ၍ စောင့်ရှောက်ကြရပါသည်။ ထို့ကြောင့် ထိုနတ်မင်းကြီး လေးယောက်တို့သည် ဘုရားရှင်ကိုထောက်လျှင် ကျောင်းစောင့် ကပ္ပိယ လောက်သာ ဖြစ်ကြပါသည်။

အမေး။ ။သူတို့ ပြန်သွားပြီးနောက် တယောက် လာပါသေးသည်။ ထိုသူကား အဘယ်သူပါနည်း။

အဖြေ။ ။ထိုသူကား နတ်တို့၏ အရှင်သခင် ဖြစ်သော သကြားမင်း ဖြစ်ပါသည်။

အမေး။ ။ချစ်သား၊ အသင်က သကြားနတ်မင်း ထက်တောင် မြတ်သေးသလား။

အဖြေ။ ။မယ်တော်ကြီး....... သားတို့ဆရာ မြတ်စွာ ဘုရားသည် တာဝတိံသာ နတ်ပြည်မှ ဆင်းတော်မူရာ အခါ၌ ဤသကြား ဆိုသူသည် သပိတ်နှင့် သင်္ကန်းတထည်ကို ပွေ့၍ လိုက်လာရပါသည်။ ထို့ကြောင့် သကြားနတ်မင်း ဆိုသူသည် သားတို့ဆရာ မြတ်ဘုရား၏ သပိတ် သင်္ကန်းကို ယူရသော ရှင်သာမဏေနှင့် တူပါသည်။

အမေး။ ။ချစ်သား....... သကြားနတ်မင်း ပြန်သွားသော အခါ တကိုယ်လုံး လင်းထိန်နေအောင် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် လာတဲ့သူက အဘယ်သူပါနည်း။

အဖြေ။ ။မယ်တော်ကြီး....... အဲဒီ သူကတော့ မယ်တော်ကြီးတို့ "ဘုရား-ဘုရား" ဟု ကိုးကွယ်ထားသော မဟာဗြဟ္မာမင်းကြီး ဖြစ်သည်။

www.dhammaransi.com



အမေး။ ။ချစ်သား.... "အသင်တို့က မယ်တော်ကြီးတို့၏ ကိုးကွယ်ရာ ဖြစ်သော မဟာမြတ်စွာထက်ပင် သာ၍ မြင့်မြတ်ပါသလော" ဟု မေးပြန်သည်၊

အဖြေ။ ။မယ်တော်ကြီး.... ဤမဟာမြတ်စွာကြီး လေးယောက်တို့သည် သားတို့ဆရာ မြတ်စွာဘုရား၏ ဖွားမြင်တော်မူရာနေ့၌ ဘုရားအလောင်း ဖြစ်သော သတို့သားကလေးကို ရွှေဇာတာဘက်ဖြင့် ခံယူကြရပါသည်။

သောတာပန် တည်စေခြင်း။ ။ထိုသို့ မေးပြီးသောအခါ "ရူပသာရီ" အမည်ရှိသော မယ်တော် ပုဏ္ဏေးမကြီး စဉ်းစားမိသည်မှာ "ငါ့သား၏ တန်ခိုးအာနုဘော်သည် သကြား ဗြဟ္မာတို့ လာရလောက်အောင် ကြီးကျယ် နေသည်မှာ မျက်မြင် အားဖြင့် ထင်ရှားနေပြီ။ သား၏ ဆရာဆိုသော ဗုဒ္ဓမြတ်စွာ၏ တန်ခိုးရှိန်စော် အာနုဘော်မှာ မည်မျှလောက် ကြီးကျယ်လိမ့်မည်နည်း" ဟု တွေးတော စဉ်းစားနေစဉ် တကိုယ်လုံး ကြက်သီးတဖြန်းဖြန်း ထလောက်အောင် ပီတိသောမနဿ ဖြစ်လာသည်။ ထိုအခိုက်မှာ "တရားဟောဘို့ အခါ ကောင်းပဲ" ဟု ယူဆ၍ မထေရ်မြတ်က တရားဟောတော် မူသည်မှာ— မယ်တော်ကြီး သားတို့၏ ဗုဒ္ဓမြတ်စွာ ဖွားတော်မူရာအခါ၊ တောထွက် တော်မူရာအခါ၊ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားဖြစ်တော်မူရာအခါ၊ ဓမ္မစကြာ တရားကို ဟောတော်မူရာ အခါတို့၌ တသောင်းသော ကမ္ဘာလောကဓာတ် တုန်လှုပ်ရပါသည်။

သီလအားဖြင့် တူသူမရှိပါ။ သမာဓိအားဖြင့် တူသူမရှိပါ။ ပညာအားဖြင့် တူသူမရှိပါ။ ကိလေသာ အာသဝေါကုန်ခြင်းအားဖြင့် တူသူမရှိပါ။ သားတော်တို့၏ ဗုဒ္ဓမြတ်စွာသည် တထောင့်ငါးရာ ကိလေသာတို့မှ ကင်းကွာရာ၌ပင် ဝါသနာနှင့်တကွ အငွေ့အသက်မျှ မကျန်ရအောင် ကင်းကွာတော်မူပါသည်။

www.dhammaransi.com



ဤသို့ စသည်ဖြင့် ဗုဒ္ဓမြတ်စွာ၏ "အရဟံ သမ္မာသမ္ဗုဒ္ဓေါ" စသော ဂုဏ်တော်များကို အားတော်နည်းလျက်ပင် ကျေးဇူးဆပ်သော အနေအားဖြင့် ဟောပြတော်မူလေရာ တရားတော် အဆုံး၌ မယ်တော်ကြီး သောတာပန် တည်လေသည်။

မယ်တော်ကြီး။ ။ချစ်သား ဥပတိဿ .. ဘာ့ကြောင့် ဤမျှလောက် အဖိုးတန်သော အမြိုက်ဆေးကို ဤမျှလောက် ကြာအောင် မပေးပဲ နေရသနည်း။

မထေရ်မြတ်။ ။ဤသို့ လျှောက်သောအခါ 'မယ်တော်ကြီးအား မွေးကျေးဇူး၏ တန်ဖိုးကို ပေးအပ်ပြီ။ ဤမျှဖြင့် သင့်တော်လောက်ပြီ"ဟု ကြံ၍ "မယ်တော်ကြီး... သွားတော့ သွားတော့" ဟု လွှတ်လိုက်ပြီးနောက် "စုန္ဒ....ဘယ်အချိန် ရောက်နေပြီနည်း" ဟု မေးတော်မူသည်။

အရှင်စုန္ဒ။ ။"အရုဏ်တက်ခါနီးလောက် မိုးသောက်အချိန် ရောက်နေပါပြီ"ဟု လျှောက်သောအခါ "သံဃာတော်များ စည်းဝေးပါစေ"ဟု မိန့်တော်မူပြီး၍ ထိုင်ဘို့ရန် ထူပေးဘို့ မိန့်တော်မူသည်။

**ပရိနိဗ္ဗာန် စံတော်မူပုံ။** ။ရဟန်းများရောက်လာသောအခါ "ငါ့ရှင်တို့ လေးဆယ့်လေးဝါကာလပတ်လုံး ငါနှင့်အတူ လှည့်လည်ကြကုန်သော အသင်တို့အား ငါ၏ အပေါ်၌ မနှစ်သက်အပ်သော ကာယကံ ဝစီကံ ရှိလျှင် သည်းခံကြပါ" ဟု မိန့်တော်မူသည်။ ရဟန်းတော်များကလည်း "အရှင်ဘုရား လေးဆယ့်လေးဝါကာလပတ်လုံး အရိပ်ကဲ့သို့ လိုက်ပါကြသော တပည့်တော်တို့သည် မနှစ်သက်အပ်သော (နှစ်သက်ဘွယ် မကောင်းသော) ကာယကံ ဝစီကံကိုမတွေ့ခဲ့ရပါ။ အရှင်ဘုရားတို့ကသာ တပည့်တော်တို့၏ ကာယကံ ဝစီကံကိုသည်းခံတော်မူပါ"ဟု လျှောက်ကြလေသည်။ ထိုသို့ အချင်းချင်း တောင်းပန်ပြီးရာ အခါ၌ မထေရ်မြတ်သည် သင်္ကန်းကြီးကို ဆွဲ၍ မျက်နှာကို ဖုံးပြီးလျှင် လက်ျာနံပါးဖြင့် လျောင်းတော်မူ၏။ ထိုသို့ လျောင်းပြီးလျှင် သမာပတ်

www.dhammaransi.com



တို့ကို အစမှ အဆုံး၊ အဆုံးမှ အစတိုင်အောင် အဖန်ဖန် ဝင်စားပြီး၍ နောက်တကြိမ် ဝင်စားရာဂယ် စတုတ္ထဈာန် ဝင်စားပြီးသောအခါ ပရိ-နိဗ္ဗာန် စံတော်မူသည်။ ထိုအခါ၌ ဤ မဟာပထဝီမြေကြီးသည် ပွဲ့တင်ထပ်လျက် ဆက်ဆက်ခါအောင် တုန်လှုပ်လေသည်။

**မယ်တော်ကြီး၏ ငိုကြွေးခြင်း။** ။မယ်တော်ကြီးသည် စကားပြောသံ မကြားသောကြောင့် "မိမိ၏သားတော် ဘယ်လိုနေပါလိမ့်မည်နည်း"ဟု သံလို၍ ထလာပြီးလျှင် ခြေဖဝါးတို့ကို ဆုပ်နယ်သောအခါ ပရိနိဗ္ဗာန်စံပြီးကြောင်း သိရ၍ ကျယ်စွာသော အသံကိုပြုလျက် ခြေတော်၌မျက်နှာအပ်၍ငိုကြွေးလေသည်။ "ချစ်သား.... မယ်တော်တို့သည် ရှေး အခါက သား၏ဂုဏ်ကို မသိကြရကုန်။ဂုဏ်ကိုသိရာယခုအခါ၌ကား အသင်သားတော်ကို အမှူးပြု၍ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ၊ သိန်းပေါင်းများစွာသော ရဟန်းတော်တို့ကို ဤ တိုက်ပေါ်၌ ဆွမ်းကပ်ခြင်းငှါ အခွင့်မရတော့။ သင်္ကန်းလှူခြင်းငှါ အခွင့်မရတော့။ ရာပေါင်း ထောင်ပေါင်း များစွာသော ကျောင်းတို့ကို ဆောက်လုပ် လှူဒါန်းခြင်းငှါ အခွင့်မရတော့ ဟု ပြော၍ ငိုကြွေးလေသည်။

အရုဏ်တက်သောအခါ၌ကား ရွှေပန်းထိမ်သည်တို့ကို ခေါ်စေ၍ ရွှေတိုက်ကို ဖွင့်စေပြီးလျှင် ရွှေတုံးတို့ကို ချိန်ခွင်ကြီးဖြင့် ချိန်စေ၍ ငါးရာသော အထွတ်တပ်အပ်သော ပြာသာဒ်တို့ကိုရင်း၊ ငါးရာသောစေတီတို့ကိုရင်း ပြုကြဘို့ရန် ပေးလေသည်။ အကြား နက်ခင်းသည်လည်း ဝိသာကြုံ နတ်သားကိုခေါ်၍ "အမောင်....တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန် စံတော်မူပြီ။ ငါးရာသော အထွတ်တပ်အပ်သော ပြာသာဒ်တို့ကိုရင်း၊ ငါးရာသော စေတီတို့ကိုရင်း ဖန်ဆင်းလော့" ဟု ပြောပြီ။

**သာဓုကီဠန သဘင်။** ။အနိစ္စ စသည်နှင့်စပ်သော ဂီတတို့ကိုရွတ်ဆို၍ ပူဇော်ခြင်းကို "သာဓုကီဠန—သူတော်ကောင်းတို့၏ ပျော်မွေ့ခြင်း"ဟု ခေါ်၏။ မယ်တော်ကြီးသည် မြို့အလယ်၌ မဏ္ဍပ်

www.dhammaransi.com



ကြီးကို ဆောက်လုပ်စေ၍ မဏ္ဍပ်အလယ်၌ အကြီးဆုံးပြာသာဒ်ကို ထား ပြီးလျှင် ကြွင်းသောပြာသာဒ်တို့ကို အခြံအရံ အဖြစ်ဖြင့် ထား၍ သာခု ကီဋ္ဌနသဘင် ဆင်ယင်စေလေသည်။

**ရေဝတီ သတို့သမီး။** ။ရေဝတီမည်သော မထေရ်မြတ်၏ ဥပါသိကာမ သည် ငါလည်း မထေရ်မြတ်ကို ပူဇော်မည်ဟု ကြံစည်၍ ရွှေပန်းအိုး သုံးလုံးတို့ကို ပြုစေပြီ။ သိကြားမင်းလည်း အခြွေ အရံတို့နှင့် အတူ မထေရ်မြတ်ကို ပူဇော်ဘို့ရန် ဆင်းလာ၏။ သိကြားမင်း လာသည်ဟု သိကြသောအခါ များစွာသော လူအပေါင်းသည် အလောင်း တော်ဘက် မျက်နှာပြု၍ နောက်ဆုတ် နောက်ဆုတ် သွားကြလေရာ "ရေဝတီ" ဥပါသိကာမသည် ကိုယ်လေးလက်ဝန်ရှိသောကြောင့် နောက် ဆုတ်ယင်းပင် တနေရာ၌ တိမ်းရှောင်ပါသော်လည်း မရှောင်နိုင်ဘဲ လူတို့၏ အကြား၌ လဲသွားလေသည်။ လူတို့သည် တယောက်ကိုတယောက် မကြည့်နိုင်ပဲ ဥပါသိကာမကို နင်းသွားကြလေသော် ထိုနေရာ၌ပင် ကွယ်လွန်၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်လေသည်။ ထိုသို့ ဖြစ်ရပုံကို လူအများတို့အား ပြောပြဘို့ရန် ဗိမာန်နှင့်တကွ ဆင်းလာ၍ မထေရ်မြတ် ကို ပူဇော်သော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ရပုံကိုရင်း၊ ကုသိုလ် ကောင်းမှု၏ အကျိုးကျေးဇူး များပုံကိုရင်း ပြောပြ၍ မထေရ်မြတ်၏ သင်္ဂြိုဟ်ရာထင်းပုံကို လကျာရစ်လှည့်လည်ကာ ရှိခိုးပြီးလျှင် မိမိ၏နတ်ပြည် သို့ ပြန်လေသည်။

**မီးသင်္ဂြိုဟ်၍ ဓာတ်တော်များကို ဘုရားအထံ ယူလာပုံ။** ။များစွာသော လူ အပေါင်း တို့သည် ၇-ရက်ပတ်လုံး သာခုကီဋ္ဌနသဘင် ဆင်ယင်ကျင်းပ၍ အလုံးစုံ သော နံ့သာမျိုးစုံ ထင်းပုံကို ပြု၏။ နံ့သာထင်းပုံသည် ကိုးဆဲ့ကိုးတောင် အမြင့်ရှိ၏။ မထေရ်မြတ်၏ အလောင်းတော်ကို နံ့သာထင်းပုံပေါ်သို့ တင်၍ ပန်းရင်း မြက်စည်းတို့ဖြင့် မီးလောင်စေကြကုန်ပြီ။ မီးသင်္ဂြိုဟ်ရာ သုသာန်၌ တညဉ့်ပတ်လုံး တရားပွဲဖြစ်၏။ အနုရုဒ္ဓါမထေရ်မြတ်သည် အလုံးစုံသော နံ့သာရေဖြင့် မီးကိုငြိမ်းစေပြီ။ ညီတော် စုန္ဒမထေရ်သည်

ခတ်တော်တို့ကို ပုပ္ပါရေစစ်၍ထည့်၍ မြတ်စွာဘုရားအား လျှောက်ထားရန် ခတ်တော်ယူ၍ ပုပ္ပါရေစစ်ကိုရင်း၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ သပိတ်၊ သင်္ကန်းကိုရင်း ယူ၍ သာဝတ္ထိမြို့သို့ သွားပြီ။ သာဝတ္ထိမြို့သို့ ရောက်သောအခါ အရှင် စုန္ဒမထေရ်သည် မိမိ၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်အာနန္ဒာအထံသို့ ရှေးဦးစွာ သွားပြီးမှ အရှင်အာနန္ဒာနှင့်အတူ မြတ်စွာဘုရားအထံသို့ သွား၍ သပိတ်၊ သင်္ကန်းနှင့် ခတ်တော်များကို ဆက်ကပ်ပြီ။

**ခတ်တော်များကို လက်ပေါ်တင်၍ မိန့်တော်မူပုံ**

ဗုဒ္ဓမြတ်စွာသည် ခတ်တော်ထည့်ရာ ပုပ္ပါရေစစ်ကို ယူတော်မူ၍ လက်တော်အပြင်၌ ထားပြီးလျှင် ရဟန်းများကို မိန့်တော်မူသည်မှာ ဘိက္ခုတို့...အတော်ကြာသေး ရှေးရှေးနေ့က ပန်ခိုးပြာဋိဟာ များစွာတို့ကိုပြပြီး၍ ပရိနိဗ္ဗာန်စံဘို့ရန် ခွင့်တောင်း သွားသော သာရိပုတ္တရာ၏ ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူဖွေးသော ခတ်တော်တို့သာ ထင်ရှားကုန်တော့၏။

ဘိက္ခုတို့...ဤခတ်တော်၏ အရှင်ဖြစ်သော ဤရဟန်းသား ကမ္ဘာ ပါသိန်း အလွန်ရှိသော တသင်္ချေပတ်လုံး ပါရမီ ဖြည့်လာခဲ့သော ရဟန်းတည်း။ ငါဘုရား လည်စေအပ်သော ဓမ္မစကြာကို အတုလိုက်၍ လည်စေနိုင်သော ငါဘုရား၏ လက်ျာတော်ဝယ် ဒုတိယနေရာ၌ ထိုင်နိုင်သော ရဟန်းလည်းဖြစ်၏။ ဤရဟန်းသည် လောကတပ်၏ အစည်းအဝေးကို ပြည့်စေနိုင်သော ရဟန်းလည်း ဖြစ်၏။ ဤရဟန်းသည် ငါဘုရားကို ထား၍ တလောင်းသော စကြဝဠာ၌ ပညာအားဖြင့် အတူမရှိသူလည်း ဖြစ်၏။

ဤ ရဟန်းသည် ကြီးသောပညာရှိသူလည်း ဖြစ်၏။ မြေကြီးအထုကဲ့သို့ ထုထယ်ကြီးသော ပညာရှိသူလည်း ဖြစ်၏။ ရွှင်သော ပညာရှိသူလည်း ဖြစ်၏။ လျင်သော ပညာရှိသူလည်း ဖြစ်၏။ ထက်မြက်သော ပညာရှိသူလည်း ဖြစ်၏။ လောဘ ဒေါသ မောဟ အတုံးအခဲကို ဖောက်ခွဲနိုင်သော ပညာရှိသူလည်း ဖြစ်လာည်။

www.dhammaransi.com



ဤရဟန်းသည် ပစ္စည်းလေးပါးတို့၌ အလိုရမက် မကြီးသော ရဟန်းလည်းဖြစ်၏။ ဤရဟန်းကား တင်းတိမ်ရောင့်ရဲလွယ်သော ရဟန်းလည်းဖြစ်၏။ အပေါင်းအဖော်တို့မှ ကင်းဆိတ်သော ရဟန်းလည်း ဖြစ်၏။ လူတို့နှင့် ရောနှောခြင်းမရှိသော ရဟန်းလည်း ဖြစ်၏။ လုံ့လဝီရိယ ကြီးမားသော ရဟန်းလည်း ဖြစ်၏။ မသူတော်တို့ကို အပြစ်တင်တတ် ကဲ့ရဲ့တတ်သော ရဟန်းလည်းဖြစ်၏။ တဆက်တည်းသောဘဝငါးရာတို့ကို ရင်း၊ ထိုဘဝတို့၌ ရအပ်သော စည်းစိမ်ကြီးတို့ကိုရင်း စွန့်ခွါ၍ ရဟန်းပြုနိုင်သူလည်း ဖြစ်၏။

ဤရဟန်းသည် ငါဘုရား၏ သာသနာတော်၌ မြေကြီးအထုကဲ့သို့ သည်းခံနိုင်သူလည်း ဖြစ်၏။ ဦးချိုကျိုးသော နွားလားဥသဘကဲ့သို့ မာန်မာန မတက်ကြွသော ရဟန်းလည်းဖြစ်၏။ ဒွန်းစဏ္ဍား၏သားကဲ့သို့ နှိမ့်ချအပ်သော စိတ်ထားရှိသူလည်း ဖြစ်၏။ ဤသို့ ဂါထာငါးရာဖြင့် အရှင်သာရိပုတ္တရာ၏ဂုဏ်တို့ကို မိန့်တော်မူ၍ ဓာတ်တော်တို့ကို ဌာပနာဘို့ရာ စေတီတည်စေတော်မူသည်။

**ရာဇဂြိုဟ်မြို့သို့ ကြွတော်မူခြင်းနှင့် အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံခြင်း**

ဗုဒ္ဓ မြတ်စွာသည် အရှင်သာရိပုတ္တရာပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာဝတ္ထိမြို့မှ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၏။ ရောက်တော်မူပြီးနောက် မကြာမီပင် အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံဘို့ရန် အကြောင်းအရာ ဖြစ်ပေါ်လာ၏။ အကြောင်းအရာ ဖြစ်ပေါ်လာပုံကား—အခါတပါး၌ တိတ္ထိတို့သည် စုဝေး၍ အရှင်မောဂ္ဂလ္လာန် အကြောင်းကို ဆွေးနွေးကြလေသည်။

**အမေး။** ။ခေါင်းဆောင်လုပ်သူက ငါ့ရှင်တို့....ရဟန်းဂေါတမ၌လာဘ သက္ကာရ ပေါများခြင်း၏ အကြောင်းကို သိကြရဲ့လား။

**အဖြေ။** ။မသိကြပါ၊အရှင်ဘုရားကော သိပါရဲ့လား။

ငါ့ရှင်တို့....ရှင်မောဂ္ဂလ္လာန်ကြောင့် လာဘသက္ကာရ ပေါများသည်။ ရှင်မောဂ္ဂလ္လာန်သည် နတ်ပြည်သို့ သွား၍ လူ့ဘဝတုန်းက ပြုခဲ့သော

www.dhammaransi.com



ကောင်းမှုကို မေးပြီးလျှင် လူပြည်သို့ ပြန်ရောက်သောအခါ "ဤမည်သော ကောင်းမှုကိုပြုလျှင် ဤသို့သော စည်းစိမ်ကိုရ၏"ဟု လူတို့အား ပြောပြ၏။ ငရဲသို့ သွား၍လည်း မကောင်းမှုကိုမေး၍ "ဤမည်သော မကောင်းမှုကို ပြုလျှင် ဤမည်သော ဒုက္ခကို ခံကြရ၏"ဟု လူတို့အား ပြောပြ၏။ ထိုစကားကို ကြားရသော လူတို့သည် ရှင်မောဂ္ဂလ္လာန်အထံသို့ များစွာသော လာဘသက္ကာရကို ပို့ဆောင်ကြကုန်၏။ [ရိုးရိုးဖြစ်သော ပစ္စည်းလေးပါးကို လာဘ၊ အထူးတလည် ပြုအပ်သော ပစ္စည်းလေးပါးကို သက္ကာရဟု ခေါ်၏]။

ငါတို့သည် အရှင်မောဂ္ဂလ္လာန် ရှိနေသောကြောင့် လာဘသက္ကာရမှ ဆုတ်ယုတ်ကြရ၏။ ထိုမောဂ္ဂလ္လာန်ကို တစုံတခုသော အကြောင်းဖြင့် ဖျောက်ဖျက်ဘို့ လိုသည်။ ဤသို့ တိုင်ပင်ဆွေးနွေးကြပြီးလျှင် မိမိတို့ ဒါယကာများကို ငွေစုစေ၍ အသပြာတထောင် ရသောအခါ တောပုန်း ဒမြတို့ကို ခေါ်စေ၍ ငွေတထောင်ပေးပြီးလျှင် အရှင်မောဂ္ဂလ္လာန်ကို အသတ်ခိုင်းကြလေသည်။ တောပုန်းဒမြတို့သည် "ကာဠသိလာ" မည်သောတော၌ သီတင်းသုံးတော်မူနေသော ရှင်မောဂ္ဂလ္လာန်ကိုသတ်ဘို့ သွားကြလေသော် ရှင်မောဂ္ဂလ္လာန်သည် သော့ပေါက်မှ ထွက်၍ ရှောင်ရှားတော်မူသည်။

ဒုတိယအကြိမ်၌ သတ်ဘို့ လာပြန်သောအခါ ကျောင်း၏အထွတ် ဟပ်အပ်သောနေရာကို ဖောက်၍ ကောင်းကင်သို့ ပျံကြွလေသည်။ တတိယအကြိမ် လာသောအခါ၌ကား မထေရ်မြတ်သည် "မိမိပြုအပ်ခဲ့ဘူးသော ရှေးကံက ဆွဲငင်လာပြီ" ဟု သိ၍ ရှောင်ရှားတော်မမူတော့။ ဒမြတို့သည် ဝိုင်း၍ သူတချက် ငါတချက် နှိပ်စက်ကြသည်မှာ အရိုးတွေ ကြေမွ၍ ဆန်ကွဲကဲ့သို့ ဖြစ်လေသည်။

---

၁။ "ရှေးကံ"ဟူသည် မယားအလိုလိုက်၍ မျက်မမြင်မိဘတို့ကို သတ်မိခဲ့သော ကံတည်း။ အကျယ်ကို ဓမ္မပဒအဋ္ဌကထာ ဒဏ္ဍဝဂ်၊ မဟာမောဂ္ဂလ္လာန်-ထေ္ထရဝတ္ထု၌ ရှုပါ။

www.dhammaransi.com



**မြတ်စွာဘုရားထံ ကြွခြင်း။** ။သေလောက်ပြီဟူသော အမှတ်ဖြင့် ဆူးခြုံ ပေါ်၌ပစ်ချခဲ့ကြလေသည်။ အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်သည် "မြတ်စွာဘုရားကို ဖူးမြော်ပြီးမှ ပရိနိဗ္ဗာန် စံမည်" ဟု ကြံ၍ ကြေမွနေသော ခန္ဓာကိုယ်ကို ဈာန်တန်ခိုးဖြင့် ရစ်ပတ်၍ ကောင်းကင်မှ မြတ်စွာဘုရား အထံတော်သို့ လာပြီးလျှင် ရှိခိုးဝပ်ချ၍ "ကာဠသိလာ" မည်သော အရပ်၌ ပရိနိဗ္ဗာန်စံပါမည့် အကြောင်းကို လျှောက်ထားလေသည်။

**တန်ခိုးပြ၍ ပရိနိဗ္ဗာန်စံခြင်း။** ။"မောဂ္ဂလ္လာန် ငါဘုရားအထံ၌ တရားစကားကို ရဟန်းအများ နာယူရအောင် ဟောပြောခဲ့ပါ။ သင်ကဲ့သို့သော သာဝကကို နောက်ထပ် တွေ့ခွင့်မရှိတော့ပါ" ဤသို့မိန့်တော်မူသောအခါ အရှင်မောဂ္ဂလ္လာန်သည် မြတ်စွာဘုရားကိုဝပ်ချ၍ ကောင်းကင်သို့တက်ပြီးလျှင် အရှင်သာရိပုတ္တရာ ကဲ့သို့ပင် တန်ခိုးအမျိုးမျိုးကိုပြ၍ တရားဟောပြီးမှ မြတ်စွာဘုရားကို ရှိခိုးဝပ်ချပြီးလျှင် ကာဠသိလာ တောအုပ်သို့ကြွ၍ ကိုယ်တော်တပါး တည်းပင် ပရိနိဗ္ဗာန် စံတော်မူလေသည်။ မြတ်စွာဘုရားသည် အရှင် မောဂ္ဂလ္လာန်၏ ဓာတ်တော်တို့ကို ယူ၍ စေတီ တည်စေတော်မူပြီ။

မှတ်ချက်။ ။အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်၏ ခိုးသားငါးရာတို့ လက်ချက်ကြောင့် ပရိနိဗ္ဗာန်စံရပုံသည် အလုံးစုံသော ဇမ္ဗူဒိပ်၌ ပျံ့နှံ့သွား၏၊ အဇာတသတ်မင်းလည်း စုံစမ်း၍ သတ်သောသူတို့ကိုရင်း၊ အသတ်ခိုင်းသော တိတ္ထိတချို့ကိုရင်း ဖမ်း၍ အပြစ်ပေး လေသည်။

**ဥက္ကစေလသို့ ကြွတော်မူခြင်း။** ။အရှင်သာရိပုတ္တရာသည် တန်ဆောင်မုန်း လပြည့်၌ ပရိနိဗ္ဗာန် စံတော်မူ၏။ အရှင် မောဂ္ဂလ္လာန်သည် ထိုနောက် တဆယ့်ငါးရက် လွန်၍ တန်ဆောင်မုန်း လကွယ်နေ့၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ဗုဒ္ဓမြတ်စွာသည် အဂ္ဂသာဝက ၂-ပါးတို့ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် များစွာသော ရဟန်းအပေါင်း

www.dhammaransi.com



ခြံရံလျက် ဒေသစာရီ လှည့်လည်တော်မူသောအခါ ဥက္ကစေလမြို့သို့ ရောက်၍ ဂင်္ဂါမြစ်ဘေးဝယ် ငွေပြားအဆင်းနှင့်တူသော သဲသောင်အပြင်၌ သီတင်းသုံးတော်မူပြီ။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို မိန့်တော်မူသည်မှာ—

ဘိက္ခုတို့...သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့ ပရိနိဗ္ဗာန်စံပြီးလေသော် ငါ၏ ဤပရိသတ်သည် သုညကဲ့သို့ ထင်ရ၏။ အကြင်အရပ်၌ သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့ နေကြ၏။ ထိုအရပ်၌ ငါ၏ ပရိသတ်သည် သုညမဟုတ်။ ထိုအရပ်၌ ငါဘုရားမှာ ကြည့်ရှု ငဲ့ကွက်စရာ မလိုတော့။ "အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်တို့ ရှိရာအရပ်၌ အလွန် စိတ်ချရသည်"ဟု မိန့်တော်မူလိုဟန် တူသည်။

ဘိက္ခုတို့....အတိတ်ကာလတုန်းက ပွင့်တော်မူကြသော မြတ်စွာဘုရားတို့၏ အဂ္ဂသာဝကတို့သည် ယခုအခါ ငါဘုရား၏ အဂ္ဂသာဝကနှင့် အလားတူသာ ဖြစ်ကြ၏။ နောင်အနာဂတ်ကာလ၌ ပွင့်ကြမည့် မြတ်စွာဘုရားတို့၏ အဂ္ဂသာဝကအစုံသည်း ငါဘုရား၏ အဂ္ဂသာဝကဖြစ်သော သာရိပုတ္တရာ မောဂ္ဂလ္လာန်နှင့် အလားတူပင် ဖြစ်ကြလိမ့်မည်။ ("ဂုဏ်အားဖြင့် မသာလွန်ကြ"ဟူလို။)

ဘိက္ခုတို့....သာဝကတို့၏ ငါဘုရား အဆုံးအမတော်ကို လိုက်နာ၍ ပြုကျင့်ကြသည်မှာ အံ့ဩလောက်ပါပေ၏။ ဘိက္ခုတို့.... ငါဘုရား၏ သာဝကအစုံသည် ပရိသတ်လေးပါးတို့ ချစ်အပ်၊ မြတ်နိုးအပ်၊ အလေးပြုအပ်ကြပုံမှာ အံ့ဩလောက်ပါပေ၏။ ဘိက္ခုတို့.... ဤမျှလောက် ကြီးကျယ်သော သာဝကအစုံ ပရိနိဗ္ဗာန်စံပါသော်လည်း ငါဘုရားမှာ သောက ပရိဒေဝ မဖြစ်ပါ။

ဘိက္ခုတို့ ဖြစ်သောအရာ ဝတ္ထု မှန်သမျှသည် ပျက်မြဲသာလျှင် ဖြစ်၏။ "မပျက်ပါစေနှင့်"ဟု အဘယ်မှာ တောင့်တ၍ ရနိုင်ပါအံ့နည်း။ တောင့်တ၍ မရနိုင်ပါ။

www.dhammaransi.com



ဘိက္ခုတို့…ကြီးစွာသော အနှစ်သာရနှင့် ပြည့်စုံသော သစ်ပင်ကြီး၏ ခက်မတို့သည် ကျိုးကုန်သကဲ့သို့၊ ဤအတူပင် များစွာသော ရဟန်း အပေါင်း၏ ခက်မနှင့်တူသော သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့ ပရိနိဗ္ဗာန် စံကြလေကုန်ပြီ။ ဖြစ်သော အရာ၌ မှန်သမျှသည် ပျက်ခြင်းသဘောလျှင် ဖြစ်၏။ ထို့ကြောင့် အသင်တို့သည် မိမိကိုယ်ကို သမုဒ္ဒရာ အလယ်၌ ကျွန်းငယ်နှင့် တူအောင် နေကြကုန်လော့။ တရား တည်းဟူသော ကိုးကွယ်ရာရှိအောင် နေကြကုန်လော့။

ဘိက္ခုတို့… ရဟန်းသည် ကာယာနုပဿနာဘာဝနာကို ပွါးများ၍သော်လည်း နေလေ့ရှိရ၏။ ဝေဒနာနုပဿနာ ဘာဝနာကို ပွါးများ၍သော်လည်း နေလေ့ရှိရ၏။ စိတ္တာနုပဿနာ ဘာဝနာကို ပွါးများ၍သော်လည်း နေလေ့ရှိရ၏။ ဓမ္မာနုပဿနာ ဘာဝနာကို ပွါးများ၍သော်လည်း နေလေ့ရှိရ၏။ ဤသို့ပွါးများ၍နေလျှင် လိုချင်မှု အဘိဇ္ဈာကိုရင်း၊ စိတ်ဆင်းရဲမှု ဒေါမနဿကိုရင်း ပယ်ဖျောက်နိုင်သည်။ ဤသို့ မိန့်တော်မူ၏။

**ပရိနိဗ္ဗာန်မစံပဲ နေနိုင်ကြောင်းကို အရိပ်အမြွက်မျှ မိန့်တော်မူခြင်း**

ဗုဒ္ဓမြတ်စွာသည် ဥက္ကစေလမြို့မှ ဝေသာလီမြို့သို့ ကြွ၍ ဆွမ်းခံဝင် တော်မူသည်။ ဆွမ်းခံဝင်တော်မူ ပြီး၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် အရှင်အာနန္ဒာနှင့်အတူ နေ့အခါ၌ နေခြင်းငှါ စာပါလစေတီသို့ ကြွတော်မူပြီး အာနန္ဒာ….ဝေသာလီမြို့သည် မွေ့လျော်ဘွယ်ကောင်း၏။ ဥဒေနစေတီသည် မွေ့လျော်ဘွယ်ကောင်း၏။ ဂေါတမကစေတီသည် မွေ့လျော်ဘွယ် ကောင်း၏။ သတ္တမ္ဗစေတီသည် မွေ့လျော်ဘွယ် ကောင်း၏။ ဗဟုပုတ္တကစေတီသည် မွေ့လျော်ဘွယ် ကောင်း၏။ သာရန္ဒဒစေတီသည် မွေ့လျော်ဘွယ်ကောင်း၏။ စာပါလ စေတီသည် မွေ့လျော်ဘွယ်ကောင်း၏။

အာနန္ဒာ… ငါဘုရား ဖြစ်စေ၊ အခြားသူ ဖြစ်စေ၊ မည်သူမဆို ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ် ဟူသော တန်ခိုး၏

www.dhammaransi.com



အခြေခံဖြစ်သော ဤဣဒ္ဓိပါဒ်လေးပါးကို ပွါးများထားသူသည် အာယုကပ်ပတ်လုံးသော်ငင်း၊ အာယုကပ်ပတ်လုံးထက် အကြွင်းအကျန် ပို၍သော်ငင်း မသေပဲနေလိုလျှင် နေနိုင်၏။ အာနန္ဒာ.... ငါဘုရားသည် ဣဒ္ဓိပါဒ် ၄-ပါးကို မိမိသန္တာန်၌ ဖြစ်စေအပ်ပြီ။ ကောင်းစွာ ပွါးများအပ်ပြီ။

အာနန္ဒာ.... မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး သော်ငင်း၊ အာယုကပ် အကြွင်းအကျန် အပိုကာလပတ်လုံးသော်ငင်း ပရိနိဗ္ဗာန်မစံပဲ နေလိုလျှင် နေနိုင်၏။ ဤသို့ အရိပ်နိမိတ်ကို ပြတော်မူသည်။ ဤသို့ အရိပ်နိမိတ် ပြတော်မူပါသော်လည်း အရှင်အာနန္ဒာသည် အဓိပ္ပါယ်ကို ထိုးထွင်း၍သိခြင်းငှါ မစွမ်းနိုင်။ "မြတ်စွာဘုရားကို အာယုကပ်ပတ်လုံး တည်ယော်မူပါ"ဟု မတောင်းပန်နိုင်။ ဘာ့ကြောင့်နည်း— မာရ်နတ်က အရှင်အာနန္ဒာ၏စိတ်ကို နှောင့်ယှက်ထားသောကြောင့်တည်း။

ဗုဒ္ဓမြတ်စွာသည် အာယုကပ်ပတ်လုံး နေနိုင်ကြောင်းကိုပင် နှစ်ကြိမ်မြောက် ထပ်၍ မိန့်တော်မူသည်။ အရှင်အာနန္ဒာသည် မာရ်နတ်က စိတ်ကို နှောင့်ယှက်ထားသောကြောင့် "အာယုကပ်ပတ်လုံး တည်တော်မူပါ"ဟု မလျှောက်ချေ။ "ဣဒ္ဓိပါဒ် ၄-ပါးကို မိမိသန္တာန်၌ဖြစ်အောင် ကြိုးစားအားထုတ် ပြီးသော ပုဂ္ဂိုလ်သည် အာယုကပ်ပတ်လုံး သော်လည်း မသေပဲ နေနိုင်၏။ အာယုကပ်၏ အကြွင်းအကျန် အပိုကာလပတ်လုံး သော်လည်း မသေပဲ နေနိုင်၏"ဟု သုံးကြိမ်မြောက် မိန့်တော်မူပြန်၏။ သို့သော် အရှင်အာနန္ဒာ၏ စိတ်ကို မာရ်နတ်က နှောင့်ယှက်ထားသောကြောင့် "မြတ်စွာဘုရား....အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား"ဟု မလျှောက်မိချေ။

မှတ်ချက်။ ။"အာယုကပ်" ဟူသည် လူတို့၏ အသက်တမ်းတည်း။ "အာယုကပ်၏ အကြွင်းအကျန်"ဟူသည် အသက်တမ်းထက်အပို အလွန်ဖြစ်သော ကာလတည်း။ "ဣဒ္ဓိပါဒ် လေးပါးကို ပွါးများထားသော ပုဂ္ဂိုလ်သည် ထိုအသက်တမ်း တိုင်အောင်ငင်း၊ အနည်းငယ် ပိုအောင်ငင်း နေနိုင်၏"ဟု မိန့်တော်မူလိုသည်။

www.dhammaransi.com



**မာရ်နတ်တန်ခိုး။** ။မာရ်နတ်သည် ပုထုဇဉ်နှင့် သောတာပန်ပုဂ္ဂိုလ်တို့၏ စိတ်ကို နှောင့်ယှက်နိုင်၏။ "နှောင့်ယှက်" ဆိုသည်ကား ကြောက်မက်ဘွယ်ဖြစ်သော ရူပါရုံကိုလည်း ပြတတ်၏။ ကြောက်မက်ဘွယ်ဖြစ်သော သဒ္ဒါရုံကိုလည်း ကြားစေတတ်၏။ ထိုအာရုံကို မြင်၍ ပါးစပ်ဟနေသောအခါ ထိုပါးစပ်ပေါက်ဖြင့် သူ့လက်ကိုသွင်း၍ ဟဒယနှလုံးကို ဆုပ်နယ်၏။ ထိုသို့ဆုပ်နယ်ခြင်းကြောင့် ပကတိ အမှတ်သညာကင်း၏။ အရှင်အာနန္ဒာ၏ ခံတွင်းဖြင့်ကား လက်ကိုသွင်းခြင်းငှါ မစွမ်းနိုင်။ ကြောက်မက်ဘွယ်သော အာရုံကိုပြ၍ ထိုအာရုံကို မြင်ရသောကြောင့် "မြတ်စွာဘုရား၏ အာယုကပ်ပတ်လုံး နေနိုင်၏" ဟူသော အရိပ်နိမိတ် စကားကို နားမလည်နိုင်ပဲ ရှိရသည်။ ထိုသို့ နားမလည်နိုင်မည်ကို မြတ်စွာဘုရား သိတော်မူပါသော်လည်း နောင်အခါ၌ သူ၏ နားမလည်ချက်ကိုပြ၍ သောကငြိမ်းအောင် တရားဟောဘို့ရန် ဤကဲ့သို့ အရိပ်နိမိတ်စကားကို မိန့်မြွက်တော်မူရသည်။

**ပရိနိဗ္ဗာန်စံဘို့ရန် မာရ်နတ် တောင်းပန်ခြင်း။** ။ဗုဒ္ဓမြတ်စွာသည် အာယုကပ် ပတ်လုံး နေနိုင်ကြောင်းကို အရှင်အာနန္ဒာအား မိန့်တော်မူ၍ အရှင်အာနန္ဒာကို အခြားသစ်ပင်အောက်သို့ သွား၍နေဘို့ရန် မိန့်တော်မူသည်။ ထိုအခါ တပါးတည်း နေတော်မူသော မြတ်စွာဘုရား အထံသို့ မာရ်နတ်လာ၍ ပရိနိဗ္ဗာန်စံဘို့ရန် တောင်းပန် လျှောက်ထားလေသည်။ ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီး၍မကြာမီ ရှစ်သတ္တာဟမြောက် အဇပါလ ညောင်ပင်အောက်ဝယ် သီတင်းသုံးတော်မူစဉ်တုန်းကလည်း ပရိနိဗ္ဗာန်စံဘို့ရန် မာရ်နတ်လာ၍ တောင်းပန်ခဲ့ဘူးသေး၏။ ထိုအချိန်တုန်းက ဗုဒ္ဓမြတ်စွာသည် "ငါဘုရား၏ ဘိက္ခုပရိသတ်၊ ဘိက္ခုနီပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာမပရိသတ် ဤပရိသတ်လေးပါးတို့ ငါဘုရား၏တရားကို ပိုင်ပိုင်နိုင်နိုင် မဆောင်ရွက်နိုင်ကြသေး။ သူတပါးကို မဟောပြောနိုင်ကြသေး။ ဆန့်ကျင်ဘက် ပြောသူတို့ကို တရားသဖြင့် မနှိမ်နင်းနိုင်ကြသေး။ ထိုကဲ့သို့

www.dhammaransi.com



ငါဘုရား၏ ပရိသတ်လေးပါးတို့ ဂုဏ်အရည်အချင်း မပြည့်စုံသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မစံနိုင်သေး”ဟု ပယ်ခဲ့ဘူးလေသည်။

ထို့ကြောင့် မာရ်နတ်သည် ထိုအချက်ကိုပြ၍ ယခုအခါ၌ ဗုဒ္ဓမြတ်စွာ၏ ပရိသတ် လေးပါးတွင် ဘိက္ခုပရိသတ်သည် ဗုဒ္ဓ၏ တရားတော်ကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက် မှတ်သား၍ သူတပါးတို့အား ဟောပြောနိုင်ပါပြီ။ ဆန့်ကျင်ဘက် ပြောလာသူကို တရားသဖြင့် နှိမ်နင်း၍ အကျိုးအကြောင်းနှင့်တကွ တရားကို ဟောပြနိုင်ပါပြီ။ ထို့ကြောင့် ယခု အချိန်အခါသည် ပရိနိဗ္ဗာန်စံဘို့ရန် သင့်လျော်သော အခါဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူပါ။

ယခုအခါ ဘိက္ခုနီ ပရိသတ်သည် ဗုဒ္ဓ၏တရားတော်ကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်မှတ်သား၍ သူတပါးတို့အား ဟောပြောနိုင်ပါပြီ။ ဆန့်ကျင်ဘက် ပြောဆိုလာသူကို တရားသဖြင့် နှိမ်နင်း၍ အကျိုးအကြောင်းနှင့်တကွ တရားကို ဟောပြောနိုင်ပါပြီ။ ထို့ကြောင့် ယခုအချိန်အခါသည် ပရိနိဗ္ဗာန်စံဘို့ရန် သင့်လျော်သော အခါဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူပါ။ [ဥပါသကာ ဥပါသိကာမ ပရိသတ်များကိုလည်း ဤအတိုင်း ပြည့်စုံပုံကို ပြ၍ ပရိနိဗ္ဗာန်စံချိန်တန်ပါကြောင်း လျှောက်သည်။]

**သုံးလလွန်လျှင် ပရိနိဗ္ဗာန်စံတော်မူမည်။** ထိုအခါ ဗုဒ္ဓမြတ်စွာသည် “မာရ်နတ်....ငါဘုရား ပရိနိဗ္ဗာန်စံဘို့ကိစ္စ၌ အသင်ကြောင့်ကြမစိုက်နှင့်တော့။ ဤအခါမှ နောက်၌ သုံးလလွန်လျှင် ငါဘုရား ပရိနိဗ္ဗာန်စံလိမ့်မည်” ဤသို့ မိန့်တော်မူ၍ အာယုသင်္ခါရကို စွန့်လွှတ်တော်မူသည်။ ထိုအာယုသင်္ခါရကိုစွန့်လွှတ်သော အခါ ကြောက်မက်ဖွယ် ကောင်းသော ကြက်သီးမွေးညင်း ထလောက်သော မြေငလျင် အကြီးအကျယ်လှုပ်ရ၏။ နတ်၌ဖြစ်သော စည်ကြီးတို့သည် တီးသူမရှိပဲ အလိုလို မြည်ကုန်ပါပြီ။ အခါမဟုတ်ပဲ မိုးခြိမ်း၍ လျှပ်ပြက်ကုန်၏။ ဗုဒ္ဓမြတ်စွာသည်ကား အာယုသင်္ခါရကို လွှတ်ပြီးနောက် ပရိနိဗ္ဗာန် စံတော်မူဘို့ရန် နီးလာသည့် အရေးကို တွေး၍ နှစ်သက်ဝမ်းမြောက်သော ပီတိအဟုန်ကြောင့် ဥဒါန်းကျူးတော်မူပါသေးသည်။

www.dhammaransi.com



**မှတ်ချက်။** ။အာယုဟူသည် မြန်မာတို့က "အသက်" ဟူ၍ ခေါ်အပ်သော ဇီဝိတိန္ဒြေတည်း။ ထိုဇီဝိတိန္ဒြေကို အဆက်ပြတ်မသွားအောင် ပြုစီမံနိုင်သော ဖလသမာပတ်ကို (အရဟတ္တဖိုလ်တရားကို) "အာယုသင်္ခါရ"ဟု ခေါ်၏။ ထို့ကြောင့် "၃-လမှ နောက်၌ ဖလသမာပတ်ကို မဝင်စားတော့"ဟု စွန့်လွှတ် တော်မူခြင်းကို "အာယုသင်္ခါရကို လွှတ်ခြင်း"ဟု ခေါ်သည်။

**ဥဒါန်း။** ။လောကသုံးဘုံ၊ အလုံးစုံကို၊ အကုန်သိမြင်၊ ဘုရားရှင်သည်၊ အကျိုးတရား၊ အစားစား၏၊ ဖြစ်ပွါးရာလည်းဖြစ်ထသော၊ အသစ်တဖန်ဘဝကို စီမံပြုတတ်သည်လည်း ဖြစ်ထသော၊ ချိန်ခွင်ပမာ၊ ညာဏ်ပညာဖြင့်၊ ကောင်းစွာချိန်အပ်၊ ပိုင်းဖြတ်အပ်သော ကာမာဝစရကံကို၎င်း။ ချိန်ခွင်ပမာ၊ ညာဏ်ပညာဖြင့် ကောင်းစွာပိုင်ပိုင်၊ မချိန်နိုင်သော မဟဂ္ဂုတ်ကံကို၎င်း။ မဂ်အရဟတ္တာ ရတုန်းကပင်၊ လုံးဝမငဲ့၊ စွန့်လွှတ်တော်မူခဲ့ပြီ။ သူ့ရဲကောင်းကြီးသည် စစ်ဖတ်တန်ဆာကို ဖျက်ဆီးလိုက်သကဲ့သို့၊ ထိုအတူ မိမိသန္တာန်၌ ဇမ္ဗလျှော်တော်မူသော ဗုဒ္ဓမြတ်စွာသည် မိမိသန္တာန်၌ အဖန်ဖန်ဖြစ်သော ကိလေသာကို ဖျက်ဆီးတော်မူပြီ။

**လင်္ကာ။** ။မုနိထွတ်တင်၊ ဘုရားရှင်သည်၊ များဖြင်အကျိုး၊ အမျိုးမျိုးဟု၊ ကောင်းဆိုး စစ်ပြင်၊ ပေးစွမ်းအင်ကို၊ ချိန်ခွင်ပမာ၊ ညာဏ်ပညာဖြင့်၊ ကောင်းစွာ လှလှ၊ ချိန်၍ ရသည့်၊ တုလမည်ငြား၊ကာမာဝစရကံတရားကို၎င်း။ ချိန်ခွင် ပမာ၊ ညာဏ်ပညာဖြင့်၊ ကောင်းစွာပိုင်ပိုင်၊ မချိန်နိုင်မှု၊ အကြောင်းပြု၍၊အတုလမည်ငြား၊ မဟဂ္ဂုတ်ကံတရားကို၎င်း။

မဂ်အရဟတ္တ၊ရတုန်းကပင်၊လုံးဝမငဲ့ ၊ စွန့်လွှတ်ခဲ့၍၊ တကယ့်စစ်ပွဲ၊ နိုင်အောင်နွှဲသည့်၊ သူရဲခေါင်အုပ်၊ စစ်ဖိုလ်ချုပ်သည်၊ ဖွဲ့တုပ် စစ်ဝတ်၊ အားလုံးချွတ်သို့၊ ဝဋ္ဋ ကိလေသာ၊ အဖြာဖြာကို၊ ကောင်းစွာ ဖျက်ဆီး၊ အားလုံးပြီးသည်...အေးကြီး အေးရပြီတကား။

**ကြီးစွာ မြေလှုပ်ခြင်း၏ အကြောင်း ရှစ်ပါး။** ။ကြီးစွာ မြေလှုပ်ရာ၌ အရှင် အာနန္ဒာသည် တအံ့တသြဖြစ်သောကြောင့် အကြောင်းကို သိလို၍ မြတ်စွာဘုရားအထံသို့ လာပြီးလျှင် ကြီးစွာ မြေလှုပ်ခြင်း၏ အကြောင်းကို မေးလျှောက်လေသည်။ ထိုအခါ မိန့်တော်မူသည်မှာ—အာနန္ဒာ... ကြီးစွာ မြေလှုပ်

www.dhammaransi.com



ခြင်း၏ အကြောင်းတို့သည် ရှစ်ပါးရှိ၏။ ထိုရှစ်ပါးတား–အကြင်အခါ၌ မြေကိုခံသော ရေ၏အောက်၌ ရှိသော လေသည် ပြင်းစွာ တိုက်ခတ်၏။ ထိုအခါ၌ ရေသည် လှုပ်၏။ ရေလှုပ်သည်ရှိသော် မြေလည်း လှုပ်၏။ ဤကား ကြီးစွာ မြေလှုပ်ခြင်း၏ ပဌမအကြောင်းတည်း။

အာနန္ဒာ....ဈာန်အဘိညာဉ် ရပြီးဖြစ်၍ တန်ခိုးဣဒ္ဓိပါဒ် ကြီးမားသော သမဏဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ မြေ၌ဖြစ်သောသညာကို အနည်းငယ်သာ ပွါးစေ၍ ရေ၌ဖြစ်သော သညာကို အတိုင်းအရှည် မရှိအောင် ဖြစ်စေ၏။ ထိုတန်ခိုးရှင်သည် ဤမြေကြီးကို ပြင်းစွာ တုန်လှုပ်စေနိုင်၏။ ဤကား ကြီးစွာ မြေတုန်လှုပ်ခြင်း၏ ဒုတိယအကြောင်းတည်း။

အာနန္ဒာ....အကြင်အခါ၌ ဘုရားအလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော်ဝမ်းသို့ သက်ရောက်၏။ ထိုအခါ၌လည်း ဤမဟာ ပထဝီမြေကြီးသည် တုန်လှုပ်ရ၏။ ဤကား ကြီးစွာ မြေတုန်လှုပ်ခြင်း၏ တတိယအကြောင်းတည်း။

အာနန္ဒာ....အကြင်အခါ၌ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ဖွားမြင်တော်မူ၏။ ထိုအခါ ဤ မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်၏။ ဤကား ကြီးစွာမြေတုန်လှုပ်ခြင်း၏ စတုတ္ထအကြောင်းတည်း။

အာနန္ဒာ....အကြင်အခါ၌ မြတ်စွာ ဘုရားသည် အတုမရှိ မြတ်သော သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ (ဘုရားဖြစ်တော်မူ၏)။ ထိုအခါ၌ ဤ မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်၏။ ဤကား ကြီးစွာ မြေတုန်လှုပ်ခြင်း၏ ပဉ္စမအကြောင်းတည်း။

အာနန္ဒာ....အကြင်အခါ၌ မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောတော်မူ၏။ ထိုအခါ ဤ မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်၏။ ဤကား ကြီးစွာ မြေတုန်လှုပ်ခြင်း၏ ဆဋ္ဌမအကြောင်းတည်း။

www.dhammaransi.com



အာနန္ဒာ....အကြင်အခါ၌ မြတ်စွာဘုရားသည် သတိသမ္ပဇဉ်ဉာဏ်နှင့် ယှဉ်၍ အာယုသင်္ခါရကို စွန့်လွှတ်တော်မူ၏။ ထိုအခါ၌ ဤမဟာပထဝီ မြေကြီးသည် ပြင်းစွာ တုန်လှုပ်၏။ ဤကား ကြီးစွာမြေတုန်လှုပ်ခြင်း၏ သတ္တမအကြောင်းတည်း။

အာနန္ဒာ....အကြင်အခါ၌ မြတ်စွာဘုရားသည် ဝိပါက် ရုပ်နာမ် အကြွင်းအကျန်မရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုအခါ ဤမဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်၏။ ဤကား ကြီးစွာ မြေတုန်လှုပ်ခြင်း၏ အဋ္ဌမအကြောင်းတည်း။

အာနန္ဒာ....ကြီးစွာ မြေလှုပ်ရခြင်း၏ အကြောင်းတို့သည် ဤရှစ်ပါး တို့တည်း။ [သာမန် အနည်းငယ် မြေလှုပ်ခြင်းတို့ကား ဤအကြောင်း ရှစ်ပါးတို့၌ မပါ။] မြေလှုပ်ခြင်း၏ အကြောင်းရှစ်ပါးကို မိန့်တော်မူ ပြီးနောက် ပရိသတ်ရှစ်ပါးကို ပြတော်မူ၍ ထို ပရိသတ်၌ တရား ဟောတော်မူခဲ့ပုံကိုရင်း၊ အဘိဘာယတန အမည်ရသော ဈာန်တရား ရှစ်ပါးကိုရင်း၊ ဝိမောက္ခ ရှစ်ပါးကိုရင်း ဟောတော်မူသည်။

အာနန္ဒာ....ယနေ့ စာပါလစေတီဝယ် နေတော်မူစဉ် မာရ်နတ်လာ၍ ငါဘုရား၏ ပရိသတ်လေးပါးတို့ အရည်အချင်း ဂုဏ်အင်္ဂါနှင့် ပြည့်စုံ ကြောင်းကို ညွှန်ပြ၍ ပရိနိဗ္ဗာန်စံဘို့ရန် တောင်းပန်၏။ ငါဘုရားကလည်း “မာရ်နတ်....ငါဘုရား ပရိနိဗ္ဗာန်စံဘို့ရန် ကြောင့်ကြစိုက်၍မနေနှင့်။ ဤ နေ့မှ နောက်သုံးလလွန်သောအခါ ပရိနိဗ္ဗာန်စံလိမ့်မည်” ဟု မိန့်တော်မူ၍ “ဇီဝိတိန္ဒြေကို ပြုစီမံနိုင်သော ဖလသမာပတ်ဟူသော အာယုသင်္ခါရကို သုံးလကျော်လျှင် မဝင်စားတော့အံ့” ဟု စွန့်လွှတ်တော်မူအပ်ပြီ။

**အရှင်အာနန္ဒာ၏ တောင်းပန်ခြင်း။**

။အာနန္ဒာ... “စာပါလစေတီ၌ ငါဘုရားသည် အာယုသင်္ခါရကို လွှတ်တော်မူအပ်ပြီ” ဟု မိန့်တော်မူသောအခါ အရှင်အာနန္ဒာသည် “မြတ်စွာဘုရား....များစွာသော လူအပေါင်း၏ စီးပွါးအလို့ငှါ၊ များစွာ သော လူအပေါင်း၏ ချမ်းသာခြင်းငှါ၊ သတ္တဝါအပေါင်းကို သနား

www.dhammaransi.com



စောင့်ရှောက်တော်မူခြင်းငှါ၊ ကျွတ်ထိုက်ကြသော နတ် လူတို့၏ မဂ်ဖိုလ်ရဘို့ အကျိုးငှါ အာယုကပ်ပတ်လုံး တည်တော်မူပါ''ဟု လျှောက်ထားလေသည်။

**ဗုဒ္ဓမြတ်စွာ ပယ်တော်မူခြင်း။** ။အာနန္ဒာ....လျှောက်ထားခြင်းငှါမသင့်တော့။ ယခုအခါ၌ ငါဘုရားကို အာယုကပ်ပတ်လုံး တည်ဘို့ရန်မတောင်းပန်နှင့်တော့။ ယခုအချိန်မှာတောင်းပန်ဘို့ရာ အခါမဟုတ်တော့ပြီ၊ ဤသို့ မိန့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် နှစ်ကြိမ်ထပ်၍ တောင်းပန်၏။ ဗုဒ္ဓမြတ်စွာက ''မတောင်းပန်နှင့်တော့၊ တောင်းပန်ဘို့ရန် အချိန်အခါ မဟုတ်တော့ပြီ''ဟုနှစ်ကြိမ်မြောက် မိန့်တော်မူပါသော်လည်း အရှင်အာနန္ဒာသည် အာယုကပ်ပတ်လုံး တည်နေဘို့ရန် သုံးကြိမ်မြောက် ထပ်၍ တောင်းပန်ပြန်၏။

ဗုဒ္ဓမြတ်စွာ။ ။အာနန္ဒာ....ငါဘုရား၏ သမ္ဗောဓိ ဉာဏ်တော်ကို ယုံကြည်၏လော။....ယုံကြည်ပါသည် ဘုရား။ အာနန္ဒာ....ထိုသို့ ယုံကြည်လျှင် အဘယ့်ကြောင့် သုံးကြိမ်တိုင်အောင် တောင်းပန်ရသနည်း။ ဤသို့ မေးတော်မူပြီ။

''မြတ်စွာဘုရား....တူဒ္ဓိပါဒ်လေးပါးကို ပွါးများပြီးသောပုဂ္ဂိုလ်သည် အာယုကပ်ပတ်လုံးသော်၎င်း၊ အာယုကပ်ထက်အလွန် အကြွင်းအကျန်ကာလပတ်လုံးသော်၎င်း တည်နိုင်၏''ဟူသော စကားတော်ကို ကြားဘူးသောကြောင့် ဤကဲ့သို့ တောင်းပန်ရပါသည်ဟု လျှောက်သည်။

**ချွတ်ယွင်းချက်။** ။''အာနန္ဒာ.... ငါဘုရားသည် သင့်အား အာယုကပ်ပတ်လုံး တည်နိုင်၏'' ဟု ထင်ထင် ရှားရှားကြီး အရိပ်အရောင်ကို ပြုအပ်ပါလျက် ထိုအခါတုန်းက ''အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား''ဟု အသင် မတောင်းပန်ခဲ့။ ထိုအခါတုန်းက တောင်းပန်လျှင် ငါဘုရားသည် နှစ်ကြိမ်မလောက်သာ ပယ်နိုင်စရာရှိသည်။ သုံးကြိမ်မြောက်သော် လက်ခံရမည်သာ။ အာနန္ဒာ....ထိုအခါတုန်းက မတောင်းပန်ခြင်းသည် အသင်၏ ချွတ်ယွင်းချက်သာ ဖြစ်၏။ ဤသို့

www.dhammaransi.com



"အာယုကပ်ပတ်လုံး တည်နိုင်၏"ဟု အရိပ်နိမိတ်ပြုခဲ့ရာ ဌာနများစွာကို ပြတော်မူ၍ "ထိုအချိန်က အသင် မတောင်းပန်ခြင်းသည် သင်၏ ချွတ်ယွင်းချက်ပင် ဖြစ်သည်"ဟု မိန့်တော်မူသည်။

**အရှင်အာနန္ဒာအား တရားဟောတော်မူရခြင်း။** ။"အာနန္ဒာ... ငါဘုရားသည် ဤအကြောင်းအရာကို စောစောကပင် ဟောပြောအပ်သည် မဟုတ်လော။ "အလုံးစုံသော ချစ်အပ်သူ မြတ်နိုးအပ်သူတို့နှင့် အမျိုးမျိုး ကွဲကွာ၍ ဖြစ်ရခြင်းသည် ရုပ်နာမ်ခန္ဓာတို့၏ သဘောပင်ဖြစ်၏။ မကွဲကွာအောင် တောင့်တ၍ မရနိုင်။ ဖြစ်ခြင်းသဘောရှိသော ရုပ်နာမ်ခန္ဓာ ဟူသမျှသည် (ငါဘုရား၏ ခန္ဓာပင် ဖြစ်စေကာမူ) မပျက်ပါစေနှင့်" ဟု တောင့်တ၍ မရနိုင်။ "အာနန္ဒာ....အသက်ဇီဝိတကို ပြုပြင်နိုင်သော ဖလသမာပတ်ကို သုံးလလွန်လျှင် မဝင်စားတော့အံ့" ဟု စွန့်လွှတ်တော်မူအပ်ပြီ။ သုံးလလွန်လျှင် ပရိနိဗ္ဗာန်စံလိမ့်မည်ဟူသောစကားကို အမှန်ပင် ပြောဆိုအပ်ပြီ။ ထိုစကားကို ငါဘုရားသည် အသက်ဟူသော အကြောင်းကြောင့် သော်မှလည်း ပယ်ဖျက်တော့မည်မဟုတ်။ "အာနန္ဒာ မဟာဝုန်တော ကူဋာဂါရသာလာသို့သွားကြစို့"ဟု မိန့်တော်မူ၍ အရှင်အာနန္ဒာနှင့်အတူ ဝေသာလီမြို့ မဟာဝုန်တော ကူဋာဂါရသာလာသို့ ကြွတော်မူသည်။

**သံဃာတော်များအား ဩဝါဒပေးတော်မူခြင်း။** ။ဗုဒ္ဓ မြတ်စွာသည် ကူဋာဂါရသာလာသို့ ရောက်တော်မူသောအခါ ဝေသာလီမြို့ကို မှီ၍နေကြသော ရဟန်းများကို စည်းဝေးစေဘို့ရန် အရှင်အာနန္ဒာကို မိန့်တော်မူ၏။ ဗုဒ္ဓမြတ်စွာသည် ရဟန်းများ စည်းဝေးရာသို့ ကြွတော်မူ၍ ခင်းထားအပ်ပြီးသော နေရာ၌ ထိုင်တော်မူပြီးလျှင် ဩဝါဒတရားစကားကို မိန့်တော်မူသည်မှာ ဘိက္ခုတို့....အကြင်တရားတို့ကို ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၍ ဟောတော် မူအပ်ကုန်ပြီ။ ထိုတရားတို့ကို အသင်တို့သည် ကောင်းစွာ သင်ယူ၍ မှီဝဲထိုက်ကုန်၏။ မိမိသန္တာန်၌ ဖြစ်စေထိုက်ကုန်၏။ အကြိမ်

www.dhammaransi.com



များစွာ အလေ့အလာ ပြုထိုက်ကုန်၏။ ယင်းသို့ အလေ့အလာ ပြုလျှင် ဤမြတ်သော အကျင့်ဖြစ်သော သာသနာတော်သည် တာရှည်တည်တံ့ နိုင်စရာရှိ၏။ အဘယ်တရားများနည်း- သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ဤတရားတို့တည်း။

ထို့နောက် ရဟန်းတို့ကို သိစေတော် မူသည်မှာ— ဘိက္ခုတို့...ယခု အခါ၌ အသင်တို့ကို သိစေတော်မူမည်။ ရုပ်နာမ်နှစ်ဝ သင်္ခါရတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။မမေ့မလျော့သော သတိတရားဖြင့် မိမိတို့၏ သီလ သမာဓိ ပညာ သုံးဖြာသော သိက္ခာကို ပြီးစီးအောင် ကြိုးစား ကြလော့။ မကြာမီ ငါဘုရား၏ ပရိနိဗ္ဗာန်စံခြင်းဖြစ်လိမ့်မည်။ ဤအချိန်မှ စ၍ သုံးလလွန်လျှင် ငါဘုရား ပရိနိဗ္ဗာန်စံလိမ့်မည်။ ဤသို့ မိန့်တော်မူ၍ အောက်ပါ ဂါထာတို့ကို ဟောတော်မူပြီ။

> ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။
> ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏမတ္တနော။
>
> အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
> သုသမာဟိတသင်္ကပ္ပါ၊ သစိတ္တမနုရက္ခထ။
>
> ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
> ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

မြန်မာပြန်။ ။ဘိက္ခုတို့.... ငါဘုရား၏ အရွယ်တော်သည် ကြီးရင့် တော်မူပြီ။ ငါဘုရား၏ အသက်ဇီဝိတိန္ဒြေသည် အနည်းငယ်သာ ကျန် တော့၏။ အသင်တို့ကိုစွန့်ခွာ၍သွားရတော့မည်။ ငါဘုရားအတွက် မိမိ၏ ကိုးကွယ်ရာကို ပြုပြီးပြီ။

ဘိက္ခုတို့.... အသင်တို့သည် မမေ့မလျော့ မပေါ့မဆပဲ အရာရာ၌ သတိထားလျက် စင်ကြယ်သော သီလရှိအောင် နေကြကုန်လော့။ သမာဓိတရား ကောင်းစွာ ထား၍ ကောင်းသော အကြံရှိသူများ ဖြစ်ကြလော့။ မိမိစိတ်ကို သတိထား၍ စောင့်ရှောက်ကြလော့။

www.dhammaransi.com



အကြင်ပုဂ္ဂိုလ်သည် တရားသဖြင့် ဆုံးမရာ ဤသာသနာတော်၌ မမေ့မလျော့ နေရစ်လိမ့်မည်။ ထို မမေ့မလျော့ နေရစ်သူသည် ပဋိသန္ဓေနေရသော သံသရာကြီးကို ပယ်စွန့်၍ ဒုက္ခအားလုံး၏ ဆုံးဘိုရာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်လိမ့်မည်။....ဤသို့ ဩဝါဒ ပေးတော်မူသည်။

**ဝေသာလီမြို့ကို နောက်ဆုံးကြည့်တော်မူခြင်း** ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့သို့ ဆွမ်းခံဝင်တော်မူပြီး၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဝေသာလီမြို့မှ ထွက်တော်မူ ခါနီးဝယ် မြို့တံခါးပေါက်၌ ရပ်တော်မူ၍ ဝေသာလီမြို့ကို ကြည့်တော်မူလိုသောအခါ (ဆင်တို့သည် နောက်ကို ကြည့်လိုသောအခါ တကိုယ်လုံး လှည့်၍ ကြည့်ရသကဲ့သို့) ဗုဒ္ဓမြတ်စွာ၏ အရိုးဆက်တို့သည် ကွင်းဆက် ဖြစ်ရကား ဦးခေါင်းတော်ချည်း လှည့်၍ ကြည့်လို့မဖြစ်။ ကိုယ်တော်ပါ လှည့်၍ ကြည့်ရတော့မည်။ ထိုသို့ မလှည့်ရအောင် ဝေသာလီမြို့သည် မြတ်စွာဘုရား ရပ်တော်မူရာ ရှေ့မှောက်သို့လှည့်၍ ရောက်ရပေသည်။ ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီမြို့ကိုကြည့်တော်မူ၍ "အာနန္ဒာ.... ဤကြည့်ခြင်းသည် နောက်ဆုံးကြည့်ခြင်း ဖြစ်လိမ့်မည်" ဟု မိန့်တော်မူသည်။

မှတ်ချက်။ ။ဝေသာလီမင်း တို့သည် ၃-နှစ်လွန်သော အခါ အဇာတသတ်မင်းနှင့် စစ်ဖြစ်၍ ပျက်စီးကြလိမ့်မည်။ မြတ်စွာဘုရား၏ နောက်ဆုံး ကြည့်တော်မူကြောင်းကိုကြားရသောအခါ ထိုနေရာ၌ စေတီ တည်၍ ကိုးကွယ်ခြင်းအားဖြင့် အကျိုးများလိမ့်မည်။ဤသို့ကြံ၍ (အခြားမြို့မှ ထွက်တော်မူသောအခါ ကြည့်တော်မမူပဲ) ဤ ဝေသာလီမြို့မှ ထွက်တော်မူရာ၌သာ ကြည့်တော်မူသည်။

**ဘဏ္ဍရွာ၌တရား။** ။"အာနန္ဒာ....ဘဏ္ဍရွာသို့ သွားကြစို့" ဟု မိန့်တော်မူ၍ ဘဏ္ဍရွာသို့ ရောက်တော်မူသောအခါ ရဟန်းတို့ကို တရားဟောတော်မူပြီ။ ဘိက္ခုတို့ လေးပါးသော တရားတို့ကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍

www.dhammaransi.com



မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာ ကာလပတ်လုံး ငါဘုရား၏ရင်း၊ အသင်တို့၏ရင်း၊ တဘဝမှ တဘဝသို့ ပြေးသွားရခြင်း ဘဝတရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။ အဘယ် လေးပါးတို့နည်း။

ဘိက္ခုတို့....အရိယာအဖြစ်ကို ပြုတတ်သောသီလကို မင်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာ ကာလပတ်လုံး ငါဘုရား၏ရင်း၊ အသင်တို့၏ရင်း၊ တဘဝမှ တဘဝသို့ ပြေးသွားရခြင်း၊ ဘဝတရပ်၌ပင် အထပ်ထပ်လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့.... အရိယာအဖြစ်ကို ပြုတတ်သော သမာဓိကို မင်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာကာလပတ်လုံး ငါဘုရား၏ရင်း၊ အသင်တို့၏ရင်း၊ တဘဝမှ တဘဝသို့ ပြေးသွားရခြင်း၊ ဘဝတရပ်၌ပင် အထပ်ထပ်လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့.... အရိယာအဖြစ်ကို ပြုတတ်သောပညာကို မင်အားလျော်စွာဝိပဿနာဉာဏ်ဖြင့်မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့်ထိုးထွင်း၍မသိခြင်းကြောင့် ဤမျှလောက် ရှည်လျားသော သံသရာ ကာလပတ်လုံး ငါဘုရား၏ရင်း၊ အသင်တို့၏ရင်း တဘဝမှ တဘဝသို့ ပြေးသွားရခြင်း၊ ဘဝတရပ်၌ပင် အထပ်ထပ် လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့....အရိယာအဖြစ်ကိုပြုတတ်သောဝိမုတ္တိကို မင်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ် ရသောအားဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် တဘဝမှ တဘဝသို့ ပြေးသွားရခြင်း၊ ဘဝတရပ်၌ပင် အထပ်ထပ်လည်ရခြင်း ဖြစ်ခဲ့ပြီ။

ဘိက္ခုတို့....ငါဘုရားသည် အရိယာအဖြစ်ကို ပြုတတ်သော ထိုသီလကို မင်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့်သိအပ်ပြီ။ မဂ်ဖိုလ်တို့ဖြင့်ထိုးထွင်း၍ သိအပ်ပြီ။ အရိယာအဖြစ်ကို ပြုတတ်သော ထိုသမာဓိကို မင်အားလျော်

www.dhammaransi.com



စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ။ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ။ အရိယာအဖြစ်ကို ပြုတတ်သော ထိုပညာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ။ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍ သိအပ်ပြီ။ အရိယာအဖြစ်ကို ပြုတတ်သော ထိုဝိမုတ္တိကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ။ ရသောအားဖြင့် ထိုးထွင်း၍ သိအပ်ပြီ။ ဘဝကို တပ်မက်တတ်သော တဏှာကို အကြွင်းမဲ့ဖြတ်အပ်ပြီ။ ဘဝသို့ ဆောင်တတ်သော တဏှာတည်းဟူသော ကြိုးသည် ကုန်ခန်းလေပြီ။ ယခုအခါ၌ ငါဘုရားမှာ နောက်ထပ်ဘဝမရှိတော့။....ဤသို့ မိန့်တော်မူသည်။

**မဟာပဒေသ ၄-ပါး။** ။ဗုဒ္ဓမြတ်စွာသည် ဘဏ္ဍရွာ၌ နေတော်မူထိုက်သမျှ သီတင်းသုံးတော်မူပြီး၍ ဟတ္ထိရွာသို့၎င်း၊ အမ္ဗရွာသို့၎င်း၊ ဇမ္ဗုရွာသို့၎င်း၊ ဘောဂမြို့သို့၎င်း ကြွတော်မူပြီ။ ဘောဂမြို့သို့ ရောက်တော်မူ၍ အာနန္ဒစေတီ၌ သီတင်းသုံးတော်မူပြီ။ ထိုအာနန္ဒစေတီ၌ ရဟန်းတို့ကို မိန့်တော်မူသည်မှာ—

ဘိက္ခုတို့....လေးပါးသော မဟာပဒေသတို့ကို ဟောတော်မူမည်။ ကောင်းစွာ နားစိုက်ကြ၊ ကောင်းစွာနှလုံးသွင်းကြ။ ဤသို့ မိန့်တော်မူ၍ မဟာပဒေသ ၄-ပါးကို ဟောတော်မူသည်မှာ—ဘိက္ခုတို့....ဤသာသနာတော်၌ ရဟန်းတပါးသည် "ဤတရားကို မြတ်စွာဘုရားအထံတော်မှ နာယူအပ်ပါပြီ။ ဤတရားသည် ဓမ္မအစစ်၊ ဝိနယအစစ်၊ ဘုရားအဆုံးအမတော်အစစ် ဖြစ်ပါသည်"ဟု ပြောဆိုအံ့။ ထို ရဟန်း၏ ပြောအပ်သော စကားကို နှစ်လည်း မနှစ်သက်သေးပဲ၊ ကန့်လည်း မကန့်ကွက်သေးပဲ ပြောဆိုအပ်သော စကားကို ကောင်းစွာမှတ်၍ နဂိုရ်ရှိပြီးသော သုတ္တန်ပါဠိတော်၌ သွင်းချထိုက်၏။ ဝိနည်းပါဠိတော်၌ ထင်စွာ ပါဝင်စေထိုက်၏။

သုတ္တန်ပါဠိတော်၌ သွင်းချအပ်သည်ရှိသော် သုတ္တန်ပါဠိတော်၌ မပါဝင်အံ့။ ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော် ဝိနည်းပါဠိတော်၌ မတွေ့မြင်အံ့။ ထိုစကားကို မြတ်စွာဘုရား၏ စကားမဟုတ်ဟု ဆုံးဖြတ်၍၊

www.dhammaransi.com



ထိုစကားကိုစွန့်လိုက်ကြလော့။ သုတ္တန်ပါဠိတော်၌သွင်းချအပ်သည်ရှိသော် သုတ္တန်ပါဠိတော်၌ အကယ်၍ ပါဝင်အံ့။ ဝိနည်းပါဠိတော်၌ ကြည့်ရှုအပ်သော် ဝိနည်းပါဠိတော်၌ အကယ်၍ တွေ့မြင်အံ့။ ထိုသို့ဖြစ်လျှင် မြတ်စွာဘုရား၏စကားဟု ဆုံးဖြတ်ကြလော့။ ဤရှေးဦးစွာသော မဟာပဒေသကို ဆောင်ရွက်မှတ်သားကြလော့။

ဘိက္ခုတို့....ရဟန်းတပါးသည် ဤသို့ပြောအံ့။ မည်သည့်ကျောင်းတိုက်၌ ပါမောက္ခမထေရ်ကြီးနှင့်တကွဖြစ်သော သံဃာတော်သည်သီတင်းသုံးတော်မူ၏၊ ထိုသံဃာ၏အထံမှ ဤတရားစကားကို ကြားနာအပ်ခံယူအပ်ပါပြီ။ ဤသို့ ပြောလာသည်ရှိသော် ရှေးနည်းအတိုင်းပင် စိစစ်၍ သုတ္တန်ပါဠိတော်၌ မသက်ဝင်လျှင်ရင်း၊ ဝိနည်းပါဠိတော်၌ မတွေ့မြင်အပ်လျှင်ရင်း၊ စွန့်ပယ်ဘို့ရန်နှင့် သုတ္တန်ပါဠိတော်၌ သက်ဝင်လျှင်ရင်း၊ ဝိနည်းပါဠိတော်၌ တွေ့မြင်အပ်လျှင်ရင်း မြတ်စွာဘုရား၏ စကားဟု ဆုံးဖြတ်ဘို့ရန် မိန့်တော်မူ၍ ဒုတိယမြောက် ဤမဟာပဒေသကိုလည်း ဆောင်ရွက် မှတ်သားကြဟု မိန့်တော်မူသည်၊

တတိယ ပဒေသ၌ သံဃာ့အထံမှ ကြားရသောစကား မဟုတ်ပဲ များစွာသော ဗဟုသုတရှိသော မထေရ်ကြီးတို့အထံမှ ကြားရသော စကားဖြစ်ခြင်းသာ ထူး၏။ စတုတ္ထမဟာပဒေသ၌ တပါးသော ဗဟုသုတရှိသော မထေရ်ကြီးအထံမှ ကြားရသော စကားကို ပြောဆိုခြင်းသာ ထူး၏။

အမှာ။ ဤမဟာပဒေသာ လေးပါးကို ဟောတော်မူခြင်း၌ လိုရင်းကား—"မည်သူ့ အထံမှ ကြားရသည်ဟု ပြောဆိုသည်ဖြစ်စေ၊ သုတ္တန်ပါဠိတော်နှင့်ညီမှသာ၊ သို့မဟုတ် ဝိနည်း၌ အထင်အရှားရှိမှသာ လက်ခံရမည်"ဟု မိန့်တော်မူလိုရင်း ဖြစ်သည်။ [မဟာ-ကျယ်ဝန်းသော+ ပဒေသ-တရားတော်၏ တည်ရာဌာန။]

www.dhammaransi.com



**စုန္ဒဥပါသကာ၏ နောက်ဆုံးဆွမ်းတော်။** ။ဗုဒ္ဓမြတ်စွာသည်ဘောဂမြို့၌ နေတော်မူထိုက်သမျှ နေတော်မူပြီးလျှင် ပါဝါမြို့သို့ကြွတော်မူ၍ စုန္ဒဥပါသကာ၏သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူ၏။ စုန္ဒ ဥပါသကာသည် ဗုဒ္ဓမြတ်စွာ ကြွလာတော်မူကြောင်းကို ကြား၍ ဘုရားအထံတော်သို့ လာပြီးလျှင် တရားနာ၍ပြန်ခါနီးဝယ် နက်ဖန်၌ သံဃာများနှင့်အတူ ဆွမ်းဘုဉ်းပေးတော်မူဘို့ရန် ပင့်လျှောက်၍ ပြန်သွားလေသည်။ ပန်းတဲဆရာ၏သားဖြစ်သော စုန္ဒဥပါသကာသည် မိမိအိမ်၌ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို စီစဉ်ပြီးလျှင် များစွာသော သူကရမဒ္ဒဝ မည်သော အာဟာရကိုလည်း စီမံပြီး၍ မြတ်စွာဘုရားအား ဆွမ်းဘုဉ်းပေး ကြွတော်မူရန် လျှောက်ထားလေသည်။ မြတ်စွာဘုရားသည် ဘိက္ခုသံဃာများနှင့်အတူ စုန္ဒဥပါသကာ၏ အိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီးလျှင် စုန္ဒဥပါသကာကို မိန့်တော်မူသည်မှာ—

"စုန္ဒ....အသင်သည် သူကရမဒ္ဒဝမည်သော အကြင်စားဘွယ်ကို စီရင်အပ်ပြီ။ ထိုစားဘွယ်ဖြင့် ငါဘုရားကို ပူဇော်စု လုပ်ကျွေးလော့။ အခြားခဲဘွယ်ဘောဇဉ်ဖြင့် သံဃာများကို ပူဇော်စု လုပ်ကျွေးလော့"ဟု မိန့်တော်မူသည်။ ထိုမိန့်တော်မူသည့်အတိုင်း သူကရမဒ္ဒဝမည်သော အာဟာရဖြင့် မြတ်စွာဘုရားကို ပူဇော်စု လုပ်ကျွေးပြီ။ အခြားခဲဘွယ်ဘောဇဉ်ဖြင့် ရဟန်းသံဃာတော်များကို ပူဇော်စု လုပ်ကျွေးပြီ။ပူဇော်စုလုပ်ကျွေးပြီးနောက် မြတ်စွာဘုရားသည် စုန္ဒဥပါသကာကို မိန့်တော်မူသည်မှာ—

စုန္ဒ....သင်၏ကြွင်းကျန်သော သူကရမဒ္ဒဝ အာဟာရကို တွင်းတူး၍ မြှုပ်လိုက်လော့။ဤအစာကိုစားလျှင် မြတ်စွာဘုရားမှတပါးအခြားသော အစာကြေမည့်ပုဂ္ဂိုလ်ကို မမြင်တော်မမူ။ ဤသို့ မိန့်တော်မူသောအခါ စုန္ဒဥပါသကာသည် ကြွင်းကျန်သော သူကရမဒ္ဒဝအာဟာရကို တွင်းတူး၍ မြှုပ်ပြီးလျှင် မြတ်စွာဘုရား၏ အထံသို့ ပြန်လာပြီ။ မြတ်စွာဘုရားသည် စုန္ဒဥပါသကာကို တရားဟောတော်မူပြီး၍ ပြန်ကြွတော်မူခဲ့ပြီ။

www.dhammaransi.com



မှတ်ချက်။ ။သူကရမဒ္ဒဝ အစာ၌ နတ်တို့သည် နတ်သြဇာကို ထည့်ထားသောကြောင့် မြတ်စွာဘုရားမှတပါး အခြားပုဂ္ဂိုလ်တို့စားလျှင် အစာကြေနိုင်မည် မဟုတ်ဟု မိန့်တော်မူသည်။

## သူကရမဒ္ဒဝနှင့် စပ်၍ ဝါဒအမျိုးမျိုး

အဋ္ဌကထာ။ ။သူကရမဒ္ဒဝန္တိ နာတိတရုဏဿ နာတိဇိဏ္ဏဿ ဧကဇေဋ္ဌကသူကရဿ ပဝတ္တမံသံ= အလွန်လည်း မငယ်သော အလွန်လည်းမအိုသော တကောင်သော ဝက်ကြီး၏ (ဝယ်သူမယာမိ) ဖြစ်နှင့်သော အသားကို စိမံသည်။ တံ ကိရ မုဒု စေဝ သိနိဒ္ဓဥ္စ ဟောတိ= ထိုအသားသည် နူလည်းနူ၏။ ညက်လည်း ညက်ညော၏။ တံ ပဋိယာဒါပေတွာ သာဓုကံ ပစာပေတွာတိအတ္ထော= ထိုဝက်သားကိုစိမံစေပြီး၍ (ကောင်းမွန်စွာ ချက်စေပြီး၍)။

ဧကေဆရာ။ ။သူကရမဒ္ဒဝန္တိ ပန မုဒုဩဒနဿ ပဥ္စဂေါရသယူသပါစနဝိဓာနဿ နာမေတံ၊ ယထာ ဂဝပါနံ နာမ ပါကနာမန္တိ= သူကရမဒ္ဒဝဟူသော ဤအမည်သည် နူးမှုဖြစ်သော အရသာငါးမျိုး၏ အနှစ်အဆီဖြင့် ချက်နည်းအစီအရင်ကျအောင် ချက်အပ်သော နူညံ့သော ထမင်း၏ အမည်ဖြစ်၏။ ဥပမာ— "နူးမှုဖြစ်သော သောက်ဖွယ်" ဟူရာ၌ ကျက်ပြီး နူးနို့၏ အမည်ဖြစ်သကဲ့သို့တည်း။ ဤသို့ ဧကေဆရာတို့ ဆိုကြသည်။

ကေစိဆရာ။ ။သူကရမဒ္ဒဝံ နာမ ရသာယနဝိဓိ၊ တံ ပန ရသာယနသတ္ထေ အာဂစ္ဆတိ၊ တံ စုန္ဒေန "ဘဂဝတော ပရိနိဗ္ဗာနံ န ဘဝေယျာ" တိ ရသာယနံ ပဋိယတ္တန္တိ=ရသာယန ဆေးကျမ်း၌လာသော ရသာယန အစီအရင်အတိုင်း စိမံအပ်သော စားဖွယ် တမျိုးဖြစ်၏။ ထိုရသာယန အစားမျိုးသည် အသက် ရှည်စေနိုင်သောကြောင့် "ဗုဒ္ဓမြတ်စွာ၏ ပရိနိဗ္ဗာန်စံခြင်းသည်မဖြစ်ပါစေနှင့်" ဟု ကြံ၍ ထို သူကရမဒ္ဒဝကကိုစိမံသည်။ ဤသို့ ကေစိဆရာတို့ ဆိုကြသည်။

ပါမောက္ခတယောက်ဝါဒ။ ။ကျမ်းစာတို့၌ သူကရမဒ္ဒဝနှင့် စပ်၍ "အဋ္ဌကထာဝါဒ၊ ဧကေဝါဒ၊ ကေစိဝါဒ" ဟုသုံးဝါဒရှိသည့်အပြင်ဒုတိယ

www.dhammaransi.com



နိုင်ငံဝယ် ထင်ရှားကျော်စောသော အင်္ဂလိပ်မဂ္ဂဇင်းတစောင်၌ ပါမောက္ခ "ဃလစ်မိုဟန်ဂါး" အမည်ရှိ ဘီအယ်လ် ရေးသားအပ်သော ဝါဒ တမျိုး ရှိသေး၏။ ထိုဝါဒကိုလည်း စဉ်းစားဘို့ရာပြပါဦးမည်။

၁။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခြင်း၏ အကြောင်းကို ရေးသားအပ်သော တရုတ်စာပေ များ၌ရှင်း၊ တိဗက်စာပေ များ၌ရှင်း၊ မြတ်စွာဘုရား၏ နောက်ဆုံး အာဟာရနှင့်စပ်၍ ဝက်သားကို ဖော်ပြခြင်း မရှိကြ။

၂။ မဟာယာနဂိုဏ်း ကျမ်းစာများဝယ် မဟာပရိနိဗ္ဗာန်အကြောင်း ကို ရေးသားရာ၌ရှင်း၊ သာဝကဝိနယ ကျမ်းဝယ် စုန္ဒ၏ ဆွမ်းလှူပွဲကို ပြရာ၌ရှင်း "ဝက်သား"ဟူသော ပုဒ်ကိုမပြပါ။

၃။ သူကရ သဒ္ဒါသည် "ဝက်"ဟူသော အနက်ကိုသာ ဟော၏။ "ဝက်၏အသား"ဟူသော အနက်ကိုမဟော။ "ဝက်၏အသား" ဟူသော အနက်ကို"သောကရ"ပုဒ်ကသာ ဟောပါသည်။ "ကစ္စည်း"ဏာဒိပါဠိတ-သဒ္ဒါမညတ္တေသုစ"သုတ်ကို ကြည့်ပါ။

၄။ မဒ္ဒဝ သဒ္ဒါလည်း "အသား" ဟူသော အနက်ကို မဟော။ "မုဒုနော+ဘာဝေါ မဒ္ဒဝံ"နှင့်အညီ နူးညံ့သောအရာဝတ္ထု၏ ဖြစ်ကြောင်း ဖြစ်ရာ နူးနူးညံ့ညံ့ ပျော့ပျော့ ပျောင်းပျောင်း" ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် "သူကရ+မဒ္ဒဝ" ၂-ပုဒ်ပေါင်းသော်လည်း "ဝက်သား"ဟု အနက် မဖြစ်ပါ။

၅။ "သူကရကန္ဒ"ဟု ခေါ်ဝေါ်အပ်သော သစ်ဥ သစ်ဖု တမျိုး ရှိ၏။ ထိုသစ်ဥ သစ်ဖုကို "တောဝက်"ဟူသော အမည်ဖြင့် ခေါ်ဝေါ် ကြ၏။

၆။ ဥတ္တရဒေသတွင်"ကန္ဒ၊ ကန္ဒမူလဖလ" ဟုခေါ်ဝေါ်အပ်သော သစ်ဥတမျိုး ရှိသေး၏။ ဣန္ဒိယနိုင်ငံ၌ သူတော် သူမြတ် တို့၏ အစာ ဖြစ်၏။ အမွေးထူ၍ညိုမှောင်သော အရောင်ရှိသဖြင့် မြေကြီးမှ ထွက်သော အခါ ဝက်နှင့်တူ၏။ ထို့ကြောင့်"သူကရ"ဟု ခေါ်ဟန်တူသည်။ ပါဝါမြို့

www.dhammaransi.com



တည်ရှိခဲ့ရာ "ပဒြေဒါန"နယ်မြေတွင် အနှံ့အပြားပေါက်၏။ ရောဂါဘယများကို ခက်စွာဖြင့်ကုသော ဟိန္ဒူဆေးဆရာတို့သည် ထိုဥကို အလွန်ချီးမွမ်းကြ၏။ အရည်ကျဲကျဲကျို၍ ဝမ်းမီးညံ့သူများကို တိုက်ရ၏။

၇။ စုန္ဒ ဒါယကာသည် မြတ်စွာဘုရားအား လှူအပ်သော သစ်ဥ သစ်ဖု၊ သို့မဟုတ် သစ်မြစ်ကို အရသာရှိအောင် များစွာအမွှန်းတင်၍ ပြင်ဆင် ထားပေလိမ့်မည်။ ထို့ကြောင့် ထိုဥတမျိုးကို နွားနို့နှင့် ပျစ်အောင် ကျို၍ စီရင်အပ်သော ပါယသ (နို့ဃနာ) တမျိုးသည် "သူကရ မဒ္ဒဝ"ပင် ဖြစ်သင့်ပါသည်။ ဤကား ထိုပါမောက္ခ၏ အလိုတည်း။

## ထပ်မံ စဉ်းစားဘွယ်

၁။ "သီဟ"မည်သော စစ်သူကြီးသည် ဘုရားအထံတော်မှ တရားနာရ၍ သောတာပန် ဖြစ်ပြီးနောက် နက်ဖန် မြတ်စွာဘုရားကို ရဟန်းသံဃာများနှင့်အတူ ဆွမ်းဘုဉ်းပေး ကြွတော်မူဘို့ရန် ဖိတ်မံ၍ ပြန်လာပြီးလျှင် (ဝယ်ယူမရောက်မီ ဖြစ်နှင့်သော) အသားများကို ဝယ်ယူဘို့ရန် တပည့်တယောက်ကို စျေးသို့စေလွှတ်၏။ ထို့နောက် ညဉ့်ကပင် ချက်ပြုတ်ဟန်သမျှကို ချက်ပြုတ်၍ နံနက်အခါ၌ ဆွမ်း ခဲဘွယ် ဘောဇဉ်အားလုံးကို စီရင်ပြီးလျှင် ဆွမ်းဘုဉ်းပေးချိန်တန်ပါကြောင်း လျှောက်ထားပုံကို "ပဟူတံ ခါဒနီယံ ဘောဇနီယံ ပဋိယာဒါပေတွာ ဘဂဝတော ကာလံ အာရောစာပေတိ"ဟူသော ကျမ်းဂန်၌ဆို၏။ အသားဟင်း ပါသော်လည်း ထိုအသားဟင်းသည် ဘောဇဉ်ငါးပါးတွင် ပါဝင်ပြီး ဖြစ်သောကြောင့် အထူးမဆိုချေ။

၂။ ဤ၌ကား "ပဏီတံ ခါဒနီယံ ဘောဇနီယံ ပဋိယာဒါပေတွာ"ဟု ဆိုပြီးနောက် "ပဟူတဉ္စ သူကရမဒ္ဒဝံ"ဟု ဆိုပြီးမှ "ဘဂဝတော ကာလံ အာရောစာပေတိ"ဟု ဆိုသည်။ ဤသို့ သီးခြားဆိုသဖြင့် "သူကရမဒ္ဒဝ" သည် ဘောဇနီယ၌ရ ဘောဇဉ်ငါးပါးတွင် ပါဝင်သော "မံသ မဟုတ်" ဟု ကောက်ချက်ချစရာရှိ၏။

www.dhammaransi.com



၃။ ထိုအပြင် နတ်တို့သည် "သူကရမဒ္ဒဝ"၌ "နတ်ဩဇာကိုထည့်ကြ၏"ဟု ဆို၏၊ အခြားနေရာ၌ နတ်ဩဇာထည့်လျှင် ဆွမ်း၌သာ ထည့်လေ့ရှိ၏။ စုန္ဒဒါယကာ၏ ဆွမ်းပလ္လင်ဝယ် ဆွမ်း၌ နတ်ဩဇာမထည့်ပဲ ဤ "သူကရမဒ္ဒဝ"၌ ထည့်ကြကုန်၏။ နတ်ဩဇာကိုစားကြသော နတ်များသည် အသားမစားကြ။ မြတ်စွာဘုရား၏ နောက်ဆုံး အာဟာရသည် ဝက်သား ဖြစ်လျှင် အသားမစားပဲ နတ်ဩဇာကိုသာ စားနေသော နတ်တို့သည် ဤဝက်သားဟင်း၌ နတ်ဩဇာ ထည့်ဘို့ရန် ကြံစည်မည် မဟုတ်ပါ။ "အသားဟင်း မဟုတ်သောကြောင့်သာ နတ်ဩဇာထည့်ကြသည်"ဟု ယူဆဘွယ်ရှိ၏။

၄။ သံဃာတော်များနှင့်တကွ ဗုဒ္ဓမြတ်စွာသည် ဆွမ်းဘုဉ်းပေးတို့ ကြွလာတော် မူပြီးသော အခါ "ငါဘုရားကို သူကရမဒ္ဒဝဖြင့် ပြုစုလုပ်ကျွေး၍ ရဟန်းသံဃာများကို အခြား ခဲဘွယ် ဘောဇဉ်ဖြင့် ပြုစုလုပ်ကျွေးလော့" ဟု မိန့်တော်မူပြီးလျှင် ဘုရားရှင်သည် သူကရမဒ္ဒဝကိုသာ ဘုဉ်းပေးတော်မူ၏။ ဆွမ်းကိုဘုဉ်းပေးတော်မမူ။ ဝက်သားဟင်းဖြစ်လျှင် "ဘုရားရှင်သည် နောက်ဆုံးအချိန်၌ ဝက်သားကိုချည်းဘုဉ်းပေးတော်မူသည်"ဟု ပြောစမှတ်ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သူကရမဒ္ဒဝကို လေးလေးနက်နက် စဉ်းစားသောအခါ "ဝက်ပျိုသားဟင်း" မဟုတ်သည့်ဘက်မှ အားကောင်းနေပါသည်။

**ဝမ်းတော်လားခြင်း။** ။ရွှေပန်းထိမ်သည်၏ သားဖြစ်သော စုန္ဒ၏ ဆွမ်း (သူကရမဒ္ဒဝ) ကို ဘုဉ်းပေးတော်မူပြီးသောအခါ မြတ်စွာဘုရားမှာ သွေးဝမ်းသွန်သောရောဂါ ဖြစ်၏။ သို့သော် သူကရမဒ္ဒဝကို ဘုဉ်းပေးတော် မူသောကြောင့် မဟုတ်ပါ။ ဆေးဆရာဖြစ်တုန်းက ဝမ်းကျဆေးကို သဌေးသားအား လိမ်၍ပေးဘူးသော အကုသိုလ်ကံဟည်းဟူသော ကမ္မဝဋ်ပါလာသောကြောင့် ဖြစ်ပါသည်။

[ဆောင်] ဖြစ်ထသမား၊ သဌေးသားကို၊ ဝမ်းလားဆောင် ဆေး၊
လိမ်တိုက်ပေးလို့၊ ဝမ်းသွေးသွန်ဘိ။

www.dhammaransi.com



**ကုသိနာရုံသို့ ကြွတော်မူခြင်း။** ။ထိုဝေဒနာကိုမြတ်စွာဘုရားသည် သတိသမ္ပဇဉ်ဉာဏ်နှင့် ယှဉ်၍ သည်းခံတော်မူ၏။ မြတ်စွာဘုရားသည် "အာနန္ဒာ.... ကုသိနာရုံမြို့သို့ သွားကြစို့"ဟု မိန့်တော်မူ၍ ကုသိနာရုံသို့ ကြွတော်မူသည် ရှိသော် သစ်ပင်တပင် အောက်သို့ ရောက်သောအခါ "အာနန္ဒာ.... လေးထပ် ရှိသော သင်္ကန်းကြီးကို ခင်းလိုက်လော့။(နှစ်ထပ်သင်္ကန်းကြီးကို ခေါက်၍ ခင်းစေတော်မူဟန်တူသည်။) ငါဘုရားသည် ပင်ပန်းတော်မူ၏။ ထိုင်ဦးမည်" ဟု မိန့်တော်မူသည်။

**ရေသောက်တော်မူလိုခြင်း။** ။မြတ်စွာဘုရားသည် ထိုင်တော်မူပြီးသောအခါ "အာနန္ဒာ....ရေ အလိုရှိတော်မူသည်။ သောက်ရေကို ဆောင်ယူခဲ့လော့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာ လျှောက်သည်မှာ မြတ်စွာဘုရား.... အနီးအပါး၌ မြစ်ငယ်ကလေးကို ယာခုပင် လှည်းငါးရာ ဖြတ်သွားသောကြောင့် နောက်ကျုနေပါ၏။ သိပ်မဝေးသော ကကုဓာမြစ်သည် ကြည်လင်သောရေ၊ သာယာဘွယ် ကောင်းသောရေ၊ အေးမြသောရေ၊ ဖြူဖွေးသောရေ ရှိသည့်အပြင် အလွန်ကောင်းသော ဆိပ်ကမ်းရှိ၍ မွေ့လျော်ဘွယ်ကောင်းပါ၏။ ထိုကကုဓာမြစ်ရောက်မှ ဗုဒ္ဓမြတ်စွာသည် သောက်ရေတော်ကိုလည်း ရပါလိမ့်မည်။ ကိုယ်တော်ကိုလည်း အေးမြအောင် ပြုရပါလိမ့်မည်။

**ရေများ ကြည်နေခြင်း။** ။ဤသို့ လျှောက်သော အခါ ဗုဒ္ဓမြတ်စွာသည် နှစ်ကြိမ်မြောက် ထပ်၍ သောက်ရေကို ဆောင်ယူဘို့ရန်မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် ရှေးအတိုင်း နှစ်ကြိမ်မြောက် လျှောက်သောအခါ သုံးကြိမ်မြောက် ထပ်၍ သောက်ရေကို ဆောင်ယူဘို့ရန် မိန့်တော်မူပြန်၏။ ထိုအခါအရှင်အာနန္ဒာသည် သပိတ်ကို ယူ၍ လှည်းငါးရာ ဖြတ်သွားအပ်သော ထိုမြစ်ငယ်သို့ သွားရလေသည်။ အရှင်အာနန္ဒာ ရောက်လျှင်ပင် နဂိုရ်က နောက်ကျုနေသော ရေသည် အလွန်ကြည်လင်စွာ စီး၍နေ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏

www.dhammaransi.com



တန်ခိုးအာနုဘော်ကြီးပုံကို အံ့တသြဖြစ်၍ သပိတ်ဖြင့် ကြည်လင်သော ရေကို ခပ်ယူပြီးလျှင် မြတ်စွာဘုရားကို ဆက်ကပ်လေသည်။

**မလ္လမင်းသား ပုက္ကုသ၏ ဘုရားအထံ ချဉ်းကပ်ခြင်း**

ဗုဒ္ဓမြတ်စွာသည် ထို သစ်ပင်အောက်၌ သောက်တော်ရေကို သောက်တော်မူပြီးသောအခါ ပုက္ကုသ မည်သော မလ္လမင်းသားသည် ကုသိနာရုံမှ ပါဝါမြို့သို့ ခရီးသွားစဉ် ဗုဒ္ဓမြတ်စွာကို မြင်၍ ချဉ်းကပ်ပြီးလျှင် သင့်တင့် လျောက်ပတ်သော အရပ်၌ ထိုင်၍ မြတ်စွာဘုရားကို လျှောက်သည်မှာ—မြတ်စွာဘုရား ရဟန်းတော်များသည် ငြိမ်သက်မသာနေခြင်းအားဖြင့် နေတော်မူသည်မှာ အံ့သြဖွယ်ကောင်းပါပေသည်။ ရှေးက အကြောင်းအရာတခု ဖြစ်ဘူးသည်မှာ—ကာလာမအနွယ် ဖြစ်သော အာဠာရ ရသေ့သည် ရှည်သောခရီးကို သွားစဉ် လမ်းမှ ဖဲ၍ အနီးဖြစ်သော သစ်ပင်အောက်၌ နေ့အခါ နေဘို့ရန် ထိုင်နေပါသည်။ လမ်း၌ လှည်းပေါင်း ငါးရာတို့သည် ကာလာမအနွယ်ဖြစ်သော အာဠာရ အရှင်ရသေ့ကို ဧကပ်၍ ဧကပ်၍ လွန်သွားကြပါပြီ။ ထိုအခါ လှည်း အပေါင်း၏နောက်မှ လိုက်လာသော ယောကျ်ားတယောက်သည်အာဠာရ ရသေ့ကို ချဉ်းကပ်၍....“အရှင်ဘုရား....လှည်းငါးရာတို့ လွန်သွားသည်တို့ကို မြင်လိုက်ပါ၏လော”ဟု မေးလျှောက်သည်။....ဒကာ....ငါမမြင်လိုက်။

ဒကာ။ ။အရှင်ဘုရား....လှည်းသံကို ကြားလိုက်ပါသလား။

အာဠာရ။ ။ဒကာ....အသံကိုလဲ ငါမကြားလိုက်။

ဒကာ။ ။အရှင်ဘုရား....အိပ်ပျော်နေပါသလား။

အာဠာရ။ ။ဒကာ....ငါ အိပ်ပျော်မနေပါ။

ဒကာ။ ။အရှင်ဘုရား....သညာ(စိတ်)များ ရှိပါရဲ့လား။

အာဠာရ။ ။အေး....ငါ့မှာ သညာ(စိတ်) ရှိပါရဲ့။

ဒကာ။ ။အရှင်ဘုရား...သညာ (စိတ်) ရှိပါလျက်၊ နိုး၍လည်း နေပါလျက် အရှင်ဘုရားအနီးသို့ ကပ်၍ ကပ်၍ လွန်သွားသော လှည်းငါးရာတို့ကို မြင်လဲ မမြင်လိုက်၊ အသံကိုလဲ မကြားလိုက်ဟု ဆို၏။ အရှင်ဘုရား၏ အဝတ်သင်္ကန်းကိုလဲ မြူမှုန်(ဖုံ)တွေ ရောပြွမ်းနေသည် မဟုတ်ပါလား ဘုရား။

အာဠာရ။ ။အေး...ဟုတ်တယ်။

ထိုအခါ ထိုယောကျ်ားသည် ရသေ့ ရဟန်းတို့၏ ငြိမ်သက်သော တရားဖြင့် နေကြသည်မှာ အံ့ဩဖွယ် ကောင်းပါပေစွ ဟု တအံ့တဩ ချီးမွမ်း၍ ကာလာမအနွယ်ဖြစ်သော အာဠာရ ရသေ့အပေါ်၌ လွန်ကဲသော ကြည်ညိုခြင်းကို လျှောက်ထား၍ ဖဲသွားပါသည်။

ဤသို့ လျှောက်သောအခါ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသည်မှာ-"ဒါယကာ ပုက္ကုသ...အကြင်ပုဂ္ဂိုလ်သည် စိတ်သညာ ရှိပါလျက် နိုးလည်း နိုးနေပါလျက် မိမိအနားသို့ ကပ်၍ ကပ်၍ လွန်သွားသော လှည်းငါးရာတို့ကိုလည်း မမြင်လိုက်ရ။ အသံကိုလည်း မကြားလိုက်ရ။ အကြင်ပုဂ္ဂိုလ် တယောက်သည်ကား စိတ်သညာလည်းရှိပါလျက် နိုးလည်း နိုးနေပါလျက် မိုးရွာစဉ်၊ တဂျုံးဂျုံး မိုးချုန်းစဉ်၊ လျှပ်စစ်တွေပြက်စဉ်၊ မိုးကြိုးလည်း ပစ်စဉ် ဘာကိုမျှ မမြင်လိုက်ရ။ အသံကိုလည်း မကြားလိုက်ရ။ ထိုသူ နှစ်ယောက်တွင် အဘယ်သူ ဖြစ်ပုံက သာ၍ခက်ခဲသနည်း။ ဤသို့ မေးတော်မူသည်။

"မြတ်စွာဘုရား လှည်းငါးရာမက၊ ခြောက်ရာ၊ ခုနစ်ရာ၊ ရှစ်ရာ၊ ကိုးရာ၊ လှည်းပေါင်း တထောင်၊ လှည်းပေါင်း တသိန်းဖြစ်စေ နောက်ပုဂ္ဂိုလ်၏ အဖြစ်မျိုးက သာ၍ ခဲယဉ်းပါသည်"ဟု လျှောက်၏။

ပုက္ကုသ အခါတပါး၌ ငါသည် အာတုမာမြို့ရှိ ကောက်နယ်တလင်း၏ တဲကလေးတွင် သီတင်းသုံးတော်မူ၏။ ထိုအခါ မိုးရွာစဉ်၊ မိုးခြိမ်းစဉ်၊ လျှပ်စစ်တွေ ပြက်စဉ်၊ မိုးကြိုး ပစ်လတ်သော် ကောက်နယ်တလင်း တဲကလေး အနီး၌ နေကြသော လယ်သမားညီနောင် နှစ်ယောက်ကို

www.dhammaransi.com



သည့်ဂှင်း၊ နွားကြီး လေးကောင် တို့သည်ဂှင်း၊ မိုးကြိုးမှန်၍ သေကြ လေသည်။ ပုက္ကုသ....ထိုအခါ၌ အာတုမာမြို့မှ လူများစွာ ထွက်လာ၍ သေကြသော ညီနောင်နှစ်ယောက်နှင့် နွားလေးကောင်တို့ကို ကြည့်ကြ လေသည်။

ပုက္ကုသ....ထိုအခါ၌ ငါသည် ကောက်နယ်တလင်း၏ တဲကလေးမှ ထွက်၍ တဲကလေးအပေါက်နားဌ စကြံသွားနေ၏။ ထိုအခါ ယောကျာ်း တယောက်သည် ငါ့အထံသို့ လာ၍ရပ်နေသည်။ "ဟိုဘာ များစွာသော လူအပေါင်းသည် ဘာ့ကြောင့် စုဝေးနေကြသလဲ"ဟု ထိုသူ့ကို မေးသော အခါ မိုးရွာတုန်းက မိုးကြိုးပစ်သောကြောင့် ညီနောင်နှစ်ယောက်နှင့် နွားလေးကောင် သေပါသည်။ ထို့ကြောင့် လူအများ ထွက်လာ၍ စုမိကြပါသည်။ "မိုးကြိုးပစ်တုန်းက အရှင်ဘုရားသည် အဘယ်မှာ နေပါသနည်း"ဟု မေးသောကြောင့် ငါသည် ဤကောက်နယ်တလင်း၏ တဲကလေးထဲမှာပင် နေသည်ဟု ပြောလိုက်၏။

ဒကာ။ ။အရှင်ဘုရားသည် မိုးရွာခြင်းကို မမြင်လိုက်ပါဘူး။

ဗုဒ္ဓ။ ။ဒကာ....ငါ မမြင်လိုက်။

ဒကာ။ ။အသံကိုကော မကြားလိုက်ပါလား။

ဗုဒ္ဓ။ ။အသံကိုလဲ မကြားလိုက်။

ဒကာ။ ။အရှင်ဘုရား....အိပ်ပျော်နေပါသလား။

ဗုဒ္ဓ။ ။ဒကာ....အိပ်ပျော်မနေပါ။

ဒကာ။ ။အရှင်ဘုရား....သညာ (စိတ်) ရှိပါရဲ့လား။

ဗုဒ္ဓ။ ။ဒကာ....ရှိပါရဲ့။

ဒကာ။ ။အရှင်ဘုရား.... စိတ်သညာ ရှိပါလျက် နိုးလဲ နိုးနေပါလျက် မိုးရွာသည်ကိုဂှင်း၊ မိုးခြိမ်းသည်ကိုဂှင်း၊ လျှပ်စစ်ပြက်သည်ကို ဂှင်း၊ မိုးကြိုးပစ်သည်ကိုဂှင်း မြင်လည်းမမြင်၊ အသံကိုလဲ မကြားလိုက်ပါလား။

ဗုဒ္ဓ။ ။အေး....မြင်လဲမမြင်လိုက်၊ ကြားလဲမကြားလိုက်။

www.dhammaransi.com



ပုက္ကုသ....ထိုအခါ၌ ထိုယောကျ်ားမှာ“ရဟန်းတော်တို့သည်ငြိမ်သက်သော နေနည်းဖြင့် နေတော်မူကြသည်မှာ အံ့ဩဖွယ် ကောင်းပါပေစွ၊ မဖြစ်စဖူး ထူးဆန်းပါပေစွ”ဟု ငါဘုရားအပေါ် မွန်မြတ်သောကြည်ညိုခြင်းကို လျှောက်ထား၍ ပြန်သွားသည်။

ဤသို့ မြတ်စွာဘုရားဟာ မိန့်တော်မူသောအခါ မလ္လမင်းသားဖြစ်သော ပုက္ကုသသည် ငါဘုရားကို ဤသို့လျှောက်၏။ “မြတ်စွာဘုရား.... ဒကာတော်သည် ကာလာမအနွယ် ဖြစ်သော အာဠာရ၌ ကြည်ညိုသမျှ သဒ္ဓါတရားတို့ကို လေထဲ လွှင့်လိုက်ပါပြီ။ မြစ်ထဲ မျှောလိုက်ပါပြီ၊ အလွန်နှစ်သက်ဖွယ် ကောင်းပါပေသည်။ မှောက်နေသော အိုးကို လှန်၍ပြသကဲ့သို့ငှင်း၊ မျက်စိလည်နေသူအား လမ်းမှန်ကို ပြောပြသကဲ့သို့ငှင်း၊ အမှောင်ခန်းထဲ၌ ဆီမီးရောင်ကို ထွန်းပြသကဲ့သို့ငှင်း ဗုဒ္ဓမြတ်စွာသည် ပရိယာယ်အမျိုးမျိုးဖြင့်တရားတော်ကိုထင်ရှားပြအပ်ပါပေပြီ။ဒကာတော်သည် မြတ်စွာဘုရားကိုငှင်း၊တရားတော်ကိုငှင်း၊ ဘိက္ခုသံဃာတော်ကိုငှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ယနေ့မှ စ၍ “ဥပါသကာ မှတ်တော်မူပါ”ဟု လျှောက်လေသည်။

အမှာ။ ။ဤသို့ ရတနာသုံးပါးကို ကိုးကွယ်၍ သရဏဂုံ တည်စေလိုသောကြောင့်သာ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်၏ တန်ခိုးကို မိန့်တော်မူပါသည်။ သရဏဂုံကို ယုံယုံကြည်ကြည် ဉာဏ်ဖြင့်သက်ဝင်၍ တည်သူမှာ ငါးပါးသီလ စင်ကြယ် လုံခြုံပါမူ သောတာပန်ဖြစ်နိုင်သည် မဟုတ်ပါလော။

ရွှေရောင်ဝတ်စုံကို လှူဒါန်းခြင်း။ ။မလ္လမင်းသား ဖြစ်သော ပုက္ကုသသည် ဥပါသကာ အဖြစ်ကို အသိအမှတ်ပြုပါဟု လျှောက်ပြီးနောက် မိမိသွားလေရာယူ၍ အရေးကြီးသောကိစ္စ၌သာ ဝတ်လေ့ရှိသော ရွှေရောင်တောက်နေသော အဝတ်အစုံကို လက်ခံတော်မူပါရန် လျှောက်ထားသောအခါ “တထည်ဖြင့် ငါဘုရားကို လှူ၍ တထည်ဖြင့် အာနန္ဒာကိုလှူလော့”ဟု မိန့်တော်မူသည်။ သက်နိုး

www.dhammaransi.com



လှူပြီးနောက် ပုက္ကုသကို တရားဟောတော်မူ၍ ပုက္ကုသသည် အလွန် ရှင်လန်းဝမ်းမြောက်စွာဖြင့် ဗုဒ္ဓမြတ်စွာကို ရှိခိုး၍ မိမိသွားမြဲ အရပ်သို့ သွားလေသည်။

**အသားတော်ရောင်နှင့် အဝတ်ရောင်။** ။ပုက္ကုသ ပြန်သွားသောအခါ အရှင်အာနန္ဒာသည် ရွှေရောင် တောက်နေသော အဝတ် အစုံကို မိမိအတွက်ပါ မြတ်စွာဘုရား၏ ကိုယ်တော်ကို ဆက်ကပ်လေသည်။ မြတ်စွာဘုရားသည် တထည်ကို ဝတ်၍ တထည်ကို အပေါ်၌ ခြုံတော်မူသောအခါ ရွှေရောင်ကို မြတ်စွာဘုရား၏ ကိုယ်တော်က လွှမ်းမိုးလိုက်သကဲ့သို့ ထင်ရလောက်အောင် အဝတ်၏ ရွှေရောင်သည် မှိန်သွား၏။ အရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာ၏ အရေ အဆင်းတော်သည် အလွန် ကြည်လင်နေပါကြောင်း လျှောက်သော အခါ....

**ရုပ်တော် အကြည်ဆုံး ၂-ချိန်။** ။အာနန္ဒာ.... ငါဘုရားကိုယ်တော်၏ အဆင်းသည် နှစ်မျိုးသော အချိန် အခါတို့၌ အခြားအခါထက် သာလွန်၍ ကြည်လင်၏။ ပဌမအချိန် အခါကား ဘုရားဖြစ်တော်မူမည့် ညဥ့်အခါတည်း။ ထိုညဥ့်၌ သုဇာတာ လှူအပ်သော နို့ဃနာဆွမ်းဝယ် နတ်တို့သည် နတ်သြဇာကို ထည့်ကြ၏။ ထို့ကြောင့် ထိုဆွမ်းကို ဘုဉ်းပေးသောအခါ ကြည်သင်သော အာဟာရဇ ရုပ်များ ဖြစ်၏။ ထို့ပြင်-ဘုရားဖြစ်တော်မူ၍ "ကမ္ဘာ ကုဋေ မရေမတွက် နိုင်သော ကာလတစုတေသော ကိလေသာအစုကို ပယ်တော်မူအပ်ပြီ" ဟု ဆင်ခြင်လိုက်သောအခါ စိတ်သည် အလွန် ကြည်လင်၏။ ထို့ကြောင့် ဘုရားဖြစ်ရာအခါ၌ ငါ၏ ကိုယ်တော်သည် အခြားအခါထက် ပို၍ ကြည်လင်သည်။

ယနေ့ကား သူကရမဒ္ဒဝ၌ နတ်တို့သည် နတ်သြဇာကို ထည့်ကြကုန်၏။ ထို သူကရမဒ္ဒဝကို ဘုဉ်းပေးရခြင်းဖြင့် အာဟာရကြောင့် ဖြစ်သော ရုပ်သည် ကြည်လင်၏။ ထို့ပြင်-ယနေ့ညဥ့်၏ နောက်ဆုံးအချိန်၌ ရှေး ဘုရားတို့ ဝင်အပ်သော အမြိုက်နိဗ္ဗာန်သို့ ဝင်ရတော့မည်ဟု ဆင်ခြင်တော်

www.dhammaransi.com



မူသောအခါ ငါ၏ စိတ်တော်သည် ဝမ်းမြောက်ဝမ်းသာ လွန်စွာ ကြည်လင်၏။ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များလည်း ကြည်လင်သည်။ ထို့ကြောင့် ဤ နောက်ဆုံးအခါ၌လည်း ငါဘုရား၏ ကိုယ်အဆင်းတော်သည် အခြားအခါတို့ထက် ပို၍ ကြည်လင်သည်။

ရေသုံးသပ်တော်မူခြင်း။ ။ဤသို့ မိန့်တော်မူပြီးလျှင် "ကကုဓာမြစ်သို့ သွားကြစို့" ဟု မိန့်တော်မူ၍ ရဟန်းများနှင့် အတူ ကကုဓာမြစ်သို့ ကြွတော်မူ၍ ကိုယ်တော်တိုင် ရေသို့ဆင်း၍ ရေသုံးသပ်တော်မူသည်။ ရေသုံးသပ်တော်မူသောအခါ မြစ်အတွင်း၌ ရှိကြသော ငါး-လိပ်တို့သည် ၎င်း၊ နှစ်ဖက်သော ကမ်းအနီး၌ ရှိသော တောအုပ်သည်၎င်း အားလုံး ရွှေအဆင်းရှိအောင် ဗုဒ္ဓကိုယ်ရောင်တော် ကူးစက်လေသည်။

ခေတ္တလျောင်းတော်မူခြင်း။ ။ဗုဒ္ဓမြတ်စွာသည် ရေသုံးသပ်တော်မူပြီး၍ အနီးအပါး၌ရှိသော သရက်ဉယျာဉ်သို့ ကြွတော်မူပြီးလျှင် အရှင်စုန္ဒကကို မိန့်တော်မူသည်မှာ-"စုန္ဒက....လေးထပ် ရှိသော သင်္ကန်းကြီးကို ခင်းလိုက်လော့။ ငါဘုရား ပင်ပန်းတော်မူသည်။ လျောင်းဦးမည်" ဤသို့ မိန့်တော်မူ၏။ [ထိုအချိန်၌ အရှင်အာနန္ဒာသည် ရေသနုပ်ကို ရေညှစ်၍ နေရစ်သောကြောင့် အရှင်စုန္ဒကကို ခင်းစေတော်မူရသည်။] အရှင်စုန္ဒကသည် သင်္ကန်းကြီးကို ခင်းပြီးသောအခါ ဗုဒ္ဓမြတ်စွာသည် လက်ျာနံပါးဖြင့် လျောင်းတော်မူ၍ ထတော်မူရန်အချိန်ကို မှန်းလျက် ခေတ္တမျှ ကျိန်းစက်တော်မူသည်။

ဆွမ်းဒါယကာစုန္ဒ သဒ္ဓါတိုးစေခြင်း။ ။ဗုဒ္ဓမြတ်စွာသည် ကျိန်းစက်ရာမှ နိုးတော်မူသောအခါ ရှင်အာနန္ဒာကို မိန့်တော်မူသည်မှာ—ငါဘုရား ဝမ်းတော်လားခြင်းကို ကြား၍ ဆွမ်းဒါယကာဖြစ်သော စုန္ဒအား တစုံတယောက်က (သင်၏ဆွမ်းကို ဘုဉ်းပေးတော်မူသောကြောင့် ဗုဒ္ဓမြတ်စွာ ဝမ်းတော်လားရသည်" ဟု စိတ်နှလုံး ချမ်းသာမဖြစ်၍ သဒ္ဓါတရားပျက်သွားအောင် ပြောလျှင်) စုန္ဒကို နှလုံးမသာမယာ မဖြစ်အောင် ဤစကားကို ပြောရစ်လော့။

www.dhammaransi.com



"ဒါယကာ စုန္ဒ...သင့်မှာ အလွန်ကောင်းပါပေသည်။ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန် စံတော်မူမည့်နေ့၌ အသင်၏ ဆွမ်းကို နောက်ဆုံးအဖြစ်ဖြင့် ဘုဉ်းပေးတော်မူပါသည်။ ဒါယကာ စုန္ဒ...ငါသည် မြတ်စွာဘုရား၏ အထံတော်မှ ကြားနာလိုက်ရသော စကားရှိပါသည်။ ဘုရားဖြစ်မည့်နေ့၌ ဘုဉ်းပေးရသော သုဇာတာ၏ ဃနာနို့ဆွမ်း၊ ပရိနိဗ္ဗာန်စံမည့်နေ့၌ ဘုဉ်းပေးရသော စုန္ဒ၏ဆွမ်း၊ ဤဆွမ်းနှစ်မျိုးသည် အကျိုးပေးတူ၏။ အခြားသောဆွမ်းတို့ထက် သာ၍ အကျိုးကြီး၏။

ထိုအကျိုးကား-အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြွေအရံများခြင်း အကျိုးကိုဖြစ်စေနိုင်၏။ နတ်ပြည်ကိုလည်း ဖြစ်စေနိုင်၏၊ အကြီးအကဲကိုလည်း ဖြစ်စေနိုင်၏။ ဤသို့ မြတ်စွာဘုရား အထံတော်မှ နာခံလိုက်ရပါသည်"ဟု ပြော၍ "စုန္ဒဥပါသကာကို စိတ်နှလုံးမသာမယာ မဖြစ်စေပဲ သဒ္ဓါတရား တိုးပွါးအောင် ပြောလိုက်၏"ဟု မိန့်တော်မူသည်။

**ကုသိနာရုံသို့ ကြွတော်မူခြင်း။** ။"အာနန္ဒာ...ဟိရညဝတီမြစ်၏ဟိုဘက်ကမ်း၌ တည်ရှိသော ကုသိနာရုံမြို့ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ သွားကြစို့"ဟု မိန့်တော်မူ၍ ဗုဒ္ဓမြတ်စွာသည် မရေတွက်နိုင်အောင် မြားမြောင်သော သံဃာများနှင့်အတူ ကြွတော်မူသည်။ [ဘုရား ပရိနိဗ္ဗာန်စံတော်မူခါနီးပြီဟု ကြားရသောကြောင့် ဘုရားအထံတော်သို့ ရောက်ပြီးသော ရဟန်းများသည် မပြန်ကြတော့ပဲ ထပ်၍ထပ်၍သာ ရောက်လာကြသောကြောင့် အရေအတွက်ကို မပြတော့ပဲ "များစွာသော ရဟန်းသံဃာနှင့်အတူ" ဟုသာ ပါဠိတော်၌ ဆိုထားသည်။]

**ညောင်စောင်းယံ၌ လျောင်းတော်မူခြင်း။** ။ကုသိနာရုံ မြို့သို့ ရောက်သောအခါ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွတော်မူ၍ မိန့်တော်မူသည်မှာ- အာနန္ဒာ.... အင်ကြင်းပင်နှစ်ပင်တို့၏ အကြား၌ မြောက်ဘက်သို့ ဦးခေါင်းထား၍

www.dhammaransi.com



ညောင်စောင်းငယ်ကို ခင်းလိုက်လော့။ ငါဘုရား ပင်ပန်းတော်မူသည်။ လျောင်းတော်မူအံ့”ဟု မိန့်တော်မူ၍ အရှင်အာနန္ဒာ ခင်းပေးအပ်သော ညောင်စောင်းငယ်ပေါ်ဝယ် လက်ျာနံပါးဖြင့် စောင်းတော်မူ၍ လက်ျာခြေပေါ်ဝယ် လက်ဝဲခြေကို တင်တော်မူပြီးလျှင် သတိသမ္ပဇဉ် ဉာဏ်ဖြင့် ယှဉ်၍ မြတ်သောလျောင်းတော်မူခြင်းကို ပြုတော်မူပါသည်။

မှတ်ချက်။ ။ထိုဥယျာဉ်တည်း၌ မလ္လာမင်းတို့ လာသော အခါ ခေတ္တခဏမျှ လည်းလျောင်း၍နေဘို့ရာ ညောင်စောင်းငယ် (ခုတင်ငယ်) ရှိ၏၊ ထိုညောင်စောင်းငယ်ပေါ်၌ ဗုဒ္ဓမြတ်စွာ လျောင်းတော်မူသောအခါ ခင်းစရာလည်း နှစ်ထပ်သင်္ကန်းကြီးမှ တပါး အခြား အခင်း မရှိ၊ ခေါင်းအုံးလည်းမရှိ။ထိုနေရာ၌ပင် သာမန်ပုဂ္ဂိုလ်တို့ လည်းလျောင်းသည့် အနေအားဖြင့် လက်တော်ကို ခေါင်းအုံး၍ လျောင်းတော်မူဟန် တူပါသည်။

ရှိသမျှအားတော် ကုန်ခန်းခြင်း။ ။ဗုဒ္ဓမြတ်စွာ၏ ပင်ကိုယ်အားတော်ကို ဤကျမ်းငယ်၏ အစ၌ ပြခဲ့ပြီးပါပြီ။ ပကတိဆင်တို့၏ ကုဋေတထောင်အားကို ဆောင်သော ယောကျာ်းမြတ်၏ ထိုအားတော်သည် စုန္ဒ၏ သူကရမဒ္ဒဝအာဟာရကို ဘုဉ်းပေးပြီးရာ အခါမှစ၍ ရေစစ်ထဲ၌ လည့်အပ်သော ရေကဲ့သို့ အလုံးစုံ ကုန်ခန်းလေပြီ၊ ပါဝါမြို့နှင့် ကုသိနာရုံမြို့သည် သုံးဂါဝုတ်မျှသာဝေး၏၊ ထိုခရီးဝယ် ဗုဒ္ဓမြတ်စွာသည် နှစ်ဆယ့်ငါးဌာန၌ နား၍ နား၍ ကြီးစွာသော အားထုတ်ခြင်းဖြင့် ကြွတော်မူပါသော်လည်း နေဝင်ခါနီးမှ အင်ကြင်းဥယျာဉ်သို့ ရောက်တော်မူသည်။ ထိုကြောင့် ရောက်တော်မူလျှင် ကြားရသူတို့ သံဝေဂဖြစ်ဖွယ်ရာ “အာနန္ဒာ....ပင်ပန်းတော်မူသည်။ လျောင်းဦးမည်”ဟု မိန့်တော်မူပါသည်။

မေးဖွယ်။ ။“ဗုဒ္ဓမြတ်စွာသည် ဤ ကုသိနာရုံ မြို့သို့ ရောက်အောင် အဘယ့်ကြောင့် ကြိုးကြိုးစားစား ကြွတော်မူရပါသနည်း” ဟု မေးဖွယ်ရှိ၏။

www.dhammaransi.com



**ရည်ရွယ်တော်မူချက်သုံးမျိုး။** ။နောက်၌"ဤမြို့ကလေး၀ယ် ပရိနိဗ္ဗာန် စံတော်မမူသင့်ပါ"ဟု အရှင်အာနန္ဒာက လျှောက်သောအခါ မဟာသုဒဿနသုတ်ကို ဟောတော်မူဘို့ရန် အခွင့်ပေါ်လာလိမ့်မည်။ ထိုအခါ "ကဿပမြတ်စွာဘုရား သာသနာတော်၀ယ် (ဘုရားပရိနိဗ္ဗာန် စံပြီးနောက်၌) သူတော်ကောင်း ရဟန်းတော်အား သစ်ရွက်ကျောင်းကို ဆောက်၍လှူခြင်း၊ ရေကန်တူးခြင်း၊ ရဟန်း အသုံးအဆောင်မှန်သမျှ အလုံးစုံကို လှူဒါန်းခြင်း ဟူသော ကောင်းမှုကို ပြုခဲ့သောကြောင့် လူ့ဘ၀၌ပင် နတ်စည်းစိမ်ကဲ့သို့ ကြီးကျယ်သော ကြာမင်းစည်းစိမ်ကို ဤကုသိနာရုံမြို့ဌာန၌ ရခဲ့ဘူး၏"ဟု ဟောတော်မူသည်ကို ကြားနာရသူတို့ ကောင်းမှုအနည်းငယ်ဖြင့် ကြီးကျယ်သော စည်းစိမ်ကို ရနိုင်ကြောင်းသိ၍ ကောင်းမှုပြုကြစေလိုသော ရည်ရွယ်တော်မူခြင်း တပါး၊ ဤကုသိနာရုံမြို့၌နေသော သုဘဒ္ဒပရိဗိုဇ်ကို နောက်ဆုံးချွတ်ဘို့ရန်ရည်ရွယ်တော်မူခြင်း တပါး၊ ခေတ်တော်ဝေသောအခါ ခေတ်တော်ရဘို့ရန် မင်းအပေါင်းတို့ လာကြရာ၀ယ် ဝေပေးမည့်သူ မရှိလျှင် သွေးချောင်းစီးစရာ ရှိသောကြောင့် ခေတ်တော်ဝေပေးမည့် ဒေါဏပုဏ္ဏားက ဤနေရာ၌သာ ရှိနိုင်ခြင်းတပါး၊ ဤအကြောင်း သုံးပါးကြောင့် ဗုဒ္ဓမြတ်စွာသည် အပင်ပန်းခံလျက် ကုသိနာရုံမြို့သို့ ရောက်အောင် ကြွတော်မူခဲ့ရပါသည်။

**နတ်တို့ ပူဇော်ကြခြင်း။** ။ဗုဒ္ဓ မြတ်စွာသည် အင်ကြင်း ဥယျာဉ်၀ယ် ညောင်စောင်းငယ်ပေါ်၌ လျောင်းတော်မူသောအခါ ဤလျောင်းတော်မူခြင်းသည် မထသော လျောင်းတော်မူခြင်းဖြစ်၍ နတ်တို့သည် နောက်ဆုံး ပူဇော်ခြင်းအားဖြင့် ပူဇော်ကြကုန်၏။ ဦးခေါင်းရတော်ဘက် ခြေရင်းတော်ဘက်၌ ရှိကြသော အင်ကြင်းပင်ပျို အစုံတို့သည် ပင်လုံးကျွတ် ပွင့်ကြကုန်၏။ ရုက္ခစိုဝ်းနတ်တို့သည် ထိုပွင့်ရာ အကိုင်းအခက်တို့ကို လှုပ်ချ၍ ဗုဒ္ဓမြတ်စွာ၏ကိုယ်တော်ကို ကြဲဖြန့်လျက်ငင်း၊ အထက်အထက်၌ ဖြန့်လျက်ငင်း၊ အထပ်ထပ် ဖြန့်လျက်ငင်း ပူဇော်ကြကုန်၏။ အခြားနတ်တို့လည်း ကောင်းကင်မှ မန္ဒာရဝ နတ်ပန်းတို့ကို ပူဇော်သောအားဖြင့် ကြဲချကြကုန်၏။ နတ်၌ဖြစ်သော စန္ဒကူး

www.dhammaransi.com



နံ့သာမှုန့်တို့ကို ကောင်းကင်မှ ကြဲချ၍ပူဇော်ကြကုန်၏။ နတ်၌ဖြစ်သော တူရိယာတို့ကို တီးမှုတ်သောအားဖြင့် ပူဇော်ကြကုန်၏။ ဤနည်းအားဖြင့် ကောင်းကင်၌ နတ်တူရိယာသံတို့ ဖြစ်ကြသည်ဟု ဆိုရသည်။

**ဝရုဏနှင့် ဝါရုဏနတ်တို့ ပူဇော်ပုံ။** ။ထိုနတ် နှစ်ယောက်သည် အလွန် အသက် ရှည်ကြ၏။ "ဘုရားအလောင်းသည် လူ့ပြည်၌ ဘုရားဖြစ်လိမ့်မည်"ဟု ကြား၍ ပဋိသန္ဓေနေသောအခါ ဤပန်းကုံးကို ယူ၍သွားမည်ဟု ပန်းကုံးကြလေသည်။ ဘုရားအလောင်း ပဋိသန္ဓေနေသောအခါ ပန်းကုံး၍မပြီးသေး။ "အသင်တို့ ဘယ်သူ့ဘို့ ကုံးကြသနည်း"ဟု မေးသောအခါ "ကျုပ်တို့ ပန်းကုံးလို့ မပြီးသေးဘူး၊ မယ်တော်၏ဝမ်းမှ ဖွားချိန်၌ ယူသွားမည်"ဟု ပြောကြ၏။ "မယ်တော်ဝမ်းမှဖွားပြီ" ဟု အခြားနတ်တို့က ပြောသောအခါ "တောထွက်တဲ့ နေ့ရောက်မှ ယူသွားမည်"ဟု ပြောကြ၏။ အခြားနတ်တို့က"တောထွက်သွားပြီ"ဟု ပြောသောအခါ "ဘုရားဖြစ်တဲ့နေမှ ယူသွားမည်"ဟု ပြောကြပြန်၏။ ဤသို့ အသက်ဆက်အားဖြင့် ထင်ရှားသော နေ့တွေသို့ ရောက်သော်လည်း ပန်းကုံးကား မပြီးသေး။

"ပရိနိဗ္ဗာန် စံတော်မူပြီ" ဟု ပြောသောအခါ "ဘုရားဖြစ်ရတာ ဘာမှ မကြာပါပဲလား" ဟု ပြော၍ မပြီးသေးသော ပန်းကုံး တို့ကို ယူလာကြပြီးလျှင် စကြဝဠာ အတွင်း၌ ဆန့်တန်းဘို့ နေရာမရသော ကြောင့် စကြဝဠာ နှုတ်ခမ်းရစ်၌ ချိတ်ဆွဲရသည်။ ထိုနောက် သူတို့နှစ်ယောက် လက်အချင်းချင်း လည်ပင်းအချင်းချင်း ဆွဲကာ ဖက်ကာ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တို့ကို ပြော၍ပြော၍ ဂုဏ်တော်ဖွဲ့ သီချင်းများကို သီဆိုပြီးလျှင် သီချင်း အဆုံး အဆုံး၌ "မဟာယသော မဟာယသော"ဟု ကြွေးကြော်ကြလေသည်။ ဤနည်းအားဖြင့် "ကောင်းကင်၌ နတ်သီချင်းသံတို့လည်း ဖြစ်ကြသည်" ဟု ဆိုသည်။ [မဟာယသော- များသော ကျော်စောခြင်းရှိသူ။]

**အာမိသပူဇာနှင့် ဓမ္မပူဇာ။** ။ဆွမ်း သင်္ကန်း ပန်းစသော ပစ္စည်းများကို "အာမိသ"ဟု ခေါ်၏။ ထိုအာမိသဖြင့်

www.dhammaransi.com



ဗုဒ္ဓမြတ်စွာကို ပူဇော်ခြင်းသည် "အာမိသပူဇာ" မည်၏။ ဗုဒ္ဓမြတ်စွာ၏ သြဝါဒတရားတော်ကို "ဓမ္မ"ဟု ခေါ်၏။ ထိုတရားတော်အတိုင်း ကျင့်၍ နေခြင်းသည် မြတ်စွာဘုရားအလိုတော်အတိုင်း ဖြစ်သောကြောင့် မြတ်စွာဘုရားကို ဓမ္မဖြင့် ပူဇော်သည် မည်၏။ အာနန္ဒာ....ငါဘုရားကို ပန်းတို့ဖြင့် ပူဇော်ခြင်း၊ နတ်၌ဖြစ်သော တူရိယာတို့ကို တီး၍ ပူဇော်ခြင်း၊ နတ်၌ ဖြစ်သော ဂီတကို သီဆို၍ ပူဇော်ခြင်း ဤကဲ့သို့ ပူဇော်ခြင်းသည် ငါဘုရားကို အလေးပြုအပ် မြတ်နိုးအပ် ပူဇော်အပ်သည် မမည်။

အာနန္ဒာ.... ဘိက္ခုဖြစ်စေ၊ ဘိက္ခုနီဖြစ်စေ၊ ဥပါသကာယောကျ်ား ဖြစ်စေ၊ ဥပါသိကာမိန်းမဖြစ်စေ ငါဘုရား ဆုံးမအပ်သော တရားတော်အတိုင်း ကောင်းစွာ ကျင့်၍ နေ၏။ ထိုသူသည်သာ ငါဘုရားကို မြတ်နိုးရာ ရောက်၏။ ပူဇော်ရာ ရောက်၏။ အလေးဂရုပြုသည် မည်၏။ စိတ်ဖြင့် မြတ်နိုးသည်မည်၏။ ကောင်းသော ပူဇော်ခြင်းဖြင့် ပူဇော်သည် မည်၏။ ထို့ကြောင့် ဘိက္ခုဖြစ်စေ၊ ဘိက္ခုနီဖြစ်စေ၊ ဥပါသကာယောကျ်ားဖြစ်စေ၊ ဥပါသိကာမိန်းမဖြစ်စေ မည်သူမဆို "ငါဘုရား၏ သြဝါဒတရားကို လိုက်နာပြုကျင့်၍ မိမိ၏စိတ်ကို ဆုံးမသော အားဖြင့် ကြိုးစားရမည်။

**ဥပဝါဏထေရ်ကို နေရာမှ ဖယ်စေရခြင်း။** ။အရှင် ဥပဝါဏထေရ်သည် တုတ်တုတ်ဝဝဖြစ်၏။ မြတ်စွာဘုရား၏ရှေ့၌ ယပ်ခပ်လျက် နေ၏။ ထိုအချိန်၌ စကြဝဠာ တသောင်းမှ ရောက်လာကြသော နတ်တို့သည် အရှင်ဥပဝါဏ၏ ဘုရားရှေ့တော်၌ ကွယ်နေခြင်းကြောင့် ရဟန္တာပုဂ္ဂိုလ်ကိုထိုးဖောက်၍ နတ်မျက်စိဖြင့် မမြင်နိုင်။ ထို့ကြောင့် နတ်တို့သည် အရှင်ဥပဝါဏမထေရ်ကို ကဲ့ရဲ့ကြသည်၊ "ငါတို့မှာ အဝေးကြီးက မြတ်စွာဘုရားကို ဖူးမြင်လို၍ လာခဲ့ကြသည်။ မြတ်စွာဘုရားတို့လည်း လောက၌ တခါတလေမှ ပွင့်တော်မူကြကုန်၏။ ယနေ့ကား ပရိနိဗ္ဗာန်စံတော်မူတော့မည်။ တန်ခိုးကြီးသော ဤရဟန်းကလည်း မြတ်စွာဘုရား၏ ရှေ့တော်၌ ကွယ်နေ၏။ ငါတို့သည် နောက်ဆုံး အချိန်ငယ် မြတ်စွာဘုရားကို ဖူးမြင်ခွင့်မရကြ" ဤသို့ စိတ်ထည်း၌ ကြံ၍

www.dhammaransi.com



အရှင်ဥပဝါဏကို ကဲ့ရဲ့ကြသည်။ ထိုသို့ကဲ့ရဲ့သော နတ်တို့မှာ အပြစ်ကြီးမည်စိုး၍ ဥပဝါဏမထေရ်ကို တနေရာသို့သွား၍ နေဘို့ရန် မိန့်တော်မူရသည်။

မှတ်ချက်။ ။ထိုအချိန်မှာ ကုသိနာရုံမြို့၏ ၁၂-ယူဇနာ အတွင်း၌ သားမြီး၏ အဖျား လောက်သာ ကျယ်သော တနေရာဝယ် နတ်တို့ မရှိသော အရပ်ဟူ၍ မရှိ။ မြတ်စွာဘုရား၏ အနီးဆုံး အရပ်ဝယ် သားမြီးဖျား ပမာဏရှိသော အရပ်တခု၌ အလွန် သိမ်မွေ့သော ကိုယ်ကို ဖန်ဆင်း၍ ဆယ်ယောက် ဆယ်ယောက်စီ စုဝေး၍ တန်ခိုးကြီးသောနတ်များ နေကြသည်။ ထိုနတ်တို့၏ နောက်၌ နှစ်ဆယ်စီ နှစ်ဆယ်စီ နေကြသည်။ ဤနည်းအားဖြင့် နောက်နောက်၌ နေသော နတ်တော့ အလွန် သေးငယ်အောင် ဖန်ဆင်း၍ နေကြရလေသည်။ ထို နတ်တို့သည် တန်ခိုးကြီးသော ဥပဝါဏမထေရ်ကို နတ်မျက်စိဖြင့် ဖောက်ထွင်း၍ မမြင်နိုင်ကြသောကြောင့် ကဲ့ရဲ့ကြလေသည်။

နတ်များငိုကြခြင်း။ ။တချို့နတ်တို့က ကောင်းကင်၌ပင် မြေအသွင် ဖန်ဆင်း၍ ငိုကြ၏။ အလယ်က ပြတ်၍ ကျသကဲ့သို့ ထိုထိုအရပ်၌ လဲ၍သွားကြ၏။ လဲ၍ကျရာအရပ်မှ ရှေ့သို့ လူးလိမ့်သွားပြီးလျှင် ဘုရားရှင်၏အနီး လဲကျရာအရပ်သို့ ပြန်လာကြကုန်၏။ တချို့နတ်တို့က လဲကျရာအရပ်မှ တဖက်အရပ်သို့ လူးလိမ့်၍ သွားကြကုန်၏။ တချို့နတ်တို့က ရှေ့တကြိမ်သွားလိုက်၊ နောက်တကြိမ်ပြန်လိုက်၊ ဤသို့အားဖြင့် လူးလိမ့်ကြကုန်၏။ "ဗုဒ္ဓမြတ်စွာ၏ပရိနိဗ္ဗာန်စံတော်မူခြင်းသည်မြန်လွန်းလှပါတကား။ မြန်လွန်းလှပါတကား။ လောက၌ ဉာဏ်မျက်လုံးတော်ကြီး အလွန်လျင်စွာ ကွယ်ပျောက်တော် မူတော့မှာပဲ"ဟု ပြောကာ ပြောကာ ငိုကြရှာသည်။

အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များမှတပါး ပုထုဇဉ်သောတာပန် သကဒါဂါမ်တို့သည် မငိုပဲ မနေနိုင်ကြ။ အနာဂါမ် ရဟန္တာဖြစ်သော လူ နတ် ဗြဟ္မာတို့ကား တရားသံဝေဂဖြင့် မငိုပဲ နေနိုင်ကြသည်။ [အနာဂါမိမဂ်

www.dhammaransi.com



ကိုရလျှင် ငိုတတ်သော သောကဒေါမနဿကို ပယ်နိုင်၏။ ထို့ကြောင့် မငိုပဲ နေနိုင်ကြသည်။

**သံဝေဂယူဘိုရာ လေးဌာန။** ။အရှင်အာနန္ဒာသည် "ဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ရှေးကာ ဘုရားအထံသို့ ကြွလာလေ့ရှိကြသော၊ ဖူးမြင်ရရုံမျှဖြင့် စိတ်ကို တိုးပွါးစေနိုင်ကြ၊ စိတ်နေစိတ်ထား ကြီးမားစေနိုင်ကြသော ရဟန်းတော်တို့သည် ကြွလာတော့မည် မဟုတ်"ဟု တွေး၍ ဝမ်းနည်းစကားကို လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားသည် သံဝေဇနီယဌာန လေးဌာနကို မိန့်တော်မူ၏။ ထို လေးဌာနကား–ဘုရားဖွားတော်မူရာဌာန၊ ဘုရားဖြစ်တော်မူရာဌာန၊ ဓမ္မစကြာတရား ဟောတော်မူရာ ဌာန၊ ပရိနိဗ္ဗာန်စံတော်မူရာဌာန များတည်း။ အာနန္ဒာ....ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ထိုလေးဌာနသည် သဒ္ဓါတရားကောင်းသော အမျိုးသားတို့ သံဝေဂယူရာဌာနများ ဖြစ်ကြလိမ့်မည်။ "ထို ဌာနများကို ကြည့်၍ သံဝေဂယူကြဘိုရာ ထို သူတော်ကောင်းများ လာကြပါလိမ့်မည်"ဟု မိန့်တော်မူသည်။

**ဖွားတော်မူရာဌာန။** ။အာနန္ဒာ....သဒ္ဓါတရား ကောင်းသော အမျိုးကောင်းသားတို့သည် ဗုဒ္ဓမြတ်စွာ ဖွားတော်မူရာ [ယခုအခါ နီပေါနှင့် ဣန္ဒိယပြည်နယ်စပ်အနီး နီပေါပြည် ရှမ္မိန်ဒေသီအရပ်၌ တည်ရှိသော] လုမ္ဗိနီဥယျာဉ်သို့ လာ၍ ထိုနေရာကို စေ့စေ့ငုငု ကြည့်ရှုပြီးလျှင် "ဤနေရာ၌ ငါတို့ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာသည် ဖွားမြင်တော်မူခဲ့၏။ ယခုအခါ ထိုဗုဒ္ဓမြတ်စွာကို မဖူးမြင်ရတော့ပါတကား"ဟု သံဝေဂယူရင်း တရားနှလုံးသွင်းကာ တရားထူးရနိုင်မည့် သူတော်ကောင်း ရဟန်းများ လာကြလိမ့်မည်။ ထိုအခါ စိတ်ကို တိုးပွါးစေနိုင်သော ရဟန်းကောင်းများကို ဖူးမြင်ရပါလိမ့်မည်။

**ဘုရားဖြစ်တော်မူရာဌာန။** ။[ယခုအခါ ဘီဟာနယ် ဂါယာမြို့၏ တောင်ဘက် ခြောက်မိုင်အကွာတွင် တည်ရှိသော ဗုဒ္ဓဂါယာဟု ထင်ရှားသော အရပ်ရှိ၏။ ထိုအရပ်၌ ဗုဒ္ဓမြတ်စွာသည်

www.dhammaransi.com



သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားဖြစ်တော်မူ၏။] အာနန္ဒာ....သဒ္ဓါ တရားကောင်းသော အမျိုးကောင်းသားသည် ဘုရားဖြစ်တော်မူရာဌာန သို့ လာ၍ ထိုနေရာကို စေ့စေ့ငုငုကြည့်ရှုပြီးလျှင် "ဤနေရာ၌ ဗုဒ္ဓမြတ်စွာ သည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့၏။ ယခုအခါ ထိုဗုဒ္ဓမြတ်စွာကို မဖူးမြင်ရတော့ပါတကား" ဟု သံဝေဂယူရင်း တရားနှလုံးသွင်းကာ တရားထူးရမည့် ရဟန်းကောင်းများ လာကြလိမ့် မည်။ ထိုအခါ စိတ်ကို တိုးပွါးစေနိုင်သော ရဟန်းကောင်းများကို ဖူးမြင် ရပါလိမ့်မည်။

ဓမ္မစကြာ ဟောတော်မူရာဌာန။ ။[ယခုအခါ ဗာရာဏသီမြို့ ဘူတာရုံမှ ခြောက်မိုင် အကွာတွင် တည်ရှိသော မိဂဒါဝုန်၌ ဓမ္မစကြာ ဟောတော်မူရာဌာနဟု သတ်မှတ်အပ် သော ဌာနတရပ်ရှိ၏။] အာနန္ဒာ....သဒ္ဓါတရားကောင်းသော အမျိုး ကောင်းသားသည် ဓမ္မစကြာ ဟောတော်မူရာ ဌာနသို့ လာ၍ ထိုနေရာကို စေ့စေ့ငုငုကြည့်ရှုပြီးလျှင် "ဤနေရာ၌ ဗုဒ္ဓမြတ်စွာသည် ဓမ္မစကြာတရား ကို ဟောတော်မူခဲ့၏။ ယခုအခါ ထိုဗုဒ္ဓမြတ်စွာကို မဖူးမြင်ရတော့ပါ တကား" ဟု သံဝေဂယူရင်း တရားနှလုံးသွင်းကာ တရားထူးရမည့် ရဟန်းကောင်းများ လာကြလိမ့်မည်။ ထိုအခါ စိတ်ကို တိုးပွါးစေနိုင် သော ရဟန်းကောင်းများကို ဖူးမြင်ရပါလိမ့်မည်။

ပရိနိဗ္ဗာန် စံတော်မူရာ ဌာန။ ။[ယခုအခါ ဥတ္တရပရာဒက်ရှ ပြည်နယ် ဂိုရပ်စ်ပုရ်မြို့နှင့် ၃၂-မိုင် အကွာတွင် တည်ရှိသော ကုသိနာရုံမြို့၌ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဟု ထင်ရှား သော ဌာနတရပ် ရှိ၏။ ထိုအရပ်၌ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူ၏။] အာနန္ဒာ....သဒ္ဓါတရားကောင်းသော အမျိုးကောင်းသားသည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ဌာနသို့လာ၍ ထိုနေရာကို စေ့စေ့ငုငု ကြည့်ရှုပြီး လျှင် "ဤနေရာ၌ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန် စံတော်မူခဲ့၏။ ယခုအခါ ဗုဒ္ဓမြတ်စွာကို မဖူးမြင်ရပဲ ပရိနိဗ္ဗာန် စံရာဌာနကိုသာ ဖူးမြင်ရတော့ပါ တကား" ဟု သံဝေဂယူရင်း တရားနှလုံးသွင်းကာ တရားထူးရမည့်ရဟန်း

www.dhammaransi.com



ကောင်းများ လာကြလိမ့်မည်။ ထိုအခါ စိတ်ကို တိုးပွါးစေနိုင်သော ရဟန်းကောင်းများကို ဖူးမြင်ရလိမ့်မည်။

**စေတီတော်ကို ဖူးမြင်ရခြင်း၏ အကျိုး။** ။အာနန္ဒာ....ပြအပ်ခဲ့သော လေးဌာနတို့၌ တည်အပ်သော စေတီတော်ကိုဖြစ်စေ၊ (ခေတ်တော် ဌာပနာရာ အခြားစေတီတော်ကိုဖြစ်စေ) ဖူးမြင်ဘို့ရန် ထက်သန်သော သဒ္ဓါတရားရှိကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာမ တို့သည် ပြုအပ်ပြီးသော ဌာနသို့ မရောက်ခင် လမ်းခရီး အကြားၾကပင် ကြည်ညိုသော သဒ္ဓါစိတ်ဖြင့် ကွယ်လွန်ကြသည်ရှိသော် သုဂတိဘဝ နတ်ပြည်လောကသို့ ရောက်ကြရလိမ့်မည်။

**မှတ်ချက်။** ။ပါဠိတော်၌ "ယေ ကေစိ အာနန္ဒ—စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တိ"ဟု ဟောတော်မူ၏။ ဤပါဠိတော်၌ "ပသန္နစိတ္တာ" ပုဒ်ကို အထူး သတိပြုပါ။ စေတီတော်ကို ဖူးမြော်ဘို့ရန် သွားတုန်းကပင် ပသန္နစိတ် (ကြည်ညိုသောစိတ်) ဖြင့် သွား၍ မတော်တဆ လမ်းခရီးမှာ သေသော်လည်း "ဘုရားကို ကြည်ညိုသောစိတ်ဖြင့် သေသူ့အတွက် သုဂတိ နတ်ပြည်သို့ ရောက်ရလိမ့်မည်"ဟု ဆိုပါသည်။ သွားတုန်းက အပျော်ခရီးထွက်၍ ပျော်ယင်းပါးယင်း သေသူတို့အတွက်ကား သူတို့စိတ်အားလျော်စွာ ရောက်သင့်ရာ ရောက်ကြပါလိမ့်မည်။

**မာတုဂါမများအတွက် လျှောက်ထားခြင်း** အရှင်အာနန္ဒာသည် "မာတုဂါမများနှင့် စပ်၍ အဘယ်သို့ ကျင့်ရပါမည်နည်း"ဟု လျှောက်ထားသောအခါ ဗြ ဒသနံ အာနန္ဒ= "အာနန္ဒာ....မာတုဂါမကို မတွေ့မမြင်ရခြင်းသည် အကောင်းဆုံးအကျင့် ဖြစ်၏"ဟုပဌမ မိန့်တော်မူသည်။မှန်၏။မိမိ၏ ပရိယတ်ပဋိပတ်တရား၌ စိတ်ဝင်စား၍ ကြိုးစားနေသော ရဟန်းမှာ မာတုဂါမကိုမမြင်ရလျှင် လောဘစိတ်လည်း မဖြစ်။ စိတ်လှုပ်ရှားမှုလည်း မဖြစ်။ မိမိ၏

www.dhammaransi.com



ပရိယတ် ပဋိပတ် တရားအပေါ်၌သာ စိတ်ဝင်စား၍ နေသောကြောင့် မမြင်ရခြင်းကို "အကောင်းဆုံး အကျင့်"ဟု ပဌမစည်း တားတော်မူသည်။ [နဂိုရ်ကပင် စိတ်မကိုန်းပဲ ကြံချင်ရာ ကြံနေသူအတွက် မမြင်ရသော်လည်း စိတ်အားဖြင့် သွားနေမည်ဖြစ်သောကြောင့် မမြင်ရရုံမျှကို အကောင်းဆုံး အကျင့်ဟု မဆိုထိုက်သေးပါ။]

အရှင်အာနန္ဒာ။ ။ဆွမ်းခံသွားရာ၌ရာန စသည့်တို့၌ မြင်ရသည်ရှိသော် အဘယ်သို့ ပြုကျင့်ရပါမည်နည်း။

ဗုဒ္ဓမြတ်စွာ။ ။"အနာလာပေါ် အာနန္ဒ = "အာနန္ဒာ.... မြင်ရလျှင် စကား မပြောမိအောင် ကျင့်ခြင်းသည် အကောင်းဆုံး အကျင့်ဖြစ်၏"ဟု မိန့်တော်မူ၏။ မှန်၏။ စကားပြောမိလျှင် ရင်းနှီးမှု ဖြစ်၏။ ရင်းနှီးမှုဖြစ်လျှင် ဖောက်ပြန်မှု ဖြစ်တတ်၏။ ဖောက်ပြန်မှု ဖြစ်လျှင် သီလာပျက်၍ အပါယ်လေးပါးသို့ ရောက်တတ်သည်။ ထို့ကြောင့် "စကား မပြောမိခြင်းကို အကောင်းဆုံး အကျင့်"ဟု ဒုတိယစည်း တားတော်မူသည်။

အရှင် အာနန္ဒာ။ ။"စကား မပြောလျှင် မဖြစ်လောက်အောင်ပင် အကြောင်းပေါ်လာခဲ့သော် အဘယ်သို့ကျင့်ရပါမည်နည်း"ဟု မေးလျှောက်ပြန်သည်။ မှန်၏။ မာတုဂါမက "ယနေ့ ဘာနေ့ပါတုံးဘုရား"ဟုမေးလျှင် ပြန်၍ဖြေရလိမ့်မည်။ "သီလပေးပါ"ဟု တောင်းလျှင် သီလပေးရလိမ့်မည်။ "တရားနာလိုပါသည်"ဟု လျှောက်လျှင် တရားစကား ပြောရလိမ့်မည်။ ပြဿနာမေးလျှင် ဖြေရလိမ့်မည်။ ဤသို့ ရဟန်းကောင်းများ ပြုထိုက်သော အလုပ်ဖြစ်၍ စကားမပြောပဲ နေသော ပုဂ္ဂိုလ်ကို ဒီကိုယ်တော်က "အ အကြီးပဲ"၊ ဒီကိုယ်တော်က "အထိုင်းကြီးပဲ"၊ ဒီကိုယ်တော်က "စားပြီးတော့ ပါးစပ်ကို ဖွဲ့တုပ်ထားသလို ထိုင်နေတာပဲ"၊ ဤသို့ စသည်ဖြင့် အပြစ်တင်ကာ အကုသိုလ် ဖြစ်စရာရှိ၏။ ထို့ကြောင့် "စကားပြောခွင့်ကြုံလျှင် အဘယ်သို့ ကျင့်ရပါမည်နည်း"ဟု မေးလျှောက်သည်။

www.dhammaransi.com



**ဗုဒ္ဓမြတ်စွာ။** ။သတိ အာနန္ဒ ဥပဋ္ဌာပေတဗ္ဗာ= "အာနန္ဒာ– စကား မပြောပဲနေလို့ မဖြစ်လျှင် အမိလို့ သတိထားလိုက်။ အမ၊ နှမလို့ သတိထားလိုက်။ သမီးလို့ သတိထားလိုက်။ ဤသို့ သတိထားနိုင်လျှင် မေတ္တာစိတ်သာ ဖြစ်ဘို့ရှိ၏။ ဖောက်ပြန်သောစိတ်ကား မဖြစ်နိုင်တော့။ ထို့ကြောင့် စကားပြောခွင့်ကြုံလာလျှင် သတိထားဘို့ရာ တတိယ စည်း တားတော်မူပြန်သည်။ ဤကား အဋ္ဌကထာ အဖွင့်တည်း။

**ဋီကာ။** ။သတိတိဝါတာယဂတာသတိဥပဋ္ဌာပေတဗ္ဗာ=ဆံပင်၊မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ စသော ၃၂-ပါးသော ကောဋ္ဌာသ အစုအဝေးသာတည်း။ "ယောကျာ်း၊ မိန်းမ မဟုတ်" ဟု သတိထားရမည်။ ဤဋီကာအဖွင့်သည် "သတိ ကာယဂတာတျုတ္တ" ဟူသော ပါဠိတော်နှင့် ညီ၏။

**အလောင်းတော်ဝယ် ပြုကျင့်ဘွယ်။** ။အရှင်အာနန္ဒာသည် "ပရိနိဗ္ဗာန် စံတော်မူပြီးသော ဗုဒ္ဓမြတ်စွာ၏ အလောင်းတော်၌ ရဟန်းသံဃာဖြစ်သော တပည့်တော်တို့က အဘယ်သို့ ပြုကျင့်ရပါမည်နည်း" ဟု မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသည်မှာ– အာနန္ဒာ-အသင်တို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်ဘို့ရန် ကြောင့်ကြမစိုက်ရစ်ကြနှင့်။ အာနန္ဒာ-အသင်တို့သည် အမြတ်ဆုံး အကျိုးဖြစ်သော အရဟတ္တဖိုလ်ကို ရအောင်သာ ကြိုးစားရစ်ကြ။ မမေ့မလျော့ မပေါ့ဆပဲ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကြသည်ဖြစ်၍ ပြင်းပြင်းထန်ထန် အားထုတ်ရစ်ကြ။ ပညာရှိ မင်းများသည်ရင်း၊ ပညာရှိ ပုဏ္ဏားများသည်ရင်း၊ ပညာရှိ သူကြွယ်များသည်ရင်း ငါဘုရား၌အလွန်ကြည်ညိုကြကုန်၏။ ထိုသူတို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်ကြလိမ့်မည်။

**မှတ်ချက်။** ။"အသင်တို့သည် ငါဘုရား၏ အလောင်းတော်ကို ပူဇော်ဘို့ရန် ကြောင့်ကြမစိုက်ရစ်ကြနှင့်" ဟူသော အမိန့်တော်အရ ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ ရဟန်းတော်များသည်

www.dhammaransi.com



ပူဇော်ဘို့ရန် အထူးကြောင့်ကြ မစိုက်ကြတော့ပါ။ ဤ စကား တော်အရ "ဘုန်းကြီးပျံ ကိစ္စ၌ တပည့် ရဟန်းများက လိုသည် ထက်ပို၍ ကြောင့်ကြမစိုက်သင့်ကြ"ဟု မှတ်ပါ။

**အရှင်အာနန္ဒာ ထပ်၍လျှောက်ခြင်း**

"မြတ်စွာဘုရား.... ထို ပညာရှိမင်း စသူတို့သည် အလောင်းတော်၌ အဘယ်သို့ ပြုကျင့်ထိုက်ပါသနည်း"ဟု မေးသောအခါ အဘယ်သို့ ဖြေရပါမည်နည်း။ ဤသို့ အရှင်အာနန္ဒာက ထပ်၍လျှောက်ပြန်သည်။ "အာနန္ဒာ.... စကြာမင်း၏အလောင်းကို အသစ်ဖြစ်သော ဝါချည်အဝတ်ဖြင့် ရစ်ပတ်၍ အသစ်ဖြစ်သော ဝါဂွမ်းဖြင့် ရစ်ပတ်ကြကုန်၏။ ဤသို့ အဝတ်တထပ် ဝါဂွမ်းတထပ်အားဖြင့် အထပ်ငါးရာတိုင်အောင် စကြာမင်းအလောင်းကို ရစ်ပတ်၍ ဆီထည့်ထားအပ်သော ရွှေခေါင်း၌ ထည့်ပြီးလျှင် အခြား ရွှေခေါင်းဖြင့် ဖုံး၍ နံ့သာထင်းပုံပေါ်သို့ တင်ပြီးမှ မီးသင်္ဂြိုဟ်ကြသည်။ ထို့နောက် အရိုးတို့ကို စေတီပုထိုးတည်၍ ကိုးကွယ်ကြသည်။ အာနန္ဒာ.... ဤအတူပင် ငါဘုရား၏အလောင်း၌ ပြုကျင့်ကြရမည်။ [ဆီကိုစုပ်ယူနိုင် အောင် ဝါဂွမ်းအဝတ်ဖြင့် ရစ်ပတ်ဘို့ရန် မိန့်တော်မူသည်။]

**စေတီဟည်ထိုက်သော ပုဂ္ဂိုလ်လေးမျိုး**

လောက၌ စေတီတည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်သည် လေးမျိုးရှိ၏။ ၁-ဗုဒ္ဓမြတ်စွာ၊ ၂-ပစ္စေကဗုဒ္ဓါ၊ ၃-အရိယာ ဖြစ်ပြီးသော ဗုဒ္ဓမြတ်စွာ၏ ရဟန်းတော် သာဝက၊ ၄-စကြာမင်း "အဘယ့်ကြောင့် ထိုလေးမျိုးကို စေတီတည်၍ ကိုးကွယ်ထိုက်သနည်း"ဟု မေးဖွယ်ရှိ၏။ ဗုဒ္ဓမြတ်စွာသည် ပင်ကိုယ်ကပင် လူ နတ် ဗြဟ္မာ သတ္တဝါအများ၏ ကြည်ကြည်ညိုညို ရိုရိုသေသေ လေးလေးမြတ်မြတ် ကိုးကွယ်ရာဖြစ်၍ စေတီ တော်ကို ဖူးမြော်ရသော အခါ၌လည်း ထိုကဲ့သို့ပင် ကြည်ညိုစိတ်ဖြင့် ရိုသေမြတ်နိုး ရှိခိုး ပူဇော်ကြသူတို့သည် သေသောအခါ ထို ကြည်ညို စိတ်ဖြင့် သေသွားလျှင် နတ်ပြည်သို့ရောက်နိုင်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သည် စေတီပုထိုးတည်၍ ကိုးကွယ်ခြင်းငှါ ထိုက်တော်မူသည်။ပစ္စေကဗုဒ္ဓါ၊

www.dhammaransi.com



အရိယာဖြစ်ပြီးသော ဗုဒ္ဓမြတ်စွာ၏ ရဟန်းတော် သာဝက တို့၌လည်း နည်းတူ။

စကြာမင်းကား လေးကျွန်းလုံးကို တရားသဖြင့် အုပ်စိုး၍ လူအများကို ငါးပါးသီလကျင့်ဘို့ရန် တိုက်တွန်းသော မင်းကောင်းမင်းမြတ်ဖြစ်၏။ ထို့ကြောင့်ပင် အသက်ရှင်တုန်းက လူအများ၏ အကြည်ညိုကို ခံရ၏။ ကွယ်လွန်သောအခါ၌လည်း စေတီပုထိုးတည်ထားလျှင် ထိုမင်း၏ အဆုံးအမကို သတိရ၍ လိုက်နာနေထိုင်သူတိုင်းကို သုဂတိဘဝသို့ ရောက်စေနိုင်သည်။ ထို့ကြောင့် စကြာမင်းလည်း စေတီ ပုထိုး တည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ် အမျိုးအစားတွင် ပါဝင်နိုင်သည်။

**သီလရှိပုထုဇဉ်။** ။"သီလရှိသော ပုထုဇဉ်ရဟန်း၏ အရိုးကို စေတီတည်ထိုက်၏"ဟု အဘယ့်ကြောင့် ခွင့်ပြုတော် မမူပါသနည်းဟု မေးဖွယ်ရှိ၏။ အဋ္ဌကထာ၌ "အံ့သြဘွယ် မကောင်းသောကြောင့်" ဟု ဖြေထား၏။ မှန်၏။ သီလရှိသော ပုထုဇဉ်ရဟန်းတို့၏ အရိုးကို စေတီပုထိုး တည်ဘို့ရန် ခွင့်ပြုတော်မူလိုက်လျှင် သီဟိုဠ်ကျွန်း တကျွန်း၌ပင် စေတီတည်ဘို့ရန် နေရာ မလောက်တော့။ ထိုမျှလောက် စေတီတွေ များနေလျှင်လည်း အံ့သြဘွယ် ကောင်းတော့မည် မဟုတ်။ ထို့ကြောင့် ပုထုဇဉ်ရဟန်းတို့၏ အရိုးကို စေတီတည်ဘို့ရန် ခွင့်ပြုတော်မမူချေ။ ထိုသို့ မအံ့သြလောက်သည့်အတွက် စေတီတည်ဘို့ ခွင့်မပြုပါသော်လည်း "သီလရှိသော ရဟန်းတော် ဖြစ်လျှင် ပရိနိဗ္ဗာန်စံသော ရဟန္တာကဲ့သို့ ကြီးကျယ်စွာ ပူဇော်သင့်၏"ဟု အဋ္ဌကထာ၌ မိန့်တော်မူပါသည်။

**အရှင်အာနန္ဒာ၌ ပြင်းစွာ သောကဖြစ်ခြင်း** အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အနီး၌ စဉ်းစားမိသည်မှာ ဗုဒ္ဓမြတ်စွာသည် သံဝေဂ ဖြစ်စရာ ကောင်းသော လေးဌာန ကိုလည်း ဟောတော်မူပြီးပြီ၊ စေတီတော်ကို ဖူးမြော်ဘို့ရန် သွားရာ၌ အကျိုးရှိသော အချက်အလက်ကိုလည်း ဟောတော်မူပြီးပြီ၊ မာတုဂါမတို့၌ ပြုကျင့်ဖွယ် ပြဿနာကိုလည်း ဖြေတော်မူပြီးပြီ။ ကိုယ်တော်မြတ်၏

www.dhammaransi.com



အလေ့ခင်းတော်၌ ပြုကျင့်ရမည့်ကိစ္စကိုလည်း မိန့်တော်မူပြီးပြီ။ စေတီတည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်လေးမျိုးကိုလည်း မိန့်တော်မူပြီးပြီ။ ဗုဒ္ဓမြတ်စွာသည် စကန်မုချ ယနေ့ ပရိနိဗ္ဗာန် စံတော်မူတော့မည်။ ဤသို့ စဉ်းစားရင်း စဉ်းစားရင်း ကြီးကျယ်စွာ ဝမ်းနည်းမှုသောက ဖြစ်လာလေသည်။

**ငိုရမှ သောကအေး။**

။ထိုသို့ သောကဖြစ်လျှင် ငိုလိုက်ရမှ သောက သက်သာ၏။ မငိုရလျှင် ရင်ထဲ၌ ဆို့နေသောကြောင့် သာ၍ အနေခက်၏။ မြတ်စွာဘုရား၏ ရှေ့တော်၌ ငိုခြင်းငှါ မသင့်တော်။ ဤသို့စဉ်းစား၍ အနီးအပါး၌ရှိသော တန်ဆောင်းဝန်းသို့ သွားပြီးလျှင် တံခါးရွက်တိုင်ကို ကိုင်၍ ငိုလျက် စဉ်းစားပြန်သည်။ ငါသည် သောတာပန်သာဖြစ်၍ အထက်မဂ်အကျိုးငှါ ပြုစရာကိစ္စ ရှိသေး၏။ ငါ့ကိုသနားစောင့်ရှောက်ချီးမြှောက်တော်မူသော နောင်တော်ဘုရားလည်း ပရိနိဗ္ဗာန်စံတော့မည်။ ဤသို့ တွေးကာ တွေးကာ သာ၍ သာ၍ သောကဖြစ်ရှာလေသည်။

**အရှင်အာနန္ဒာ၏သောကကို ပြေတော်မူရခြင်း**

ဗုဒ္ဓမြတ်စွာသည် သံဃာ့ အလယ်၌ အရှင် အာနန္ဒာကို မြင်တော်မမူ သောကြောင့် မေးတော်မူသောအခါ တန်ဆောင်းဝန်းသို့ သွား၍ တံခါးတိုင်ကိုကိုင်လျက် ငိုနေပါကြောင်း လျှောက်ကြလေသည်။ ထိုအခါ မြတ်စွာဘုရားအမိန့်တော်အရ ခေါ်၍ ရောက်လာသော အခါ မိန့်တော်မူသည်မှာ—

အာနန္ဒာ.... ဝမ်းမနည်းနှင့်၊ မငိုကြွေးနှင့်၊ စော‌စောကပင် အလုံးစုံ ချစ်အပ်သူတို့နှင့် ကွဲရမည့်အကြောင်း၊ ဖြစ်သောအရာဟူသမျှ ပျက်ခြင်း သဘောရှိကြောင်း၊ ငါဘုရား၏ ကိုယ်တော်ပင် ဖြစ်သော်လည်း ''မပျက်ပါစေနှင့်''ဟု တောင့်တ၍မရကြောင်းကို မိန့်တော်မူခဲ့ပြီ။ အာနန္ဒာ— အသင်သည် ငါဘုရားကို ကြီးမားသော မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံဖြင့် ပြုစုလုပ်ကျွေးခဲ့ပြီ။ အသင်သည် ရဟန္တာဖြစ်လောက်

www.dhammaransi.com



အောင် ကုသိုလ်ကောင်းမှု ပြုခဲ့ပြီ။ ကမ္မဋ္ဌာန်းကို အားထုတ်ရစ်လော့။ ကမ္မဋ္ဌာန်းကို အားထုတ်လျှင် လျင်မြန်စွာပင် အာသဝေါကင်းကွာ ရဟန္တာဖြစ်ရစ်လိမ့်မည်။ ဤသို့ မိန့်တော်မူ၍ သောကကို သက်သာစေ တော်မူသည်။

**အရှင်အာနန္ဒာ၏ ဂုဏ်များကို မိန့်တော်မူခြင်း။** ။ဘိက္ခုတို့....အတိတ်ကာလ၌ ပွင့်တော်မူကြသော ဘုရားရှင်တို့၏ အလုပ်အကျွေးတို့သည် ဤ အာနန္ဒာထက် မသာလွန်ကြတော့။ အနာဂတ်ကာလ၌ ပွင့်တော်မူကြမည့် ဘုရားရှင်တို့၏ အလုပ်အကျွေးများလည်း အာနန္ဒာထက် မသာလွန်ကြတော့။ ဘိက္ခုတို့...အာနန္ဒာသည် အကြောင်းအကျိုးကို မြင်သိသော ပင်ကိုယ်ပညာလည်းရှိ၏။ တခဏခြင်း ထိုးထွင်း၍ သိနိုင်သော ပညာလည်းရှိ၏။ ဤအချိန် ဤအခါသည် မြတ်စွာဘုရားကို ဘိက္ခုတို့၏ ဖူးမြင်ဘို့ရန် ချဉ်းကပ်ချိန် ဖြစ်၏။ ဤအချိန် ဤအခါသည် ဘိက္ခုနီတို့၏ မြတ်စွာဘုရားကို ဖူးမြင်ဘို့ရန် ချဉ်းကပ်ချိန် ဖြစ်၏။ ဤအချိန် ဤအခါသည် ဥပါသကာ ယောကျ်ားတို့၏ မြတ်စွာဘုရားကို ဖူးမြင်ဘို့ရန် ချဉ်းကပ်ချိန် ဖြစ်၏။ ဤအချိန် ဤအခါသည် ဥပါသိကာ ဒါယိကာမတို့၏ မြတ်စွာဘုရားကို ဖူးမြင်ဘို့ရန် ချဉ်းကပ်ချိန် ဖြစ်၏။ ဤအချိန် ဤအခါသည် မင်းတို့၏ရှင်း၊ အမတ်ကြီးတို့၏ရှင်း၊ တိတ္ထိတို့၏ရှင်း၊ တိတ္ထိတပည့်တို့၏ရှင်း ဖူးမြင်ဘို့ရန် အချိန်အခါ ဖြစ်၏။ ဤသို့ သိသည်။

**အရှင်အာနန္ဒာ၌ အံ့ဩဖွယ် ဂုဏ်လေးမျိုး။** ။၁-ဘိက္ခု ပရိသတ်သည် အရှင် အာနန္ဒာ၏ ကြည်ညိုဘွယ်ကောင်းပုံ၊ ရုပ်အဆင်းသပ္ပါယ်ပုံ၊ ဗဟုသုတများပုံ၊ သံသာအလယ် တင့်တယ်ပုံ ဤဂုဏ်တို့ကို ကြားရ၍ ဖူးမြော်ဘို့ရန်လာကြကုန်၏။ ထိုအခါ မြင်ရလျှင်ပင် "ကြားရခြင်းနှင့် ညီပါပေ၏"ဟု တွေးတောဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။ အာနန္ဒာကကျန်းမာချမ်းသာကြောင်းကို မေးပြီးလျှင် တရားအားထုတ်မှု၌ ကြိုးစားကြပါ။ ဆရာ ဥပဇ္ဈာယ်တို့၌ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်ကြပါ။ ဤသို့စသော တရားစကားကို

www.dhammaransi.com



ကြားနာကြရသည်ရှိသော် ထိုတရားစကားကို ကြားရခြင်းဖြင့် လွန်စွာပင် ဝမ်းမြောက်ကြ၏။ ရောက်လာသော ပရိသတ်က တရားစကားကို နားထောင်ကောင်းတုန်းမှာပင် အချိန်ကြာမည် စိုးသောကြောင့် တရားစကားကို ရပ်နားလိုက်၏။ ထိုအခါ တင်းတိမ်အားရခြင်းမရှိပဲ ပြန်ကြရသည်။ ဘိက္ခုနီပရိသတ်တို့ လာရာ၌လည်း ဤနည်းပင်။

ဥပါသကာ ပရိသတ်တို့ လာရာ၌ကား "ဥပါသကာတို့...သရဏဂုံ ၃-ပါးကို မပျက်ရအောင် စောင့်ရှောက်ကြပါရဲ့လား။ ငါးပါးသီလကို မပျက်ရအောင် စောင့်ရှောက်ကြပါရဲ့လား။ တလလျှင် ရှစ်ကြိမ်လောက် ဥပုသ်စောင့်ကြ ပါရဲ့လား။ မိဘတို့ကို ပြုစုလုပ်ကျွေးကြ ပါရဲ့လား။ သူတော်ကောင်း ရဟန်းတော်တို့ကို ပြုစုကြပါရဲ့လား" ဤသို့မေး၏။ ဥပါသိကာ ဒါယိကာမတို့ လာရာ၌လည်း ဤနည်းအတူပင်မေး၏။ ထို ဥပါသကာ၊ ဥပါသိကာမ တို့သည် အရှင် အာနန္ဒာ၏ စကားကို နားထောင်၍ အားမရသေးခင်ပင် အချိန်ကြာမည် စိုးသောကြောင့် အရှင်အာနန္ဒာက စကားဖြတ်လိုက်သောအခါ တရားနာ၍ အားရ တင်းတိမ်ခြင်းမရှိပဲ ပြန်သွားကြရသည်။

**စကြာမင်း၌ ဂုဏ်လေးမျိုး။** ။စကြာမင်းသည် မင်းပရိသတ်၊ ပုဏ္ဏား ပရိသတ်၊ သူကြွယ်ပရိသတ်၊ သမဏ ပရိသတ်ဟူသော (ထိုအခါ၌ ရသေ့ပရိသတ်) စသော ပရိသတ်လေးမျိုး တို့၏ စကြာမင်းကို ချဉ်းကပ်လာရာ၌ မြင်ရုံမျှဖြင့်ဝမ်းမြောက်ပုံ၊ သြဝါဒ စကား ကြားရုံဖြင့်လည်း ဝမ်းမြောက်ပုံ၊ သြဝါဒစကားကို ကြားနာ၍ အားမရပဲ ပြန်ခဲ့ရပုံတို့ကို ဥပမာပြု၍ အရှင်အာနန္ဒာ၏ အံ့ဩဖွယ် လေးမျိုးကို ထပ်၍ မိန့်တော်မူသည်။

**မဟာသုဒဿန သုတ်တော်။** ။အရှင်အာနန္ဒာသည် ပရိနိဗ္ဗာန်စံတော်မူ မည်ကို စိုးရိမ်လှ၍ နေ့ရက် ဆွဲနိုင်သမျှ ဆွဲထားလိုဟန် တူ၏။ ထို့ကြောင့် အောက်ပါ စကားကို လျှောက်ထား သည်။ "မြတ်စွာဘုရား....ဤမြို့ငယ်ကလေး၌ မြေအနေအထား မညီညွတ်

www.dhammaransi.com



သော မြို့ကလေး၌၊ မြို့ကြီးတို့၏ အခက်အလက်သဖွယ်ဖြစ်သော မြို့ကလေး၌ ပရိနိဗ္ဗာန်စံတော်မမူပါနှင့်။ စမ္ပာ ရာဇဂြိုဟ် သာဝတ္ထိအစရှိသော မြို့ကြီးများရှိပါသည်။ ထိုမြို့ကြီးများ၌ ပစ္စည်းဥစ္စာ ပေါများသော မင်း ပုဏ္ဏား သဌေး သူကြွယ်တို့ အလွန်ပင် ကြည်ညိုကြပါသည်။ ထို မင်း ပုဏ္ဏား သဌေး သူကြွယ် တို့သည် အလောင်းတော်ကို ပူဇော်ကြပါလိမ့်မည်" ဤသို့လျှောက်သောအခါ၊ အာနန္ဒာ...ကုသိနာရုံမြို့ကို "မြို့ငယ်ကလေး၊ မညီညွတ်သော မြို့ကလေး၊ မြို့ကြီးများ၏ အခက်အလက်သဖွယ်ဖြစ်သော မြို့ကလေး"ဟု မပြောနှင့်။

အာနန္ဒာ....ငါဘုရားသည် မဟာသုဒဿန စကြာမင်းဖြစ်စဉ်က ဤနေရာသည် အလွန်ကြီးကျယ်သော ကုသဝတီ မင်းနေပြည် ဖြစ်ခဲ့ဘူးပြီ။ ကုသဝတီ မင်းနေပြည်သည် အရှေ့အနောက် အားဖြင့် အလျား တဆယ့်နှစ်ယူဇနာ၊ တောင် မြောက်အားဖြင့် အနံ ခုနစ်ယူဇနာ ရှိ၏။ ဤကုသဝတီ မင်းနေပြည်သည် ဿဝတ်ိဘာ နတ်ပြည်၌ "အာဠကမန္ဒာ" မည်သော မင်းနေပြည်ကဲ့သို့ ပြည့်လည်း ပြည့်စုံ၏။ စည်ပင်လည်း စည်ပင်၏။ များသောလူအပေါင်းလည်း ရှိ၏။ အမျိုးမျိုးသော လူအပေါင်းတို့ဖြင့် ရောပြွမ်းနေ၏။ သာယာဝပြော အစာပေါ၏။ ဤသို့ စသည်ဖြင့် ကုသဝတီ မင်းနေပြည်၏ ကြီးကျယ် ခမ်းနား၍ စည်ပင်သာယာပုံကို ဟောတော်မူသည်။ [ဤ မဟာသုဒဿနသုတ်ကို နောက်၌ သီးခြားပြပါမည်။]

**မလ္လာမင်းတို့လာ၍ ရှိခိုးကြခြင်း။** ။မြတ်စွာဘုရား၏ အလိုတော်ဖြင့် အရှင်အာနန္ဒာသည် ကုသိနာရုံမြို့တွင်းသို့ ဝင်၍ စည်းဝေးနေကြသော မလ္လာမင်းတို့အား ပြောပြသည်မှာ— "ဝါသေဋ္ဌတို့....(ထိုမင်းများကို အနွယ်အားဖြင့် ခေါ်သည်။) ဤညဉ့်၏ နောက်ဆုံးအချိန်၌ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်။ ပရိနိဗ္ဗာန် စံတော်မူပြီးခါမှ "ငါတို့မသိလိုက်ရ၊ နောက်ဆုံးအချိန်၌ ငါတို့မဖူးလိုက်ရ" ဟု နောင်တ မရကြနှင့်။ ဤသို့ ပြောသောအခါ မလ္လာမင်းတို့သည်၎င်း၊ မလ္လာမင်းသားတို့သည်၎င်း၊ မိဖုရားတို့သည်၎င်း၊ ချွေးမတို့သည်၎င်း

www.dhammaransi.com



အလွန် စိတ်မချမ်းမသာဖြင့် ဆံပင်တို့ကိုဖြန့်၍ "ဗုဒ္ဓမြတ်စွာသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူတော့မည်။ အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူတော့မည်။ ကမ္ဘာလောက၌ ဉာဏ်မျက်လုံးတော်ကြီး အလွန်လျင်မြန်စွာ ကွယ်တော့မည်" ဤသို့ပြောကာ ပြောကာ မြည်တမ်းကြကုန်၏။ တချို့က လက်ရုံးနှစ်ဖက်ကို မြှောက်၍ မြှောက်၍ ငိုကြွေးမြည်တမ်းကြကုန်၏။ အလယ်၌ ပြတ်၍ကျသကဲ့သို့ မြေကြီး၌ လဲကြကုန်၏။ လူးကြလှိမ့်ကြကုန်၏။ ဤသို့ ငိုကြွေးမြည်တမ်းရင်း အင်ကြင်းဥယျာဉ်သို့ လာ၍ အရှင်အာနန္ဒာ အထံသို့ ချဉ်းကပ်ကြလေသည်။

ရှိခိုးစေပုံ အစီအစဉ်။ ။အရှင်အာနန္ဒာသည် မလ္လာမင်း ပရိသတ်ကြီးကို ကြည့်၍ စဉ်းစားမိသည်မှာ- "ဤမလ္လာမင်းတို့ကို တယောက်စီ တယောက်စီ ရှိခိုးစေရလျှင် ညဉ့်သာ ကုန်သွားလိမ့်မည်၊ ရှိခိုး၍ပြီးမည်မဟုတ်၊ ထို့ကြောင့် ဤမလ္လာမင်းတို့ကို အမျိုး အစဉ်အားဖြင့် ထားပြီးလျှင် အမျိုးနာမည်အားဖြင့် လျှောက်၍ ရှိခိုးစေရပါမူကား ကောင်းလေစွ" ဟု အကြံဖြစ်ပြီ။ ထိုအကြံအတိုင်း ရှိခိုးစေသည်မှာ- မြတ်စွာဘုရား....မည်သည့် အမျိုးအမည်ရှိသော မလ္လာမင်းသည် သားတော် သမီးတော် ကြင်ယာတော်နှင့် တကွ၊ ပရိသတ်နှင့်တကွ၊ အမတ်များနှင့်တကွ ဗုဒ္ဓမြတ်စွာ၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါပြီဘုရား။ ဤသို့ သူ့အမျိုးနှင့် သူ့နာမည်တပ်၍ တခုစီ တခုစီ အနီးသို့ ဝင်ကာ ဝင်ကာ ရှိခိုးစေသောကြောင့် ညဉ့်ဦးယာမ် အတွင်းမှာပင် ရှိခိုးခြင်းကိစ္စကို ပြီးစီးစေလေသည်။

## သုဘဒ္ဒ ပရိဗိုဇ် ဝတ္ထု

သုဘဒ္ဒအကြံ ဖြစ်ခြင်း။ ။သုဘဒ္ဒပရိဗိုဇ်သည် "ယနေ့ညဉ့်၏ နောက်ဆုံးယာမ်၌ ရဟန်းဂေါတမ ပရိနိဗ္ဗာန် စံတော့မည်" ဟု ကြားရ၏။ ထိုအခါ သုဘဒ္ဒအကြံဖြစ်သည်မှာ—ငါမှာ ရှေးဟောင်းနှောင်းဖြစ်ကို ပြောဆိုလေ့ရှိကြသော သက်ကြီး ဝါကြီး ဆရာကြီးတို့ အထံမှ ကြားရဘူးသော အကြောင်းတခု ရှိ၏။ ထိုအကြောင်းကား

www.dhammaransi.com



"လောက၌ အရဟံ သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံသော ဘုရားရှင်ဆိုတာ တရံတခါမှ ပွင့်တော်မူလာတတ်၏"ဟူသော အကြောင်းဖြစ်၏။ ထိုဂုဏ်နှင့် ပြည့်စုံသော ရဟန်းဂေါတမသည် ယနေ့ညဉ့်၏ နောက်ဆုံးယာမ်၌ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်။ ငါ့မှာလည်း ယုံမှားသံသယဖြစ်နေသော အကြောင်းအရာတခု ရှိ၏။ ထို ယုံမှားသံသယကို "ရဟန်းဂေါတမသည် ရှင်းသွားအောင် တရားဟောနိုင်၏"ဟု ငါယုံကြည်သည်။ ဤသို့ အကြံဖြစ်၏။

**သုဘဒ္ဒနှင့် အရှင်အာနန္ဒာ၊** ။သုဘဒ္ဒသည် ထိုယုံမှားသံသယကို ပယ်ဖျောက်လို၍ အင်ကြင်းဥယျာဉ်သို့ လာပြီးလျှင် အရှင်အာနန္ဒာ အထံ၌ ဗုဒ္ဓမြတ်စွာကို ဖူးမြင်ခွင့် ရဘို့ရန် ခွင့်တောင်းလေသည်။ ထိုအခါ အရှင်အာနန္ဒာက စဉ်းစားမိသည်မှာ—ဤပရိဗိုဇ်တို့သည် မိမိအယူကိုသာ စွဲစွဲလမ်းလမ်း ယူတတ်ကြ၏။ ထိုအယူကို စွန့်စေဘို့ရန် များစွာသောစကားကို ပြောတော်မူရလျှင် ဗုဒ္ဓမြတ်စွာမှာ ကိုယ်တော်၏ ပင်ပန်းခြင်း၊ နှုတ်တော်၏ ပင်ပန်းခြင်း ဖြစ်လိမ့်မည်။ ဤသို့ စဉ်းစားမိ၍ "ငါ့ရှင် သုဘဒ္ဒ...ဗုဒ္ဓမြတ်စွာကို မညှဉ်းဆဲပါနှင့်။ ဗုဒ္ဓမြတ်စွာသည် ပင်ပန်းတော်မူနေပါသည်" ဤသို့ ခွင့်မပြုသောအခါ "ဤရဟန်းသည် ငါ့ကိုခွင့်မပြု။ သို့သော် အလိုရှိသော ပုဂ္ဂိုလ်သည် သူ့အလိုကို လိုက်ထိုက်၏"ဟု ကြံ၍ နှစ်ကြိမ်မြောက် ခွင့်တောင်းပြန်သည်။ အရှင်အာနန္ဒာသည် ခွင့်မပြု။ သုံးကြိမ်မြောက် ခွင့်တောင်းပြန်လည်း အရှင်အာနန္ဒာသည် ခွင့်မပြုချေ။

**ဗုဒ္ဓမြတ်စွာ ခွင့်ပြုတော်မူခြင်း။** ။ဗုဒ္ဓမြတ်စွာသည် သုဘဒ္ဒနှင့် အရှင်အာနန္ဒာ၏ အပြန်အလှန် စကားပြောသံကို ကြားတော်မူသောအခါ "အာနန္ဒာ....သုဘဒ္ဒကို မတားပါနှင့်။ သုဘဒ္ဒသည် ငါဘုရားကို ဖူးမြင်ခွင့်ရပါစေ။ သူမေးအပ်သော ပြဿနာသည် သိလိုသောကြောင့်သာ ဖြစ်၏။ ညှဉ်းဆဲလိုသောကြောင့်မဟုတ်ပါ။ ငါဘုရား ဖြေတော်မူရလျှင် လျင်မြန်စွာ သိနိုင်ပါလိမ့်မည်" ဤသို့ မိန့်တော်မူသောအခါ အရှင်အာနန္ဒာက ဝင်ခွင့်ပြု၍ မြတ်စွာဘုရား အထံ

www.dhammaransi.com



တော်သို့ ရောက်လာပြီးလျှင် ဝမ်းမြောက်စကားကို လျှောက်ပြီးမှ အနီး အပါး၌ ထိုင်လေသည်။

**ပြဿနာမေးလျှောက်ခြင်း။** ။အရှင်ဂေါတမ.... (တိတ္ထိဆရာကြီး ၆-ယောက်၏ နာမည်ကိုဖော်ပြ၍) သူတို့ အားလုံးသည် မိမိတို့ဝန်ခံသည့်အတိုင်း သိကြပါကုန်သလော။ သူတို့အား လုံးသည် မိမိတို့ ဝန်ခံသည့်အတိုင်း မသိကြပါကုန်သလော။ သို့မဟုတ် တချို့ ဆရာကြီးတို့က သိ၍ တချို့ဆရာကြီးတို့က မသိကြပါသလော။ ဤသို့ လျှောက်သောအခါ "သုဘဒ္ဒ....သူများ၏အကြောင်းကို ဖြေနေဖို့ရန် အချိန်မရှိတော့။ သင့်အား တရားကိုသာဟောမည်။ ထိုတရားကို ကောင်း စွာ နာယူလော့"ဟု မိန့်တော်မူ၍ ဟောတော်မူသည်မှာ—

**ဗုဒ္ဓမြတ်စွာ၏ အဖြေတရား။** ။သုဘဒ္ဒ အကြင်သာသနာ၌ အရိယာ ဖြစ်ကြောင်း ကောင်းသော မဂ္ဂင်ရှစ်ပါး အကျင့်တရား မရှိ။ ထိုသာသနာ၌ ပဌမတန်း သောတာပန် ရဟန်းကို လည်း မရနိုင်။ ဒုတိယတန်း သကဒါဂါမ်ရဟန်းကိုလည်း မရနိုင်။ တတိယ တန်း အနာဂါမ် ရဟန်းကိုလည်း မရနိုင်။ စတုတ္ထတန်း ရဟန္တာ ရဟန်းကို လည်း မရနိုင်။ အကြင်သာသနာ၌ အရိယာအဖြစ်ကိုပြုနိုင်သော မဂ္ဂင် ရှစ်ပါးအကျင့်တရားရှိ၏။ ထိုသာသနာ၌သာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသော ပုဂ္ဂိုလ်လေးမျိုးကို ရနိုင်သည်။ သုဘဒ္ဒ.... ဤငါဘုရား၏ သာသနာတော်၌ အရိယာအဖြစ်ကို ပြုနိုင်သော မဂ္ဂင် ရှစ်ပါး အကျင့်တရားရှိ၍ ရဟန်းလေးမျိုးကို ရနိုင် တွေ့နိုင်သည်။

တိတ္ထိတို့ ဟောပြောအပ်သော တရားတို့သည် (မဂ္ဂင်ရှစ်ပါး အရိယာ အဖြစ်ကို ပြုတတ်သော တရားများ မရှိသောကြောင့်) သစ္စာလေးပါး တရားကို သိနိုင်သော ရဟန်းလေးမျိုးတို့မှ ကင်းကြ ဆိတ်သုဉ်းကြကုန် ၏။ သုဘဒ္ဒ....ဤ ငါဘုရား၏ သာသနာတော်၌ ဘိက္ခုအမည်ခံသော ပုဂ္ဂိုလ်တို့သည် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်၍ ကောင်းစွာနေကြ လျှင် ဤကမ္ဘာလောကကြီးသည် ရဟန္တာတို့မှ မဆိတ်သုဉ်းပဲ ရဟန္တာ များကို အမြဲပင် တွေ့နိုင်သည်။ ဤသို့စသည်ဖြင့် မိန့်တော်မူသည်။

www.dhammaransi.com



**သုဘဒ္ဒ ရဟန်းပြုခွင့်တောင်းခြင်း။** ။ဗုဒ္ဓမြတ်စွာ၏ တရားတော်၌ မဂ္ဂင်ရှစ်ပါးကို အကျဉ်းမျှ တွေ့ရသော်လည်း မဂ္ဂင်ရှစ်ပါး အကြောင်းကို သုဘဒ္ဒသည် ကြားဘူးနားဝ ရှိပါလိမ့်မည်။ "မဂ္ဂင်ရှစ်ပါးမရှိသော သာသနာ၌ အရိယာမရှိ။ မဂ္ဂင်ရှစ်ပါးရှိသော သာသနာ၌သာ အရိယာရှိနိုင်၏" ဟု မိန့်တော်မူချက်ဖြင့် အလွန်နှစ်သက်လေရကား "မြတ်စွာဘုရား....အလွန်နှစ်သက်ဖွယ် ကောင်းပါပေသည်။ မှောက်နေသော အိုးကို လှန်ပြသကဲ့သို့ငင်း၊ ဖုံးအပ်သောဝတ္ထုကို ဖွင့်ပြသကဲ့သို့ငင်း၊ လမ်းမှားနေသူကို လမ်းမှန် ပြောပြသကဲ့သို့ငင်း၊ အမှောင်ခန်း၌ ဆီမီး ထွန်းပြသကဲ့သို့ငင်း ဗုဒ္ဓမြတ်စွာသည် ပရိယာယ်အမျိုးမျိုးဖြင့် တရားတော်ကို ထင်ရှားအောင် ဟောပြပါပေသည်။ မြတ်စွာဘုရား.... တပည့်တော်သည် မြတ်စွာဘုရားကိုငင်း၊ မြတ်စွာဘုရား၏ တရားတော်ကိုငင်း၊ အရိယာသံဃာတော်ကိုငင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ဘုရားတပည့်တော်ကိုယ်တိုင်ပင် ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရလိုပါသည်" ဟု လျှောက်လေသည်။

**သုဘဒ္ဒရဟန္တာဖြစ်ခြင်း။** ။မြတ်စွာဘုရား၏ အမိန့်တော်အရ အရှင်အာနန္ဒာသည် သုဘဒ္ဒကို သင့်တော်ရာအရပ်သို့ ခေါ်ဆောင်၍ ရေဗူးထဲမှရေဖြင့် ဦးခေါင်းကိုဆွတ်ပြီးလျှင် တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောပြ၍ ဆံချလေသည်။ ထို့နောက် သင်္ကန်းဝတ်၍ သရဏဂုံ ပေးပြီးလျှင် မြတ်စွာဘုရားအထံတော်သို့ ခေါ်ခဲ့လေသည်။ ဗုဒ္ဓမြတ်စွာသည် ရဟန်းဖြစ်စေ၍ ကမ္မဋ္ဌာန်းပေးတော်မူ၏။ သုဘဒ္ဒသည် ဥယျာဉ်၏ အစွန်းအဖျား၌ စင်္ကြံသွားလျက် ကြိုးစားလေရာ ပဋိသမ္ဘိဒါဉာဏ်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၍ မြတ်စွာဘုရား၏ မျက်မှောက်တော်ဝယ် နောက်ဆုံး ရဟန္တာသာဝက ဖြစ်ရပေသည်။

**နောက်ဆုံးမှ သုဘဒ္ဒ ကျွတ်ရခြင်း။** ။ရှေးက လယ်သမားဖြစ်ကြသော ညီနောင်နှစ်ယောက်တို့တွင် အကိုကြီးသည် သူ၏ဆိုင်ရာလယ်မှ နို့ရည်ခဲချိန်ကစ၍ ကျီအတွင်းသို့ စပါးကို သွင်းသည်တိုင်အောင် အဦးအဖျားကို ယူ၍ နို့ရည်ခဲချိန်ဝယ် နို့ရည်ကို

www.dhammaransi.com



ထုတ်၍ ထောပတ် ဆီဦးတို့နှင့် ရောစပ်ပြီးလျှင် ပဉ္စမလှူ၏။ မုန့်ဆန်းလုပ်၍ ဖြစ်ချိန်လောက်၌ အဦးအဖျားကို ယူပြီးလျှင် မုန့်ဆန်းလုပ်၍ လှူ၏။ ရိတ်ချိန်လောက်၌ အဦးအဖျားကိုယူပြီးလျှင် လှူ၏။ ရိတ်၍ အထုံးဖွဲ့ချိန်လောက်၌ အဦးအဖျားကို ယူ၍လှူ၏။ ကောက်နယ်တလင်း၌ နယ်ဘို့ရန် အချိန်ဝယ် အဦးအဖျားကို ယူ၍လှူ၏။ ကောက်နယ်တလင်း၌ဖြစ်သော စပါးတို့ကို အဦးအဖျား ယူ၍လှူ၏။ စပါးကို (ဂိုဒေါင်)သို့ သွင်းသောအခါဝယ် အဦးအဖျားကို ယူ၍လှူ၏။ ဤသို့ အဦးအဖျားကို လှူခဲ့သော ကောင်းမှုကြောင့် အကိုကြီးဖြစ်သူသည် ဓမ္မစကြာတရား ဟောတော်မူရာ ပဉ္စမ တရားပွဲမှာပင် အညာသိ-ကောဏ္ဍညထေရ် အဖြစ်ဖြင့် တရားထူးကို ရခဲ့သည်။ ထိုအခါတုန်းက ညီဖြစ်သောသူမှာ အားလုံးပြီးမှ တကြိမ်သာ လှူ၏။ ထို့ကြောင့် ညီဖြစ်ခဲ့သော သုဘဒ္ဒပရိဗိုဇ်သည် နောက်ဆုံးအချိန်ကျမှ တရားထူးရလေသည်။

မှတ်ချက်။ ။ဗုဒ္ဓ မြတ်စွာ၏ ကုသိနာရုံမြို့၌ ပရိနိဗ္ဗာန် စံရခြင်း၏ အကြောင်းသုံးပါးတွင်''မဟာသုဒဿန စက္ကဝတ္တိ''သုတ်ကို ဟောတော်မူလိုခြင်း၊ သုဘဒ္ဒကို နောက်ဆုံး ရဟန္တာဖြစ်စေတော်မူလိုခြင်း ဟူသော အကြောင်းနှစ်ပါး ပြည့်စုံပြီ။

ဗုဒ္ဓကိုယ်စား တရားတော်များ။ ။အာနန္ဒာ—ငါဘုရားပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ကာရားစကားတော်၏ ဆရာဖြစ်သော မြတ်စွာဘုရားသည် ကွယ်လွန်တော်မူပြီ။ ငါတို့မှာ ဆရာမရှိတော့။ ဤသို့ မမှတ်ထင်ကြလင့်။ အာနန္ဒာ—ငါဘုရားသည် သုတ်-အဘိဓမ္မာကို ဟောတော်မူအပ်၊ ထားတော်မူအပ်ပြီ။ ဝိနည်းကိုလည်း ဟောတော်မူအပ်၊ ထားတော်မူအပ်ပြီ။ ထို သုတ် အဘိဓမ္မာ ဝိနည်းသည် ငါဘုရား ကွယ်လွန်သောအခါ အသင်တို့၏ဆရာ ဖြစ်ရစ်လိမ့်မည်။ ယခုအခါ ငါဘုရားတပါးတည်းသာ ဟောဟောတ်မူရ၏။ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ထိုရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာတရားတော်တို့က အသင်တို့ကို ဆုံးမရစ်ကြလိမ့်မည်။

www.dhammaransi.com



**နောင်အခါခေါ်ကြပုံ။** ။အာနန္ဒာ...ယခုအခါ၌ ရဟန်းတို့သည် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ အချင်းချင်း "အာဝုသော"ဟု ခေါ်ကြကုန်၏။ ငါဘုရား ကွယ်လွန်သောအခါ ကြီးသော ရဟန်းက ငယ်သောရဟန်းကို ငယ်နာမည် အတိုင်းလည်း ခေါ်နိုင်၏။ မျိုးရိုးအနွယ်အားဖြင့်လည်း ခေါ်နိုင်၏။ အာဝုသော (ငါ့ရှင်)ဟုလည်း ခေါ်နိုင်၏။ ငယ်သော ရဟန်းက ကြီးသော ရဟန်းကို "ဘန္တေ (အရှင်ဘုရား"ဟုလည်း ခေါ်နိုင်၏။ "အာယသ္မာ (သက်တော်ရှည် အရှင်)"ဟုလည်း ခေါ်နိုင်၏။

**သိက္ခာပုဒ် အချို့ကို နုတ်လိုလျှင် နုတ်နိုင်ပုံ** "အာနန္ဒာ—ငါဘုရား ကွယ်လွန်သော အခါ ခုဒ္ဒါနု ခုဒ္ဒက-ငယ်ကုန် သာ၍ ငယ်ကုန်သော သိက္ခာပုဒ်တို့ကို နုတ်လိုလျှင် နုတ်နိုင်၏" ဟု မိန့်တော်မူ၏။ ဤစကားတော်၌ "နုတ်လိုလျှင်"ဟူသောစကား၊ "ငယ်ကုန် သာ၍ငယ်ကုန်သော သိက္ခာပုဒ်" ဟူသော စကားသည် စဉ်းစားစရာ ကောင်း၏။ ထိုစကားတော်အရ နုတ်ခြင်းကို အလိုရှိ၍ ပယ်နုတ်ခဲ့သော် ဘုရားလက်ထက်တော်တုန်းက စိတ်မပါပဲ ကျင့်ရသည့် အဖြစ်မျိုး ရောက်၏။

ထို့အပြင်—ခုဒ္ဒါနု ခုဒ္ဒက သိက္ခာပုဒ်တို့တွင် ရွာတွင်း၌ စကြွန္ဒြေ မချုပ်ပဲ သွားလာနေထိုင်ခြင်း၊ သင်္ကန်းမရုံပဲ သွားလာနေထိုင်ခြင်း၊ ရွာတွင်း၌ ကျယ်စွာ ရယ်မောခြင်း၊ အသံကျယ်ကျယ် စကားပြောခြင်း၊ သင်္ကန်းတို့ကို မြှောက်ပင့်၍ သွားခြင်း၊ ရွာတွင်း ရွာပြင် ကျင်ငယ်စွန့်ရာ၌ မတ်မတ်ရပ်၍ စွန့်ခြင်း၊ ပွဲကြည့်ခြင်း၊ သီချင်းဆိုခြင်းစသည်ဖြင့် လူကြီးလူကောင်းတို့သော်မှ မလုပ်ဝံ့ကြသော အလုပ်များကို လုပ်ခွင့် ရကြလိမ့်မည်။ ထို့ကြောင့် "နုတ်လိုလျှင်"ဟူသော စကားကိုထည့်၍ သုံးစွဲတော်မူသည်။ "မနုတ်လိုလျှင် မနုတ်ကြနှင့်"ဟု မိန့်တော်မူလိုသည်။

**အရှင်မဟာကဿပ မနုတ်ဘို့ မိန့်တော်မူခြင်း။** ။ထို့ကြောင့်ပင် သံဃာ့ပရိသတ်တွင် အကြီးဆုံးဖြစ်သော အရှင်မဟာကဿပသည် ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက်

www.dhammaransi.com



သံဃာများ၏ အလယ်၌ မိန့်တော်မူသည်မှာ— ငါ့ရှင်တို့....များစွာသော သိက္ခာပုဒ်တို့ကို လူတို့သည် သိကြကုန်၏။ ဤအမှု ဤအမှုသည် ရဟန်းတို့အား အပ်၏။ ဤအမှု ဤအမှုကား ရဟန်းတော်များအား မအပ်=မပြုအပ်”ဟု လူအများ သိနေကြ၏။ ငါတို့သည် ငယ်ကုန် သာ၍ ငယ်ကုန်သော သိက္ခာပုဒ်တို့ကို ပယ် နုတ်ကြလျှင် “ရဟန်းဂေါတမသည် အလောင်းတော်ကို မီးသင်္ဂြိုဟ်ရာ ကာလတိုင်ရုံ—မီးခိုးမကင်းတတ်မီသာ သူ့သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်ထားသည်။ သူ၏ တပည့်တို့ကလည်း သူတို့ဆရာ ရှိတုန်းသာ သိက္ခာပုဒ်၌ ကျင့်ကြသည်။ သူတို့ဆရာ မရှိသောအခါ သိက္ခာပုဒ်၌ မကျင့်ကြတော့”ဟု ပြောစရာ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် သံဃာတော်သည် မြတ်စွာဘုရား မပညတ်အပ်သေးသော သိက္ခာပုဒ်ကို အသစ် မပညတ်ပဲ၊ ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကိုလည်း မနုတ်ပဲ ကျင့်ကြဖို့ရန် သဘောတူကြပါလော့”ဟု မိန့်တော်မူသည်။

**အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးဖို့ မိန့်တော်မူခြင်း။** ။မြတ်စွာဘုရား၏ ငယ်ကျွန်ဖြစ်သော အရှင်ဆန္နသည် ဘုရားရှင်ကို ချစ်ခင်နေသောကြောင့် သက်တော်ထင်ရှားရှိစဉ်အခါ၌ တရားထူး မရရှာ။ ရဟန်းသံဃာတော်များကိုလည်း ရိုသေလေးစားခြင်း မရှိ။ ထို့ကြောင့် ပရိနိဗ္ဗာန်စံတော်မူသောအခါ ဆန္နကို ဗြဟ္မဒဏ် (မြတ်သော ဒဏ်ပေးနည်းဖြင့် ဒဏ်) ပေးရစ်ကြ”ဟု မိန့်တော်မူ၏။ “ဗြဟ္မဒဏ်”ဟူသည် အရှင်ဆန္နက ဘာပြောပြော ရဟန်းတို့က ပြန်မပြောရ။ မဆုံးမရ။ မသွန်သင်ရ။ သူလုပ်ချင်တာ လုပ်ပါစေ၊ ဂရုမစိုက်ပဲထားရသော ဒဏ် ဖြစ်သည်။ အမှန်အားဖြင့် ရဟန်းသံဃာက သူ့ကို အဖက်မလုပ်တော့ပဲ ပယ်ထားသော ဒဏ်ပင်တည်း။

ဘုရားပရိနိဗ္ဗာန်စံ၍ သံဃာစည်းဝေးသော နေရာ၌ ထို အရှင်ဆန္န မရှိချေ။ အရှင်ဆန္နက ကြမ်းတမ်းသောကြောင့် အရှင်အာနန္ဒာသည် ရဟန်းငါးရာနှင့် အတူ သူ၏နေရာ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်သို့ လှေဖြင့် ကြွတော်မူ၍ ဗြဟ္မဒဏ် ပေးကြောင်းကို ပြောသောအခါ “ရဟန်းသံဃာများက တပည့်တော်ကို မဆုံးမတော့ဘူး

www.dhammaransi.com



ဆိုလျှင် တပည့်တော်ကို သတ်လိုက်တာပါပဲဘုရား"ဟု ပြော၍ ထိုနေရာ၌ပင် မှူးမိုက်၍ လဲကျလေသည်။ ထိုနောက် တရားအားထုတ်လေရာ မကြာခင် ရဟန္တာ ဖြစ်လေသည်။ အရှင်ဆန္နသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် အရှင်အာနန္ဒာအထံသို့လာ၍ "အရှင်ဘုရား အာနန္ဒာ.... တပည့်တော်၏ ဗြဟ္မဒဏ်ကို ငြိမ်းစေပါလော့"ဟု လျှောက်၏။ ထိုအခါ အရှင်အာနန္ဒာသည် "အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသည့်နေ့က စ၍ အရှင်၏ ဗြဟ္မဒဏ်သည် အလိုလိုငြိမ်းပါပြီ"ဟု မိန့်တော်မူသည်။

**သံသယရှိလျှင် မေးလိုက်ကြ။** ။ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့ကို မိန့်တော်မူသည်မှာ– ဘိက္ခုတို့.... တစုံတယောက်သော ရဟန်းမှာ ဘုရား၌ဖြစ်စေ၊ တရား၌ဖြစ်စေ၊ အရိယာသံဃာ၌ဖြစ်စေ၊ မဂ်တရား၌ဖြစ်စေ၊ အကျင့်တရား၌ဖြစ်စေ ယုံမှားသံသယရှိနေလျှင် မေးလိုက်ကြ။ နောင်အခါမှ "မြတ်စွာဘုရား မျက်မှောက်တော်၌ မိမိယုံမှားခြင်းကို မမေးလိုက်မိ"ဟု နှလုံးမသာမယာ မဖြစ်ရစ်ကြနှင့်။ ဤသို့ မိန့်တော်မူသောအခါ ရဟန်းအားလုံးပင် ဆိတ်ဆိတ်နေကြသည်။ နှစ်ကြိမ်မြောက်လည်း မေးဘို့ရန် တိုက်တွန်းတော်မူ၏။ ရဟန်းအားလုံး ဆိတ်ဆိတ်နေကြသည်။ သုံးကြိမ်မြောက်လည်း မေးဘို့ရန် တိုက်တွန်းတော်မူ၏။ ရဟန်းအားလုံးပင် ဆိတ်ဆိတ်နေကြသည်။

**မေးစေတော်မူခြင်း။** ။ဘိက္ခုတို့ ငါဘုရားကို ရိုသေခြင်းကြောင့် မမေးလိုကြလျှင် သီတင်းသုံးဖော် တပါးကို မိမိကိုယ်စား မေးပါစေ။ ဤသို့ မိန့်တော်မူသော်လည်း မည်သူမျှမမေးကြ။ အားလုံး ဆိတ်ဆိတ်နေကြသည်။

**အရှင်အာနန္ဒာ လျှောက်ပုံ။** ။အားလုံး ဆိတ်ဆိတ်နေရာ အခါ၌ အရှင်အာနန္ဒာ လျှောက်ထားသည်မှာ မြတ်စွာဘုရား.... အံ့ဩစရာ ကောင်းပါပေသည်။ မဖြစ်စဘူး ထူးဆန်းပါပေသည်။ တပည့်တော်သည် "ဤဘိက္ခုသံဃာတွင် တပါးတလေမျှ ဘုရားစသည် အပေါ်၌ ယုံမှားသံသယမရှိ"ဟု ယုံကြည်ပါသည်။ ဤသို့ လျှောက်သော အခါ မိန့်တော်မူသည်မှာ– အာနန္ဒာ.... ဤရဟန်း

www.dhammaransi.com



အပေါင်းတွင် တပါးတလေမျှ ဘုရား စသည်တို့၏ အပေါ်၌ ယုံမှား သံသယ မရှိ”ဟု အမှန်အတိုင်း သိသော ဉာဏ်သည်ပင် ငါဘုရားမှာ ဖြစ်ပြီ။ ဘာ့ကြောင့်နည်း....“အနီးအပါး၌ ရှိကြသော ဤရဟန်းငါးရာတို့တွင် အောက်တန်းအကျဆုံးပုဂ္ဂိုလ်မှာ သောတာပန်ဖြစ်၏။ သောတာပန် မှန်လျှင် ဘုရားစသည်တို့အပေါ်၌ ကိုယ်တိုင် သိနေသောကြောင့် ယုံမှားသံသယ မဖြစ်တော့” ဤသို့ မိန့်တော်မူပါသည်။

**ကျိန်းစက်တော် မမူရ။** ။ဗုဒ္ဓမြတ်စွာ သွေးဝမ်းတော်လားပြီးရာအခါမှ စ၍ ပရိနိဗ္ဗာန် စံတော်မူသည့် တိုင်အောင် အချိန်အတွင်း၌ အလွန်ပင်ပန်းစွာ ကြွလာတော်မူပါလျက် ကုသိနာရုံမြို့သို့ ရောက်သောအခါ ညဉ့်ဦးယာမ်၌ မလ္လာမင်းတို့အား တရားဟောတော်မူရ၏။ သန်းခေါင်ယာမ်၌ သုဘဒ္ဒပရိဗိုဇ်ကို ကျွတ်တမ်းဝင်စေတော်မူရ၏။ မိုးသောက်ယာမ်၌ ရဟန်း သံဃာတော် များကို ဩဝါဒ ပေးတော်မူရ၏။ ဤသို့ အားတော် လွန်စွာနည်းပါလျက် အဖက်ဖက်က မလစ်လပ် ရအောင် ဆောင်တော်မူရ သောကြောင့် အနည်းငယ်မျှ ကျိန်းစက်တော်မူခွင့် မရပါ။

**နောက်ဆုံးစကားတော်။** ။ယခုအခါ၌ ဆဆုန်လပြည့် ညဉ့်၏ အရုဏ် မတက်မီ နောက်ဆုံးအချိန် ရောက်ပြီဖြစ်၍ ပရိနိဗ္ဗာန် စံတော်မူခါနီးဝယ် လေးဆယ့်ငါးဝါ ပတ်လုံး ဆုံးမတော်မူအပ်သော ဩဝါဒတော်များကို “အပ္ပမာဒေန သတိ” ဟူသောစကား တလုံးထည်း၌သွင်း၍ နောက်ဆုံးဩဝါဒကို အောက်ပါအတိုင်း မိန့်တော်မူပါသည်။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

**ဈာန်ဝင်စားတော်မူခြင်း။** ။ဗုဒ္ဓမြတ်စွာသည် နောက်ဆုံး ဩဝါဒကို မိန့်တော်မူပြီးသော အခါ ပဌမ ဈာန်ကို ဝင်စားတော်မူ၏။ ပဌမဈာန်၏ အာရုံသည် ပါဠိတော်အတိုင်း နှစ်ဆယ့်

www.dhammaransi.com



လေးပါးရှိ၏။ ထိုနှစ်ဆယ့်လေးပါးသောဌာနတို့၌ အာရုံတပါးစီကို အာရုံပြု၍ ပဌမစျာန်ကို နှစ်ဆယ့်လေးကြိမ်ဝင်စားတော်မူ၏။ ဒုတိယစျာန်၏ အာရုံသည် တဆယ့်သုံးပါးရှိသောကြောင့်ဒုတိယစျာန်ကိုတဆယ့်သုံးကြိမ် ဝင်စားတော်မူ၏။တတိယစျာန်ကိုလည်း ထို့အတူ တဆယ့်သုံးကြိမ်ဝင်စားတော်မူ၏။ စတုတ္ထစျာန်၏ အာရုံသည် အရူပအာရုံတို့ပါ ပေါင်းလျှင် တဆယ့်ငါးပါး ရှိသောကြောင့် စတုတ္ထစျာန်ကို အရူပစျာန်နှင့် တကွ တဆယ့်ငါးကြိမ် ဝင်စားတော်မူ၏။ သို့သော် အကြိမ်ကြိမ် အထပ်ထပ် ဝင်စားတော် မူသောကြောင့် ထိုမျှမကပဲ ကုဋေ နှစ်သန်းလေးသိန်း အရေအတွက်ရှိသော စျာန်သမာပတ်တို့ကို ဝင်စားတော်မူသည်။

**ပရိနိဗ္ဗာန် စံတော်မူခြင်း။** ။စတုတ္ထစျာန် ဝင်စားတော် မူပြီးနောက် စျာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူပြီးလျှင် ပဋိသန္ဓေနေတော်မူစဉ်က စိတ်နှင့်တူသော ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက် မဟာပထဝီ မြေကြီးသည် ကြောက်မက်ဖွယ်ရာ ပြင်းစွာမြည်ဟီး၍ ကြက်သီးထဖွယ် အကြီးအကျယ် တုန်လှုပ် လေသည်။

**သဟမ္ပတိဗြဟ္မာ။** ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်နှင့်တပြိုင်နက် သဟမ္ပတိဗြဟ္မာမင်းသည် အောက်ပါဂါထာကို ရွတ်ဆိုပြီ။

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

**မြန်မာပြန်။** ။လူ နတ် ဗြဟ္မာ၊ သတ္တဝါ၏၊ ဆရာတဆူ၊ ဖြစ်တော်မူသား၊ ပြိုင်သူအားလုံး၊ ယှဉ်သော်ရှုံးဘို့၊ ထွတ်ဘုန်းကာယ၊ ဉာဏ်ဗလနှင့်၊ လုံးဝစုံလင်၊ အကုန်မြင်၍၊ သဗ္ဗညုမည်၊ ဉာဏ်တော်တည်သည့်၊ ရွှေရည်ရုပ်ဝါ၊ ကိုယ်ခန္ဓာလည်း၊ စွန့်ခွါပစ်ရ၊ ဤလောကဝယ်၊ ကာယအားလုံး၊ ပစ်ရထုံးသည်....နှလုံးမရွှင်ဖွယ်တကား။

www.dhammaransi.com



သိကြားမင်း။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည်နှင့်တပြိုင်နက် သိကြားမင်းသည် အောက်ပါဂါထာကိုရွတ်ဆိုပြီ။

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

မြန်မာပြန်။ ။အဝိဇ္ဇာနှင့်၊ တဏှာ·ကမ္မ၊ အာဟာရဟု၊ စိတ်ဥတုတို့၊ ပြုပြုပြင်ပြင်၊ ကသ္ခင်သ္ခင်ဖြင့်၊ အစဉ်ပြုလုပ်၊ နာမ်နှင့်ရုပ်ကို၊ သမုတ်ခေါ်ကြ၊ သင်္ခါရကား၊ ဖြစ်က ပျက်ရန်၊ သဘောမှန်သဖြင့်၊ စောန်မုချ၊ အနိစ္စကည်း။ ဖြစ်ရှိပြီးသော်၊ ပျက်စီးပြန်ရ၊ ကေန္တမို့၊ နှစ်ဝ ရုပ်နာမ်၊ အေးကြောင်းမှန်သည်၊ နိဗ္ဗာန်မည်ခေါ်၊ ဓာတ်အနှစ်တော်သည်၊ အော်....အော်....ချမ်းသာကြောင်းပါတကား။

အရှင်အနုရုဒ္ဓါ။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူ ပြီးသည်နှင့် တပြိုင်နက် အရှင်အနုရုဒ္ဓါသည် အောက်ပါဂါထာကို ရွတ်ဆိုပြီ။

၁။ နာဟု အဿာသ ပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလ မကရီ မုနိ။

မြန်မာပြန်။ ။အရှင်ဘုရား.... သံဿာမျှားတို့၊ တရားသခင်၊ ဘုရားရှင်သည်၊ မျှားဖြင့်အာရုံ၊ အဖုံဖုံဝယ်၊ လှုပ်တုန်တတ်ခြင်း၊ တဏှာကင်း၍၊ သန့်ရှင်းနိဗ္ဗာန်၊ ဝင်ဘို့ရန်ဟု၊ ရည်သန်သမှု၊ အကြောင်းပြုလျက်၊ ယခုအခါ၊ စံလွန်ပါပြီ၊ မျှားစွာထုံးစံ၊ လောကဓံ၊ ခံနိုင်စွမ်းရည်၊ စိတ်တည်တည်ဖြင့်၊ ကြည်ကြည် လင်လင်၊ ကိုယ်လည်း ရှင်လျက်၊ ထွက်ဝင်အသက်၊ နောက်မဆက်သည်....ဖြစ်ပျက်ငြိမ်းတော့ပြီတကား။

၂။ အသလ္လီနေန စိတ္တေန၊ ဝေဒနံ အဇ္ဈဝါသယိ။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။

မြန်မာပြန်။ ။ဗုဒ္ဓမြတ်စွာ၊ဝေဒနာသည်၊လွန်စွာပြင်းပြ၊ခံခက်လှလည်း၊ လုံးဝမလွန့်၊ စိတ်မတွန့်ပဲ၊ မရှို့ကြည်ဖြူ၊ ခံတော်မူ၍၊ အပူမီးတောက်၊ ငြိမ်းကာ ပျောက်သို့၊ နောက်နောက်ဝဋ်မီး၊ ကျွတ်လွတ်ပြီးသည့်.... ငြိမ်းကြီး ငြိမ်းလေပြီတကား။

www.dhammaransi.com



**အရှင်အာနန္ဒာ။** ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်နှင့် ဝ ပြိုင်နက် အရှင်အာနန္ဒာသည် အောက်ပါဂါထာကို ရွတ်ဆိုပြီ။

တဒါသိ ယံ ဘိံသနကံ၊ တဒါသိ လောမဟံသနံ။
သဗ္ဗာကာရ ဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။

**မြန်မာပြန်။** ။သီလ သမာဓိ၊ ပညာပြည့်၍၊ များဘိဥဿုံ၊ ဂုဏ်တော်စုံသည့်၊ သုံးဘုံထင်ရှား၊ မြတ်ဘုရား၏၊ ကျရာနိဗ္ဗူ၊ စံတော်မူသော်၊ ဗိုလ်လူများလှ၊ ကြက်သီးထ၍၊ ကြောက်ရအောင်ပင်၊ မြေငလျင်ကြီး၊ ပွဲတင်ဟီးသည့်....အံ့ကြီး အံ့ဖွယ်ပါတကား။

**အမှာ။** ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူသောအခါ မလ္လာမင်းတို့၏ အလောင်းတော် ပူဇော်ပုံမှစ၍ ဓာတ်တော်ဝေပုံ၊ ပူဇော်ကြပုံ၊ အဇာတသတ်မင်းနှင့် အရှင်မဟာကဿပတို့ စုပေါင်း၍ ဌာပနာပုံ၊ နောင်အခါ ဓမ္မာသောကမင်းက ဖော်၍ တိုင်းပြည်အနှံ့ ဖြန့်ပုံတို့ကို "ဗုဒ္ဓဝင်အမေးအဖြေ" စာအုပ်ငယ် ကောဒသမ အခန်း၌၎င်း၊ အချို့ကို "ဗုဒ္ဓါနုဿတိဘာဝနာ" ကျမ်းစာငယ်၌၎င်း၊ အရှင်မဟာကဿပထေရ် ကြွလာ၍ အလောင်းတော်ကို ရှိခိုးပုံနှင့်တကွ ဝန်ဆောင်ပုံကို "အနာဂတ်သာသနာရေး" ကျမ်း သံဃာ့ရတနာအခန်း၌၎င်း ပြထားပြီဖြစ်၍ အထူးမရေးတော့ပဲ ဗုဒ္ဓမြတ်စွာ၏ ပရိနိဗ္ဗာန် အကြောင်းကိုသာ ရေးပါမည်။

## နိဗ္ဗာန်=ပရိနိဗ္ဗာန်

**ပရိနိဗ္ဗာန် သုံးမျိုး။** ။နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်သည် သဘောတူ၏။ ထိုပရိနိဗ္ဗာန်သည် ကိလေသာတို့၏ ငြိမ်းအေးခြင်းဟူသော ကိလေသပရိနိဗ္ဗာန်၊ ရုပ်ခန္ဓာတော်၏ ငြိမ်းအေးခြင်း ဟူသော ခန္ဓပရိနိဗ္ဗာန်၊ ဓာတ်တော်တို့၏ ငြိမ်းအေးခြင်း ဟူသော ဓာတုပရိနိဗ္ဗာန် အားဖြင့် ၃-ပါး အပြားရှိ၏။

**ကိလေသ ပရိနိဗ္ဗာန်။** ။သတ္တဝါတိုင်း၌ ရှိသော လောဘ ဒေါသ မောဟ စသော ကိလေသာတို့သည် စိတ်ကို

www.dhammaransi.com



ပူလောင် စေကြကုန်၏။ တဏှာရာဂ လောဘမီး၏ ပူလောင်မှုကြောင့် ဆရာ မိဘ စသူတို့၏ စကားကိုမျှ နားမထောင်နိုင်ပဲ လုပ်ချင်ရာ လုပ်ကြသူတွေ၊ အလိုမကျသော ဒေါသမီးကြောင့် ကိုယ့်ကိုယ်ကိုပင် သေကြောင်းကြံသူတွေကို ကြည့်လျှင် လောဘဒေါသမီးတို့ ပူလောင်ပုံမှာ အလွန်ထင်ရှား၏။ ထိုသို့ လောဘမီး ဒေါသမီး အလောင်ခံရခြင်းမှာ လည်း မောဟမီးက အကြောင်းအကျိုး မသိမမြင်နိုင်အောင် ဖုံးကွယ် ထားသောကြောင့် ဖြစ်၏။ ဥပမာ—ကလေးငယ်သည် ပူမှန်း မသိသော ကြောင့် မီးကို ကိုင်ချင်သကဲ့သို့ (တချို့မှာ ကိုင်မိသကဲ့သို့)တည်း။ ဗုဒ္ဓ မြတ်စွာသည် အရဟတ္တဖိုလ်ကို ရသောအခါ ထိုကိလေသာ အပူမီးတို့ အလုံးစုံကုန်၍ ငြိမ်းအေးကြလေတော့၏။ ထို့ကြောင့်"ကိလေသ ပရိနိဗ္ဗာ- န်၊ ဗုဒ္ဓမြတ်စွာ၏ ကိလေသပရိနိဗ္ဗာန်သည်။ ဗောဓိပလ္လင်ကော် အဟောသိ၊ ဘုရားဖြစ်ရာ မဟာဗောဓိပလ္လင်၌ ဖြစ်ခဲ့ပြီ။"ဟု ဉာဏဝိဘင်္ဂ အဋ္ဌကထာ မိန့်သည်။

ခန္ဓ ပရိနိဗ္ဗာန်။ ။ရုပ်နာမ် ၂-ရပ် ပေါင်းစပ်၍ တည်နေသော ဤခန္ဓာ ကိုယ်သည် အေးချမ်း ငြိမ်သက်ခြင်း မရှိသော အပူတုံး သာ ဖြစ်၏။ ဇာတိမီး ဇရာမီး မရဏမီးစသော (ရှေး၌ ပြအပ်ခဲ့သော) မီးတဆယ့်ဘပါးသည် ဤ ခန္ဓာကိုယ်၌ တမျိုးပြီးတမျိုး လောင်လျက် ရှိ၏။ ခမ္မစကြာ ပါဠိတော်၌ လာသော ချစ်သူနှင့်ကွဲရခြင်း၊ မုန်းသူနှင့် တွဲရခြင်း၊ အလိုရှိတာ မရခြင်းကြောင့် ဖြစ်ရသော ဒုက္ခများလည်း အပူများပင် ဖြစ်၏။ ထို့ကြောင့် သတ္တဝါတိုင်း၏ ခန္ဓာကိုယ်သည် ဒုက္ခအပူ မီးအပူတို့ဖြင့် အမြဲပူ၍နေ၏။

အခြားသူ၏ ခန္ဓာကိုယ်ကိုမဆိုထားဘိ၊ ဗုဒ္ဓမြတ်စွာ၏ ခန္ဓာကိုယ်တော် သော်မှလည်း ဝမ်းတော်လားချိန်မှ စ၍ အားတော် နည်းပါးရကား ၃-၈ ဝုတ် ခရီး၌ မကြာမကြာ နားတော်မူရခြင်း၊ ရေသောက်တော်မူလို သောကြောင့် ရေခပ်စေတော်မူရခြင်းအားဖြင့် ခန္ဓာကိုယ်၏ အပူဒဏ်ကို ပင်ပန်းကြီးစွာ ခံတော်မူရပါသေးသည်။ ထို့ကြောင့် ညောင်စောင်း ဆလေးအပေါ်မှာပင် ဈာန်ပေါင်းများစွာ အကြိမ်ကြိမ်အခါခါ ဝင်စား

www.dhammaransi.com



တော်မူပြီး၍ စတုတ္ထစျာန်မှ ထတော်မူသောအခါ ပဋိသန္ဓေနေတော်မူတုန်းက ဖြစ်သော မဟာဝိပါက် ပဌမစိတ်နှင့်တူသော ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် စံတော်မူခြင်းသည် ရုပ် နာမ် ခန္ဓာ ဟူသော အပူတုံးကြီး၏ ငြိမ်းအေးခြင်းဟူသော ခန္ဓပရိနိဗ္ဗာန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် "ခန္ဓပရိနိဗ္ဗာနံ ကုသိနာရာယံ—ခန္ဓပရိနိဗ္ဗာန်သည် ကုသိနာရုံမြို့၌ ဖြစ်ခဲ့ပြီ။" ဟု ဉာဏဝိဘင်္ဂအဋ္ဌကထာ မိန့်သည်။

**မီးငြိမ်းခြင်းဥပမာ။** ။ဤခန္ဓာပရိနိဗ္ဗာန် ဖြစ်တော်မူပုံကိုပင် ရည်ရွယ်တော်မူ၍ နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ=ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ ဖြစ်သော ပညာရှိတို့သည် နောက်ဆုံး ဝိညာဉ် ဖြစ်သော စုတိစိတ်တော်၏ ချုပ်ခြင်းအားဖြင့် ငြိမ်းအေးတော်မူကြပြီ။ ဥပမာ—တောက်နေသော ဆီမီးသည် ဆီကုန်သောအခါ ငြိမ်းသကဲ့သို့ ဖြစ်သည်" ဟု ရတနသုတ်၌ ဗုဒ္ဓမြတ်စွာ မိန့်တော်မူ၏။ ဤ မဟာပရိနိဗ္ဗာန သုတ်ပါဠိတော်၌လည်း "ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု=ပရိနိဗ္ဗာန် စုတိစိတ်တော်၏ လွတ်မြောက် တော်မူခြင်းသည် မီးငြိမ်းပုံနှင့်တူသည်" ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူသည်။

**ဓာတု ပရိနိဗ္ဗာန်။** ။ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်အားလုံး စုပေါင်း၍ ဓာတ်ပေါင်း ကိုယ်တော်ကို ဓာတ်မီးလောင်ပြီးမှ ငြိမ်းခြင်းကို "ဓာတု ပရိနိဗ္ဗာန်" ဟု ခေါ်၏။ ချဲ့ပါဦးမည်—သာသနာတော်ကို ကိုးကွယ်မည့်လူ တယောက် တလေမျှ မရှိလောက်အောင် သာသနာဆုတ်ယုတ်သောအခါ နေရာဌာန အသီးသီး၌ တည်တော်မူသော ဓာတ်တော်များသည် ဘုရားဖြစ်ရာ ဗောဓိပင်၌ စုပေါင်းကာ ရွှေတုံးကြီး ကဲ့သို့ဖြစ်၍ ရောင်ခြည်တော် လွှတ်လိမ့်မည်။

ထို ရောင်ခြည်တော်ကို ဖူးမြင်ရသောအခါ နတ် ဗြဟ္မာ တို့သည် ကပ္ပါကယာ လာကြပြီးလျှင် အရိုးတော် ရွှေတုံးကြီး၌ ဇတာဗောဓာတ် လောင်နေသည်ကို မြင်ရသောအခါ "ယခုမှ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူတာပဲ၊ ယခုမှ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူတာဘဲ" ဟု ပြောကာ

www.dhammaransi.com



ပြောကာ အလွန်ဝမ်းနဲစွာ ငိုကြွေးကြလေ၏။ အနာဂါမ် ရဟန္တာ နတ်ဗြဟ္မာ တို့ကား "ဖြစ်လေသမျှ ပျက်ရသည်သာ"ဟု တရားသဘောကို တွေးကာ သံဝေဂဉာဏ်ဖြင့် သည်းခံနိုင်ကြပေသည်။

လင်္ကာ။ ။ခါတ်တော်မွေတော်၊ကြွင်းပါသော်လည်း၊ချွတ်ချော်သာသနာ၊ နောင်သောခါဝယ်၊ ရှိန်ဝါ ပျောက်ကြွေ၊ကွယ်ပချေသော်၊ထွေထွေရပ်နယ်၊ ခါတ်သွယ်သွယ်လည်း၊ ကိုးကွယ်ကြမည့်၊ လူမရှိ၍၊ ဗောဓိပင်မှာ၊ စုပေါင်းကာဖြင့်၊ ရောင်ဝါလွှတ်ပြီး၊ ရွှေတုံးကြီးသို့၊ ခါတ်မီးလောင်တောက်၊ ကုန်ဆုံးပျောက်က၊ လာရောက်ကြရှာ၊နတ် ဗြဟ္မာတို့၊ သာသနာ ဗုဒ္ဓ၊ ယခုမှပင်၊ မုချအတည်၊ ကွယ်ရပြီဟု၊ ငိုမြည်တမ်းတ၊ သံဝေဂဖြင့်၊ မရယူကျုံး၊ ကိုယ်စိတ်ချုံးသည်.... နောက်ဆုံး သာသနာ့ ပွဲတော်ဘုရား။

---

## နိဗ္ဗာန် ၂-မျိုးမှ တမျိုးနိဗ္ဗာန်

ရဟန္တာအားလုံး၌ ရနိုင်သော ကိလေသာ ပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန် ၂-မျိုးသည် "သိဝံ ပဇ္ဇထ ဘိက္ခဝေ၊ သိဝံ ပဇ္ဇတွာ ဒါနံဒါတဗ္ဗံ= ဘိက္ခုတို့....ဘေးခပ်သိမ်းတို့၏ ငြိမ်းရာ နိဗ္ဗာန်ကို တောင့်တကြလော့။ နိဗ္ဗာန်ကို တောင့်တ၍ ဒါနကို ပြုကြလော့၊ သီလကို ဆောက်တည်ကြလော့။ ဘာဝနာကို ပွါးစေကြလော့" ဤသို့ ဗုဒ္ဓမြတ်စွာ တိုက်တွန်းတော်မူအပ်သော နိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂-မျိုးသည် "ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန် တရားတော်မြတ်ကို လျှင်မြန်စွာမျက်မှောက်ပြုရပါလို၏"ဟု လူအများ တောင့်တအပ် ဆုတောင်းအပ်သော အသင်္ခတဓာတ် နိဗ္ဗာန် တရားမြတ် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂-မျိုးသည် "ငါဘုရားသည် ယနေ့ညဉ့်၏ နောက်ဆုံးအချိန်၌ ရှေးဘုရားရှင်တို့ ဝင်အပ်သော အမြိုက်နိဗ္ဗာန်သို့ ဝင်ရတော့မည်"ဟု ဆင်ခြင်တော်မူသောအခါ "စိတ်တော်သည် အလွန်ကြည်၏"ဟု မိန့်ဆိုတော်မူအပ်သော နိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂-မျိုးသည် "အနေဇော သန္တိ မာရဗ္ဘ၊ ယံ ကာလမကရီ မုနိ=၄ ါးဖြာအာရုံ ကာမဂုဏ်၌ တုန်လှုပ်တတ်စွာ တဏှာ ကင်းပြီးသော အကြင် မုနိထွတ်တင် ဘုရားရှင်သည် ဒုက္ခခပ်သိမ်း အေး ငြိမ်းရာနိဗ္ဗာန်ကို ရည်ရွယ်တော်မူ၍ ကွယ်လွန်ချိန်ကို ပြုတော်မူပြီ" ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူအပ်သော စကားတော်အရ ဘုရားရှင် ရည်ရွယ် တော်မူအပ်သော သန္တိသုခ အမတ မဟာနိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် နှစ်မျိုးသည် "နိဗ္ဗာနံ ပန လောကုတ္တရ သင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာန မာရမ္မဏာဘူတံ ဝါနသင်္ခါ- တာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ" ဟု အဘိဓမ္မတ္ထသင်္ဂဟ ကျမ်း၌ "မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်" ဟုရင်း၊ "နိဗ္ဗာနံ ပရမံ သုခံ" ဟု ဓမ္မပဒ အဋ္ဌကထာ၊ သုခဝဂ်၊ ဧကဉပါသကဝတ္ထု၌ "နိဗ္ဗာန်သည် အမြတ်ဆုံး သုခ" ဟုရင်း၊ "အသင်္ခတာ စ ဓာတု" ဟု ဓမ္မသင်္ဂဏီရှုကဏ္ဍ ဥဒ္ဒေသ၌ "အသင်္ခတဓာတ်" ဟုရင်း ဟောတော်မူအပ်သော နိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂-မျိုးသည် သစ္စာ ၄-ပါးတွင် နိရောဓသစ္စာ အဖြစ်ဖြင့် ပါဝင်သော၊ သောတာပတ္တိမဂ်ကို ရလျှင်ပင် ဝိသာခါကဲ့သို့ ၇-နှစ်သမီးအရွယ် သူငယ်မတို့ ထိုက်တန်သမျှ မြင်အပ်သော၊ တခါမြင် ပြီးလျှင် ဒိဋ္ဌိဝိစိကိစ္ဆာတို့ ကင်းကွာ ရကြောင်းဖြစ်သော၊ တခါမြင်ဘို့ ရန်လည်း ၄ ါးပါးသီလလုံခြုံမှု အခြေခံရသော နိဗ္ဗာန် မဟုတ်သေးပါ။

ထိုကြောင့် ယခုအခါ၌ အကြောင်းတရားတို့ မပြုအပ်သောကြောင့် "အသင်္ခတဓာတ်" ဟု အမည်တော်ရသော၊ ဘုရားရှင်သာမက ရဟန္တာ ဟူသမျှ တို့သည် ပရိနိဗ္ဗာန် မဝင်စံခင်ကာလ၌ မကြာ မကြာ အာရုံပြု၍ နေအပ်သော၊ ပရိနိဗ္ဗန် စံတော်မူပြီး နောက်လည်း မပျောက်မပျက် ဆက်လက် တည်ရှိရစ်သော၊ လူအများတို့ ဆုတောင်းအပ်သော၊ ဘုရား ရှင်လည်း ဆုတောင်းဘို့ရန် တိုက်တွန်းတော်မူအပ်သော နိဗ္ဗာန်တရား တော်မြတ်ကို ရှိသေလေးမြတ်စွာ ရေးသားပူဇော်ပါမည်။

မြတ်စွာ-၁၀

www.dhammaransi.com



## လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်

**ရှေးပညာရှိများဖွင့်ပြပုံ။** ။စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော ပရမတ္ထ တရားတို့သည် ရူပါရုံမှုကာပါး မျက်စိဖြင့် မြင်ကောင်းသော တရားများ မဟုတ်ကြပါ။ ထိုသို့ မမြင်ကောင်းသော်လည်း ရှေးပညာရှိ အဋ္ဌကထာဆရာတို့သည် မျက်စိဖြင့် မြင်ရသကဲ့သို့ ဉာဏ်ထည်း၌ ထင်မြင်လာအောင် လက္ခဏာအားဖြင့်၎င်း၊ ကိစ္စရသ-သမ္ပတ္တိရသ တမျိုးမျိုးအားဖြင့်၎င်း၊ ဉာဏ်ဖြင့်ရှုစားသော ယောဂီပုဂ္ဂိုလ် ပညာရှိပုဂ္ဂိုလ်တို့၏ ဉာဏ်အား ထင်လာသော အခြင်းအရာအားဖြင့်၎င်း၊ အနီးဆုံး အကြောင်းဟူသော ပဒဋ္ဌာန်အားဖြင့်၎င်း ဖွင့်ပြကြပါသည်။ နိဗ္ဗာန်ကိုလည်း ဉာဏ်၌ ထင်လာမြင်လာအောင် လက္ခဏ၊ရသ၊ ပစ္စုပဋ္ဌာန် အားဖြင့် ဖွင့်ပြရမည်ဖြစ်၍ ထိုသို့ မဖွင့်ပြမီ သင်္ခတလက္ခဏာရှိသော နိဗ္ဗာန်နှင့် တဖက်တလမ်း (ဟိုဘက်ကမ်း ဤဘက်ကမ်းကဲ့သို့) ကွာလှမ်းသော ရုပ်နာမ်၏ မငြိမ်မသက် ဖြစ်ပျက်ပုံကို ရှေးဦးစွာ ပြပါမည်။

**သင်္ခတဓာတ်။** ။[ရုပ်နာမ်တို့ကို ရှေ့(၄၉)၌ ပြခဲ့ပြီ။] ရုပ်နာမ်တို့သည် အဝိဇ္ဇာ တဏှာ ကံစသော အကြောင်းတို့က ပြုအပ်သော သင်္ခတဓာတ် (ပြုပြင်အပ်သောဓာတ်) ဖြစ်၏။ ပြု၍ ဖြစ်သော အခါ ချက်ချင်း ပျက်၏။ ပျက်ပြီးလျှင်လည်း ထပ်၍ ဖြစ်၏။ ဖြစ်လျှင်လည်း ပျက်ပြန်၏။ ဤသို့ ဖြစ်+ပျက်၊ ဖြစ်+ပျက် ဆက်၍နေသော အစဉ်သည် လက်ဖျောက်တချက်တီးခန့်ကာလ၌ ကုဋေသိန်းပေါင်း များစွာပင်ဘည်း။ [စိတ် စေတသိက်တို့ တဆယ့်ခုနှစ်ကြိမ် ပျက်ပြီးမှ ရုပ်က တကြိမ်သာ ပျက်၏။] ဤအချိန်ကလေး၌ ဤမျှလောက် များအောင် ဖြစ်ပျက်နေရသော ရုပ်နာမ်သည် အဘယ်မှာ ငြိမ်သက်ခအေးမြ၍ သုခ ဖြစ်နိုင်တော့အံ့နည်း။ အဖြစ်အပျက်ဒဏ်ကို အမြဲခံနေရသောကြောင့် အမြဲပင် ဒုက္ခဖြစ်၏။....“ဥဒယဗ္ဗယ ပဋိပီဠနဋ္ဌေန ဒုက္ခာ= အဖြစ်အပျက်ဒဏ်ကို အမြဲခံနေရသောကြောင့် ရုပ်နာမ်ဟူသမျှ ဒုက္ခချည်းသာ။

www.dhammaransi.com



**သန္တိလက္ခဏာ။** ။"လက္ခဏ" ဟူသည် မှတ်သားကြောင်း အမှတ် အသား၊ မှတ်သားအပ်သော သဘောတည်း။ လူ တယောက်၌ အများနှင့်မတူသော ထူးခြားသော အမှတ်အသား ရှိသကဲ့သို့၊ ပရမတ္ထတရား ၄-ပါး၌လည်း တပါးနှင့်တပါး မတူအောင် ထူးခြားသော အမှတ်အသား ထူးခြားသော သဘောရှိ၏။ နိဗ္ဗာန်အတွက် ထူးခြားသောလက္ခဏာ (အမှတ်အသား)ကား သန္တိလက္ခဏာတည်း။

**သန္တိဖြစ်ပုံ။** ။ရုပ် စိတ် စေတသိက် နာမ်တို့သည် ပြအပ်ခဲ့သည့်အတိုင်း အမြဲ ဖြစ်+ပျက်၊ဖြစ်+ပျက်နေရကား ငြိမ်ငြိမ်သက်သက် မရှိကြ။ အမြဲ ပူလောင်နေသကဲ့သို့၊ ငြိမ်းငြိမ်းအေးအေးလည်း မရှိကြ။ အသခ်တဓာတ် နိဗ္ဗာန်တရားမြတ်ကား အဖြစ်မရှိသောကြောင့် အပျက် လည်း မရှိ။ အဖြစ် အပျက် လှုပ်လှုပ်ရွရွ မရှိသောကြောင့် အလွန် ငြိမ်သက်၏။ အဖြစ် အပျက် အပူအလောင် မရှိသောကြောင့် အလွန် အေးငြိမ်း၏။ ထို ငြိမ်သက် အေးငြိမ်းခြင်းသည် နိဗ္ဗာန်၏ "သန္တိ" ဟု ခေါ်ရသော ထူးခြားသောလက္ခဏာ ဖြစ်သည်။

**အစ္စုတရသ။** ။ရုပ် နာမ် ခန္ဓာတို့သည် ရှေးဦးစွာ ဖြစ်ရ၏။ ဖြစ်ပြီး သောအခါ ပျက်ရခြင်းအားဖြင့် ပင်ကိုယ်သဘောမှ ရွေ့ လျောရ၏။ နိဗ္ဗာန်၏ သန္တိသဘောကား ဘယ်အခါမှ မပျောက်မပျက် သောကြောင့် ပင်ကိုယ်သဘောမှ မရွေ့လျောခြင်း ဟူသော ထူးသော အရသာ ရှိ၏။

**အနိမိတ္တပစ္စုပဋ္ဌာန်။** ။ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်ဖြစ်စေ၊ တရားသဘောကို စဉ်းစားသော ပညာရှင် ဖြစ်စေ၊ ဉာဏ်ဖြင့် ရှုသောအခါ အမှန်အတိုင်း ထင်လာ၏။ ထိုသို့ ထင်လာ သည်ကို "ပစ္စုပဋ္ဌာန်"ဟု ခေါ်၏။ နိဗ္ဗာန်၏သဘောကို ဉာဏ်ဖြင့်ရှုသော အခါ (စိတ် စေတသိက် ရုပ်တို့မှာ သဘော အထည်ကိုယ် ရှိသကဲ့သို့) "အထည်ကိုယ် မရှိသောတရား"ဟု ဉာဏ်အားထင်လာသည်။ [နိမိတ္တမ္ပိ သခ်ါရာ၊ တေ ဟိ သနိမိတ္တာ ဝိယ သဝိဂ္ဂဟာ ဝိယ ဥပဋ္ဌဟန္တိ။ အဋ္ဌသာလိနီ လောကုတ္တရကုသိုလ် အဖွင့် အနုဋ္ဌိကာ။]

www.dhammaransi.com



**ပဒဋ္ဌာန်။** ။နီးကပ်သောအကြောင်းကို ပဒဋ္ဌာန(ပဒဋ္ဌာန်)ဟု ခေါ်၏။ (စိတ်သည် ယှဉ်ဘက်စေတသိက် မှီရာရုပ် ဟူသော နီးကပ်သော အကြောင်း ရှိသကဲ့သို့) နိဗ္ဗာန်မှာ နီးကပ်သော အကြောင်း မရှိ။ အရိယာတို့သန္တာန်၌ နိဗ္ဗာန်တရား ပေါ်လာဘို့ရန် ဒါန သီလ ဘာဝနာ စသော ဝေးသော အကြောင်းကား များစွာရှိရပါသည်။

သန္တိလက္ခဏံ အစ္စုတ-ရသံ နိဗ္ဗာန အမတံ။
အနိမိတ္တ ဥပဋ္ဌာနံ၊ ပဒဋ္ဌာနံ န လဗ္ဘတိ။

နိဗ္ဗာန အမတံ၊ အမြိုက်နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ငြိမ်သက်ငြိမ်းအေးခြင်း လက္ခဏာ ရှိ၏။ အစ္စုတရသံ၊ ပင်ကိုယ်သဘောမှ မရွေ့လျောခြင်း သမ္ပတ္တိရသ ရှိ၏။ အနိမိတ္တ ဥပဋ္ဌာနံ၊ အထည်ကိုယ်ဟန်—ပုံသဏ္ဌာန် မရှိသေးတရားဟု ဉာဏ်အား ထင်လာ၏။ ပဒဋ္ဌာနံ၊ နီးစွာသော အကြောင်းကို။ န လဗ္ဘတိ၊ မရအပ်။

## နိဗ္ဗာန်၏ ဂုဏ်တော်တချို့

**ခယဂုဏ်တော်။** ။ထိုနိဗ္ဗာန်မြတ် တရားမြတ်ကို သောတာပတ္တိမဂ်ဖြင့် မြင်လိုက်သည်နှင့် တပြိုင်နက် ရာဂစသော ကိလေသာ အချို့သည်၎င်း၊ ထို ကိလေသာရှိသူတိုင်း (၇-ဘဝနောက် ရရှိမည့်) ရုပ်နာမ်တို့သည်၎င်း ကုန်ခန်းကြရတော့၏။ အထက် မဂ်များကို ရသော အခါလည်း ဤနည်းအတိုင်း ကိလေသာ အပူတွေ ကုန်ရပေသည်။ ထို့ကြောင့် သန္တဖြစ်သော ထိုနိဗ္ဗာန်သည် ကိလေသာတို့၏၎င်း၊ ရုပ်နာမ်တို့၏၎င်း ကုန်ခန်းကြောင်း ခယဂုဏ်နှင့် ပြည့်စုံပါသည်။

**ဝိရာဂဂုဏ်တော်။** ။တပ်မက်ခြင်းသဘောကို ပါဠိလို "ရာဂ"ဟု ခေါ်၏။ ထိုရာဂသည် ရုပ်နာမ်ခန္ဓာ အပေါ်၌၎င်း၊ ခန္ဓာနှင့် စပ်သော ပညတ်အပေါ်၌၎င်း ဖြစ်ရသော တရားတည်း။ ရုပ်နာမ်တို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် ထိုရာဂနှင့် လုံးလုံး မစပ်တော့ရကား "ဝိရာဂ ရာဂမရှိ"ဟူသော ဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

www.dhammaransi.com



**အမတဂုဏ်တော်။** ။"သေခြင်း"ဆိုသည်မှာတဘဝအတွက်နောက်ဆုံး ပျက်ခြင်းတည်း။ ထို အပျက်ဟူသည်လည်း အဖြစ်ရှိပြီးမှ ပေါ်လာ၏။ ပျက်ဘို့ ရှေးရှုနေသော (ပျက်ဘို့ပြင်နေသော) သဘောကို "အိုခြင်း=ဆွေးမြေ့ခြင်း ဟု ခေါ်၏။ ပါဠိလို ဇာတိ၊ ဇရာ၊ မရဏ၊ မြန်မာလို "ဖြစ်ခြင်း၊ရင့်ခြင်း (အိုခြင်း)၊ သေခြင်း (ပျက်ခြင်း)" ဟူသော သဘောသည် ရုပ်တရား နာမ်တရားတို့၏ သဘောဖြစ်၏။ ရုပ်နာမ်အားလုံးကုန်ဆုံးပြီးသော ထိုနိဗ္ဗာန်သည် သေခြင်း "မတ" မရှိရကား အမတဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

**ပဏီတဂုဏ်တော်။** ။နိဗ္ဗာနဓာတ် တရားမြတ်သည် ရဟန္တာပုဂ္ဂိုလ်များအတွက် (စား၍ မဝနိုင်အောင် အရသာရှိသော အစာကဲ့သို့) မကြာမကြာ အာရုံပြု၍ နေချင်စရာကောင်းလောက်အောင် အရသာရှိသော တရားတော် ဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် (ဖလသမာပတ်ကို ဝင်စားကာ) ထို နိဗ္ဗာန်ကို အာရုံပြု၍ မကြာမကြာ သီတင်းသုံးတော်မူလေ့ရှိ၏။ တရားဟောတော်မူတုန်းမှာပင်ပရိသတ်က သာဓု-ခေါ်နေတဲ့ အခါ ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်ကို အာရုံပြု၍ နေတော်မူ၏။ သာဓု-ခေါ်ပြီးမှ တရားကို ဆက်၍ ဟောတော်မူ၏။ နိဗ္ဗာန်တရားတော်သည် ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်အတွက် ဤမျှလောက် အရသာရှိသော တရားထူးတရားမွန်ဖြစ်သောကြောင့် ပဏီတဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

**ယဒဇ္ဈဂါ (ယံ+အဇ္ဈဂါ)။** ။ထို နိဗ္ဗာန်တရားတော်ကို ဤသာသနာတော်၌ ဗုဒ္ဓမြတ်စွာသည်အစဆုံးသိတော်မူ တွေ့မြင်တော်မူရ၏။ တွေ့မြင်ရာဌာနနှင့် ကာလကား ဘုရားဖြစ်ရာ ဗောဓိရိပ်သာ၌ ကဆုန်လပြည့်ညဥ့် အရုဏ်တက်တော့မည့်ဆဲဆဲ အချိန်အခါတည်း။

**နိရောဓသစ္စာ။** ။ထိုအချိန်ဝယ် ဗုဒ္ဓမြတ်စွာသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊နိရောဓသစ္စာ၊မဂ္ဂသစ္စာဟူသော သစ္စာ၄-ပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၏။ ထိုသိမြင်တော်မူဘို့ရာဝယ် "နိရောဓ

www.dhammaransi.com



သစ္စာ” ဟူသည် ဤနိဗ္ဗာနဓာတ် တရားမြတ်ပင် ဖြစ်၏။ ထိုအချိန်၌ မျက်စိအောက်သို့ ရောက်နေသော အရာဝတ္ထုကို မြင်ရသကဲ့သို့ဗုဒ္ဓမြတ်စွာသည် မဂ်ဉာဏ်ဖြင့် ခယ ဝိရာဂ အမတ ဂုဏ်အပေါင်းနှင့် ပြည့်စုံသော နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ထင်ထင်ရှားရှား မြင်တော်မူပါသည်။

**ဥပမာဆောင် ထင်ရှားအောင် ပြအံ့။** ။အကျုမြူဓာတ်၏ စွမ်းအားကို ရှာဖွေကြသော လောကီ ပညာရှင်တို့သည် အလွန်ကြိုးစားသောအခါ ထို အကျုမြူအားကို တွေ့မြင်ကြရ၏။ ထိုတွေ့မြင်အပ်သော ထိုဓာတ်အားသည် သူတို့တွေ့မှဖြစ်သည် မဟုတ်၊ နဂိုရ်သဘာဝအတိုင်း ရှိနေသောအား ဖြစ်သကဲ့သို့ငှင်း, လေးနက်သော ကျမ်းစာ၏ အဓိပ္ပါယ်ကို အမှန်သိအောင် စဉ်းစားကြသော စာပေ ပညာရှင်တို့သည် ရက်ပေါင်းများစွာ အတော်ကြိုးစားသောအခါ ထိုအဓိပ္ပါယ်ကို သိရ၏။ ထို သိအပ်သော အကြောင်းအရာ အဓိပ္ပါယ်စာသည် ထိုအချိန်မှ ဖြစ်ရသည် မဟုတ်ပဲ နဂိုရ်သဘာဝအတိုင်းပင် ရှိနေသကဲ့သို့ငှင်း၊ တရားထူးရအောင် အားထုတ်သော ယောဂီသူမွန်သည်လည်း နိဗ္ဗာန်နှင့်တကွ သစ္စာ ၄-ပါးကို သိရအောင် တရားအားထုတ်သောအခါ အလွန်အလွန် ကြိုးစားမှ ထိုတရားကို သိရ၏။ ထို သိအပ်သော နိဗ္ဗာန်တရားသည် ထိုအချိန်မှ ဖြစ်ပေါ်လာသော တရားမဟုတ်၊ သဘာဝအတိုင်း ရှိနေသော သန္တိသုခ တရားသာ ဖြစ်ပါသည်။

**သမ်နုတ္ထိ။** ။မဗ္ဗကန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟူသောပရိယတ်တရား၊ ကိလေသာတို့ကို သူ့နည်းသူ့ဟန်ဖြင့် ပယ်နိုင်သော ဈာန်တရား၊ မြေလျှိုး မိုးပျံ ပုံသဏ္ဍာန် အမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်းစသော တန်ခိုးရှိသော အဘိညာဉ်တရား၊ ဆိုင်ရာ ကိလေသာကို အကြွင်းအကျန်မရှိအောင် ပယ်နိုင်သော မဂ်တရား၊ ဖိုလ်တရားတို့သည် ဆိုင်ရာအကျိုး အမျိုးမျိုးကို ပေးနိုင်ကြသော်လည်း နိဗ္ဗာန်နှင့် တန်းတူသောတရား တပါးမျှ မရှိပါချေ။

www.dhammaransi.com



**ဒိဋ္ဌဓမ္မိကနိဗ္ဗာန်။** ။ပရိနိဗ္ဗာန်စံတော်မမူမီ ဖလသမာပတ် ဝင်စားသော အခါ ဗုဒ္ဓမြတ်စွာ၏ စိတ်တော်၌ မကြာမကြာ ထင်ပေါ်နေသော နိဗ္ဗာန်ကို မျက်မှောက် ဘဝ၌ အာရုံပြုရသောကြောင့် "ဒိဋ္ဌဓမ္မိကနိဗ္ဗာန်"ဟု ခေါ်၏၊ ဝိပါက်စိတ်များနှင့် ကမ္မဇရုပ်များကို "ဥပါဒိ"ဟု ခေါ်၏၊ ထိုဥပါဒိ ရှိစဉ်အခါ၌ အာရုံပြုရသောကြောင့် "သဥပါဒိသေသနိဗ္ဗာန်"ဟုလည်း ခေါ်သည်။

**သမ္ပရာယိက နိဗ္ဗာန်။** ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးသော အခါ တည်ရှိရစ်သော ထိုနိဗ္ဗာန်ကိုပင် "သမ္ပရာယိက နိဗ္ဗာန်"ဟု ခေါ်၏၊ ဝိပါက် နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်ဟူသော ကမ္မဇရုပ် အကြွင်းအကျန် မရှိသောကြောင့် "အနုပါဒိသေသနိဗ္ဗာန်" ဟုလည်း ခေါ်သည်။ ထို့ကြောင့် "ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးသော်လည်း ဗုဒ္ဓမြတ်စွာ သိတော်မူအပ်ပြီးသော အသင်္ခတ နိဗ္ဗာနဓာတ်သည်ကား ယနေ့တိုင်အောင် တည်ရှိနေသည်"ဟု မှတ်ပါ။ [ခုဒ္ဒကပဝတ္ထု အဋ္ဌကထာ၊ ဒု ဝဂ်-နိဗ္ဗာနသုတ် အဖွင့်။]

**သုခ ၂-မျိုး။** ။သုခသည် ဝေဒယိတသုခ၊ သန္တိသုခဟု ၂-မျိုး ရှိ၏။ ယခုခေတ် လူအများတို့ မြင်ရ ကြားရ နမ်းရ စားသောက်ရ တွေ့ထိရသောအခါ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းကို "ဝေဒယိတသုခ" ဟု ခေါ်၏။ ထိုသို့ ခံစားမှုမရှိပဲ ဒုက္ခငြိမ်းသိမ်း ငြိမ်းအေးခြင်းသဘောကို "သန္တိသုခ"ဟု ခေါ်သည်။

**ဝေဒယိတသုခ၊** ။ခံစားမှုဟူသော ဝေဒယိတသုခသည် ခံစား၊ စံစား၍ ကုန်ကုန် သွားသည့်အတွက် အသစ်အသစ်ရအောင် ပစ္စည်းဥစ္စာ ရှာရခြင်းစသော ဒုက္ခဖြင့် ထူထောင်ရ၏၊ ထို အသစ်အသစ် ရအောင် ထူထောင်ရသော ဒုက္ခကား ခံစားရသော သုခနှင့် အဆမတန် ချေ။ ထိုသို့ဒုက္ခဖြင့် ထူထောင်ပြီးနောက် ပေါ်ပေါက်ရရှိသော သုခ တလေးဖြင့် တင်းမတိမ်နိုင်ကြသောကြောင့် အပိုအမို အကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွား၍ သုခကြွေးတွေကို အတိုးနှင့်တကွ ဒုက္ခဖြင့် ဆပ်ကြရပေလသည်။

www.dhammaransi.com



**သန္တိသုခ၊** ။ထိုကဲ့သို့ ခံစားမှုနှင့် မရောသော သန္တိသုခ သဘောကား- ရုပ်နာမ်သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြ ငြိမ်းချမ်းခြင်း သဘောတည်း။ ထင်ရှားစေအံ့–လောကီအာရုံ ကာမဂုဏ်တွေ ပြည့်စုံလှသော သဌေးတယောက်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် ခံစားဘို့ အာရုံများကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသောအခါ "ဗေ့အိပ်ဖျက်ရမည်လား"ဟု ကြိမ်းဝါး မောင်းမဲသည်သာ။ ထိုသူ၏ အိပ်နေစဉ်အခါ၌ ခံစားမှုအထင်အရှားမရှိ၊ သို့ပါလျက် နှစ်ခြိုက်စွာ အိပ်ရမှုကိုပင် ခံစားမှုသုခထက် နှစ်သက်၍ "အိပ်ရ ကောင်းလိုက်တာ" ဟု အမှန်းတင်ကြသေး၏။ ရုပ်နာမ်အားလုံး ကင်း၍ ငြိမ်းချမ်းခြင်း သန္တိသုခကား "မည်မျှလောက် ကောင်းလိမ့်မည်" ဟု မှန်းဆ သင့်တော့သတည်း။

**နိရောဓသမာပတ်ကို ဝင်စားခြင်း။** ။စိတ် စေတသိက်နှင့် စိတ်ကြောင့် ဖြစ်သော ရုပ်များ၏ အသစ်မဖြစ်ပဲ ချုပ်ငြိမ်းနေအောင် ပြုနိုင်သော သမာပတ်ကို "နိရောဓသမာပတ်" ဟုခေါ်၏၊ အနာဂါမ်ရဟန္တာဖြစ်ပြီး ဈာန်အကုန်ရပြီး ပုဂ္ဂိုလ်သာ ထိုသမာပတ်ကို ဝင်စားနိုင်၏။ အနာဂါမ်ရဟန္တာအရှင်မြတ်တို့သည် ရုပ်နာမ်ခန္ဓာကြီးကို လေးလံလှစွာသော ဝန်ထုပ်ကြီးကဲ့သို့ မှတ်ထင်တော်မူကြကုန်၏။ ထို့ကြောင့် ရုပ်နာမ်ခန္ဓာမှ ကင်းနိုင်သမျှ ကင်းဘို့ရာ နိရောဓသမာပတ်ကို ဝင်စားတော်မူကြ၏၊ ထိုသမာပတ်အတွင်း၌ ခံစားမှု လုံးဝမရှိ။ နာမ်တရားနှင့် အချို့ရုပ်များ အသစ်မဖြစ်ပဲ ရပ်စဲနေခြင်းသာတည်း။ ထို ရပ်စဲခြင်းသည်ပင် ချမ်းသာသေးလျှင် ရုပ်နာမ်အားလုံး ချုပ်ငြိမ်းနေသော နိဗ္ဗာန်သည် အဘယ်မှာ မချမ်းသာပဲ ရှိအံ့နည်း။

**ထင်ရှားရှိသောနိဗ္ဗာန်။** ။ထိုသန္တိသုခ နိဗ္ဗာနဓာတ် တရားမြတ်သည် ဘာမျှမရှိသော(အဘာဝ) ပညတ် မဟုတ်ပါ။ အများဆိုင် ဘုံပစ္စည်းကဲ့သို့ တပါးတည်းလည်း မဟုတ်ပါ။ ကိုယ့်နိဗ္ဗာန်နှင့် ကိုယ် အသီးသီး ရကြပါသည်။ ထို့ကြောင့်ပင် ရဟန္တာ အရှင်တို့သည် ခန္ဓာကိုယ် ထင်ရှားရှိစဉ် မိမိသိအပ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် ဝင်စား၍ နေလေ့ရှိကြပါသည်၊ ထို သမာပတ် ဝင်စားခိုက်၌

www.dhammaransi.com



နိဗ္ဗာန်ကိုအာရုံပြု၍ နေရသည်မှာ အလွန်သုခ ရှိပါသည်တဲ့၊ ထို့ကြောင့်ပင် ထေရာ့ထေရီအလီလီတို့ ရွှေပြည်နိဗ္ဗာန် ဝင်စံခါနီးဝယ် ဥဒါန်းကျူးကာ ရုပ်နာမ်ခန္ဓာဝန်ကြီးကို အပြီးသတ် ပစ်ချတော်မူကြပါသည်။

ရတနသုတ် ပါဠိတော်

ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သန္တံ၊ ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသေ အေးမြပေထသော။ ခယံ၊ ရုပ်နာမ်ဆူဆူ အပူခပ်သိမ်း ကုန်ငြိမ်းကြောင်းလည်း ဖြစ်ပေထသော။ ဝိရာဂံ၊ ရုပ်နာမ်အဆက် အကုန်ပျက်သဖြင့် မတပ်မက်ကြောင်းလည်း ဖြစ်ပေထသော။ အမတံ၊ ဇရာမရဏ ရှာမရအောင် ကာလပုံသေ အမြဲတေလည်း ဖြစ်ပေထသော။ ပဏီတံ၊ အရသာရှိ စားဖွယ်၏သို့ သိ၍မဝ မွန်မြတ် ပေထသော။ ယံ ဓမ္မံ၊ အသခ်တ နိဗ္ဗာနဓာတ် အကြင် တရားတော်မြတ်ကို။ သမာဟိတော၊ ဘာဝနာ ကမ္မဋ္ဌာန်း လွန်ကြိုးပမ်းသဖြင့် စိတ်စွမ်းတည်ဘိ သမာဓိ ရှိတော်မူသော။ သကျမုနိ၊ သာကီနွယ်ဖွား ငါတို့ဘုရားသည်။ အဇ္ဈဂါ၊ ဗောဓိအောင်မြေ ပလ္လင်ဗွေ၌ လေးထွေသစ္စာ သိသောခါဝယ် ကောင်းစွာလှလှ ရတော်မူခဲ့လေပြီ။

တေန ဓမ္မေန၊ အသခ်တ နိဗ္ဗာနဓာတ် ထိုတရားတော်မြတ်နှင့်။ သမံ၊ တန်းတူထား၍ ရှုစားလောက်သော။ ကိဉ္စိ၊ တမျိုးတခြား တရားဆိုင်ရာ တစုံတခုသော ရတနာသည်။ န အတ္ထိ၊ လူဘုံ နတ်ရောက် အကုန်ပေါက်အောင် မွှေနှောက်ရှာဖွေ မရှိပါချေ။ ဓမ္မေ၊ အသခ်တ နိဗ္ဗာန ဓာတ် တရားမြတ်၌။ ပဏီတံ၊ တရားများစွာ ရတနာထက် ကဲသာမြတ်မွန် တုဘက်လွန်သော။ ဣဒမ္ပိ ရတနံ၊ ရတနာဖြစ်ကြောင်း ကောင်း

ထက်ကောင်းသည့် ဂုဏ်ပေါင်းကိုခြုံ ဤခယာဝိရာဂ စသော ဂုဏ်တော်သည်။ အတ္ထိ၊ စင်စစ်ဧကန် အမှန်မသွေ ရှိပါပေ၏။ ဧတေန သစ္စေန၊ မှန်ကန်လှစွာ ဤဝစီသစ္စာ ကြောင့်ပါဏိနံ၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလို များလူပိုလ်တို့အား။ သုဝတ္ထိ၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

နိဗ္ဗာန်=ပရိနိဗ္ဗာန် ပြည့်စုံပြီ။

## မဟာသုဒဿန သုတ်တော်

**အရှင် အာနန္ဒာ လျှောက်ခြင်း။** ။အရှင် အာနန္ဒာသည် ပရိနိဗ္ဗာန် စံတော်မူရာ ညောင်စောင်းငယ်၌ လျောင်းတော်မူသော ဗုဒ္ဓမြတ်စွာအား လျှောက်ထားသည်မှာ—မြတ်စွာဘုရား....သေးငယ်သော၊ မြေအနေအထားမညီညွတ်သော၊ အခြားမြို့ကြီးများ၏ အခက်အလက်ဖြစ်သော ဤမြို့ကလေး၌ ပရိနိဗ္ဗာန် စံတော်မမူသင့်ပါ။ အခြားသော စမ္ပါ၊ ရာဇဂြိုဟ်၊ သာဝတ္ထိစသော မြို့ကြီးများ၌ ပရိနိဗ္ဗာန် စံသင့်ပါသည်။ ထိုမြို့များ၌ရှိကြသော မင်း ပုဏ္ဏား သူဌေး သူကြွယ်တို့သည် ဗုဒ္ဓမြတ်စွာ၏အလောင်းတော်ကို ပူဇော်ကြပါလိမ့်မည်။ ဤသို့ လျှောက်သောအခါ....

**ကုသာဝတီ မင်းနေပြည်။** ။အာနန္ဒာ ဤကုသိနာရုံမြို့ကို"မြို့ကြီးများ၏ အခက်အလက်နှင့်တူသော မြို့ငယ်ကလေး"ဟု မပြောနှင့်။ ငါဘုရားသည် ဤမြို့နေရာ၌ မဟာသုဒဿန စကြာမင်း ဖြစ်စဉ်က"ကုသာဝတီ"မည်သော နေပြည်တော်ကြီး ဖြစ်ခဲ့ဘူးပြီ။ ထိုကုသာဝတီ မင်းနေပြည်သည် အလျား တဆယ့်နှစ်ယူဇနာ အနံ ခုနစ်ယူဇနာ တိုင်အောင်ကျယ်ဝန်း၏။"အာဠကမန္ဒာ"မည်သောနတ်တို့၏မင်းနေပြည် ကဲ့သို့ သာယာဝပြော အစားပေါ၏။ မြို့နေသူ လူအများရှိ၏။ လူအမျိုးစုံလည်း ရောပြွမ်းနေ၏။ ဆင်သံမြင်းသံရထားသံ တီးမှုတ်သံတို့ဖြင့် အလွန် စည်စည်ညံညံရှိ၏။"စားလှည့်ကြပါ၊သောက်လှည့်ကြပါ"ဟု ကြွေးကြော်

www.dhammaransi.com



သံလည်း ညှိလျက်နေ၏။ [မြို့-ရွာ ဟူသည် ရဟန်းတော်များ၏ ကျောင်းတိုက်ကဲ့သို့ ဆိတ်ငြိမ်မနေရ။ သို့သော် အသံချဲ့စက်တို့ဖြင့် ဆူညံခြင်းကား သူများ အနှောင့်အယှက်ဖြစ်၍ ရှိင်းသည်။]

**မြို့ရိုးခုနစ်ထပ်။** ။အာနန္ဒာ...ကုသာဝတီမင်းနေပြည်ကို မြို့ရိုးခုနစ်ထပ်ဖြင့် ကာရံအပ်၏။ ရွှေမြို့ရိုး၊ ငွေမြို့ရိုး၊ ကျောက်မျက်ရွဲမြို့ရိုး၊ ဖလ်မြို့ရိုး၊ ပတ္တမြားနီမြို့ရိုး၊ ပတ္တမြားပြောက်မြို့ရိုး၊ ရတနာပေါင်းစုံမြို့ရိုး ဤသို့ မြို့ရိုးခုနစ်ထပ်ဖြင့် ကာရံအပ်၏။

**တံခါးခုနစ်ထပ်။** ။မြို့ရိုးတထပ်တထပ်၌ ရွှေတံခါးပေါက်စသော အားဖြင့်တံခါးပေါက်လည်း ခုနစ်ပေါက်ရှိ၏။ တံခါးတပေါက်တပေါက်၌ ခုနစ်တိုင် ခုနစ်တိုင်သော တံခါးတိုင်တို့ကို စိုက်ထားအပ်ကုန်၏။ တံခါးတိုင် တတိုင်လျှင် တဆယ့်ငါးတောင် လုံးပတ်ရှိ၍ တဆယ့်ငါးတောင် မြေဝင်နက်အောင် စိုက်ထားအပ်၏။ အမြင့်အားဖြင့် လူ၏ လက်ခုတ်တဖောင် တဆယ့်နှစ်ပြန်လောက်မြင့်၏။ ထိုတံခါးတိုင်တို့တွင် တချို့က ရွှေတိုင်၊ တချို့က ငွေတိုင်စသောအားဖြင့် မြို့ရိုးကဲ့သို့ ခုနစ်မျိုးရှိသည်။

**ထန်းပင်အစဉ် ခုနစ်ထပ်။** ။သဲတို့ဖြင့် ရောပြွမ်းသော ညီညာသော မြေအပြင်ဝယ် မြို့ရိုးခုနစ်ထပ်တို့၏ အကြား၌ ထန်းပင်အစဉ် ခုနစ်ထပ်ရှိကုန်၏။ အမြင့်အားဖြင့် အတောင် ရှစ်ဆယ် ရှိကုန်၏။ ရွှေထန်းပင်အစဉ်၊ ငွေထန်းပင်အစဉ် စသောအားဖြင့် ရတနာခုနစ်ပါးဖြင့်ပြီးသော ထန်းပင်အစဉ်များ ဖြစ်၏။ လေတိုက်သောအခါ ထန်းပင်များ၏ အရွက်တို့မှ သာယာနာပျော်ဖွယ်အသံများ ပေါ်ထွက်ကုန်၏။ ထိုအသံသည် ကောင်းစွာ ကျွမ်းကျင်သူတီးအပ်သော တူရိယာသံနှင့် တူ၏။ ထိုအခါတုန်းက သေသောက်ကြူးတို့သည် ထိုထန်းရွက်တို့၏ အသံဖြင့် ကကြ ခုန်ကြ မြူးပျော်ကြလေသည်။

www.dhammaransi.com



**ဥပုသ်စောင့်သုံး၍ ကောင်းမှုတို့ကိုဆင်ခြင်ခြင်း** မဟာ သုဒဿနမင်းသည် ဥပုသ်နေ့တိုင်း၌ နံနက်စောစောကပင် တသိန်းကုန် အလှူကို လှူလေ့ ရှိ၏။ ထို့နောက် နံ့သာ ရေအိုး တဆယ့်ခြောက်လုံးတို့ဖြင့် ခေါင်းလျှော်ရေချိုးပြီး၍ နံနက်စာ သုံးဆောင်တော်မူ၏။ ထို့နောက် ဥပုသ်စောင့်သုံး ပြီးလျှင် သန့်ရှင်းဖြူစင်သော အဝတ်ကို လက်ကန်တော့တင်၍ နန်းတော်ပြာသာဒ်၏ အထက်ထပ်ဝယ် တင်ပလ္လင်ခွေ၍ ထိုင်နေကာ မိမိ၏ ဒါန သီလ စသော ကောင်းမှု အပေါင်းကို ဆင်ခြင်လေ့ရှိ၏။

**စကြာရတနာ ဆိုက်ရောက်လာခြင်း။** ။ထို ဥပုသ်နေ့၌လည်း ထိုကဲ့သို့ အလှူကြီး ပေးပြီးလျှင် ဥပုသ်စောင့်သုံး၍ မိမိ၏ကောင်းမှုကို ဆင်ခြင်နေစဉ်၊ မြို့သူမြို့သား လူအများတို့လည်း ညနေစာထမင်းကို စားပြီး၍ မိမိတို့ အိမ်တံခါးပေါက် အနီးဝယ် ခင်းထားအပ်သော ခုံ၌ထိုင်၍ စကားစမြည် ပြောဆိုနေကြကုန်စဉ်၊ လမ်း၌ ကလေးများလည်း ကစားနေကြကုန်စဉ်၊ အရှေ့ ကောင်းကင်၌ လပြည့်ဝန်းကြီး နှစ်စင်းထွက်လာသကဲ့သို့ ထင်ရလောက်အောင် လနှင့် ပြိုင်တူ အရောင်အဝန်းတခု ပေါ်လာလေသည်။ လူတို့သည် တအံ့တသြ ကြည့်ရှု ပြောဆို နေကြစဉ် အရောင်အဝန်း တခုသည် လပြည့်ဝန်းမှ တဖြေးဖြေး ဝေးကွာ၍ အောက်ဘက်သို့ နိမ့်ကာ နိမ့်ကာ ကုသဝတီ နေပြည်တော်သို့ ရှေးရှု လာလေသည်။ လူအများလည်း စကြာရတနာ လာရာသို့ ရှေးရှု သွားကြကုန်၏။ ထိုစကြာရတနာ သည်လည်း မဟာ သုဒဿနမင်း၏ အကျိုးငှါ မိမိလာရကြောင်းကို သိစေသကဲ့သို့ မြို့ရိုး၏ အထက်၌ ခုနစ်ကြိမ်တိုင်တိုင်လှည့်ပြီးမှ နန်းတော်ကို လကျ်ာရစ်လှည့်၍ ခြင်္သေ့ခံသော ပလ္လင်၏တည်ရာအရပ်၌ အလွန်လည်းမမြင့် အလွန်လည်း မနိမ့်ပဲ နံ့သာ ပန်း စသည်တို့ဖြင့် ပူဇော်လိုသူတို့ လှမ်း၍ရှင်း၊ ပစ်တင်၍ရှင်း၊ လွယ်ကူစွာ ပူဇော်နိုင်လောက်သောအရပ်၌ ရပ်တည်နေလေသည်။

**စကြာရတနာကို ကြည့်ရှုခြင်း။** ။မဟာ သုဒဿန မင်းသည် ထက်ဝယ် ဖွဲ့ခွေထိုင်နေ၍ မိမိ၏ ကောင်းမှု တို့ကို

www.dhammaransi.com



ဆင်ခြင်နေစဉ် နန်းတော်၏ တံခါးပေါက်တို့မှ ဝင်လာသော အရောင်အဝါကိုမြင်ရ၍ ထိုအရောင်အဝါ ပေါ်လာရာ အရပ်ကို ကြည့်ရှုလိုသော ဆန္ဒ ဖြစ်နေစဉ် အခြွေအရံ အပေါင်းက အလွန်ချစ်စရာကောင်းသော စကားလက်ဆောင်ဖြင့်လာ၍စကြာရတနာ ဆိုက်ရောက်နေပါကြောင်းကို သံတော်ဦး တင်ကြလေသည်။ ထိုအခါ မဟာသုဒဿနမင်းသည် လွန်စွာ နှစ်သက်ဝမ်းမြောက်သော ပီတိ သောမနဿစိတ်ဖြင့် တကိုယ်လုံး ပျံ့နှံ့၍ တင်ပလ္လင်ခွေကို ဖြေပြီးလျှင် ခြသေ့်ခံသော တံခါးအနီးသို့ သွား၍ ထို စကြာရတနာကို မြင်ရသောအခါ ''ငါသည်စကြာမင်းဖြစ်လေသလော'' ဟု စဉ်းစားမိလေသည်။

**စကြာရတနာ၏ အကြောင်းအရာ။** ။စကြာရတနာ ဟူသည် ယခုအခါ မြင်နေရသော လှည်းဘီးကဲ့သို့ ပုံသဏ္ဌာန်ရှိသော စက်ဝိုင်းတမျိုးပင်တည်း။ ထိုစက်ဝိုင်း၌ ''အကန့်=ဒေါက်ဆံ'' ဟု ခေါ်အပ်သော အရာဝတ္ထုသည် တထောင်တိတိ ပါရှိ၏၊ ယခု လှည်းဘီးများကဲ့သို့ အကန့် ဒေါက်ဆံ တို့၏ ဘေး ပတ်လည်၌ အကွပ်တကူ ပါရှိ၏၊ အလည် တည့်တည့်၌ ပုံတောင်း (ပဒေါင်း) လည်း ပါရှိ၏။ သို့သော် ထို ပဒေါင်းသည် ဝင်ရိုး ထိုးလောက်အောင် ထုတ်ချင်းပေါက်သော အပေါက် မဟုတ်။ ဘေး ၂-ဖက်၌ အပေါက်အရာသာရှိသည်၊ ထိုပဒေါင်းသည် ဣန္ဒနီလာ ပတ္တမြား အတိ ပြီး၏။ အလယ်၌ အပေါက် နေရာသည် အလွန်ကောင်းသော ငွေ အတိ ပြီး၏၊ ထို ပဒေါင်းအပေါက်၌ သန့်ရှင်းစင်ကြယ်၍ ပြေပြစ် ညက်ညောသော သွား ပုံသဏ္ဌာန် ပါရှိ၏။ (ခွေးသွားစိတ် မျိုးတည်း)။ ထို သွား ပုံသဏ္ဌာန်ကြောင့် စကြာရတနာသည် ပြုံးနေသကဲ့သို့တင့်တယ်၏။

ထိုပဒေါင်းပေါက်သည် လစန်းကဲ့သို့ ဝန်းဝိုင်း၏၊ နှစ်ဖက်အစွန်းတို့၌ ငွေပြားဖြင့် ကွပ်ထား၏။ ပဒေါင်း၌ရင်း၊ ပဒေါင်းအပေါက်၌ရင်း၊ ပတ် ဝန်းကျင် ငွေပြားတို့၌ရင်း၊ အရေးအသားကလေးတွေ အလွန် ထင်ရှားစွာ ပေါ်နေ၏။ ပဒေါင်းနှင့် အကွပ်တို့၏ အကြား၌ အကန့်ဒေါက်ဆံတို့ကို ရတနာ ခုနစ်ပါးဖြင့် ပြုလုပ်ထားအပ်၏။ နေရောင်ကဲ့သို့ အရောင်လည်း

www.dhammaransi.com



ထွက်ကုန်၏။ ထို အကန့် ဒေါက်ဆံတို့၌ အရေးအကြောင်းတို့သည် တချို့က ရေအိုးငယ် ပုံသဏ္ဌာန်ရှိ၍ တချို့က ပတ္တမြားရွဲလုံးငယ် ပုံသဏ္ဌာန်ရှိ၏၊ သူ့နေရာနှင့်သူ လှပအောင် ခွဲခြားထားသောကြောင့် ထိုအကန့် ဒေါက်ဆံတို့သည် အလွန်ကြည့်ရှုဖွယ် တင့်တယ်ကုန်၏။ အကန့် ဒေါက်ဆံတို့၏ ဘေးပတ်ဝန်းကျင်က အကပ်တကူသည်လည်း တက်သစ်စ နေရောင် အခေါင်းကဲ့သို့ နီမြန်းသော ဟန်ရှင်းသော ပြေပြစ် ညက်ညောသော သန္တာခေါ်သော ရတနာများ ဖြစ်ကြ၏၊ အကပ်တကူ အဆက် အဆက်တို့၌ နီမြန်းသော ဇမ္ဗူရစ် ရွှေပြားတို့သည် အကပ်တကူ တခုနှင့်တခု ခြားနားအောင် လုံးသော အရေးအသားတို့ဖြင့် ပိုင်းပိုင်းခြားခြား ထင်ရှားကုန်၏။

အကပ်တကူအဝိုင်း၏ ဘေးအပြင်၌ကား (ယခုအခါ လှည်းဘီးတို့၌ ပတ်ဝန်းကျင်အဆုံးဝယ် တပ်ထားအပ်သောသံပတ်၊ စက်ဘီးတို့၌ပတ်ဝန်းကျင်အဆုံးဝယ် တပ်ထားအပ်သော တာယာတို့ကဲ့သို့ နေရာမျိုး၌ကား) အကန့် ဒေါက်ဆံ ဆယ်ခု ဆယ်ခုတို့၏ အကြားတိုင်အောင်ဝင်သွားသော သန္တာရိုးတံ ရှိ၏။ ထို သန္တာရိုးတံ၌ ပုလွကဲ့သို့ ဝိုင်းစန်းသောအပေါက် ရှိရကား အပြင်ဘက်က လေကို ယူနိုင်၏။ ထို့ကြောင့် ကောင်းကင်သို့ လည်သောအခါ ထိုအပေါက်တို့မှ ဝင်လာသော လေသံသည် ကျွမ်းကျင်သူတို့ တီးအပ်သော တူရိယာသံကဲ့သို့ အလွန် သာယာဖွယ် ကောင်း၏။ ထို သန္တာရိုးတံ၏ အထက်၌ ထီးဖြူ ပါရှိ၏။ ထို ထီးဖြူ၏ ဘေး ၂-ဖက်တို့၌ တွဲလျားကျသော ပန်းကုံး အစဉ်အတန်း နှစ်တန်းပါရှိ၏။

ထို့ကြောင့် အကန့်ဒေါက်ဆံ ဆယ်ခု ဆယ်ခုတို့၏ အကြားအကြား၌ သန္တာရိုးတံ တခု တခု ပါသောကြောင့် စကြာရတနာဝယ် သန္တာရိုးတံ ပေါင်း တရာရှိ၏။ သန္တာရိုးတံ တရာ၏ အပေါ်၌ ထီးဖြူတရာရှိ၏။ ထီးဖြူ၏ ဝဲယာ၌ ပန်းကုံး အစည်းပေါင်း နှစ်ရာ ရှိ၏။ ထိုမျှလောက်သော အဆောင်အယောင်ဖြင့် တင့်တယ်သော အကပ်တကူ အဝန်းအဝိုင်းဝယ် နှစ်ဖက်သောပဒေါင်းပေါက်တို့၏အဆုံး၌ခြင်္သေ့နှုတ်ခမ်းကဲ့သို့အပေါက်ဝ နှစ်ခုရှိ၏။ ထိုအပေါက်ဝနှစ်ခုမှ ပုလဲသွယ် နှစ်ခုတို့သည် တွဲရရွဲ ဆွဲနေ

www.dhammaransi.com



ကုန်၏။ ထိုပုလဲသွယ်တို့သည် တသွယ်မကာ စုပေါင်း၍ တည်နေသော ကြောင့် တသွယ် တသွယ်လျှင် ထန်းပင်လုံးပမာဏ ရှိ၏၊ လပြည့်ဝန်း၏ အရောင်အပေါင်းကဲ့သို့ အလွန် တင့်တယ်ကုန်၏။ ထိုစကြာရတနာသည် ကောင်းကင်သို့ လည်၍သွားသောအခါ ထိုပုလဲသွယ် နှစ်သွယ်တို့ကလည်း ဝဲဘက် ယာဘက်၌ လှည့်ပတ်လျက် လည်နေသောကြောင့် စကြာကြီး သုံးခုတို့ တပေါင်းတည်း လည်နေသကဲ့သို့ ထင်ရပေသည်။ ဤကား စကြာ ရတနာ၏ အကြောင်းအရာတည်း။

**စကြာရတနာကို လည်စေခြင်း** မဟာသုဒဿနမင်းသည် စကြာရတနာကို မြင်ရသောအခါ ခြုံထားအပ်သော အဝတ်ကို လက်ကန်တော့ တင်ပြီးလျှင် လက်ဝဲလက်ဖြင့် ရွှေကရားကို ကိုင်၍ လက်ျာလက်ဖြင့် စကြာရတနာ၏အထက်၌ ရေကိုသွန်းလောင်းရင်း "အရှင် စကြာရတနာ လည်တော်မူပါ။ အရှင် စကြာရတနာ အောင်တော်မူပါ" ဟု ပြောဆိုလေသည်။ ထိုစကား၏ အခြားမဲ့၌ပင် စကြာ-ရတနာသည် မဟာသုဒဿနမင်းကို ဆောင်ယူကာ ကောင်းကင်သို့ တက်သွား၍ အစဆုံး လည်ခြင်းဖြင့် လည်၏။ ထိုအချိန်မှစ၍ မဟာသုဒဿနမင်းကို "စကြာရတနာအရှင်=စကြာမင်း" ဟု ခေါ်နိုင်လေသည်၊ စကြာရတနာ ကောင်းကင်သို့ တက်သောအခါ မင်း၏ အခြွေအရံ ဖြစ်သော နန်းတွင်းသူ လူအများနှင့်တကွ အိမ်ရှေ့မင်း စသော အခြွေအရံများ လည်း ကောင်းကင်သို့ လိုက်သွား၍ မင်းကို ခြံရံကြလေသည်။

**တိုင်းသူ ပြည်သားများ လိုက်ပါပုံ** လိုက်လိုသော တိုင်းသူပြည်သားသို့ လိုက်နိုင်ခြင်း အကျိုးငှါ မြို့တော်၌ စည်လည်စေ၏။ များစွာသော လူတို့ကား စကြာ ရတနာ၏ အသံကို ကြားတုန်းကပင် မိမိတို့ ကိစ္စကို ပယ်၍ နံ့သာပန်း စသည်ကို လက်စွဲကုန်လျက် စုဝေးပြီး ဖြစ်၏၊ ထိုလူအပေါင်းတို့သည်လည်း ကောင်းကင်သို့ လိုက်သွား၍ စကြာမင်းကို ခြံရံကြကုန်၏။ မင်းနှင့်အတူ လိုက်လိုသောစိတ်ရှိသူ ဟူသမျှသည် ကောင်းကင်သို့ ရောက်နိုင်ကြသည်သာ။ ဤနည်းအားဖြင့် စကြာရတနာ၏နောက်၌ စကြာမင်း၏ အခြံအရံ ပရိသတ်

www.dhammaransi.com



သည် အလျား အနံ တဆယ့်နှစ်ယူဇနာ ရှိ၏။ ထို ပရိသတ်တွင် အင်္ဂါ ချွတ်ယွင်းသူလည်း မပါ၊ အဝတ်အစား ညစ်နွမ်းသူလည်း မပါ၊ သန့်ရှင်းသော အဝတ်ကိုသာ ဝတ်၍ လိုက်ပါကြလေသည်။

**စကြာရတနာ လှည့်လည်ပုံ** စကြာရတနာသည် ထို ပရိသတ်ကြီးကို ဆောင်ယူ၍ သစ်ပင် ထိပ်ဖျားတို့၏ အထက်၌ အလွန်လည်း မမြင့်၊ အလွန်လည်း မနိမ့်သော ကောင်းကင်အရပ်ဖြင့် လှည့်လည်၏။ စကြာရတနာ ပရိသတ်သည် သစ်ပင်တို့၏ အပွင့် အသီး အညွန့်တို့ကို ခူးလိုလျှင် လက်လှမ်း၍ ခူးနိုင်၏။ မြေ၌တည်သူ လူတို့ကလည်း "ဤသူသည် စကြာမင်း၊ ဤသူသည် အိမ်ရှေ့မင်း၊ ဤသူသည် စစ်သူကြီး" ဤသို့ ကွဲကွဲပြားပြား မြင်နိုင်၏။ ပရိသတ်အများတွင် ရပ်လိုသူက ရပ်၍ လိုက်နိုင်၏။ ထိုင်လိုသူက ထိုင်၍ လိုက်နိုင်၏။ လျောင်းလိုသူက လျောင်း၍ လိုက်နိုင်၏။ ပုံဆွဲခြင်း စသော အတတ်ကို တတ်သူတို့ကလည်း မိမိတို့ ကိစ္စကိုပြု၍ လိုက်နိုင်ကုန်၏။ ဤသို့ လှည့်လည် သွားလာနေသော စကြာရတနာသည် ပြအပ်ပြီးသော ပရိသတ်ကြီးကို ဆောင်၍ မြင်းမိုရ်တောင်၏ ဝဲဘက်ကျသော မဟာသမုဒ္ဒရာ၏ အထက်အရပ်ဖြင့် ယူဇနာ ၇-ထောင်ရှိသော အရှေ့ကျွန်းသို့ သွားလေသည်။

**အရှေ့ကျွန်း မင်းများ** စကြာမင်း၏ပရိသတ်သည် အဝန်းအဝိုင်းအားဖြင့် သုံးဆယ့်ခြောက်ယူဇနာ ရှိ၏။ ထိုမျှလောက်သော ပရိသတ်တို့ နေထိုင်လောက်သော၊ အစာအာဟာရလည်း ရလွယ်သော၊ အရိပ် ရေတို့နှင့်လည်း ပြည့်စုံသော၊ သန့်ရှင်း စင်ကြယ်သော မြေအပြင်ရှိသော အရပ်၏ အထက်အတိုင်၌ ထို စကြာရတနာသည် ရပ်တည်နေ၏။ စကြာရတနာ ရပ်နေသောကြောင့် လိုက်ပါလာသော လူအပေါင်းလည်း သက်ဆင်း၍ ရေချိုးခြင်း၊ စားသောက်ခြင်း စသော အလိုရှိရာ ကိစ္စကိုပြု၍ နေကြစဉ် စကြာမင်းလည်း ထိုအရပ်၌ စစ်အင်္ဂါ လေးပါးနှင့်တကွ ခေတ္တ နေထိုင်လေသည်။ စကြာမင်း ရောက်လာသော အခါ အရှေ့ကျွန်း၌ နေကြသော မင်းအများတို့သည် "အခြား မင်းတပါး ရောက်လာပြီ" ဟု ကြားရသော်လည်း စကြာရတန၏ တန်ခိုးကြောင့်

www.dhammaransi.com



စစ်သည်ဗိုလ်ပါ စုရုံးမှုကို မပြုကြပဲ မိမိတို့၏ စည်းစိမ် အားလျော်စွာ လက်ဆောင်ယူပြီးလျှင် "မဟာရာဇာ....ကြွတော်မူပါ။ အရှင်မင်းမြတ်၏ ကြွလာခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါ၏။ အကျွန်ုပ်တို့ ပြုဘို့ရာ အလုပ်ရှိလျှင် အမိန့်ပေးတော်မူပါ" ဤသို့ သံကောဝိုး တင်ကြသော အခါ....

**စကြာမင်း၏ ဩဝါဒ**

စကြာမင်းသည် အလွန်ချိုသာသော အသံဖြင့် ပါဏာ-တိပါတ စသော အမှုတို့၏ အပြစ်ကိုပြော၍ "သူ့အသက်ကို မသတ်ထိုက်ပါ။ ဥစ္စာရှင်တို့ ကျေကျေနပ်နပ် မပေးအပ်သော သူ့ဥစ္စာကို မယူထိုက်ပါ။ ကာမဂုဏ်တို့၌ မတော် မတရား မှားမှားယွင်းယွင်း မပြုထိုက်ပါ။ မုသား မပြောထိုက်ပါ။ သေရည် အရက်ကို မသောက်ထိုက်ပါ"။ ဤသို့ ငါးပါးသီလ စောင့်ထိန်းဘို့ရန် ပြော၍ "အခွန်အတုပ် ကောက်ခံရာ၌လည်း ရှေးမင်းကောင်းတို့၏ အစဉ်အလာ အတိုင်းသာ ကောက်ခံကြပါ"ဟု ပြောလေသည်။ အားလုံးသော မင်းများလည်း "မဟာသုဒဿန စကြာမင်း"၏ နောက်လိုက် အဖြစ်ဖြင့် ဝန်ခံကြလေသည်။

**သမုဒ္ဒရာ အတွင်းသို့ သက်ဆင်းခြင်း**

အရှေ့ကျွန်း၌ မင်းအများကို ဩဝါဒပေးပြီးသော အခါ လိုက်ပါလာသောလူအများလည်း နံနက်စာ စားပြီးပြီဖြစ်၍ စကြာရတနာသည် မဟာသုဒဿန မင်း၏ အလိုအားဖြင့် ကောင်းကင်သို့ တက်ပြီးလျှင် မြင်းမိုရ်တောင်၏ အရှေ့ဘက် သမုဒ္ဒရာအတွင်းသို့ သက်ဆင်းလေသည်။ စကြာရတနာ ဆင်းလာသောအခါ ရေအပြင်သည်လည်း ရှေးဦးစွာ အောက်သို့ လျော့၍ လျော့၍ သွား၏။ တယူဇနာမျှ အောက်သို့ရောက်သောအခါ ဘေးပတ်ပတ်လည် ရေပြင်ကြီးက ကျောက်မျက်ရွှဲနံရံကြီး ကာထားသကဲ့သို့ တည်နေ၏။ တယူဇနာမျှလောက်သော ရေပြင်ပေါ်၌ စကြာရတနာ ရပ်တည်နေ၏။

သမုဒ္ဒရာအပြင်ဝယ် အမျိုးမျိုးသော ရတနာတို့သည် ထိုအရပ်၌ ပြည့်နေကုန်၏။ စကြာမင်း ပရိသတ်သည် ရတနာတို့ကို အလိုရှိတိုင်း ယူ

www.dhammaransi.com



ကြ၏။ ထိုသို့ ယူပြီးသောအခါ စကြာရတနာသည် ပြန်၍ ဆုတ်လာ၏။ စကြာရတနာ ပြန်၍ဆုတ်လာသောအခါ လာတုန်းက နောက်ဆုံးဖြစ်သော ပရိသတ်သည် ရှေ့ကဖြစ်နေ၏။ စကြာမင်းသည် အလယ်၌ ရောက်နေ၏။ စကြာရတနာသည် အဆုံး၌ ဖြစ်နေ၏။ သမုဒ္ဒရာရေအပြင်သည် ပြန်၍ ဆုတ်သွားသော စကြာရတနာနှင့် ကွဲကွာရမည်ကို မခံနိုင်သကဲ့သို့ လည်နေသော စကြာရတနာ၏ အကွပ်တကူကို ထိလျက် ထိလျက် လိုက်လာသည်။

**တောင်ကျွန်း စသည်သို့ လှည့်လည်တော်မူခြင်း**

ဤနည်းအားဖြင့် စကြာမင်းသည် အရှေ့ မဟာသမုဒ္ဒရာ အဆုံးအပိုင်းအခြားရှိသော အရှေ့ကျွန်းကို အောင်တော်မူပြီး၍ တောင်သမုဒ္ဒရာ အပိုင်းအခြား ရှိသော တောင်ကျွန်းကို အောင်တော်မူလိုသောကြောင့် စကြာရတနာ ညွှန်ပြအပ်သော လမ်းဖြင့် မြင်းမိုရ်တောင်၏ တောင်ဘက်သမုဒ္ဒရာသို့ ရှေးရှုသွားပြီးလျှင် တောင်ကျွန်းသို့ ရောက်သောအခါ စကြာရတနာ ရပ်တန့်ပုံ၊ တောင်ကျွန်း၌ရှိသော မင်းအများတို့ လာရောက်ခစားကြပုံ၊ ထိုမင်းများကို ဩဝါဒပေးပြီး၍ တောင်ကျွန်းသမုဒ္ဒရာ၌ သက်ဆင်းပုံ၊ ပြန်လာပုံ အစီအစဉ်မှာ အရှေ့ကျွန်းအတိုင်းပင်တည်း။

တောင်ကျွန်း၌ရှိသော မင်းများနှင့်တကွ တောင်သမုဒ္ဒရာကို အောင်နိုင်ပြီး၍၊ အနောက်ကျွန်း၌နေသော မင်းများနှင့်တကွ အနောက်သမုဒ္ဒရာကို အောင်နိုင်ပုံကိုရင်း၊ ထို့နောက် မြောက်ကျွန်း၌ရှိသော မင်းများနှင့်တကွ မြောက်သမုဒ္ဒရာကို အောင်နိုင်ပုံကိုရင်း ရှေးနည်းအတိုင်းပင် သိနိုင်ပါပြီ။ ဤသို့ အောင်နိုင်ပြီးသောအခါ ရောက်မှ "သမုဒ္ဒရာလေးစင်း အဆုံး အပိုင်းအခြားရှိသော လေးကျွန်းလုံးကို အစိုးရသော စကြာမင်း" ဟု ဆိုရမယသည်။

ထိုသို့ သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော လေးကျွန်းလုံးကို အောင်ပြီး၍ စကြာရတနာ ညွှန်ပြအပ်သော ကောင်းကင်လမ်းဖြင့် မိမိ

www.dhammaransi.com



၏ ကုသဝတီ နေပြည်တော်သို့ ပြန်လာခဲ့၏။ ပြန်ရောက်သော အခါ စကြာရတနာသည် နန်းဆောင်အတွင်း၏ တံခါးပေါက်ကို တန်ဆာဆင်သကဲ့သို့ ရပ်တည်နေ၏။ ညဉ့်ကာလ၌ မီးထွန်းဘွယ်မလို။ စကြာရတနာ အရောင်သည်သာ ညဉ့်အမှောင်တို့ကို ပယ်နိုင်၏။ အမှောင်ကို အလိုရှိသူတို့ အတွက်မှာ အမှောင်လည်း ရနိုင်ပါ၏။ ဤကား စကြာရတနာဖြင့် လေးကျွန်းလုံးလှည့်လည်ပုံနှင့် အောင်နိုင်ပုံအစဉ်တည်း။

## ဆင်ပျံတော်ရတနာ အကြောင်း

**နေရာပြင်ဆင်ထားပုံ။** ။စကြာရတနာ ဖြစ်ပေါ်လာသော အခါမှစ၍ "အခြားသော ရတနာများလည်း ဖြစ်ပေါ်လာလိမ့်မည်"ဟု သိကြသော အမတ်တို့သည် မင်္ဂလာ ဆင်တော် ထားရာ အရပ်ကို သန့်ရှင်းစင်ကြယ်သော မြေအပြင်ရှိအောင်ပြုစေပြီး၍ စန္ဒကူး ရွှေ အစရှိသော နံ့သာတို့ဖြင့် သုတ်လိမ်းပြီးလျှင် အောက်အပြင်၌ ဆန်းကြယ်သော အဆင်းအနံ့ရှိသော ပန်းအမျိုးမျိုးတို့ကို ဖြန့်ထားကြ၏။ အထက်၌ ရွှေကြယ်တို့၏ အကြား အကြားဝယ် တွဲလျား ကျသော နှစ်သက်ဘွယ် ပန်းကုံးတို့ဖြင့် တန်ဆာဆင်အပ်သော ဗိတာန် မျက်နှာကြက်ကို ပြုစီမံပြီး၍ "အရှင်မင်းမြတ် ဆင်ပျံတော်ရတနာ ဆိုက်ရောက်လာဘို့ရန် ကြံစည်တော်မူပါ"ဟု သံတော်ဦးတင်ကြကုန်၏။

**ဆင်ပျံတော်ရတနာ ဆိုက်ရောက်လာပုံ။** ။ထိုစကြာမင်းသည် ရှေး၌ဆိုအပ် ပြီးသော နည်းဖြင့် ကြီးစွာသော အလှူဒါနကို ပေးလှူပြီး၍ရှင်း၊ ဥပုသ်သီလကို ဆောက်တည်ပြီး၍ရှင်း၊ မိမိကောင်းမှု၏ပြည့်စုံပုံကို ဆင်ခြင်လျက် စဂါနုဿတိ ဘာဝနာ ပွါးများ၍ နေလေသည်။ ထိုအခါ စကြာမင်း၏ ကောင်းမှု အာနုဘော်သည် နှိုးဆော်အပ်သည်ဖြစ်၍ ဆဒ္ဒန်ဆင်မျိုးမှသော်ရှင်း၊ ဥပေါသထဆင်မျိုးမှသော်ရှင်း ဆင်ရတနာ ဆိုက်ရောက်လာ၏။ ထိုဆင်ရတနာသည် ထွက်ခါစနေဝန်း၏ အရောင်ကဲ့သို့ အလွန်နီသော ခြေ၊ အလွန်နီသော လည်ပင်း၊ အလွန်နီသော နှုတ်ခမ်းတို့ဖြင့် တန်ဆာဆင်

www.dhammaransi.com



အပ်သော အလွန်စင်ကြယ်သော ဖြူသောကိုယ်ရှိ၏။ မြေ၌ တည်သော ခုနစ်ပါးသောအင်္ဂါရှိ၏။ (နှာမောင်း၊ လက်ခြေလေးဘက်၊ အင်္ဂါဇာတ်၊ အမြီးတို့တည်း။) ကောင်းသော ပုံသဏ္ဌာန်ရှိသော အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံ၏။ ပွင့်သော ပဒုမ္မာကြာနီပန်းကဲ့သို့ တင့်တယ်သော နှာမောင်း အဖျားရှိ၏။ ကောင်းကင်သို့ ပျံနိုင်၏။ ထိုကဲ့သို့ လှပတင့်တယ်သော ဆင်ပျံတော်ရတနာသည် ဆဒ္ဒန်ဆင်မျိုးမှလာလျှင် အငယ်ဆုံးဆင်သည် လာ၏။ ဥပေါသထဆင်မျိုးမှလာလျှင် အကြီးဆုံးဆင်သည်လာ၏။

**လေးကျွန်းလုံးလှည့်ပတ်ပုံ။** ။ဆင်ထိန်းတို့သည် ပြင်ဆင်ထားအပ်သော ဆင်တင်းကုပ်၌ ဆင်ပျံတော် ရတနာ ရောက်လာသည်ကို မြင်ရ၍ အလွန်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် စကြာမင်းအား သံတော်ဦး တင်ကြကုန်၏။ စကြာမင်းသည် လျင်မြန်စွာ လိုက်လာ၍ ထိုဆင်ရတနာကို မြင်ရသောအခါ ကြည်လင် ရွှင်ပျသော စိတ်ဖြင့်"ဆင်ရတနာသည် ယဉ်ကျေးပြီးဖြစ်ပါမူကား ကောင်းလေစွ"ဟု စိတ်၌ ကြံလိုက်လျှင်ပင် ယဉ်ကျေးပြီး ဖြစ်ကြောင်းကို ပြသောအားဖြင့် နှာမောင်းကို ဆန့်တန်း၍ နားရွက်တို့ကို အောက်ချလျက် စကြာမင်း၏ အနီးသို့ ကပ်လာသည်။ စကြာမင်း စီးလိုကြောင်းကို သိရ၍ အခြွေအရံ တို့က ဆင်ရတနာကို ရွှေတန်ဆာ ရွှေဇာဖြင့်ဖုံး၍ ရွှေအလံ စိုက်ပြီးလျှင် အနီးသို့ ပို့ဆောင် ကြကုန်၏။ စကြာမင်းသည် ထို ဆင်ရတနာကို အောက်မြေ၌ မဝပ်စေပဲ ၇-တောင် မြင့်သော လှေကားဖြင့် တက်၍ ကောင်းကင်သို့ သွားလိုသော စိတ်ဖြစ်၏။ ထိုအခါ ဆင်မင်းသည် လိုက် လိုသော ပရိသတ်နှင့် အတူ ယူဆောင်၍ ကောင်းကင်သို့ ပျံသွား လေသည်။ ထိုသို့ ပျံသွား၍ အရှေ့ကျွန်း အရှေ့သမုဒ္ဒရာ၊ တောင်ကျွန်း တောင်သမုဒ္ဒရာ၊ အနောက်ကျွန်း အနောက်သမုဒ္ဒရာ၊ မြောက်ကျွန်း မြောက်သမုဒ္ဒရာ စုံအောင် လှည့်ပြီးလျှင် နံနက်စာစားချိန် မရောက်မီ ပင် ကုသာဝတီ နေပြည်တော်သို့ ပြန်လာလေသည်။ [ဆင်ပျံရတနာဖြင့် လှည့်လည်ရာ၌ ထိုကျွန်း၌နေသော မင်းများကို အလွှဲ ပြောဆို ဆုံးမ ဘွယ် မလိုတော့။]

www.dhammaransi.com



မြင်းပျံတော်ရတနာအကြောင်း။ ။မြင်းပျံတော်ရတနာ ဖြစ်ပေါ်လာပုံ၊ လေးကျွန်းလုံး၌ လှည့်လည်ပုံမှာ ရှေးအတိုင်းပင်တည်း။ ထိုမြင်းရတနာသည် သိန္ဓောမြင်းမျိုးမှ လာ၏။ နီမြန်းသောခြေ ရှိ၏။ နီမြန်းသော နှုတ်သီးရှိ၏။ လရောင်အစုကဲ့သို့ ဖြူဖွေးသော သန့်ရှင်းသော ညက်ညောသော တခဲနက် လုံးသောကိုယ် ရှိ၏။ လည်ပင်းသည် ဣန္ဒနီလာ ပတ္တမြားညိုရောင်နှင့် တူ၏။ ဦးခေါင်းသည် မည်းနက်သော အဆင်းရှိ၏။ ဖြူဆံမြက်နှင့်တူသော သိမ်မွေ့သော လုံးသော ဖြောင့်သော ဆံတို့နှင့်လည်း ပြည့်စုံ၏။ ကောင်းကင်သို့ ပျံသွားနိုင်၏။ စကြာမင်းသည် ထိုမြင်းပျံတော်ရတနာကို စီး၍ နောက်ပါ ပရိသတ်တို့နှင့်တကွ လေးကျွန်းလုံးကို လှည့်ပတ်ပြီးလျှင် နံနက်စာစားချိန်မရောက်မီ နေပြည်တော်သို့ ပြန်လာလေသည်။

မဏိရတနာ။ ။မြင်းပျံတော်ရတနာဖြစ်ပြီးသောအခါ ပတ္တမြားရတနာ ဖြစ်ပေါ်လာ၏။ ထိုပတ္တမြားရတနာသည် အလျား လေးတောင်ရှိ၏။ လှည်းပဒေါင်းများ လုံးသကဲ့သို့ အညီအမျှ လုံး၏။ နှစ်ဘက်သော အစွန်းတို့မှ ထွက်ပေါ်လာသော အလွန်စင်ကြယ်သော ပုလဲနှစ်သွယ်ဖြင့်ရင်း ရွှေပဒုမ္မာတို့ဖြင့်ရင်း တန်ဆာ ဆင်အပ်၏။ အခြံအရံ ပတ္တမြားပေါင်း ရှစ်သောင်းလေးထောင် ရှိ၏။ ကြယ်တာရာအပေါင်းတို့ဖြင့် ခြံရံအပ်သော လပြည့်ဝန်း၏ အသရေကဲ့သို့ အသရေကိုဖြန့်လျက် ဝေပုလ္လတောင်မှ ထွက်ပေါ်လာ၏။ ထိုပတ္တမြားရတနာကို ပုလဲဇာကွန်ယှက်၌ ထား၍ ဝါးအဆင့်ဆင့် ဆက်ပြီးလျှင် အတောင်ခြောက်ဆယ် မြင့်သော ကောင်းကင်သို့ တင်ထားအပ်သောအခါ ညဉ့်အချိန် ငယ်ပတ်ဝန်းကျင် တယူဇနာတိုင်အောင် အရောင်အလင်းကို ဖြန့်နိုင်၏။ ထိုပတ္တမြားအရောင်သည် အရုဏ်တက်ချိန်ကဲ့သို့ ထင်ထင်ရှားရှား ဖြစ်ရကား ထိုပတ္တမြား အရောင်ကို အရုဏ်ရောင်ထင်၍ လယ်လုပ်သူတို့က လယ်ထွန်ကြ။ ဈေးရောင်းသူတို့က ဈေးတံခါး ဖွင့်ကြ၊ ထိုထို အတတ်သည်တို့က ဆိုင်ရာအလုပ်ကို ပြုလုပ်ကြလေသည်။

**မိဖုရားရတနာ။** ။ပတ္တမြားရတနာ ဖြစ်ပေါ်လာပြီးနောက် မိဖုရားရတနာ ဖြစ်ပေါ်လာ၏။ ထို မိဖုရားရတနာကို မဒ္ဒမင်းမျိုးမှသော်လည်း မိဖုရားခေါ်၍ တင်မြှောက်ဘို့ရန် ဆောင်ယူကြကုန်၏။ မြောက်ကျွန်းမှသော်လည်း စကြာမင်း၏ ဘုန်းကံကြောင့် အလိုလိုရောက်လာ၏။ ထို မိဖုရားရတနာသည် အလွန်လှပသော ပုံသဏ္ဌာန်ရှိ၏။ မြင်ရလျှင်ပင် မျက်လုံးတို့ကို ကြည်လင်စေနိုင်၏။ အခြားကိစ္စကို မရှုက်ဆောင်ပဲ တနေ့လုံး ကြည့်နေရသော်လည်း တင်းမတိမ်နိုင်အောင် ရှုချင်စဖွယ် တင့်တယ်၏။ ကြည့်နေရုံလျှင်ပင် စိတ်ကို ကြည်လင် ရွှင်လန်းစေနိုင်၏။ အဆင်းအားဖြင့်၎င်း၊ ကိုယ်အနေအထားအားဖြင့်၎င်း လွန်စွာပြည့်စုံ၏။ မြင့်လည်းမမြင့် နိမ့်လည်းမနိမ့်၊ ပိန်လည်းမပိန်၊ ဝလည်းမဝ၊ မည်းလည်းမမည်း၊ ဖြူလည်းမဖြူသောကြောင့် အပြစ်ခြောက်ပါး ကင်းစင်၏။ တဆယ့်နှစ်တောင်ရှိသော အရပ်တိုင်အောင် ကိုယ်၏အရောင် လင်း၏။ နတ်မိဖုရားများလောက် မလှသော်လည်း လူတို့တွင်ကား အလှဆုံးဖြစ်၏။ ကိုယ်အတွေ့မှာ လဲအာရုံ ဝါဂွမ်းအစုကဲ့သို့ အလွန်နူးညံ့၏။ မင်းတရားအေးချိန်အခါဝယ် သူ၏ကိုယ်အတွေ့မှာ နွေးနေ၏။ မင်းတရား ပူအိုက်ချိန်အခါဝယ် သူ၏ကိုယ်အတွေ့မှာ အေးနေ၏။ စန္ဒကူးအနံ့ကဲ့သို့ ကိုယ်မှ သင်းပျံ့၏။ စကားပြောသောအခါ ခံတွင်းမှ ကြာညိုပန်းအနံ့ သင်းပျံ့၏။

မင်းတရားလာသည်ကို မြင်လျှင် ထိုင်နေရာမှ လျင်စွာထ၍ မင်းတရား ထိုင်ပြီးမှ ယပ်ခပ်ပေးခြင်းစသော ကိစ္စကိုပြု၍ နောက်မှထိုင်၏။ ထိုင်ပြီးနောက် ချိုသာသောအသံဖြင့် "ဘာလုပ်ပေးရမှာတုံး" ဟု မေးလေ့ရှိ၏။ မင်းတရား၏ ပြက်နိုးဘွယ်ကိုသာ ပြုလေ့ရှိ၏။ မင်းတရား၏ ချစ်ဖွယ်ကိုသာ ပြောလေ့ရှိ၏၊ ထိုအကျင့်များသည် ပရိယာယ်ဟန်ဆောင်သော အကျင့်မဟုတ်။ စိတ်မှန်အတိုင်း ဖြစ်သော အကျင့်များ ဖြစ်သည်။ မင်းတရားကိုလွန်၍ အခြားသော ယောကျ်ားကို စိတ်ဖြင့်မျှ မတောင့်တ။ ထိုဂုဏ်များတွင် အလွန် အဆင်းလှခြင်းစသော ဂုဏ်တို့သည် မိဖုရား၏ ပင်ကိုယ်အတိုင်း ရှိနေသော ဂုဏ်တို့သာ ဖြစ်၏။ လူတို့၏ အဆင်းကို

www.dhammaransi.com



လွန်ခြင်း၊ အတွေ့ကောင်းခြင်း၊ ပူသောအခါအေး၍ အေးသောအခါ နွေးခြင်း၊ စန္ဒကူးအနံ့ သင်းပျံ့ခြင်း၊ ကြာညိုပန်း အနံ့ကဲ့သို့ ခံတွင်းမှ ရနံ့ထွက်ခြင်းစသော ဂုဏ်တို့ကား စကြာမင်း၏ဘုန်းကံကြောင့် ဖြစ်ပေါ်လာသော ဂုဏ်ထူးများဖြစ်သည်။

သူကြွယ်ရတနာ။ ။ဣတ္ထိရတနာ ဖြစ်ပေါ်လာပြီးနောက် စကြာမင်း၏ ရွှေငွေစသော ဥစ္စာဓနဖြင့် ပြုထိုက်သမျှ ကိစ္စတို့ကို အလွယ်တကူ ပြီးစေခြင်းအကျိုးငှါ သူကြွယ်ရတနာလည်း အထင်အရှား ဖြစ်ပေါ်လာ၏။ ထို သူကြွယ်ရတနာသည် ပင်ကိုယ်အားဖြင့် သူကြွယ် အမျိုး၌ မွေးဖွားသူဖြစ်၏။ စကြာမင်း၏ ဥစ္စာအစုကို တိုးပွါးစေတတ်သော သဌေးလည်းဖြစ်၏။ စကြာရတနာ ပေါ်လာသောအခါ၌ကား ကံ၏အကျိုးကြောင့် ဖြစ်သော ဒိဗ္ဗစက္ခုသည် အထင်အရှားဖြစ်၏။ ထို ဒိဗ္ဗစက္ခုကြောင့် မြေ၏ တယူဇနာအရပ်ဝယ် ဥစ္စာရှင်ရှိသော ရွှေအိုး၊ ဥစ္စာရှင်မရှိသော ရွှေအိုးကို ခွဲခွဲခြားခြားမြင်နိုင်၏။ ထို သူကြွယ်ရတနာ သည် ထိုကဲ့သို့ မြင်နိုင်ပုံကို သိ၍ အလွန် နှစ်သက်သော စိတ်ရှိရကား "အရှင်မင်းမြတ်....ခနဖြင့် ပြုဘွယ်ဟူသမျှကို အကျွန်ုပ် ပြုပါမည်။ အရှင် မင်းမြတ် ကြောင့်ကြစိုက်ဘွယ်မလိုတော့ပါ" ဤသို့ မင်းတရားကို ဓန ဖြင့် ဖိတ်မန်ပြီးလျှင် ဓနဖြင့်ပြုရမည့် ကိစ္စအားလုံးကို ပြီးစီးစေသည်။

စုံစမ်းခြင်း။ ။အခါတပါး၌ စကြာမင်းသည် သူကြွယ်ရတနာကို စုံစမ်း လိုသည်ဖြစ်၍ လှေဖြင့် ဂင်္ဂါမြစ် အလယ်သို့ သွား၍ သူကြွယ်ရတနာကို ပြောသည်မှာ "သဌေးကြီး....အကျွန်ုပ်မှာ ရွှေငွေဖြင့် အလိုရှိနေ၏" ဤသို့ပြောသောအခါ "မဟာရာဇာ....ရွှေငွေဖြင့် အလိုရှိ တော်မူလျှင် ဧကမ်းတဖက်သို့ လှေကိုကပ်ပါစေ"ဟု သံတော်ဦးတင်၏။ သဌေးကြီး.... ဤမြစ်အလယ်၌ပင် အလိုရှိသည်။ ဤသို့ ပြောသောအခါ သူကြွယ်ရတနာသည် လက်နှစ်ဖက်ဖြင့် ရေကို သုံးသပ်၍ ရွှေငွေဖြင့် ပြည့် သော အိုးကို ရေမှ ထုတ်ပြလေသည်။ ထို့နောက် မဟာရာဇာ.... ဤမျှ လောက်သော ရွှေငွေဖြင့် တော်လောက်ပါပြီလော။ မဟာရာဇာ....ဤမျှ လောက်သော ရွှေငွေဖြင့် အကျွန်ုပ်၏ကိစ္စကို ပြုအပ်ပါပြီလော။ မဟာ

www.dhammaransi.com



ရာဇာ....ဤမျှလောက်သော ရွှေငွေဖြင့် အရှင်မင်းမြတ်ကို ပူဇော်အပ်ပါပြီလော။ ဤသို့ သံတော်ဦးတင်ပြီ။ ထိုအခါ မဟာရာဇာကလည်း ဤမျှဖြင့် တော်လောက်ပါပြီ။ ဤမျှလောက်သော ရွှေငွေဖြင့် ပူဇော်အပ်ပါပြီ။ ဤသို့ပြောပြီ။

**သားတော်ကြီးရတနာ။** ။သူကြွယ်ရတနာ ဖြစ်ပေါ် လာပြီးနောက် စကြာမင်း၏ အလုံးစုံသော ကိစ္စကို စီမံနိုင်ခြင်း အကျိုးငှါ သားတော်ကြီးရတနာဖြစ်ပေါ်လာ၏။ ထိုသားတော်ကြီးရတနာဟူသည် ပင်ကိုယ်ကပင် ရှိနေသော အကြီးဆုံး သားတော် ဖြစ်သည်။ ပင်ကိုယ်ကပင် ကြောင်းကျိုးမြင်သိ ပညာရှိ၏။ ထက်မြက်၏။ ထိုးထွင်း၍ သိနိုင်သော ပညာရှိ၏။ ရှင်ဘုရင်၏ ဘုန်းကံအာနုဘော်ကို အမှီပြု၍ရင်း၊ မိမိ၏ ကံအစွမ်းကြောင့်ရင်း၊ သူတပါး၏ စိတ်ကို သိနိုင်သောဉာဏ် ဖြစ်ပေါ်လာ၏။ ထိုဉာဏ်ကြောင့် တဆယ့်နှစ်ယူဇနာရှိသော မင်းပရိသတ်၏ စိတ်နေစိတ်ထားတို့ကို သိစွမ်းနိုင်၏။ ဤသူကား မင်း၏ စီးပွါးကို လိုလားသူတည်း။ ဤသူကား မင်း၏စီးပွါးကိုမလိုလားသူတည်း။ ဤသို့ ခွဲခြား၍ သိနိုင်၏။ ထို့ကြောင့် ခမည်းတော်မင်းမြတ်သို့ ချဉ်းကပ်၍ "အရှင်မင်းမြတ်—တိုင်းရေးပြည်ရေးကိစ္စဥ္စကြောင့်ကြစိုက်တော်မမူပါနှင့်။ သားတော်သာလျှင် ဆောင်ရွက်ပါမည်"ဟု သံတော်ဦးတင်သည်။ ဤသို့ အရည်အချင်းနှင့်ပြည့်စုံသော သားတော်ကြီးရတနာ ဖြစ်ပေါ်လာသောအခါ စကြာမင်းမှာ ရတနာခုနစ်ပါးနှင့် ပြည့်စုံလေ၏။

## စကြာမင်း၏ တန်ခိုးလေးမျိုး

၁။ မဟာသုဒဿန စကြာမင်းသည် အလွန်အဆင်းလှ၏။ ရှုချင်စဖွယ် ကောင်းလှ၏။ မြင်ရသူတို့၏စိတ်ကို ကြည်လင်စေ၏။ ကိုယ်လုံးကိုယ်ရပ်နှင့် ပြည့်စုံ၏။ အခြားလူတို့ထက် သာလွန်၏။

၂။ မဟာသုဒဿန စကြာမင်းသည် အခြားလူတို့ထက် ပို၍ အသက်ရှည်၏။

www.dhammaransi.com



၃။ မဟာသုဒဿန စကြာမင်းသည် ရောဂါကြီး ရောဂါငယ် အသယ်သွယ်သော အနာရောဂါ မရှိ။ စားလိုက်သော အစာကို ကြေကျက်စေနိုင်သော ဝမ်းမီးနှင့် ပြည့်စုံ၏။ ထိုဝမ်းမီးသည် ညံ့လည်း မညံ့၊ လွန်လည်း မလွန်၊ အခြားလူတို့၏ ဝမ်းမီးထက် သာ၏။

၄။ မဟာသုဒဿန စကြာမင်းသည် ပုဏ္ဏား သူကြွယ်တို့ ချစ်ခင်မြတ်နိုး အပ်၏။ ဥပမာ—အဘကို သားသမီးတို့က ချစ်ခင် မြတ်နိုးသကဲ့သို့ ဖြစ်၏။ မဟာသုဒဿန မင်းကလည်း ပုဏ္ဏား သူကြွယ်တို့ကို ချစ်ခင် မြတ်နိုး၏။ ဥပမာ—အဘက သားသမီးတို့ကို ချစ်ခင် မြတ်နိုးသကဲ့သို့ ဖြစ်၏။

အခါတပါး၌ မဟာသုဒဿန စကြာမင်းသည် စစ်အင်္ဂါလေးပါးနှင့် အတူ ဥယျာဉ်သို့ ထွက်တော်မူ၏။ ထိုအခါ ပုဏ္ဏား သူကြွယ်တို့က ချဉ်းကပ်၍ "အရှင်မင်းမြတ်.... ဖြေးဖြေး ကြွတော်မူပါ။ တိုင်းသူ ပြည်သား လူအများက အရှင်မင်းမြတ်ကို အတော်ကြာအောင် ဖူးမြင်လိုကြပါသည်" ဤသို့ သံတော်ဦး တင်ကြ၏။ မဟာသုဒဿန စကြာမင်းကလည်း ရထားထိန်းကို "ဖြေးဖြေးမောင်းပါ။ ငါသည် ပုဏ္ဏား သူကြွယ်တို့ကို အတော်ကြာအောင် ကြည့်ရှု၍ သွားလိုသည်"ဟု မိန့်တော်မူသည်။

ရေကန်တို့ကို ဖန်ဆင်းခြင်း။ ။မဟာသုဒဿန စကြာမင်းသည် "ထိုထန်းပင်တို့၏အကြား၌ လေးအပြန်တရာ ဝေးကွာသော နေရာတိုင်း၌ ရေကန်တို့ကို ဖန်ဆင်းရမူကား ကောင်းလေစွ"ဟု အကြံဖြစ်၏။ ထိုသို့ ကြံလိုက်သည်နှင့် တပြိုင်နက် ရေကန်များ ပေါ်ပေါက်လာကုန်၏။ ထိုရေကန်များကို ရွှေအုတ်တို့ဖြင့်၎င်း၊ ငွေအုတ်တို့ဖြင့်၎င်း၊ ကျောက်မျက်ရွဲအုတ်တို့ဖြင့်၎င်း၊ ဖလ်အုတ်တို့ဖြင့်၎င်း စီထားအပ်ကုန်၏။ ရေကန်တကန်လျှင် တက်ကြ ဆင်းကြဘို့ရာ လှေကားလေးစင်း ရှိ၏။ တစင်းသည် ရွှေအတိ ပြီး၏။ တစင်းသည် ငွေအတိ ပြီး၏။ တစင်းသည် ကျောက်မျက်ရွဲအတိ ပြီး၏။ တစင်းသည် ဖလ်အတိ ပြီး၏။

www.dhammaransi.com



ရွှေလှေကား၏ တိုင်တို့သည် ရွှေတိုင်များဖြစ်၏။ တိုင်တို့၌ တန်းထား အပ်သော လက်ရန်းတန်းတို့သည်၎င်း၊ နဖူးစီးသည်၎င်း ငွေတန်းများ ဖြစ်ကြ၏။ ငွေလှေကား၏ တိုင်တို့သည်၎င်း၊ လက်ရန်းတန်းတို့သည်၎င်း၊ နဖူးစီးသည်၎င်း ရွှေအတိ ပြီးကုန်၏။ ကျောက်မျက်ရွဲလှေကား၏ တိုင်တို့သည် ကျောက်မျက်ရွဲတို့ပင်တည်း။ လက်ရန်းတန်းတို့သည်၎င်း၊ နဖူးစီးသည်၎င်း ဖလ်အတိ ပြီးကုန်၏။ ဖလ်လှေကား၏ တိုင်တို့သည်၎င်း၊ လက်ရန်းတန်းတို့သည်၎င်း၊ နဖူးစီးသည်၎င်း ကျောက်မျက်ရွဲအတိ ပြီးကုန်၏။

ထိုရေကန်တို့ကို နှစ်ထပ်သော ဝရံတာတို့ဖြင့် စာရံအပ်ကုန်၏။ ဝရံတာ တထပ်သည် စီထားအပ်သော အုတ်တို့၏ အစွန်း၌ဖြစ်၏၊ ဝရံတာ တထပ်ကား ရေကန် အပိုင်းအခြား၏ အဆုံး၌ဖြစ်၏။ ထို ဝရံတာတို့သည်လည်း ရွှေဝရံတာ ငွေဝရံတာ နှစ်မျိုးပင် ကွဲပြား၏။ ရွှေဝရံတာ၏ တိုင်တို့သည် ရွှေအတိ ပြီးကုန်၏။ လက်ရန်းတန်သည်၎င်း၊ နဖူးစီးသည်၎င်း ငွေအတိပြီး၏။ ငွေဝရံတာ၏ တိုင်တို့သည် ငွေအတိ ပြီးကုန်၏၊ လက်ရန်း တန်းသည်၎င်း၊ နဖူးစီးသည်၎င်း ရွှေအတိ ပြီး၏။

**ပန်းပင်များကို စိုက်စေခြင်း။** ။ "ရေကန်သို့ လာ၍ ရေချိုးကြ ရေသောက်ကြပြီးလျှင် ပြန်သွားသော လူတို့သည် ကြာညို၊ ကြာဖြူ၊ ကြာနီဟူသော ဥပ္ပလကြာပန်း၊ ပဒုမာကြာပန်း၊ ကုမုဒြာကြာပန်း၊ ပုဏ္ဍရိက်ကြာပန်းတို့ကို ပန်ဆင်၍ ပြန်သွားကြပါမူကား ကောင်းလေစွ"ဟု အကြံဖြစ်သောကြောင့် ထိုရေကန်ထဲ၌ ပန်းပင်တို့ကို ပေါက်စေလိုသောဆန္ဒ ဖြစ်၏။ ဆန္ဒဖြစ်သည်နှင့် တပြိုင်နက် ရေကန်တွင်း၌ ဥတုသုံးပါးလုံး ပွင့်သော ကြာပန်းများ ပေါ်ပေါက်လာကုန်၏၊ ဆွတ်ခူးလိုသူတို့အတွက် မည်သူ့ကိုမျှ အတားအဆီး မရှိရ။

**ပြုစုသူများကို ထားခြင်း။** ။ထိုနောက် ရေကန်တို့၏ ကမ်းပေါ်၌ ရေချိုးပေးသောယောကျ်ားတို့ကိုလည်း ထားစေ၏။ ထိုယောကျ်ားတို့က လာလာသမျှ လူအပေါင်းကို ရေချပ်ပေးခြင်း၊ ချေးတွန်းပေးခြင်း စသည်ဖြင့် ရေချိုးပေးကြရသည်၊ စားဘွယ်၊ သောက်

ဘွယ်၊ အဝတ်၊ ယာဉ်ရထား၊ မိန်းမ၊ ရွှေ၊ ငွေမှစ၍ ရေထန်၏ အနီး အပါး၌ လှူဘွယ် ပစ္စည်းများကို ထားစေ၏။ ရေချိုးပြီးသော အခါ ထမင်းဆာသူသည် ထမင်းစားနိုင်၏။ အဖျော် သောက်လိုသူသည် အဖျော်သောက်နိုင်၏။ အဝတ်ကိုလဲလှယ်၍ ဝတ်လိုသူသည် အဝတ်ကို လဲလှယ်၍ ဝတ်နိုင်၏။ ယာဉ်ရထားကို အလိုရှိသူသည် ယာဉ်ရထားကို စီးသွားနိုင်၏။ အလိုရှိလျှင် အိမ်ထိအောင် ယူသွားနိုင်၏။ အလိုမရှိလျှင် ထားခဲ့နိုင်၏။ ကောင်းမြတ်သောအိပ်ရာတို့၌ မိန်းမများနှင့်အတူ စည်းစိမ် ခံစားလိုသူသည် စည်းစိမ်ခံစားနိုင်၏။ အလိုရှိလျှင် အိမ်သို့ ခေါ်သွား နိုင်၏။ ရတနာခုနစ်ပါးဖြင့် ပြုအပ်သောတန်ဆာတို့ကို ပန်ဆင်၍လည်း စည်းစိမ် ခံစားနိုင်၏။ အလိုရှိလျှင် အိမ်သို့ ယူသွားနိုင်သည်။

**များစွာသောဥစ္စာကို ဆက်သကြခြင်း။** ။ပစ္စည်းပေါများသော ပုဏ္ဏား သူကြွယ်တို့သည် စဉ်းစားကြသည်မှာ—ဤစကြာမင်းသည် ဤမျှလောက် အလှူဒါနကို ပေးနေသော်လည်း တိုင်းသူ ပြည်သားတို့ကို မည်သည့် ပစ္စည်းကိုမျှ မဆက်သစေ။ မင်းတရားက မဆက်သစေသော်လည်း ငါတို့ အလိုက်သိထိုက်၏။ ဤသို့ တိုင်ပင်ပြီး၍ များစွာသောဥစ္စာကို ဆက်သကြကုန်၏။ ထိုအခါ မဟာသုဒဿနမင်းက မိန့်သည်မှာ— "အမောင်တို့....သင်တို့ပစ္စည်းဥစ္စာ အစုကို ဆက်သဘို့ မလိုပါ။ ငါ့မှာ ကရားသော အခွန်အတုပ်ဖြင့် ပြုစီမံအပ်သော ဥစ္စာတွေ များစွာရှိပါသည်။ သင်တို့ ယူဆောင်အပ် ခဲ့သော ဥစ္စာသည် သင်တို့အတွက်သာ ဖြစ်ပါစေ။ ငါ၏ ဘဏ္ဍာတော် မှလည်း ဆောင်ယူသွားကြပါဦး" ဤသို့ ပြော၏။ မိမိတို့ ဆက်သ အပ်သော ဥစ္စာတို့ကို ကိုသို့ ပယ်အပ်သည်ရှိသော် တနေရာသို့သွား၍ သဘောတူ တိုင်ပင်ကြသည်မှာ— "ဤ ဥစ္စာတွေကို မင်းတရားက ပယ်အပ်သော်လည်း မိမိတို့အိမ်သို့ ပြန်ယူရန် မသင့်တော့။ အကျွန်ုပ် တို့သည် မင်းတရားဘို့ အိမ်တော်တဆောင် ပြုရလျှင် ကောင်းမည် ထင်သည်" ဤသို့ တိုင်ပင်ပြီး၍ ထိုအကြောင်းကို သံတော်ဦးတင်သော အခါ ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံ၏။

www.dhammaransi.com



**သိကြားမင်း ဖန်ဆင်းပေးခြင်း။** ။ထို အကြောင်းကို သိကြားမင်းသိ၍ ဝိသကြုံ နတ်သားကို ခေါ်ပြီးလျှင် "အမောင်...မဟာသုဒဿနမင်းတို့ ဓမ္မ-မည်သော ပြာသာဒ် အိမ်တော်ကို ဖန်ဆင်းပါချေ" ဤသို့ စေခိုင်း၍ ဝိသကြုံနတ်သားကို လွှတ်လိုက်လေသည်၊ ဝိသကြုံနတ်သားသည် မဟာသုဒဿနမင်း၏ ရှေ့တော်မှောက်၌ အရှင်မင်းမြတ်တို့ ဓမ္မ-မည်သော ပြာသာဒ်အိမ်တော်ကို ပြုလုပ်လိုပါသည်"ဟု ပြော၏။ မဟာသုဒဿနမင်းလည်း ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံပြီ။

**ဓမ္မမည်သော ပြာသာဒ်အိမ်တော်။** ။ဝိသကြုံ နတ်သားသည် မဟာသုဒဿနမင်း၏ ပျော်ရားကျောင့်တိုရာ ဓမ္မ-မည်သော နန်းပြာသာဒ်ကို ဖန်ဆင်းပြီ။ ဓမ္မမည်သော နန်းပြာသာဒ်သည် အရှေ့ အနောက် အလျားအားဖြင့် တယူဇနာရှိ၍ တောင်မြောက် အနံအားဖြင့် ယူဇနာဝက်ရှိ၏။ ယောကျ်ားတို့၏ လက်ခုပ် သုံးဖောင်လောက်မြင့်သော အခြေခံအုတ်ခုံကို စီထား၏။ တချို့အုတ်ကား ရွှေ၊ တချို့အုတ်ကား ငွေ၊ တချို့အုတ်ကား ကျောက်မျက်ရှဲ၊ တချို့အုတ်ကား ဖလ်အုတ်များ ဖြစ်ကြသည်။ ဓမ္မနန်းပြာသာဒ်၏ တိုင်တို့သည် ရှစ်သောင်းလေးထောင် ရှိကုန်၏။ တချို့တိုင်သည် ရွှေ၊ တချို့တိုင်သည် ငွေ၊ တချို့တိုင်သည် ကျောက်မျက်ရှဲ၊ တချို့တိုင်သည် ဖလ်တိုင်များ ဖြစ်ကြ၏။ ထိုဓမ္မနန်းပြာသာဒ်ကို လေးမျိုးသော အဆင်းရှိသော ပျဉ်ချပ်ငယ်တို့ဖြင့် ခင်းအပ်၏။ ထိုဓမ္မနန်းပြာသာဒ်၌ လှေကားပေါင်း နှစ်ဆယ့်လေးထောင်ရှိ၏။ တချို့လှေကားသည် ရွှေ၊ တချို့လှေကားသည် ငွေ၊ တချို့လှေကားသည် ကျောက်မျက်ရှဲ၊ တချို့လှေကားသည် ဖလ်လှေကားများ ဖြစ်ကြသည်။ ရွှေလှေကား၏ တိုင်တို့သည် ရွှေတိုင်များဖြစ်၍ လက်ရန်းတန်းတို့သည်၎င်း၊ နဖူးစီး သည်၎င်း၊ ငွေဖြင့်ပြုအပ်ကုန်၏။ ငွေလှေကား၏တိုင်တို့သည် ငွေတိုင်များဖြစ်၍ လက်ရန်းတန်းတို့သည်၎င်း၊ နဖူးစီးသည်၎င်း ရွှေဖြင့် ပြုအပ်ကုန်၏။ ကျောက်မျက်ရှဲ လှေကား၏ တိုင်တို့သည် ကျောက်မျက်ရှဲ တိုင်များဖြစ်၍ လက်ရန်းတန်းတို့သည်၎င်း၊ နဖူးစီးသည်၎င်း ဖလ်ဖြင့် ပြုအပ်ကုန်၏။

www.dhammaransi.com



ဖလ်လှေကား၏တိုင်တို့သည် ဖလ်တိုင်များဖြစ်၍ လက်ရုံးတန်းတို့သည်၎င်း၊ နဖူးစီးသည်၎င်း ကျောက်မျက်ရွဲဖြင့် ပြုအပ်ကုန်၏။

ဓမ္မနန်းပြာသာဒ်၌ အထွတ်တို့သည် ရှစ်သောင်းလေးထောင်ရှိကုန်၏။ ရွှေအထွတ် စသော အားဖြင့် အဆင်းလေးမျိုး ရှိကုန်၏။ ရွှေအထွတ်တပ်အပ်သောအဆောင်၌ ငွေပလ္လင်ကို ခင်းထား၏။ ငွေအထွတ်တပ်အပ်သော အဆောင်၌ ရွှေပလ္လင်ကို ခင်းထား၏။ ကျောက်မျက်ရွဲ အထွတ်တပ်အပ်သော အဆောင်၌ ဆင်စွယ်ပလ္လင်ကို ခင်းထား၏၊ ဖလ်အထွတ်တပ်အပ်သော အဆောင်၌ စန္ဒကူးနှစ်တို့ဖြင့် ပြုအပ်သော ပလ္လင်ကို ခင်းထား၏။ ရွှေအထွတ် တပ်အပ်သော ပြာသာဒ်၏ တံခါးအနီး၌ ငွေထန်းပင် တည်ရှိ၏။ ထို ငွေထန်းပင်၏ ပင်စည်သည် ငွေ ဖြစ်၏။ အရွက်တို့သည်၎င်း၊ အသီးတို့သည်၎င်း၊ ရွှေအတိ ပြီးကုန်၏။ ငွေအထွတ် တပ်အပ်သော ပြာသာဒ်၏ တံခါးအနီး၌ ရွှေထန်းပင် တည်ရှိ၏။ ထို ရွှေထန်းပင်၏ ပင်စည်သည် ရွှေဖြစ်၏။ အရွက်တို့သည်၎င်း၊ အသီးတို့သည်၎င်း ငွေအတိ ပြီးကုန်၏။ ကျောက်မျက်ရွဲအထွတ် တပ်အပ်သော ပြာသာဒ်၏ တံခါးအနီး၌ ဖလ်ထန်းပင်သည် တည်ရှိ၏။ ထို ဖလ်ထန်းပင်၏ ပင်စည်သည် ဖလ်ဖြစ်၏။ အရွက်တို့သည်၎င်း၊ အသီးတို့သည်၎င်း ကျောက်မျက်ရွဲအတိ ပြီးကုန်၏၊ ဖလ်အထွတ်တပ်အပ်သော ပြာသာဒ်၏ တံခါးအနီး၌ ကျောက်မျက်ရွဲ ထန်းပင်သည် တည်ရှိ၏၊ ထိုကျောက်မျက်ရွဲ ထန်းပင်၏ ပင်စည်သည် ကျောက်မျက်ရွဲဖြစ်၏၊ အရွက်တို့သည်၎င်း၊ အသီးတို့သည်၎င်း ဖလ်အတိ ပြီးကုန်၏။

ဓမ္မပြာသာဒ်ဝယ် အကျယ်ဆုံးဖြစ်သော အထွတ်တပ်အပ်သော ပြာသာဒ်၏ တံခါးပေါက်၌ အလုံးစုံ ရွှေအတိပြီးသော ထန်းတော ဥယျာဉ်ကို ဖန်ဆင်း၏။ ထိုဥယျာဉ်၌ နေ့အခါဝယ် နေထိုင်၏။ ဓမ္မမည်သော နန်းပြာသာဒ်ကို နှစ်ထပ်သော ဝရံတာတို့ဖြင့် ကာရံအပ်၏၊ တထပ်သည် ရွှေအတိ ပြီး၏။ တထပ်သည် ငွေအတိ ပြီး၏၊ ရွှေဝရံတာ၏ တိုင်တို့သည် ရွှေတိုင်များဖြစ်၍ လက်ရုံးတန်းတို့သည်၎င်း၊ နဖူးစီးသည်၎င်း ငွေအတိ ပြီး၏။ ငွေဝရံတာ၏ တိုင်တို့သည် ငွေတိုင်များဖြစ်၍ လက်ရုံး

ကန်းတို့သည်ရှင်း၊ နဖူးစီးသည့်ရှင်း ရွှေအတိ ပြီး၏၊ ဓမ္မ နန်းပြာသာဒ်ကို နှက်ထပ်သော ရွှေခြူဇာတို့ဖြင့် ကာရံအပ်၏။ တထပ်သောဇာသည် ရွှေအတိ ပြီး၏၊ တထပ်သောဇာသည် ငွေအတိ ပြီး၏။ ရွှေအတိပြီးသော ဇာ၏ခြူတို့သည် ငွေအတိ ပြီး၏။ ငွေအတိပြီးသော ဇာ၏ ခြူတို့သည် ရွှေအတိ ပြီး၏။ ထို ခြူကလေးတွေ ဆွဲယားအပ်သော ဇာကို လေတိုက်သောအခါ ထွက်ပေါ်လာသော အသံသည် ကျွမ်းကျင်သူ တီးမှုတ်အပ်သော တူရိယာ ငါးပါး၏ အသံကဲ့သို့ သာလည်း သာယာ၏။ တပ်မက်ဘွယ်သည်း ကောင်း၏။ နှစ်သက်ဘွယ်လည်း ကောင်း၏။ ယစ်မူးဘွယ်လည်းကောင်း၏။ ထိုအခါ ကုန်းက ကုသဝတီ မင်းနေပြည်၌ သေသောက်ကြူးတို့သည် ရွှေခြူဇာတို့၏အသံဖြင့် ကကြ ခုန်ကြ မြူးပျော်ကြလေသည်။ ဓမ္မ နန်းပြာသာဒ် ပြီးသောအခါ အရောင်တောက်နေသည့်အတွက် မျက်စိတို့ကို ရှောင်လွဲရသောက်အောင် အကြည့်ခက်သတတ်။

**ရေကန်ကို ဖန်ဆင်းခြင်း။** ။ဓမ္မနန်းပြာသာဒ်၏ ရှေ့၌ ဓမ္မမည်သော ရေကန်ကို ဖန်ဆင်း၏။ ထိုဓမ္မမည်သော ရေကန်သည် အရှေ့ အနောက် အလျားအားဖြင့် တယူဇနာ ရှိ၏။ တောင် မြောက် အနံအားဖြင့် ယူဇနာဝက် ရှိ၏။ လှေကား နှစ်ဆယ့်လေးစင်းတို့ကို ကပ်ထား၏။ ထိုလှေကားတို့၌ ရွှေ၊ ငွေ၊ ကျောက်မျက်ရွဲ၊ ဖလ်တို့ဖြင့် ပြုလုပ်ပုံတို့မှာ ရှေးအတိုင်းပင်တည်း။ ထိုဓမ္မရေကန်ကို ဝရံတာ နှစ်ယပ် ကာရံ၍ ရွှေ၊ ငွေ၊ ကျောက်မျက်ရွဲ၊ ဖလ်တို့ဖြင့် ပြုလုပ်ပုံတို့မှာ ရှေးအတိုင်းပင် ဖြစ်သည်။ ထို ဓမ္မရေကန်ကို ထန်းပင်အစဉ် ခုနစ်ယပ်တို့ဖြင့် ကာရံအပ်၏။ ထိုထန်းပင် အစဉ်တို့၏ ရွှေ၊ ငွေ၊ ကျောက်မျက်ရွဲ၊ ဖလ်တို့ဖြင့် ပြီးပုံသည့်ရှင်း၊ အရွက် အသီးတို့ ရယာနာလေးမျိုးဖြင့် ပြီးပုံသည့်ရှင်း၊ ထန်းရွက်တို့မှ သာယာသော အသံ ဖြစ်ပုံသည့်ရှင်း ရှေးနည်းအတိုင်းပင်တည်း။

**နန်းပြာသာဒ်တက်၍ တရားကျင့်၊** ။မဟာသုဒဿန စကြာမင်းသည် ဓမ္မ နန်းပြာသာဒ်နှင့် ဓမ္မရေကန် ပြီးစီးသောအခါ ထိုခေတ်၌ သမဏ အမည်ခံ၊ ဗြဟ္မဏ အမည်ခံသော

www.dhammaransi.com



အလှူခံပုဂ္ဂိုလ်တို့အား အလုံးစုံသော လှူဘွယ်တို့ကို လှူပြီး၍ ဓမ္မနန်းပြာသာဒ်သို့ တက်လေသည်။ ထို နန်းပြာသာဒ်ဝယ် အကျယ်ဝန်းဆုံးဖြစ်သော အထွတ်တပ်ထားအပ်သော မဟာဝိယူဟမည်သောနန်းမဆောင်သို့ သွား၍ တံခါးပေါက်အနီး၌ရပ်လျက် ကာမဂုဏ်ကို ကြံစည်တတ်သော ဟဲ့ကာမဝိတက်....အသင်သည် ဤ တံခါးပေါက်၌သာ ရပ်တန့် ရစ်လော့။ ဤမှနောက်၌ အဆောင်တော်တွင်းသို့ မလိုက်ခဲ့နှင့်။ သူတပါး၏ ပျက်စီးခြင်းကို ကြံစည်တတ်သော ဟဲ့ ဗျာပါဒဝိတက်....အသင်သည် ဤ တံခါးပေါက်၌သာ ရပ် တန့်ရစ်လော့။ ဤမှနောက်၌ အဆောင်တော်တွင်းသို့ မလိုက်ခဲ့နှင့်။ သူတပါးကို ညှဉ်းဆဲဘို့ရန် ကြံစည်တတ်သော ဟဲ့ ဝိဟိံသာဝိတက်....အသင်သည် ဤတံခါးပေါက်၌သာ ရပ်တန့်ရစ်လော့။ ဤမှနောက်၌ အဆောင်တော်တွင်းသို့ မလိုက်ခဲ့နှင့်။ ဤသို့ ပြောဆိုပြီးလျှင် အထက်၌ အထွတ်တပ်အပ်သော ကျယ်ဝန်းသော ခန်းမဆောင်သို့ ဝင်၍ ရွှေပလ္လင်၌ ထိုင်လျက် ဈာန်ရဘို့ရန် တရားအားထုတ်သည်။ ထိုအခါ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို အစဉ်အတိုင်း ဝင်စား၍ နေနိုင်သည်။

**မေတ္တာ ပွါးစေခြင်း။** ။မဟာသုဒဿနစကြာမင်းသည် လောကီဈာန်တို့ကို ရပြီး၍ ကျယ်ဝန်းသောခန်းမဆောင်မှ ထွက်ပြီးလျှင် အထွတ်တပ်အပ်သော ရွှေအတိပြီးသော နန်းတော်သို့ ဝင်၍ ငွေပလ္လင်၌ ထိုင်လျက် အရှေ့အရပ်၌နေသော သတ္တဝါအပေါင်းကိုမေတ္တာဖြန့်၍ နေ၏။ ထိုနောက် တောင်အရပ်၌ နေသော သတ္တဝါအပေါင်းကို မေတ္တာဖြန့်၍ နေ၏။ ထိုနောက် အနောက်အရပ်၌ နေသော သတ္တဝါအပေါင်းကို မေတ္တာဖြန့်၍ နေ၏။ ထိုနောက် မြောက်အရပ်၌ နေသော သတ္တဝါအပေါင်းကို မေတ္တာဖြန့်၍ နေ၏။ ထိုနောက် အထက်အရပ်၌နေသောသတ္တဝါအပေါင်းကိုလည်း၊အောက်အရပ်၌နေသောသတ္တဝါအပေါင်းကိုလည်း၊ လေးထောင့်အရပ်၌ နေသော သတ္တဝါအပေါင်းကိုလည်း မေတ္တာဖြန့်၍နေသည်။ မေတ္တာဖြန့်ပြီးသောအခါ ထိုအတိုင်းပင် အရပ်ဆယ်မျက်နှာ၌ရှိကြသော သတ္တဝါအပေါင်းကိုကရုဏာဖြန့်၍လည်း၊မုဒိတာဖြန့်၍လည်း

www.dhammaransi.com



ဥပေက္ခာဖြန့်၍ရင်း နေသည်။ [ဤ ၄-ပါးကို "ဗြဟ္မဝိဟာရ-မြတ်သော နေကြောင်းတရား"ဟု ခေါ်၏။ "ဗြဟ္မစိုရ်တရား"ဟု မြန်မာလို ခေါ်သည်။ သတ္တဝါအများ၏စီးပွါးကိုလိုလားသောသူတော်ကောင်းတိုင်းပင် ဤတရားဖြင့် နေလေ့ရှိကြသည်။]

**စကြာမင်း၏ စည်းစိမ်များ**

ကုသဝတီမင်းနေပြည် အမှူးရှိသော မြို့တော်ပေါင်း ရှစ်သောင်း လေးထောင်၊ ဓမ္မပြာသာဒ် အမှူးရှိသော ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်၊ ရွှေပလ္လင် အစရှိသော ပလ္လင်ပေါင်း ရှစ်သောင်း လေးထောင်၊ ဆင်ရတနာ အမှူးရှိသော ဆင်တော်ပေါင်း ရှစ်သောင်း လေးထောင်၊ မြင်းရတနာ အမှူးရှိသော မြင်းတော်ပေါင်း ရှစ်သောင်း လေးထောင်၊ ဝေဇယန္တာရထား အမှူးရှိသော ရထားပေါင်း ရှစ်သောင်း လေးထောင်၊ ပတ္တမြားရတနာ အစရှိသော ပတ္တမြားပေါင်း ရှစ်သောင်း လေးထောင်၊ သုဘဒ္ဒါဒေဝီမည်သော ဣတ္ထိရတနာ အမှူးရှိသော မိဖုရားပေါင်းရှစ်သောင်းလေးထောင်၊ သူကြွယ်ရတနာ အမှူးရှိသော သူကြွယ်ပေါင်း ရှစ်သောင်းလေးထောင်၊ သားကြီးရတနာ အမှူးရှိသော ခတ္တိယပေါင်း ရှစ်သောင်းလေးထောင်၊ နို့စားနွားမပေါင်း ရှစ်သောင်း လေးထောင်၊ အဝတ် ကုဋေပေါင်း ရှစ်သောင်း လေးထောင်၊ ညဥ့် နံနက်တိုင်း ထမင်းပို့ရသော ထမင်းချက်အိုးပေါင်း ရှစ်သောင်းလေးထောင် ဤကား မဟာသုဒဿနစကြာမင်း၏ စည်းစိမ် အကျဉ်းချုပ်တည်း။

**ဆင်တို့ကို အနှစ်ကရာမှ ရှုစားခြင်း။**

မဟာသုဒဿန စကြာမင်းသည် ရအပ်ပြီးသောစျာန်ချမ်းသာဖြင့် အလွန်မွေ့လျော်၏။ စျာန်ဘာမာပတ်ဖြင့် နေသောပုဂ္ဂိုလ်မှာ အသံသည် အနှောင့်အယှက် ဆူးငြောင့်သဖွယ် ဖြစ်၏။ ထိုအခါ၌ ရှစ်သောင်းလေးထောင်သော ဆင်တို့ကလည်း ဆင်ထိန်းများနှင့်အတူ ညနေတကြိမ် နံနက်တကြိမ် ဆည်းကပ်လေ့ ရှိကြ၏။ ထိုအသံတို့ကြောင့် ငြိုးငွေ့သော်လည်း လုံးလုံးမလာကြနှင့်တော့ဟု တားမြစ်လိုက်လျှင် ရနေကျအစာ အာဟာရတို့ကို မှန်မှန်မရမည် စိုးသောကြောင့် လုံးလုံးမပိတ်ပဲ

www.dhammaransi.com



"အနှစ်တရာကျမှ တကြိမ်သာ လာကြတော့။ တကြိမ်လာရာ၌လည်း ရှစ်သောင်းလေးထောင်၏ တဝက် (လေးသောင်း နှစ်ထောင်သာ) လာကြစေတော့"ဟု သားကြီးရတနာကို အမိန့်ပေးလေသည်။

**သုဘဒ္ဒါဒေဝီလာခြင်း။** ။သုဘဒ္ဒါဒေဝီသည် စကြာမင်းကို မဖူးတွေ့ရသည်မှာ အလွန်ကြာနေပြီ ဖြစ်၍ ဖူးတွေ့လိုသော ဆန္ဒ ဖြစ်သောကြောင့် မောင်းမမိဿံ အခြွေအရံ တို့ကို ခေါ်၍ ပြောသည်မှာ—"ရှင်မတို့....သင်တို့သည် ခေါင်းလျှော်ရေချိုးကြပြီး၍ ရွှေသော အဝတ်တို့ကို ဝတ်ခဲ့ ခြုံခဲ့ကြလော့။ မင်းတရားကို မတွေ့ရသည်မှာ ကြာမြင့်လှပြီ။ ယနေ့ မင်းတရားကို ဖူးတွေ့ဘို့ရန် သွားကြစို့" ဟု ပြောလေသည်။ ထိုသို့ပြောပြီးလျှင် သားကြီးရတနာကို ပြောပြန်သည်မှာ—"အချင်း သားကြီးရတနာ....စစ်အင်္ဂါလေးပါးကိုပြင်ပါလော့။ မင်းတရားကို မဖူးတွေ့ရသည်မှာ ကြာမြင့်လှပြီဖြစ်၍ ယနေ့ ဖူးတွေ့ဘို့ရန် မောင်းမမိဿံနှင့် အတူသွားမည်" ဤသို့ ပြောပြလေသည်။ [သားကြီးရတနာဟူသည် သုဘဒ္ဒါဒေဝီ၏ သားကြီးမဟုတ်။ စကြာမင်း မဖြစ်မီကရနှင့်သော သားကြီးရတနာဖြစ်သည်။] အားလုံး ပြင်ဆင်ပြီးသောအခါ သုဘဒ္ဒါဒေဝီသည် မောင်းမမိဿံ အခြွေအရံနှင့် အတူ ဓမ္မပြာသာဒ်တော်သို့ တက်သွား၍ မဟာဝိယူဟ အဆောင်တော်သို့ ချဉ်းကပ်ပြီးလျှင် အတွင်းတိုင်အောင် မဝင်ဝံ့သောကြောင့် တံခါးဘောင်ကို လက်ဆွဲ၍ ရပ်နေလေသည်။

**မင်းတရား ထွက်တော် မူလာခြင်း။** ။ထိုအခါ မဟာသုဒဿန စကြာမင်းသည် များစွာသော အသံကို ကြားရ၍ မဟာဝိယူဟ အဆောင်တော်မှထွက်လာသည်ရှိသော် သုဘဒ္ဒါဒေဝီကိုတွေ့ရ၍ "မိဖုရား အဲဒီမှာပဲ ရပ်နေပါ။ အတွင်းသို့ မဝင်ခဲ့ပါနှင့်" ဤသို့ပြော၍ ယောကျ်ားတယောက်ကို အမိန့်ပေးသည်မှာ-"အမောင်.... မဟာဝိယူဟ အဆောင်တော်မှ ရွှေပလ္လင်ကို ထုတ်၍ ရွှေထန်းတော ဉယျာဉ်၌ခင်းလိုက်လော့"ဤသို့အမိန့်ပေးသောအခါ ထိုယောကျ်ားသည် ရွှေပလ္လင်ကိုထုတ်၍ ရွှေထန်းတော၌ ခင်းထားလိုက်ပြီ။ မဟာသုဒဿန

www.dhammaransi.com



စကြာမင်းသည် ထိုထန်းတောသို့ဆင်း၍ ရွှေပလ္လင်ပေါ်၌ လက်ျာနံပါး ဖြင့် လျောင်း၍ နေလေသည်။

သုဘဒ္ဒါဒေဝီ လိုက်လာခြင်း။ ။သုဘဒ္ဒါဒေဝီသည် လိုက်လာ၍ မဟာ သုဒဿနစကြာမင်း၏အထူးကြည်လင်ပုံ၊ အရေအဆင်းများ အလွန်စင်ကြယ်ပုံကို မြင်ရ၍ "ဤသို့အထူးစင်ကြယ်သောအခါ ဘဝပြောင်းတတ်သည်"ဟု ကြားဘူးသောကြောင့် စကြာမင်း၏ ဘဝပြောင်းမည်ကို စိုးရိမ်သည့်အတွက် အောက်ပါစကားတို့ကို သံတော်ဦးတင်လေသည်။

အရှင်မင်းမြတ်....အရှင်မင်းမြတ်မှာ ကုသဝတီ မင်းနေပြည် အမှူးရှိသော ရှစ်သောင်းလေးထောင်သော မြို့တော်များရှိပါသည်။ဤမြို့တော်တို့၌ နှစ်သက်သောဆန္ဒကို ဖြစ်စေတော်မူပါ။ အသက်၌ ငဲ့ကွက်တော်မူပါ။

အရှင်မင်းမြတ်....အရှင်မင်းမြတ်မှာ ဓမ္မပြာသာဒ် အမှူးရှိသော ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင်ရှိပါသည်။ဤပြာသာဒ်တို့၌ နှစ်သက်သော ဆန္ဒကို ဖြစ်စေတော်မူပါ။ အသက်၌ ငဲ့ကွက်တော်မူပါ။

အရှင်မင်းမြတ်....အရှင်မင်းမြတ်မှာ မဟာဝိယူဟ အဆောင်တော် အမှူးရှိသော ရှစ်သောင်း လေးထောင်သော အထွတ်တပ်အပ်သော အဆောင်များရှိပါသည်။ ဤအဆောင်တို့၌ နှစ်သက်သော ဆန္ဒကို ဖြစ်စေတော်မူပါ။ အသက်ကို ငဲ့ကွက်တော်မူပါ။

အရှင်မင်းမြတ်....အရှင်မင်းမြတ်မှာ ရှစ်သောင်း လေးထောင်သော ရွှေပလ္လင်၊ ရှစ်သောင်း လေးထောင်သော ငွေပလ္လင်၊ ရှစ်သောင်းလေးထောင်သော ဆင်စွယ်ပလ္လင်၊ ရှစ်သောင်းလေးထောင်သော စန္ဒကူးနှစ် ပလ္လင်တို့ ရှိကြပါသည်။ ဤပလ္လင်တို့၌ နှစ်သက်သောဆန္ဒကို ဖြစ်စေတော်မူပါ။ အသက်၌ ငဲ့ကွက်တော်မူပါ။

အရှင်မင်းမြတ်....အရှင်မင်းမြတ်မှာ ဥပေါသထဆင်မင်း အမှူးရှိကုန်သော ရွှေတန်ဆာ၊ ရွှေအလံ၊ ရွှေဇာတို့ဖြင့် ဖုံးအုပ်အပ်ကုန်သော

www.dhammaransi.com



ရှစ်သောင်း လေးထောင်သော ဆင်တော်များ ရှိပါသည်။ ဤ ဆင်တော်တို့၌ နှစ်သက်သော ဆန္ဒကို ဖြစ်စေတော်မူပါ။ အသက်၌ငဲ့ကွက်တော်မူပါ။

ထို့နောက် ဝလာဟကမြင်းမင်း အမှူးရှိသော ရှစ်သောင်း လေးထောင်သော မြင်းတို့၌၎င်း၊ ဝေဇယန္တာရထား အမှူးရှိသော ရှစ်သောင်း လေးထောင်သော ရထားတို့၌၎င်း၊ ပတ္တမြား ရတနာ အမှူးရှိသော ရှစ်သောင်း လေးထောင်သော ပတ္တမြားတို့၌၎င်း၊ မိဖုရားရတနာဖြစ်သော မိမိအမှူးရှိသော ရှစ်သောင်း လေးထောင်သော မိဖုရားတို့၌၎င်း၊ သူကြွယ်ရတနာ အမှူးရှိသော ရှစ်သောင်း လေးထောင်သော သူကြွယ်တို့၌၎င်း၊ သားတော်ကြီး ရတနာ အမှူးရှိသော ရှစ်သောင်း လေးထောင်သော မင်းတို့၌၎င်း၊ ရှစ်သောင်းလေးထောင်သော နို့စားနွားမတို့၌၎င်း၊ ကုဋေပေါင်း ရှစ်သောင်း လေးထောင်သော အဝတ်တို့၌၎င်း၊ ရှစ်သောင်း လေးထောင်သော ပွဲတော်ချက် အိုးတို့၌၎င်း နှစ်သက်သော ဆန္ဒကို ဖြစ်စေတော်မူပါ။ အသက်၌ ငဲ့ကွက်တော်မူပါ။ ဤသို့ သံတော်ဦး တင်လေသည်။

မဟာသုဒဿနမင်း ပြန်၍မိန့်တော်မူပုံ။ ။မိဖုရား....အသင်သည် ကြာမြင့်စွာသော ကာလပတ်လုံး နှစ်သက်ဖွယ် စကားကိုသာ ပြောဆိုခဲ့ပါလျက် နောက်ဆုံး အချိန်ကျမှ အဘယ့်ကြောင့် မနှစ်သက်ဖွယ် စကားတို့ကို ပြောရသနည်း။ ဤသို့ အပြစ်တင်သောအခါ သုဘဒ္ဒါဒေဝီက ပြန်၍ သံတော်ဦးတင်သည်မှာ— အရှင်မင်းမြတ်...."မိန်းမသားတို့မည်သည် ရဟန်းတော်တို့၏ ပြောရိုးစကားကို နားမလည်ပါ။ အဘယ်သို့ သံတော်ဦးတင်ရမှာပါနည်း" ဟု မေးလျှောက်သည်။ [ထိုအချိန်၌ သုဘဒ္ဒါဒေဝီက စကြာမင်းကို ရဟန်းဟူ၍ မှတ်ထင်နေလေသည်။] ထိုသို့ သုဘဒ္ဒါဒေဝီက သံတော်ဦးတင်သောအခါ စကားပြော သင်ပေးသည်မှာ— "မိဖုရား....သင်သည် ဤသို့သော စကားကို ပြောပါ—

အရှင်မင်းမြတ်....ချစ်အပ် မြတ်နိုးအပ်သော သက်ရှိ သက်မဲ့ အလုံးစုံတို့နှင့် တသီးတခြား ဖြစ်ရခြင်း၊ ကွေကွင်း၍ ဖြစ်ရခြင်း၊ ဘဝမတူပဲ တမျိုးတဖုံ ဖြစ်ရခြင်းသည် ထုံးစံပင် ဖြစ်ပါသည်။ အရှင်မင်းမြတ်သည် သက်ရှိ သက်မဲ့ စည်းစိမ်တို့ အပေါ်၌ ငဲ့ကွက်ခြင်း မကင်းသော ကွယ်လွန်မှုကို ပြုတော်မမူပါနှင့်။ သက်ရှိ သက်မဲ့ စည်းစိမ်တို့၌ ငဲ့ကွက် တွယ်တာ၍ ကွယ်လွန်ခြင်းကို သူတော်ကောင်းတို့ ကဲ့ရဲ့အပ်ပါ၏။ အရှင်မင်းမြတ်သည် ကုသဝတီ မင်းနေပြည် အမှူးရှိသော ရှစ်သောင်း လေးထောင်သော မြို့တို့၌ တွယ်တာမှု ဆန္ဒကို ပယ်စွန့်တော်မူပါ။ အသက်၌ ငဲ့ကွက်တော်မမူပါနှင့်။ ဤသို့ ပြောင်းပြန်ပြင်၍ သံတော်ဦးတင်ဘို့ရန် သင်ပေးလေသည်။

**ပြင်၍ သံတော်ဦး တင်ရခြင်း။** ။ဤသို့ အမိန့်ပေးသောအခါ သုဘဒ္ဒါဒေဝီသည် မျက်ရည်တွေ ကျလာသောကြောင့် စကြာမင်း မမြင်လောက်သော အရပ်သို့ သွား၍ အားရပါးရ အသံတိတ်ငိုကြွေးပြီးမှ မျက်ရည်တို့ကို သုတ်၍ ပြန်လာပြီးလျှင် မဟာသုဒဿန စကြာမင်း သင်ပေးသည့်အတိုင်း ပြင်၍ သံတော်ဦး တင်ရှာလေသည်။

**ဗြဟ္မာ့ပြည်သို့ လားတော်မူခြင်း။** ။သုဘဒ္ဒါဒေဝီ သံတော်ဦးတင်ပြီး နောက် မကြာမီပင် မဟာသုဒဿန စကြာမင်းသည် ရောဂါအထူး မခံရပဲ (ကောင်းမွန်သော ထမင်းကို စားပြီးသောအခါ ထမင်းအဆီယစ်ခြင်းနှင့် တူသော) အနည်းငယ်သော ဝေဒနာကို ခံစား၍ ကာမဂုဏ် အာရုံများသော လူ့စည်းစိမ်ကို စွန့်ခွါပြီးလျှင် ချမ်းချမ်းသာဖြင့် ပျော်မွေ့ရသော ဗြဟ္မာ့ပြည်သို့ ပြောင်းရွှေ့လေသည်။

**မှတ်ချက်။** ။မဟာသုဒဿန စကြာမင်းသည် မင်းသားအရွယ် သူငယ်ဘဝဖြင့် ရှစ်သောင်းလေးထောင် နှစ်ပေါင်းကြာအောင် လွတ်လပ်စွာ ပျော်ပျော်ပါးပါး ကစား၍ နေလေသည်။ ရှစ်သောင်း

လေးထောင် နှစ်ပေါင်းကြာအောင် အိမ်ရှေ့မင်းအဖြစ်ကို ပြုလေသည်။ ရှစ်သောင်း လေးထောင် နှစ်ပေါင်းကြာအောင် စကြာမင်း အဖြစ်ကို ပြုလေသည်။ ရှစ်သောင်း လေးထောင် နှစ်ပေါင်း ကြာအောင် လူဝတ်ကြောင် အဖြစ်ဖြင့် ဓမ္မနန်းပြာသာဒ်၌ မြတ်သော တရားအကျင့်ကို ဈာန်ရသည့်တိုင်အောင် ကျင့်လေသည်။ ဈာန်ရပြီးနောက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မာစိုရ်တရားလေးပါးကို မိမိ သန္တာန်၌ နှစ်ပေါင်း အတော်ကြာအောင် ဖြစ်စေလေသည်။

**ကျန်ရစ်သော ရတနာများ။** ။မဟာသုဒဿနမင်း၏ ဗြဟ္မာ့ပြည် စံပြီးနောက် ခုနစ်ရက် မြောက်သော အခါ ခုနစ်ထပ်သော ရတနာမြို့ရိုးတို့သည်၎င်း၊ ခုနစ်စဉ်သော ရတနာထန်းပင်တို့သည်၎င်း၊ ရှစ်သောင်းလေးထောင်သော ရေကန်တို့သည်၎င်း၊ ဓမ္မပြာသာဒ်၊ ဓမ္မရေကန်၊ စကြာရတနာသည်၎င်း ဤအားလုံး ကွယ်ပျောက်ကြလေသည်။ ဆင်ရတနာ စသော ရတနာ ၇-ပါးတို့တွင် အသက်ရှိကုန်သော ရတနာတို့သည် မဟာသုဒဿနစကြာမင်း ကွယ်လွန်သည်နှင့် တပြိုင်နက်ပင် ကွယ်လွန်ကြကုန်၏။ အသက် ကျန်သေးလျှင်ကား ဆင်ရတနာသည် လာခဲ့ရာ ဆင်အမျိုးသို့ ပြန်သွား၏။ မြင်းရတနာသည် ဝလာဟက မြင်းမျိုးသို့ ပြန်သွား၏။ ပတ္တမြား ရတနာသည် ထွက်ခဲ့ရာ ဝေပုလ္လတောင်သို့ ပြန်သွား၏။ မိဖုရားရတနာ၏ ထူးသော အာနုဘော်သည် ကွယ်ပျောက် သွား၏။ သူကြွယ်ရတနာ၏ စက္ခုသည် ဒိဗ္ဗစက္ခု မဟုတ်ပဲ ပင်ကိုယ်အတိုင်းသာ ဖြစ်တော့၏။ သားတော်ကြီး ရတနာ၏ ပင်ကိုယ်ရှိရာ ဉာဏ်ပညာမှတပါး ထူးခြားသောအသိဉာဏ်သည် ကွယ်ပျောက်လေတော့၏။ ထို့ကြောင့် ဘုန်းရှင် ကံရှင်ကြောင့် ဖြစ်ပေါ်လာသော စည်းစိမ်ဥစ္စာ အရာဝတ္ထုမှန်သမျှသည် ဘုန်းရှင်ကံရှင် ကွယ်လွန်သောအခါ ပျောက်ကွယ်ရသည်မှာ ဓမ္မတာဖြစ်ကြောင်းကို သတိပြုသင့်ကြပါသည်။

www.dhammaransi.com



## စကြာမင်းဖြစ်ကြောင်း ကောင်းမှု

**သစ်ရွက်ကျောင်း။** ။ကဿပမြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါ သာသနာတော်ဝယ် ဘုန်းတော်ကြီး တပါးသည် တောခို နေတော်မူ၏။ မဟာသုဒဿန စကြာမင်း၏ အလောင်းဖြစ်သော ဒါယကာသည် အိမ်ပိုင်ယာပိုင် ရှိသောကြောင့် "ဂဟပတိ"ဟု ခေါ်ရသော်လည်း အလုပ် လုပ်၍ စားရသော သာမန် ဂဟပတိဖြစ်၏။ ထိုဒါယကာသည် တနေ့သောအခါ မိမိအလုပ်ကိစ္စဖြင့် တောသို့ ဝင်သွားသည်ရှိသော် တောကျောင်း ဘုန်းတော်ကြီးကို မြင်၍ အနီးသို့ ချဉ်းကပ်ပြီးလျှင် ဘုန်းတော်ကြီး၏ ထိုင်နေရာအရပ်၊ စင်္ကြံ သွားရာ အရပ်ကိုသာမြင်၍ ကျောင်းကို မမြင်ရသဖြင့် "ဤနေရာ၌သာ နေတော်မူပါသလား"ဟု လျှောက်ထားလေသည်။ ဤနေရာ၌သာ နေကြောင်းကို ကြားရ၍ မိမိအလုပ်ကိုမလုပ်ပဲ တော၌ရှိသော သစ်ပင်တို့ကို ဖြတ်တောက်၍ သစ်ရွက်ကျောင်း ဆောက်ပြီးလျှင် သစ်ရွက် မိုးကာ၍ သစ်ရွက်နံရံတို့ကို မြေညက်ဖြင့် သုတ်လိမ်း၍ရင်း၊ တံခါးတပ်၍ရင်း၊ သစ်သား အခင်းကို ပြုပြီး၍ရင်း၊ သင့်တော်သော အမှုကို နေ၍ တောကျောင်း ဘုန်းတော်ကြီး အသုံးပြု-မပြုကို စောင့်ကြည့်လေသည်။ တောကျောင်း ဘုန်းတော်ကြီးသည် ရွာတွင်းမှ ဆွမ်းခံ ပြန်လာသော အခါ သစ်ရွက်ကျောင်းသို့ဝင်၍ သစ်သားအခင်း၌ ထိုင်နေလေသည်။

**ဆွမ်းခံပင့်ခြင်း။** ။ဥပါသကာသည် အနီးသို့လာ၍ "သစ်ရွက်ကျောင်း ကလေး လျောက်ပတ်ပါ၏လား ဘုရား"ဟု မေး လျှောက်လေသည်။ "ဥပါသကာ....လျှောက်ပတ်ပါ၏"ဤသို့ မိန့်တော်မူသောအခါ အမြဲသီတင်းသုံးဘို့ လျှောက်လေသည်။ "တောကျောင်း ဘုန်းတော်ကြီး အမြဲနေလိမ့်မည်"ဟု သိရသောကြောင့် "လူတို့သည် သုမင်္ဂလ၊ ဒုမင်္ဂလ ရှိသောအခါ ကြွလာခြင်းကို အလိုရှိကြပါကုန်၏။ ထို့ကြောင့် အခြားပင့်ဖိတ်ရာ အရပ်သို့ ကြွပြီး၍လည်း တပည့်တော်၏ အိမ်သို့ဝင်ပြီးမှ ဆွမ်းကိစ္စကို ပြီးစေတော်မူပါ"ဤသို့ လျှောက်လေသည်။

www.dhammaransi.com



**အသုံးဝင်သော ပစ္စည်းများ**။ ။သစ်ရွက်ကျောင်းကလေး၌ဖျာကိုရင်း၊ ညောင်စောင်း အင်ပျဉ်းကိုရင်း ခင်းထား၏။ နောက်မှီ ပျဉ်ချပ်ကိုလည်း ထိုင်ရာအရပ်၌ ချထား၏။ ခြေဆေးသောအခါ ပွတ်စရာကိုလည်း ထား၏။ ရေကန်ကိုလည်း တူး၏။ စင်္ကြံ လမ်းလုပ်၍ သဲတို့ကို ခင်းထား၏။ တောသမင်တို့ လာ၍ ကျောင်း ကလေး၏ နံရံကို ပွတ်တိုက်သောကြောင့် မြေညက်များ ကွာကျသည် တို့ကို မြင်၍ ကျောင်းကလေးကို ဆူးစည်းတို့ဖြင့် ကာရံ၏။ သမင်တို့၏ ရေကန်သို့ သက်ဆင်း၍ ရေကို မွှေနှောက်ကြသည်ကို မြင်သောကြောင့် ကန်၏ အတွင်း၌ ကျောက်ခဲတို့ဖြင့် စီထား၏၊ ကန်၏ပြင်ဘက်အနား၌ ဆူးစည်းကို ကာရံထား၏။ ဆူးစည်း၏ အတွင်းအစွန်၌ ထန်းပင်တို့ကို စိုက်ပျိုးထား၏။ စင်္ကြံကြီး၌ တံမြက်လှည်းအပ်ပြီးသော အရပ်ကို တော သမင်တို့ မွှေနှောက်ကြသည်ကို မြင်၍ စင်္ကြံကိုလည်း ဆူးစည်းဖြင့် ကာရံ၏။ ဆူးစည်း၏ အတွင်းအစွန်၌ ထန်းပင်အစဉ်ကို စိုက်၏။

**သင်္ကန်း စသည်ကို လှူခြင်း** ဤပြအပ်ပြီးသော နည်းဖြင့် နေရာ ကျောင်းကို အကာအရံနှင့် တကွ ပြီးစီးစေ၍ ဟောကျောင်း၊ ဘုန်းတော်ကြီးအတွက် တိစီဝရိက်သင်္ကန်း၊ ဆေး၊ ရေအိုး၊ ရေခွက်၊ အပ်နဖားထွင်းတူး၊ ဘင်ခုန်း၊ လက်သည်းလှီးဓား၊ အပ်၊ တောင်ဝှေး၊ ဖိနပ်၊ ဗူး၊ ထီး၊ ဆီမီးခွက်၊ နှဖာကော်၊ ပဝါရေစစ်၊ ဓမ္မကရိုက်ရေစစ်၊ သပိတ်၊ ခွက်၊ အခြားသော ရဟန်း အသုံးအဆောင် အားလုံးကို လှူဒါန်းလေသည်။

**သီလထိန်းခြင်း ဥပုသ်စောင့်ခြင်း** ထိုမကြာမင်းအလောင်း ကျောင်းဒကာသည် ရဟန်း အသုံးအဆောင် ဟူသမျှကို အပြည့်အစုံ လှူရှိသော ငါးပါးသီလကိုလည်း အမြဲစောင့်ထိန်း၏။ ဥပုသ် နေ့များ၌ ဥပုသ်စောင့်မှုကိုလည်း ပြု၏။ ဤသို့ ငါးပါးသီလ စောင့် ထိန်းမှု၊ ဥပုသ်စောင့်သောအားဖြင့် စက္ခုန္ဒြေ သောတိန္ဒြေ စသော ဣန္ဒြေ

www.dhammaransi.com



ခြောက်ပါးကို ဆုံးမမှု ဤအလုံးစုံကိုလည်း ပြု၍ နောက်ထက်ဆုံး တောကျောင်း ဘုန်းတော်ကြီးကို ပြုစုလုပ်ကျွေးလေသည်။

**နောက်ဘဝ ဂတိ။** ။စကြာမင်းအလောင်းကျောင်းဒကာ၏လိုလေသေးမရှိအောင် အပြည့်အစုံလှူဒါန်းသော ရဟန်းအသုံးအဆောင်ကို သုံးဆောင်၍ တောကျောင်းဘုန်းတော်ကြီးသည် ထိုအရပ်၌ပင် သီတင်းသုံးတော်မူလျက် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံတော်မူသည်။ ကျောင်းဒကာ ဖြစ်သော စကြာမင်း၏ အလောင်းသည်လည်း ဒါန၊ ငါးပါးသီလ၊ မျက်စိစသော ဣန္ဒြေတို့ကို ဆုံးမကြောင်းဖြစ်သော ဥပုသ်သီလ ဤသုံးမျိုးကိုပြု၍ စုတေသောအခါ နတ်ပြည်၌ ဖြစ်ပြီးလျှင် နတ်သက်စေ့၍ စုတေသောအခါ ဤလူ့ပြည်၌ ကုသဝတီမင်းနေပြည်ဝယ် မဟာသုဒဿနစကြာမင်း ဖြစ်လာလေသည်။

**အလှူပေး အလှူခံ။** ။စကြာမင်းအလောင်း ကျောင်းဒကာ၏ လှူဘွယ်ဝတ္ထု၊ အစုံစုကို မှန်းခြေအားဖြင့် တန်ဖိုး တွက်သောအခါ နေ့စဉ် ဆွမ်းဝတ်မှတပါး ကျောင်း၊ ရေကန် စသော ပစ္စည်းများ၏ တန်ဖိုးသည် ယခုခေတ် ငွေဖြင့် တထောင်ထက်မျှမကျော်နိုင်ပါ။ သို့သော် လိုလေသေးမရှိအောင် ကြောင့်ကြစိုက်ပုံမှာ အလွန် ကျေနပ်ဘွယ်ကောင်းပါသည်။ စိတ်စေတနာလည်း အလွန်ထက်သန်ပုံရပါသည်။ ကျောင်းဒကာက သဒ္ဓါထက်သန်သလောက် တောကျောင်းဘုန်းတော်ကြီးကလည်းရဟန္တာဖြစ်သည့်တိုင်အောင် သီလသိက္ခာပြည့်စုံပါပေသည်။ ကျောင်းဒကာသည်လည်း ဒါနဘက်က တာဝန်ကျေရုံမျှ မက၊ ငါးပါးသီလကိုလည်း ဖြူစင်သန့်ရှင်းအောင် စောင့်ရှောက်၍ ဥပုသ်နေ့၌မျက်စိ၊ နား၊ နှာခေါင်း ဆိုင်ရာအာရုံများသို့ စိတ်မသွားအောင် ဥပုသ်စောင့်လျက် စိတ်ကို ဆုံးမထားပုံမှာလည်း အားရကျေနပ်ဘွယ် ကောင်းပါပေသည်။ ဤသို့ ဆရာ ဒကာ ပြည့်စုံစွာဖြင့် အကြောင်း ကောင်းခဲ့သောကြောင့်သာ ဆရာသည် ပရိနိဗ္ဗာန်စံ၍၊ ဒကာဖြစ်သူမှာ နတ်ပြည်၌ ပဌမဖြစ်ပြီးမှ စကြာမင်းဘဝ၌ ဒုတိယ ဖြစ်ရလေသည်။

www.dhammaransi.com



**အကြောင်းနှင့် အကျိုးတူပုံ**

ရွှစ်သောင်း လေးထောင်သော မြို့၊ ရှစ်သောင်း လေးထောင်သော ပြာသာဒ်၊ ရှစ်သောင်း လေးထောင်သော အထွတ်တပ်အပ်သော နန်းမဏ္ဍပ်ဆောင်တို့သည် သစ်ရွက်ကျောင်း တကျောင်းဟူသော ကောင်းမှုကြောင့် ဖြစ်လာသော အကျိုးဆက်များဖြစ်၏။ ယန်းပင်အစဉ် နှုနစ်ထပ် မြို့ရိုးအရပ်တို့သည် စိုက်ခဲ့သော ထန်းပင်အစဉ်၏ရင်း၊ ရေကန် ကမ္ဘာနှံသောင်းကျောင်းတိုင်၌ ကာရံကပ်သော စည်းရိုး၏ရင်း အကျိုးဆက်များ ဖြစ်ကြ၏။ ရှစ်သောင်း လေးထောင်သော ဆင်ရတနာ၊ ရှစ်သောင်းလေးထောင်သော မြင်းရတနာတို့သည် ထိုင်ဘို့ရန် လှူအပ်သော ခုံးပျဉ်၏ အကျိုးဆက်များ ဖြစ်ကြ၏။ ရှစ်သောင်း လေးထောင်သော ပလ္လင်တို့သည် လျှောင်းဘို့ရန် လှူအပ်သော ညောင်စောင်းငယ်၏ အကျိုးဆက်များ ဖြစ်ကြ၏။ ရှစ်သောင်းလေးထောင်သော မတ္တူများတို့သည် နေ့စဉ်လှူအပ်သော ဆီမီးတခွက်၏ အကျိုးဆက်များ ဖြစ်ကြ၏။ ရှစ်သောင်း လေးထောင်သော ရေကန့်တို့သည် ရေကန်တကန်၏ အကျိုးဆက်များ ဖြစ်ကြ၏။

ရှစ်သောင်းလေးထောင်သော မိဖုရား၊ ရှစ်သောင်းလေးထောင်သော သားတော်များ၊ ရှစ်သောင်းလေးထောင်သော သူကြွယ်များသည် အသုံးအဆောင်အဖြစ်ဖြင့် လှူအပ်သော အိုးခွက်၊ ရေစစ်၊ အပ်ထွင်းတူး၊ သင်မှုန်း၊ လက်သည်းလှီးဓား၊ သံကောက်၊ နဖားကလော်၊ ခြေပွတ်၊ ဖိနပ်၊ ထီး၊ ယောင်ဝေ့ ဟူသော အလှူဒါန၏ အကျိုးဆက်များ ဖြစ်ကြ၏။ ရှစ်သောင်း လေးထောင်သော နို့စားနွားမတို့သည် နွားနို့ စသော အလှူ၏ အကျိုးဆက်များ ဖြစ်ကြ၏။ ကုဋေပေါင်း ရှစ်သောင်း လေးထောင်သော အဝတ်တို့သည် သင်္ကန်းအလှူဒါန၏ အကျိုးဆက်များဖြစ်ကြ၏။ ရှစ်သောင်း လေးထောင်သော ဆွမ်းချက်အိုး တို့သည် ဆွမ်းအလှူ၏ အကျိုးဆက်များ ဖြစ်ကြ၏။ ဤသို့အားဖြင့် အလှူရှင်ကလည်း သဒ္ဓါ သီလ ပြည့်စုံစွာဖြင့် လှူသင့်ရာကို ပေးလှူသော ကောင်းမှုကြောင့်ရင်း၊ အလှူခံ ပုဂ္ဂိုလ်ကလည်း သီလ သိက္ခာ ပြည့်စုံစွာဖြင့် ကောင်းမွန်စွာ

www.dhammaransi.com



ကျင့်ကြံ နေထိုင်ခြင်းကြောင့်ရင်း ကောင်းမှု၏အကျိုးကို အပြည့်အစုံ ရပေသည်။

အတုယူဘွယ်။ ။ဤဝတ္ထု၌ အလှူဒါယကာဘက်ကလည်း သဒ္ဓါတရား ထက်သန်ပုံ၊ ရဟန်းများအား လျောက်ပတ်သော ပစ္စည်းကိုသာ လှူပုံ၊ ဒါနမျှဖြင့် တင်းမတိမ်ပဲ ငါးပါးသီလ စင်ကြယ်စွာ ထိန်းသိမ်းပုံ၊ ဥပုသ်နေ့၌ ဥပုသ်စောင့်၍ စိတ်ကိုဆုံးမပုံ ဤအားလုံးကို လေးလေးနက်နက် စဉ်းစား၍ မိမိကိုယ်တိုင် ထိုကဲ့သို့ ဖြစ်အောင် သူတော်ကောင်းတိုင်း အတုယူဘွယ် ကောင်းလှ၏။ အလှူခံ ပုဂ္ဂိုလ်ကလည်း ရဟန်းတော်ပီပီ သီလသိက္ခာ စင်ကြယ်စွာဖြင့် ဘာဝနာကမ္မဋ္ဌာန်း လွန်ကြိုးပမ်းမှုကို အတုယူသင့်ပါသည်။

ပါဠိတော်။ ။တိဏ္ဏံ ခေါ မေ ဂူဒံ ကမ္မာနံ ဖလံ၊ တိဏ္ဏံ ကမ္မာနံ ဝိပါကော၊ ယေနာဟံ ဧတရဟိ ဧဝံ မဟိဒ္ဓိကော ဧဝံ မဟာနုဘာဝေါ။ သေယျထိဒံ။ ဒါနဿ ဒမဿ သံယမဿာတိ–

ငါ့မှာ ယခုအခါ၌ ဤမျှလောက် တန်ခိုးကြီးခြင်း၊ ဤမျှသော အရှိန်အဝါ ကြီးမြင့်ခြင်းသည် စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း ဟူသော ဒါန၊ မိမိစိတ်ကို ဆုံးမကြောင်း ဥပုသ်စောင့်ခြင်း ဟူသော ဒမ၊ မိမိကိုယ်ကို စောင့်စည်းကြောင်းဖြစ်သော ၅-ပါးသီလ ဤကံ ၃-မျိုးတို့၏ အကျိုး အရှိန်အဝါ ဖြစ်သည်။

ဧဝံ နာကိ မဟန္တမှိ၊ ပုညံ အာယတနေ ကတံ။
မဟာဝိပါကံ ဟောတိဟိ၊ ကတ္တဗ္ဗံ တံ ဝိဘာဝိနာ။

လင်္ကာ။ ။ဤသို့ ပေါင်းစု၊ ကြောင်းကျိုးရှုသော်၊ ကောင်းမှုအရွယ်၊ မကြီး
ကျယ်လည်း၊ စိတ်ဝယ်ဖြစ်ပွါး၊ သဒ္ဓါအားနှင့်၊ ဉာဏ်အားသီလ၊ ကြီးကျယ်ကြ၍၊
ဒါနအလှူခံ စင်ကြယ်ပြန့်မူ၊ ကံဟူသရွေ့၊ အကျိုးတွေ့မှာ၊ တစေ့ညောင်
လောက်၊ ပင်ကြီးပေါက်သည်....နောက်နောက်ယူဘွယ် အတုတည်း။

မဟာသုဒဿနသုတ် ပြည့်စုံပြီ။

www.dhammaransi.com



**အမှာ။** ။ပရိနိဗ္ဗာန် စံတော်မူရာ ညောင်စောင်းငယ်ဝယ်လျောင်းတော်မူသော ဗုဒ္ဓမြတ်စွာအား အရှင်အာနန္ဒာသည် ဤသေးငယ်သော မြို့ကလေး၌ ပရိနိဗ္ဗာန် မစံသင့်ပါကြောင်း လျှောက်သောကြောင့် ယခုအခါ သေးငယ်သော်လည်း ရှေးက ကြီးကျယ်ခဲ့ကြောင်းကို ပြ၍ ကြီးကျယ်သမျှလည်း အနိစ္စချည်းသာ ဖြစ်ကြောင်းကို ပြတော်မူလို၍ မဟာသုဒဿနသုတ်ကို ဟောတော်မူပြီးသောအခါ အောက်ပါတရားကို မိန့်တော်မူလိုပါသည်။

**အားလုံးအနိစ္စ** ။အာနန္ဒာ…ဉာဏ်ဖြင့် စေ့စေ့ငုငု ကြည့်ရှုစမ်းလော့။ အားလုံးသော စကြာမင်း၏ စည်းစိမ်တို့သည် ရုပ်နာမ် သင်္ခါရတို့သာ ဖြစ်ကြ၏။ ရုပ် နာမ် ဖြစ်သောကြောင့်ပင် ထိုစည်းစိမ်အားလုံး ကွယ်ပျောက်ခဲ့ ကုန်ပြီ။ ပျက်စီးခဲ့ကုန်ပြီ။ ရုပ် နာမ် သင်္ခါရဟူသမျှတို့၌ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ရှု၍ ငြီးငွေ့သင့်လှပြီ။ ဝိပဿနာမှ တက်၍ အရိယာမဂ်ဖြင့် စက်ဆုပ်သင့်လှပြီ။ အရိယာဖိုလ်သို့ ရောက်၍ လွတ်မြောက်သင့်လှပြီ။ အာနန္ဒာ….ဤ ကုသာဝတီမြို့အရပ်၌ ငါသည် စကြာမင်းအဖြစ်ဖြင့် ၆-ကြိမ်တိုင်အောင် ခန္ဓာကိုယ်ကို ပစ်ချခဲ့ဘူးပြီ။ ယခုအကြိမ်ကား ၇-ကြိမ်မြောက် ပစ်ချရခြင်း ဖြစ်လိမ့်မည်။ ဤသို့ မိန့်တော်မူကာ အောက်ပါဂါထာကို ဟောတော်မူပါသည်။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ အကြောင်း အတန်တန် ပြုစီမံ၍ ရုပ်နာမ်အသစ် ဖြစ်ဖြစ်သမျှ သင်္ခါရတို့သည်။အနိစ္စာ ဝတ၊ စင်စစ်ကေန် အမှန်မုချ မမြဲလေကုန်စွတကား။ ဥပ္ပါဒဝယ ဓမ္မိနော၊ အဖြစ်သဘော ပျက်သဘောတို့ အတောမသတ် အထပ်ထပ် အထွေထွေ လည်ပတ်၍ နေကြကုန်၏။

ဥပ္ပဇ္ဇိတွာ၊ အကြောင်းအားလျော်စွာ ပေါ်လာပြီး၍။ နိရုဇ္ဈန္တိ၊ ချက်တဖြုတ် ရုတ်တရက် ချုပ်ပျက်ကြလေကုန်၏။ ဇေတသံ (သင်္ခါရာနံ)၊ အဖြစ်အပျက်ဒဏ် အမြဲခံသည့် ရုပ်နာမ်နှစ်ဝ ထိုသင်္ခါရတို့၏။ ဝူပသမော၊ ကင်းရာ ကုန်ရာ ငြိမ်းအေးစွာသည့် နိဗ္ဗာနဓာတ် အမြိုက်ရပ်သည်။ သုခေါ၊ ဖြစ်ပျက် မစပ် အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသေ ချမ်းသာပေတကား။

**နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ**

**ပြည့်စုံပါပြီ။**

www.dhammaransi.com

မဟာဂန္ဓာရုံဆရာတော်

# အရှင်ဇနကာဘိဝံသ—၏

ကျမ်းစာများ ထုတ်ဝေဖြန့်ချီရာတွင် ကူညီကြသော

# ကုသိုလ်ရှင်များ

---

## ၁။ အရင်း မ-တည်ထုတ်ပေးထားသော ကုသိုလ်ရှင်များ။

၄- ၈-၇၉ ပဲခူးမြို့၊ ဦးကျော်အေး, ဒေါ်စောရီ၊ မှုံ့ရွှေရည်ဆေးလိပ်ရုံ။

၁၀- ၈-၇၉ ။ မင်းကျောင်း ဘုန်းတော်လေး ဦးသုရိယ။

၃- ၉-၇၉ ရန်ကုန်မြို့၊ ဦးသိန်းလွင်, ဒေါ်သီ မိသားစု၊ ၁၉၄-၃၁-လမ်း။

၁-၁၀-၇၉ မော်လမြိုင်ကျွန်းမြို့၊ ဂဠုန်မင်း ဦးတင်မောင်, ဒေါ်မြင့်-သားသမီးမြေးများ၊ (ဂဠုန်မင်းဆေးလိပ်ရုံပိုင်ရှင်)

၃-၁၀-၇၉ ဦးရီ-ဒေါ်အေးသန်း, မိသားစု၊ မြင်းခြံမြို့။

၇- ၅-၈၀ ရန်ကုန်မြို့၊ ဗိုလ်မှူး အောင်သိမ်း, ဒေါ်ညွန့်မေ၊ တက္ကသိုလ်ရိပ်သာလမ်း။

## ၂။ ကျမ်းစာဖြစ်မြောက်ရေးအတွက် အပြီးသုံးစွဲရန် ပါဝင်လှူဒါန်းကြသော ကုသိုလ်ရှင်များ။

၉- ၈-၇၉ ရန်ကုန်မြို့၊ ဦးကြွယ်ညွန့်, ဒေါ်ကျင်ဟုန် မိသားစု၊ ဗိုလ်ချုပ်လမ်း၊ ဆေးရုံဝင်းအတွင်း။

။ ။ ၄၆- တက္ကသိုလ်ရိပ်သာလမ်း၊ ဗိုလ်မှူး အောင်သိမ်း, ဒေါ်ညွန့်မေ။

၂၄- ၈-၇၉ ။ လမ်း ၅၀- ဗုဒ္ဓဓမ္မစာစောင်၊ ဒေါ်ရင်မေ။

။ ။ ဒေါက်တာ-ကေမြရီ၊ ပညာရေးတက္ကသိုလ်။

၂၃- ၈-၇၉ ရန်ကုန် ဦးကြည်တဲ့, ဒေါ်အေးဆေး၊
ကမ္ဘာအေးဘုရားလမ်း။

၂၈- ၈-၇၉ ။ အလုံ ၂၆-ဆဒ္ဒန်လမ်း၊ ဦးချစ်, ဒေါ်အုန်းကြည်။

၆- ၉-၇၉ ။ ၂၄၇- ၃၅-လမ်း၊ ဦးအုန်းခင်, ဒေါ်စိန်စိန်။

၁၆- ၉-၇၉ ။ ၁၁၀၊ လှည်းတန်း လမ္မတော်၊ ဦးရွှင်ကြည်,ဒေါ်ပို။

၂၆- ၉-၇၉ ။ ဘိုကလေးဈေးလမ်း၊ ဦးရင်ဝှက်။

။ ။ ။ ဦးဘိုးချင်။

။ ။ ယောက်လမ်း၊ ဒေါ်ရင်မြ, ဒေါ်အေးတင်။

။ ဟံသာဝတီကျောက်တန်း၊ ဆရာ ဦးစောမောင်။

၁-၁၀-၇၉ ဂျာမဏီပြည် ဖရင့်ဖတ်မြို့၊ ဒေါ်ဥမ္မာ။

၂-၁၀-၇၉ ရန်ကုန်မြို့၊ တောင်ဥက္ကလာ ဦးလှဝင်း။

၃-၁၀-၇၉ ။ ၁/၃- ရွှေတောင်ကြား ရိပ်သာ၊
ဦးခိုင်, ဒေါ်ခင်သန့် မိသားစု။

၄-၁၀-၇၉ ။ ဦးလှခင်မောင်။

၆-၁၀-၇၉ အမေရိကာ ချီကာဂို၊ ဒေါက်တာ သိန်းဟိုးသိန်း။

။ ရန်ကုန်မြို့၊ ဗိုလ်မှူး စောဝင်းသိန်း,ဒေါ်လဲ့လဲ့မိုး။

။ ။ ဗိုလ်မှူး ဇင်ဝေသိန်း, ဒေါ်ခင်ခင်ဝင်း။

၈-၁၀-၇၉ ။ ဦးမင်းဟန်, ဒေါ်ခင်ညွန့်ဟန်။

၂-၁၁-၇၉ ။ ဦးဘသိန်း, ဒေါ်တင်တင်ကြည်။

၄-၁၁-၇၉ ။ ဦးခအောင်ငြိမ်း, ဒေါ်ဖွားရင် မိသားစု။

၅-၁၁-၇၉ တောင်ကြီး ဦးစိန်တင့်, ဒေါ်ခင်သိန်း၊
ရွှေကျားပျံ- မရွှေဝါ။

၅-၁၁-၇၉ မန္တလေး ဦးဘမောင် မိသားစု, အထက် မြန်မာပြည်။
ကန်တော်ကလေး ထိဆိုင်ခွဲ၊ ဆိုင်းတန်းချပ်၊

| | | |
|---|---|---|
| ၅-၁၂-၇၉ | ရန်ကုန် | ဦးဖေလွင်, ဒေါ်ယဉ်းမြင့်၊ ၁၄၂-၃၁ လမ်း။ |
| ။ | ။ | ဦးထွေး၊ ၁၃-လမ်း။ |
| ၂၇-၁၂-၇၉ | လန်ဒန် | ဦးမြတ်စော, ဒေါ်စန်းရီ။ |
| ။ | ရန်ကုန် | ဒေါ်ဒေါ်စော, ကျွန်းသူငွေးကတော်။ |
| ။ | ။ | ဒေါ်ယောင်းယောင်း မိသားစု ကမာရွတ်။ |
| ။ | ။ | ဦးပျိုးဆက်, ဒေါ်မြရီ၊ ပြည်လမ်း ၈- မိုင်ခွဲ။ |
| ။ | ။ | ဦးလှမောင်, ဒေါ်ရီ၊ ဗိုလ်တထောင်။ |
| ။ | ။ | ဗိုလ်ချုပ် ချစ်လှိုင် (ရေ) ဒေါ်ခင်ငြိမ်းငြိမ်း။ |
| ။ | ။ | ဦးချစ်လှိုင် (ကမ္ဘောဇ) ဒေါ်ခင်ညွန့်။ |
| ၇- ၁-၈၀ | မန္တလေး | ဒေါ်ညွန့်ညွန့်, ဒေါ်သန်းသန်း၊ အမှတ် ၅-ဝါးတန်း။ |
| ၁၅- ၁-၈၀ | ရန်ကုန် | ဦးအုန်းခင်, ဒေါ်စိန်စိန်၊ ၂၄၇- ၃၅-လမ်း။ |
| ၈- ၂-၈၀ | ။ | ဦးဖေအေးမောင်, ဒေါ်ခင်စိန်၊ ဝင်ဒါမီယာလမ်း။ |
| ။ | ။ | ဒေါက်တာ လှလှမြိုင်၊ မြစ်ကြီးနား ဆေးရုံကြီး။ |
| ။ | ပြင်သစ် | ဦးစောလှိုင်, ဒေါ်မြမြသွင်၊ မိုနာကိုမြို့။ |
| ။ | ။ | ဒေါ်နွယ်နွယ်အေး၊ ။ |
| ၁၅- ၃-၈၀ | ရန်ကုန် | ဦးခင်မောင်ကြီး, ဒေါ်တင်အေး၊ ပါမြမိရိပ်သာ။ |
| ၁၈- ၃-၈၀ | ။ | ဒေါ်အုန်းမေ, သား မောင်ငွေးပင်း၊ ၂၃- ယောက်လမ်း။ |
| ။ | ။ | ဦးထိန်ဝင်း၊ ၆-မိုင် ပြည်လမ်း။ |
| ၂၂- ၃-၈၀ | ။ | မြောင်းမြ ဦးမောင်ကောက်, သမီး မကျင်အေး (ပြင်ရွာ)။ |
| ၂၅- ၄-၈၀ | ။ | မောင်စိန်မောင်, အမ ဒေါ်ခင်ကြည်၊ တက္ကသိုလ်ရိပ်သာ။ |

www.dhammaransi.com

## ၁၉၈၂ ကျမ်းစာများထုတ်ဝေဖြန့်ချိရာတွင် ကူညီကြသော ကုသိုလ်ရှင်များ

| | | |
|---|---|---|
| ၂၅- ၄-၈၀ | ရန်ကုန် | ဒေါက်တာ မမှီမှီသိမ်း။ |
| ၇- ၅-၈၀ | ॥ | ဦးမောင်မောင်ညွန့်, ဒေါ်အမှာ၊ (ရွှေတိဂုံ ဂေါပကအဖွဲ့)။ |
| ၁၂- ၅-၈၀ | ॥ | ဦးအောင်သန်း, ဒေါ်မြသန်း၊ မိသားစု။ |
| ၁၄- ၅-၈၀ | ॥ | ဦးတင်မြင့်မောင်၊ ၂၄ (အေ) နှင်းနတ်တောလမ်း။ |
| ॥ | ကျုံမငေး | ဦးကျော်လင်း, ဒေါ်လှမြင့် (မောင်) ဦးအောင်သိန်း၊ မြို့မလမ်း။ |

www.dhammaransi.com

ယနေ့ရိုက်နှိပ်ပြီးစီး၍ ဝယ်ယူရရှိနိုင်သော

# ကျမ်းစာများ


၁။ ရတနာ့ဂုဏ်ရည် (အထူး) .... ၁၃ိ

၂။ ကိုယ်ကျင့်အဘိဓမ္မာ .... ၁၂ိ

၃။ အနာဂတ်သာသနာရေးကျမ်း (အထူးထုတ်)
စာမျက်နှာတစ်ရာကျော် နောက်ဆက်တွဲများပါသည်.... ၁၈ိ

၄။ အနာဂတ်သာသနာအတွက် ဗုဒ္ဓဘာသာ သင်ခန်းစာ .... ၁၅ိ

၅။ ဗုဒ္ဓါနုဿတိဘာဝနာ, ဗြဟ္မဇာလသုတ်, သာမညဖလသုတ်
မြန်မာပြန်တရားတော် ၃-အုပ်တွဲ .... ၁၅ိ

၆။ ရုပ်ပုံရှင်ကျင့်ဝတ် .... ၈ိ

၇။ ပါတိမောက် ဘာသာဋီကာ .... ၁၈ိ

၈။ ဓမ္မစကြာတရားနှင့် အနတ္တလက္ခဏသုတ် တရားတော် .... ၁၈ိ

၉။ အင္ဂုတ္တာအခြေပြု .... ၁၈ိ

၁၀။ သင်္ဂြိုဟ်ဘာသာဋီကာ .... ၄၀ိ

၁၁။ ဘာသာသွေးနှင့် ဘာသာရေးပြဿနာများ
စစ်တပ်တရားတော် .... ၁၀ိ

၁၂။ ရူပသိဒ္ဓိဘာသာဋီကာ (ပ-တွဲ) .... ၂၈ိ

၁၃။ အခြေပြုပဋ္ဌာန်းတရားတော် .... ၂၅ိ

၁၄။ ဘုရားဥပဒေတော်ကြီး ....

၁၅။ ကထာသလ္လာပ ....

၁၆။ နောက်ဆုံးဆယ်လ ပြတ်ဗုဒ္ဓ ....


အထက်ပါ ကျမ်းစာများမှ အချို့ ကျမ်းစာများမှာ ဝယ်ယူဖတ်ရှုသူတို့ ဈေးနှုန်း အသမတန် ကြီးမြင့်နေသဖြင့် ၁၃၄၁-ခု နယုန်လမှ စတင်စီစဉ် ရိုက်နှိပ်ခဲ့ရာ ယခုအချိန်တွင် ကျမ်းစာပေါင်း ၁၄-အုပ်မျှ ပြီးစီး၍ ဖြန့်ချိနိုင်ခဲ့ပြီး၊ ၂-အုပ်မှာ မကြာမီ ပြီးစီးပါတော့မည်။

www.dhammaransi.com

## ရိုက်နှိပ်ဆဲ ကျမ်းစာများ

၁။ ပဋ္ဌပကရဏ ဘာသာဋီကာ ၅-တွဲ

၂။ သုတ်မဟာဝါ ဘာသာဋီကာ ၃-တွဲ

၃။ အခြေပြုသဒ္ဒါ

၄။ ရူပသိဒ္ဓိ ဘာသာဋီကာ ဒုတိယတွဲ

၅။ အခြေပြုသင်္ဂြိုဟ်

## ရိုက်ရန် စီစဉ်ဆဲ ကျမ်းစာများ

၁။ လူချမ်းသာ

၂။ ဒုလ္လဘကထာ

၃။ အဋ္ဌသာလိနီ ဘာသာဋီကာ ၄-တွဲ

၄။ သီလက္ခန် ဘာသာဋီကာ ၄-တွဲ

၅။ အလင်္ကာ ဘာသာဋီကာနှင့် ဆန်းနိဿယ

၆။ ဝိနည်းမဟာဝါ ဘာသာဋီကာ ၃-တွဲ

အရှင်ဇနကာဘိဝံသ၏ ကျမ်းစာများ
ထုတ်ဝေဖြန့်ချိရေးအဖွဲ့

www.dhammaransi.com

# ကျမ်းစာများ

## ဈေးမှန်ဖြင့်ရနိုင်သော ဌာနများ

၁။ ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန စာအုပ်ရောင်းဌာန ကမ္ဘာအေး။
၂။ ရန်ကုန်မြို့၊ ကုန်သွယ်ရေးဌာနအရောင်းဆိုင်(၁) ပန်းဆိုးတန်း။
၃။ ဦးထိန်ဝင်း, ၁၀၇, စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့။
၄။ ။ ၁၃၈, [illegible]ဘက်တန်း၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။
၅။ ဒေါ်ဝင်တင်အေး, ပိဋကစာအုပ်ဆိုင်၊
၁၄- ရွှေတိဂုံဘုရားကြီးဈေး, တောင်ဘက်မုခ် ရန်ကုန်မြို့။
၆။ ဟံသာဝတီစာအုပ်တိုက်၊ ၃၅၇, ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။
၇။ မန္တလေးမြို့၊ ကုန်သွယ်ရေးအရောင်းဆိုင် ဈေးချိုအနီး။
၈။ မန္တလေးမြို့၊ လွင်ပုံနှိပ်တိုက်, ၅၀၇, ၈၂-လမ်း။
၉။ ပဲခူးမြို့၊ မှုံရွှေရိ ဆေးလိပ်ရုံ, သနပ်ပင်ကားလမ်း။
၁၀။ မြင်းခြံမြို့၊ ဦးရီ- ဒေါ်သန်း၊ ဘာဘာလမ်း။
၁၁။ တောင်ကြီးမြို့၊ ရွှေကျားပုံဆေးလိပ်ရုံ, ဦးစိန်တင့်- ဒေါ်ခင်သိန်း။

www.dhammaransi.com

# ဆရာတော်အရှင်ဇနကာဘိဝံသ၏ကျမ်းစာအချို့

ပါဠိမောက်ဘာသာဋီကာ
ဘုရားဥပဒေတော်ကြီး
ခုဒ္ဒသိက္ခာဘာသာဋီကာ
ကင်္ခါဘာသာဋီကာ
ပါရာဇိကဏ်ဘာသာဋီကာ
ပါစိတ်ဘာသာဋီကာ
မဟာဝါဘာသာဋီကာ
စူဠဝါဘာသာဋီကာ
ပရိဝါဘာသာဋီကာ
သီလက္ခန်ဘာသာဋီကာ
သုတ်မဟာဝါဘာသာဋီကာ
အဋ္ဌကထာအခြေပြု
အခြေပြုသဂြိုဟ်
ကစ္စည်းဘာသာဋီကာ
ရူပသိဒ္ဓိဘာသာဋီကာ
သဒ္ဒတ္ထဘေဒစိန္တာဘာသာဋီကာ
အလင်္ကာဘာသာဋီကာ
ကစ္စာယနသာရဘာသာဋီကာ
ကာယဂတာသလ္လာပသိက္ခာ
ဓမ္မစကြာတရားတော်

သဂြိုဟ်ဘာသာဋီကာ
ဋီကာကျော်နိဿယ
အဋ္ဌသာလိနီဘာသာဋီကာ
သမ္မောဟဝိနောဒနီဘာသာဋီကာ
ဓါတုကထာဘာသာဋီကာ
ပုဂ္ဂလပညတ်ဘာသာဋီကာ
ကထာဝတ္ထုဘာသာဋီကာ
ယမကဘာသာဋီကာ
ပဋ္ဌာန်းဘာသာဋီကာ
အခြေပြုသဂြိုဟ်
ဝိဘာဝိနီနှင့်သုံးချက်စုဘာသာဋီကာ
ဂုဏ်ရောဂုဏ်မှည့်
ကိုယ်ကျင့်အဘိဓမ္မာ
အနုဂတ်သာသနာ
ဘာသာသွေး
ဗုဒ္ဓဘာသာသင်ခန်းစာ
ဗုဒ္ဓဝင်အမေးအဖြေ
ဗုဒ္ဓါနုဿတိဘာဝနာ
နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ
အခြေပြုပဋ္ဌာန်းတရားတော်



၁၂၆၁ ခုတပို့တွဲလ
ဖွားမြင်တော်မူသည်

ထိုဆရာတော်သက်ရှိတုန်းက နောက်ဆုံးအထိရေးခဲ့သည့်
မြတ်ကျမ်းတွေ ပြည်သူ့လက်သို့ ဆက်လက်ရောက်ရှိသွားစေမည်
ကျေးဇူးတော်ရှင်ညွှန်ကြားချက်တွေ မပျက်မကွက်အောင်ရေးမည်
နောက်မဆုတ်ပေါင်းခုလိုတွေးလို့ ကျေးဇူးရှိကြောင်းပါသည်

၁၃၃၉ ခု နတ်တော်လ
တဘဝပြီးတော်မူသည်